www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

၈၉၅-၁၃
ပြိဒကူ
ရွှေဦးခေါင်းနှင့်နဂါးနက်ရုပ်တု/ပြိဒကူ။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၄၊
၂၆၁ - စာ၊ ၁၂.၅ x ၁၈.၃ စင်တီ။
(၁) ပြိဒကူ

ဖြန့်ချီရေး အောင်မြင်စာပေ၊ ၂၀၁၄ ခုနှစ်၊ (ဩဂုတ်လ)၊ အုပ်ရေ(၅၀၀)၊ ပထမအကြိမ်၊



# ပြိဒကူ



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# ဒသယနလက်ဆောင်

❁ ပင်လယ်ရေပြင်ကိုငြိမ်သက်နေအောင်
သင်လုပ်နိုင်ပါသလား၊
နှင်းခဲများကို အရည်ပျော်မသွားအောင်
သင်လုပ်နိုင်ပါသလား၊
သင်လုပ်နိုင်တာတစ်ခုတော့ရှိပါတယ်၊
အချစ်ကို ကိုယ်နှင့်မကွာ သိမ်းဆည်းထားဖို့ပဲ
ဖြစ်ပါတယ်။

❁ လေညှိုးကြိုးကို ဆွဲတင်တဲ့အခါ
ချစ်သူရဲ့ပုခုံးကို ကိုင်ခွင့်မရနိုင်ပါဘူး၊
ချစ်သူရဲ့ပုခုံးကို ပွေ့ဖက်တဲ့အချိန်မှာ
လေနှင့်မြားကို ဘေးမှာချထားသင့်ပါတယ်။

❁ ချစ်သူရဲ့ဘဝမှာ
လေပြေလေညှင်းတိုက်ခတ်တာ
ပွင့်ဖတ်ကလေးတွေ ကြွေကျတာ လှပပေမယ့်
လက်တွဲဖော် ဘဝရောက်ကြရင်တော့
မုန်တိုင်းအတွက်
လက်ချင်းမြဲမြဲကိုင်ထားဖို့လိုပါတယ်။

# ဒသယနလက်ဆောင်

❁ သင့်အနေနဲ့ ချစ်သူတွေ့နေပြီလား
ချစ်သူနဲ့ စကားပြောဖြစ်ပြီလား၊
သာယာကြည်နူးတဲ့အချိန်တွေကို ဖြတ်ကျော်ပြီးခဲ့ပြီလား၊
ပြီးခဲ့ရင် အချစ်အကြောင်းတွေ ခဏမေ့ထားပြီး
မျက်စိမှိတ်ထားလိုက်ပါ
နောက်ထပ် ပေါ်လာမယ့်အဖြေကို ခဏစောင့်ကြည့်နေလိုက်ပါ။

❁ လူကြီးတစ်ယောက်ရဲ့စိတ်က
ကလေးတစ်ယောက်ရဲ့စိတ်ထက် ပိုမကြီးပါဘူး၊
ကလေးတစ်ယောက်ရဲ့ စိတ်ကလည်း
လူကြီးတစ်ယောက်ရဲ့စိတ်ထက် ပိုမငယ်ပါဘူး၊
အတွေ့အကြုံနဲ့ တွေးခေါ်မြော်မြင်မှုတော့
ကွာခြားမှုရှိပါတယ်။

❁ စိတ်ဟာရုပ်ဒြပ်လို အကောင်အထည်မရှိပါဘူး၊
ဒါကြောင့် အကြီးအသေး၊ အတိုအရှည်မရှိပါဘူး၊
'ဖြစ်ပျက်သက်တမ်း' လို့ခေါ်တဲ့ ချိန်ခွင်လျှာပေါ်မှာ
ကောင်းတဲ့ဘက် သာသွားလိုက်
မကောင်းတဲ့ဘက် သာသွားလိုက်နဲ့ပဲ ပြီးဆုံးကြရတာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

# ဒဿယနုလက်ဆောင်

❁ သင့်အနေနှင့်
အရှုံးများစွာတို့ဖြင့် ကြုံတွေ့ခဲ့ရမှာပါ၊
ဒါပေမယ့် တကယ်မရှုံးပါဘူး၊
သင်တလက်မြှောက်အရှုံးပေးမှသာ
တကယ်ရှုံးခြင်းဖြစ်တာပါ။

❁ အမှားအယွင်းတစ်ခုဆိုတာ
ပြည့်စုံသောဘဝတစ်ခုအတွက်
ပေးဆပ်ရန်ရှိသော
အကြွေးတစ်စိတ်တစ်ဒေသပင် ဖြစ်ပါတယ်။

❁ အကြောက်တရားမရှိခြင်းဟာ
ကောင်းတဲ့အရာဖြစ်ပါတယ်၊
ဒါပေမယ့် မကောင်းမှုပြုလုပ်ရမှာကို
မကြောက်ခြင်းကတော့ မကောင်းပါဘူး။

# ဒဿယနုလက်ဆောင်

❁ အရှက်တရားကို
အကြောက်တရားက အကာအကွယ်ပေးထားတာပါ၊
အကြောက်တရားမရှိတော့လို့
အကာအကွယ်မဲ့သွားရင်
အရှက်တရားလည်းမဲ့သွားပြီး
မလုပ်သင့်တာတွေ လုပ်ကြတော့မှာပါပဲ။

❁ လူတွေကိုတော့ ကြောက်စရာမလိုပါဘူး
ဒါပေမယ့် မကောင်းမှုကိုတော့ ကြောက်ရပါမယ်၊
မကောင်းမှုကို ကြောက်ရွံ့ခြင်းဟာ
လူအားလုံးကို ချစ်ခင်ခြင်းပင်ဖြစ်ပါတယ်။

❁ သေရမှာ ကြောက်ရွံ့တဲ့သူဟာ
သေသေးနဲ့စောစောတွေ့ရလေ့ရှိကြတယ်၊
ဘာကြောင့်လည်းဆိုတော့
သေမှာကြောက်ကြလို့
ဟုတ်တာတွေရော မဟုတ်တာတွေရော
လုပ်မိကြလို့ပါပဲ။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူ၏အမှာ

ယခုရေးသားသော ဝတ္ထုရှည်မှာ ဝတ္ထုဇာတ်လမ်းထက် အကြောင်းအရာနှင့် သုတဆိုင်ရာ အချက်အလက်များကို ဦးစားပေး ထည့်သွင်းရေးသားခဲ့သောကြောင့် စာဖောင်အနည်းငယ် ပိုသွားခဲ့ပါသည်။

ကျွန်တော်ထံသို့ အနယ်နယ်အရပ်ရပ်မှ စာရေး ဆက်သွယ်သူများတွင် တိဗက်နှင့် သက်ဆိုင်သောအကြောင်း အရာများကို များများရေးပေးရန် တောင်းဆိုသူများရှိပါသည်။

ထိုသူများအတွက်ရော ကျွန်တော့်စာဖတ်ပရိသတ် အားလုံးအတွက်ပါ စိတ်ကျေနပ်မှုရရှိစေရန် စာဖတ်သူအတွက် တစ်စုံတစ်ခု(မဟုသုတများ) ရရှိပါစေရန် ရည်ရွယ်ချက်ဖြင့် ဤဝတ္ထုရှည်ကို ရေးသားခဲ့ခြင်းဖြစ်ပါကြောင်း။

စာဖတ်သူများ မေတ္တာရိပ်အောက်မှ

(ကြီးစက္က)

BURMESE CLASSIC

# ဤဝတ္ထုတွင်ပါဝင်သောအခန်းများ


အခန်း (၁) – နှင်းမှုန်တိုင်းအောက်မှ ဒုက္ခသည်
အခန်း (၂) – ထူးဆန်းစွာ ရောက်လာသော လာမာဘုန်းကြီး
အခန်း (၃) – နဂါးနက်ရုပ်ထုလက်ဆောင်
အခန်း (၄) – မရဏတောင်သို့ ရောက်ကြရလေပြီ
အခန်း (၅) – အလိုင်းလာမာရှာပုံတော်
အခန်း (၆) – ရွှေရုပ်ထုနှင့် ရွှေဦးခေါင်းများ
အခန်း (၇) – ရေခဲတောင်ကြားမှ
ပျောက်ကွယ်နေသောမြို့ဟောင်း
အခန်း (၈) – သုဘရာဇာကုန်းမှ အသက်လုပွဲ
အခန်း (၉) – လာဆာမြို့သို့မဟုတ်ဝင်ခွင့်မရသောမြို့
အခန်း (၁၀) – အန္တရာယ်စက်ကွင်းသို့အဝင်
အခန်း (၁၁) – ရေခဲတောင်ကြားမှ ဂမ္ဘီရမြို့ဟောင်း
အခန်း (၁၂) – ဒေါက်ချာနီသို့မဟုတ် မိစ္ဆာဝါဒီဝိုက်း
အခန်း (၁၃) – မဟူရာနှင့် ပြန်တွေ့ရခြင်း
အခန်း (၁၄) – မရဏအကျဉ်းစခန်းမှ ကယ်တင်ရှင်
အခန်း (၁၅) – သေတွင်းထဲမှ လွတ်မြောက်ရာခြင်း၊
အခန်း (၁၆) – ကျောင်းပျက်ကြီးအတွင်းမှ အန္တရာယ်
အခန်း (၁၇) – မိစ္ဆာဝါဒီဝိုက်းသို့ ရောက်ကြလေပြီ
အခန်း (၁၈) – အန္တရာယ်စက်ကွင်းမှ လွတ်ကင်းကြရခြင်း
အခန်း (၁၉) – ဘဝအတွက် တွဲလက်မြဲခိုင်စွာ


www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁)

# နှင်းမှုန်တိုင်းအောက်မှဒုက္ခသည်

နှင်းသားထုက ရှေ့သို့ တစ်လံကွာလောက်အထိပင် မမြင်ရတော့လောက်အောင် ပိတ်ဆီးနေကြလေသည်။ ဒီလိုအချိန်၊ ဒီလိုနေရာမျိုးမှာ ထိုကဲ့သို့ နှင်းပိတ်နေသည်မျိုးမှာ အဆန်းတော့ မဟုတ်ပါချေ။

ထိုနေရာမျိုးမှာ နယ်မြေကျွမ်းကျင်သော လမ်းပြတစ်ယောက်မှ မပါဘဲနှင့်ခရီးသွားလျှင်တော့ ကိုယ့်သေတွင်းကိုယ်တူးသကဲ့သို့ဖြစ်မှန်း သွားဖူးလာဖူးသူတိုင်း ရောက်ဖူးသူတိုင်း

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



သိကြရသည်။

အချိန်ကာလမှာ '၁၉၂၆' ခုနှစ်ဝန်းကျင်ဖြစ်သည်။ ဒီဇင်ဘာလအတွင်း ဖြစ်သောကြောင့် အအေးဓါတ်က အခြားအချိန်ထက်ပိုပြီး နှင်းကျမှုကလည်း ပိုများလေသည်။

ထိုအချိန်တွင် သာမန်ခရီးသွားများအဖို့ ဒီခရီးလမ်းမျိုးကို သွားလေ့မရှိဘဲ ရှောင်ကြဉ်တတ်ကြသည်။ အရေးကြီးသော ကိစ္စရှိမှသာ သွားလာလေ့ရှိကြသည်။

ယခုကဲ့သို့ ရာသီဥတုဆိုးဝါးနေသော အချိန်တွင် နီပေါနိုင်ငံ ခတ္တမန္ဒူမြို့မှ တိဗက်နိုင်ငံ လာဆာမြို့သို့ သွားသောလမ်းပေါ်မှာ လူနှစ်ယောက်ရှိနေကြသည်။

အခြားတော့ မဟုတ်ပေ။

ဒေါက်တာမင်းထင်ကျော်နှင့် ဦးဗန်ကောင်းတို့ နှစ်ယောက်ပင် ဖြစ်သည်။

သူတို့အတွက် ထိုခရီးလမ်းသည် သွားနေကျလမ်းမျိုးတော့ မဟုတ်ပေ။

သို့ကြောင့် ခတ္တမန္ဒူမြို့မှ ထွက်ကတည်းက ဝန်တင်ဆောင်လားတစ်ကောင်နှင့် လမ်းပြတစ်ယောက်တို့ကို ခေါ်ယူလာခဲ့ကြသည်။

လမ်းပြမှာ ရာသီဥတုဆိုးဝါးသော ယခုလိုအခြေအနေမျိုးတွင် မလိုက်လိုသော်လည်း. . ဒေါက်တာမင်းထင်ကျော်က သာမန်ပေးရသည်ထက် ပိုပေးလိုက်သောကြောင့်သာ အရဲစွန့်ပြီး လိုက်လာခဲ့ဟန်တူလေသည်။

နီပေါနှင့် တိဗက်မှာ နယ်စပ်ချင်းထိနေစေကာမူ ထိုကဲ့





သို့ခြေလျင်သွားကြရသောအခါ ခရီးဝေးလှသည်။

ထိုခရီးလမ်းများပေါ်မှာ စက်ဖြင့်သွားသောယာဉ်၊ ဘီးတပ်ထားသောယာဉ်များဖြင့် သွားလာ၍မရဘဲ ခြေလျင်ခရီးကိုသာ အားပြုပြီးသွားကြရလေသည်။ လမ်းခရီးတစ်လျှောက်လုံး မြေပြန့်ခရီးမျိုး သွားရခြင်းမရှိဘဲ ပေပေါင်းတစ်သောင်းကျော်နှင့် အထက်မြင့်သော တောင်ပေါ်လမ်းများမှ သွားလာကြရသည်။ နှင်းများက တစ်နှစ်ပတ်လုံးကျနေသည်။ နှင်းပါးသွားသည်နှင့် နှင်းများများကျသည်လောက်သာ ကွာခြားမှုရှိသည်။ အအေးဓာတ်ကလည်း များသည်။

ဒေါက်တာမင်းထင်ကျော်အနေနှင့် တိဗက်သို့အကြိမ်ကြိမ်သွားရောက်ခဲ့ဘူးသော်လည်း ထိုကဲ့သို့ နီပေါနိုင်ငံဘက်မှတော့ မသွားခဲ့ဖူးသေးပေ။

သို့ကြောင့် လမ်းပြခေါ်ခဲ့ရခြင်းဖြစ်သည်။

သူတို့ခေါ်လာသောလမ်းပြမှာ ထိုခရီးလမ်းကို ကျွမ်းကျင်သူဖြစ်ရာ နီပေါမှ တိဗက်နယ်အတွင်းရောက်အောင် ဖြောင့်ဖြောင့်ခေါ်လာနိုင်သည်။

တိဗက်နယ်အတွင်း ရောက်သောအခါ လမ်းကပြောသည်။

"အခု တိဗက်နယ်ထဲ ရောက်လာပြီ ခင်ဗျားတို့ဘယ်နေရာသွားမှာလဲ"

"မရဏတောင်ကိုသွားမှာ အဲဒီနေရာကို ရောက်ဖူးသလား"

ထိုစကားကြောင့် လမ်းပြမှာ မျက်နှာတစ်ချက်ပျက်သွား



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"ဘာကြောင့်သွားမှာလဲ"

"အရေးကြီးတဲ့ကိစ္စတစ်ခု ရှိလို့ပါ"

"ခင်ဗျားတို့ အဲဒီနေရာကို မသွားသင့်ဘူး"

"ဘာဖြစ်လို့လဲ"

"အဲဒီနေရာက ပြန်လမ်းမရှိတဲ့နေရာဆိုတာ လူတိုင်းသိကြတယ်"

"ဘယ်လိုအန္တရာယ်မျိုးတွေ ရှိလို့လဲ"

"ကျုပ်တော့ သေသေချာချာ မသိဘူး၊ ဒါပေမယ့် အဲဒီမရဏတောင်ဘက် သွားတဲ့လူတိုင်းကတော့ ပြန်ရောက်လာတဲ့သူ မရှိသေးဘူး"

ထိုစကားကြောင့် နှစ်ယောက်စလုံး အံ့သြသွားကြသည်။

သို့သော်လည်း လမ်းပြက ထိုအကြောင်းကို ပြောပြလိုဟန်မရှိသဖြင့် ဘာမှဆက်မမေးကြတော့ပေ။

သို့ဖြင့် ခရီးဆက်ခဲ့ကြရာ ရာသီဥတုကလည်း တစ်နေ့တစ်ခြား ဆိုးဝါးလာခြင်း ဖြစ်သောကြောင့် တစ်နေရာမှ တစ်နေရာ ခန့်မှန်းပြီးသာ သွားကြရသည်။ ရှေ့မှာဖော်ပြခဲ့သည့်အတိုင်း နှင်းများက တစ်နေရာမှတစ်နေရာ မမြင်ရလောက်အောင် ပိတ်ဆီးနေလေသည်။ ထိုလမ်းမျိုး. . ထိုအခြေအနေမျိုးတွင် လမ်းပြမပါဘဲနှင့် သွားလာ၍ မရနိုင်ပေ။

သို့သော်လည်း နောက်တစ်ရက်မှာတော့ ဒေါက်တာမင်းထင်ကျော်နှင့် ဦးဗန်ကောင်းတို့နှစ်ယောက်မှာ ပိတ်နေသော





နှင်းတောထဲမှာ လမ်းပြမပါဘဲနှင့် ခရီးဆက်ရမည့်အခြေအနေမျိုးနှင့် ကြုံတွေ့ကြရလေသည်။

အခြားတော့ မဟုတ်ပေ။

သူတို့ခေါ်လာသော လမ်းပြကို နောက်တစ်နေ့တွင် မတွေ့ကြရတော့ပေ။

ပြန်ရောက်လာနိုးဖြင့် စောင့်နေသော်လည်း ပြန်ရောက်မလာတော့ပေ။

သူတို့အတွက် ရိက္ခာထုပ်များကို ချထားခဲ့ပြီး ဝန်တင်သောလားကိုပါ ယူဆောင်သွားခြင်းဖြစ်သည်။

"လမ်းပြတော့ သူ့လားပါယူပြီး ပြန်သွားပြီထင်တယ်"

"ဟုတ်လိမ့်မယ်. . ၊ မနေ့က မရဏတောင်အကြောင်းပြောတော့ သူမျက်နှာပျက်နေတာကို သတိပြုမိလိုက်တယ်"

"လားကို ယူသွားပေမယ့် ရိက္ခာထုပ်နဲ့ပစ္စည်းတွေချထားပေးခဲ့တာပဲ သူ့ကိုကျေးဇူးတင်ရဦးမယ်၊ မဟုတ်ရင်. . နှင်းတောထဲမှာ အစာငတ်ပြီးသေရမှာပဲ"

"စိတ်မလျှော့ပါနဲ့ ကျွန်တော်တို့ဘဝတစ်လျှောက်မှာ ဒီလိုဒုက္ခမျိုးတွေ. . ဒီထက်ပိုဆိုးတဲ့အန္တရာယ်တွေနဲ့တောင် ကြုံခဲ့ကြသေးတာပဲ၊ သေတော့လည်း သေပေါ့၊ မသေခင်တော့ ကြိုးစားရမှာပဲ"

ဟုပြောဆိုကာ. . စားသောက်စရာနှင့် လိုအပ်သောပစ္စည်းများကို အိတ်နှစ်လုံးထဲသို့ ခွဲထည့်ပြီးနောက် တစ်ယောက်တစ်အိတ်စီလွယ်ကာ ခရီးဆက်ကြလေသည်။

သူတို့နှစ်ယောက်စလုံး တိဗက်သို့ရောက်ဖူးကြသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း ယခုလိုခြေလျင်ခရီးဖြင့် မသွားလာဖူးသေးသောကြောင့် စမ်းတဝါးဝါးဖြင့်သာ သွားကြရသည်။

လမ်းတစ်လျှောက်လုံးမှာလည်း ပြေပြေပြစ်ပြစ်သွားရသောလမ်းမျိုး သိပ်မရှိဘဲ တောင်တက်တောင်ဆင်းလမ်းများချည်းသာဖြစ်လေသည်။

အချို့နေရာများတွင် နှင်းများက ဒူးဆစ်လောက်အထိ ရောက်နေသဖြင့် ရုန်းသွားရလေရာ ခရီးမတွင်လှပေ။ ဒေါက်တာမင်းထင်ကျော်နှင့် ဦးဗန်ကောင်းတို့မှာ ထိုကဲ့သို့သော ခက်ထန်ကြမ်းတမ်းသော ခရီးလမ်းမျိုးကို အကြိမ်ကြိမ်သွားခဲ့ကြဖူးသဖြင့် စိတ်လျှော့ခြင်းမရှိဘဲ ဇွဲကောင်းကောင်းနှင့် ခရီးဆက်ခဲ့ကြသည်။

တစ်ခါတစ်ရံ နှင်းကွဲသွားသောအချိန်တွင် သူတို့ပတ်ဝန်းကျင်မှာ လူနေအိမ်သို့မဟုတ် ရွာများတွေ့လိုတွေ့ငြား ကြည့်သော်လည်း အရိပ်အယောင်မျှပင် မတွေ့ကြရပေ။

ပတ်ဝန်းကျင်တစ်ဝိုက်မှာ တောင်မြင့်ကြီးများကသာ အပေါ်မှအုပ်မိုးထားသည်ကို တွေ့ကြရသည်။ အချို့တောင်မြင့်ကြီးများမှာ မြူနှင်းများသိုင်းခြုံထားကြသဖြင့် အပေါ်ထိပ်ကိုပင် မမြင်ရဘဲ တစ်ဝက်တစ်ပျက်လောက်သာ မြင်ရသည်။

အချို့တောင်ကြီးများမှာ မြင့်လှသောကြောင့် မြူနှင်းတိမ်တိုက်များက တဝက်လောက်မှာ ဝေ့ဆိုင်းနေပြီး အပေါ်ထိပ်ပိုင်းကို ရေးရေးမျှ မြင်ရသည်မျိုးပင် ရှိသေးသည်။

သူတို့နှစ်ယောက် ရောက်နေသောနေရာမှာလည်း မြင့်မားသော တောင်ကြောလမ်းတစ်ခုပေါ်၌ ဖြစ်သည်။





သို့ကြောင့် ဆိုးဝါးသော ရာသီဥတုဒဏ်ကို ခံနေကြရခြင်းဖြစ်သည်။

နှစ်ယောက်သား ဇွဲကောင်းကောင်းဖြင့် မြောက်ဘက်သို့ ဦးတည်ပြီးသွားကြရာ နောက်ဆုံးတော့ တောင်မြင့်ကြီးတစ်ခုကို ကျော်လွန်ပြီး မြူနှင်းများပိတ်ဆီးနေသော လွင်ပြင်ကျယ်ကြီးတစ်ခုဆီသို့ ရောက်သွားကြသည်။

နှစ်ယောက်သား ပင်ပန်းလွန်းသည်ကတစ်ကြောင်း၊ ဆိုးဝါးသော ရာသီဥတုဒဏ်ကို ခံကြရသဖြင့် . ခြေလှမ်းကိုပင် မသယ်ချင်လောက်အောင် ဖြစ်နေကြသည်။

ပါလာသော ရိက္ခာမှာလည်း ကုန်လုနီးပါး ဖြစ်နေသောကြောင့် ချွေချွေတာတာ စားနေကြရသည်။

ဦးဗန်ကောင်းမှာ ကွမ်းအလွန်ကြိုက်တတ်သူမို့ ပါလာသော ကွမ်းယာကို ချွေချွေတာတာ စားသောက်နေရလေသည်။ အချို့ကွမ်းကြိုက်သူများမှာ အခြားအစားအသောက် မစားဘဲ နေပါဆိုလျှင် နေနိုင်ကြသော်လည်း ကွမ်းမဝါးရလျှင်တော့ မနေနိုင်ကြပေ။

သို့ကြောင့် ဦးဗန်ကောင်းအနေဖြင့် ရှေ့တွင်ကွမ်းရရန် အလှမ်းအကမ်း၊ မတွေ့မချင်း ရှိသည့်ကွမ်းကို ချွေချွေတာတာ စားသောက်နေရခြင်းဖြစ်သည်။

"ကျွန်တော်တို့သွားမယ့် မရဏတောင်ဆိုတာ ဒီလွင်ပြင်ကြီးထဲမှာ ရှိနိုင်တယ်"

"ဒါပေမယ့် အခုအချိန်ထိ မမြင်ရသေးတော့ ဘယ်ဘက်ကိုမှန်းသွားကြမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"တိဗက်က နီပေါနိုင်ငံရဲ့ မြောက်ဘက်စူးစူးမှာရှိတာ ဆိုတော့ မြောက်စူးစူးဘက်ကို ဦးတည်ပြီးသွားရင်တော့ ရောက်သွားမှာပဲ"

ထိုအခိုက်မှာပင် ရာသီဥတုက အနည်းငယ်ပြောင်းလဲလာသည်။ ဆိုးဆိုးဝါးဝါးဖြစ်နေသော အခြေအနေမှ အနည်းငယ်သက်သာလာသည်။ လေတိုက်တာ လျော့ကျသွားသည်။ နှင်းသားထုက တဖြည်းဖြည်းပါးလာသည်။

သို့ကြောင့် သင့်တော်သောနေရာ၌ စခန်းချကြပြီး တစ်ညလုံး ထိုနေရာမှာပင် နေကြလေသည်။

"မောင်ထင်ကျော် ကျုပ်တို့မှာ ရိက္ခာက သိပ်မကျန်တော့ဘူး၊ တစ်ရက်စာလောက်ပဲ ကျန်တော့မယ်ထင်တယ်"

ဦးဖန်ကောင်းက သတိပေးသည်။

"အခုမြင်နေရတဲ့ ရေ့ကလွင်ပြင်ကြီးကို ကျော်ဖြတ်နိုင်ဖို့ပဲအရေးကြီးတာပါ၊ ဟိုဘက်ရောက်သွားရင်တော့ ကျွန်တော်တို့အတွက် မျှော်လင့်ချက်တစ်ခုခု ရှိလာနိုင်ပါတယ်"

ထိုညက လေကွယ် နှင်းကွယ်သောနေရာမှာ ရွက်ဖျင်တဲထိုးပြီး မီးဖိုပြင်အိပ်ကြရသဖြင့် အတော်အသင့်ပင်ပန်းမှုများ ပြေပျောက်သွားကြလေသည်။

ကံကောင်းသည်ဟု ဆိုရမည်ပင်. . .

နောက်တစ်နေ့ နံနက်ပိုင်းအချိန်ရောက်တော့ နှင်းကျနေသည်မှလွဲပြီး ရာသီဥတုက ကောင်းမွန်နေချေပြီ။ နံနက်ပိုင်းအချိန်ကျော်လာတော့ နှင်းကွဲသွားပြီး ကောင်းကင်မှ နေရောင်ခြည်ပင် လင်းလက်စပြုလာသည်။





ဒီလိုနေရာမျိုးမှာ ထိုကဲ့သို့နေရောင်ခြည်ကို မြင်ရသောအခွင့်အရေးမှာ များစွာကံကောင်းသည်ဟုပင် ဆိုရပေတော့မည်။

"မောင်ထင်ကျော် ဒီမှာထွက်ကြည့်ပါဦး"

တဲအပြင်ရောက်နေသည့် ဦးဖန်ကောင်းအသံကြားရသဖြင့် ဒေါက်တာမင်းထင်ကျော်ကပါ အပြင်ထွက်သွားလေသည်။

ဟိုးအဝေးတွင် နေရောင်ခြည်တစွန်းတစ ကျနေသော အောက်တွင် ထီးထီးကြီးဖြစ်နေသော တောင်ထွတ်တစ်ခုကိုလှမ်းမြင်ကြရသည်။ ထိုတောင်၏ တည်နေပုံက ထူးဆန်းသည်။

ကွင်းလယ် ခေါင်ထီးထီးတွင် ကောက်ရိုးပုံတစ်ပုံ ပုံထားသကဲ့သို့ရှိနေသည်။

ပုံသဏ္ဌာန်က. . တရုတ်ဘုံကျောင်းကဲ့သို့သော်လည်းကောင်း၊ ကြီးမားသော ဝါဆိုဖယောင်းတိုင်ကြီးကဲ့သို့သော်လည်းကောင်း၊ လုံးဝန်းသော ပုံသဏ္ဌာန်ရှိသည်။ အောက်ခြေအနည်းငယ်ကားပြီး အပေါ်သို့ ဖယောင်းတိုင်ကြီးတစ်တိုင်ကဲ့သို့ ထိုးတက်သွားလေသည်။

အပေါ်ထိပ်ပိုင်းမှာတော့ မြူငွေ့နှင့် နှင်းများကြားမှာ နစ်မြုပ်ပျောက်ကွယ်နေသောကြောင့် ဘယ်လောက်ထိ မြင့်သည်ကို မမြင်ရပေ။ ပိုတာလာ နန်းတော်ကြီးတမျှ မြင့်မည်ကိုတော့ မြင်ရုံဖြင့် သိနိုင်ကြသည်။

"အခု လှမ်းမြင်နေရတဲ့ တောင်ရဲ့ပုံသဏ္ဌာန်က မထူးခြားဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ကျွန်တော်တို့ ရောက်အောင်သွားရမယ့် မရဏတောင်ဆိုတာပဲ ဖြစ်ရမယ်၊ သူတို့ပြောပြသွားတဲ့ ပုံသဏ္ဌာန်အရဆိုရင်တော့ ဒီတောင်ပဲဖြစ်ရမယ်"

"အမြင်နီးပေမယ့် ခရီးဝေးသည့်တောင်ဆိုတဲ့အတိုင်းပဲ မြင်နေရပေမယ့် ခရီးကအတော်ဝေးသေးတယ်"

"အမြင်နီး ခရီးဝေးသည့်တောင်' ဆိုတဲ့စကားရှိသလို၊ 'သွားပါများခရီးရောက်' ဆိုတဲ့စကားလည်းရှိပြန်တော့ 'တစ်နေ့တစ်လံပုဂံဘယ်ပြေး' ဆိုတဲ့စကားပုံထုံး နှလုံးမူပြီးတော့ တဖြည်းဖြည်းသွားရင် တစ်နေ့တော့ ရောက်သွားမှာပါ"

ထိုသို့ပြောနေစဉ် နှင်းများက ပြန်များလာပြန်သဖြင့် နေရောင်ခြည်ပျောက်သွားသလို စောစောကလှမ်းမြင်နေရသော တောင်ကြီးမှာလည်း ဝေ့ဝါးပျောက်ကွယ်သွားလေတော့သည်။

"ဟော ပြန်ပျောက်သွားပြီ၊ လာမားကြီးတွေက ကျုပ်တို့နှစ်ယောက်ကို လမ်းပြပေးတာပဲဖြစ်မှာပါ၊ ကိုင်း ရာသီဥတုလေးကောင်းနေတုန်း ခရီးဆက်ကြရအောင်"

ဟုပြောပြီး ပစ္စည်းများကို သိမ်းဆည်းပြီးနောက်ခရီးဆက်ကြပြန်သည်။

ထုံးစံအတိုင်း နှင်းများက လမ်းမမြင်ရ လောက်အောင်ပိတ်ဆီးနေရာ မှန်းဆပြီးသာ သွားကြရသည်။

နှစ်ရက်ခန့် အချိန်ကြာသွားသော်လည်း လှမ်းမြင်ခဲ့ရသော တောင်ခြေသို့ ရောက်ဖို့ရန်မဆိုထားနှင့် နောက်ထပ်အရိပ်အယောင်ကိုမျှ မမြင်မတွေ့ရတော့ပေ။





"ကျုပ်တို့ လှမ်းမြင့်ခဲ့ရတဲ့ တောင်ဆီလည်းမရောက်သေးပါလား၊ ကျုပ်တို့မြင်ရတာ တကယ်ရောဟုတ်ရဲ့လား၊ မကောင်းဆိုးဝါးတွေကများ ကျုပ်တို့ဒုက္ခရောက်အောင် တမင်ဖန်တီးပြီး ပြခဲ့တာလားမသိဘူး"

ဦးဗန်ကောင်းက မောဟိုက်လွန်းနေသော အသံဖြင့်ပြောသည်။

"ဒီလိုတော့ မဖြစ်နိုင်ပါဘူး၊ ကျွန်တော်သေသေချာချာလှမ်းမြင်လိုက်ရတာပဲ နောက်တစ်ရက်လောက်ဆိုရင်တော့ ရောက်သွားကြမှာပါ"

"ဒါကအရေးမကြီးဘူး မောင်ထက်ကျော်ရဲ့ ကျုပ်တို့မှာအစားအသောက်တွေ မကျန်တော့ဘူး၊ ဒီနှင်းတောထဲမှာ ဘာမှစားစရာရနိုင်မယ်မထင်ဘူး"

ဒေါက်တာမင်းထင်ကျော်က သူ့ကျောပိုးအိတ်ကိုချပြီးမွှေနှောက်ရှာဖွေရာ ပေါင်မုန့်ခြောက်တစ်လုံးကို တွေ့ရသဖြင့်ဦးဗန်ကောင်းကို လှမ်းပေးလိုက်သည်။

"ဒီပေါင်မုန့်တစ်လုံးလောက်ဆိုရင် အတော်ကလေး ခံသာမှာပါ အဘပဲစားလိုက်ပါ"

"တစ်ယောက်တည်းတော့ မစားပါရစေနဲ့"

"ကျွန်တော်က လူငယ်ဆိုတော့ ခံနိုင်ရည်ရှိပါသေးတယ် အဘက စိတ်ဆောင်နေလို့ပါ၊ ဒီပေါင်မုန့်ကိုအဘပဲ စားလိုက်ပါ။"

ဦးဗန်ကောင်းက လှမ်းယူပြီး ပေါင်မုန့်ကို ထက်ပိုင်းပိုင်းလိုက်သည်။

"ခရီးသွားဖော်ဆိုတာ သေဖော်ရှင်ဘက်ပဲ စားရလည်း



www.burmeseclassic.com

www.burmeseclassic.com



အတူတူ၊ မစားရလည်းအတူတူသာ ဖြစ်သင့်တယ်၊ ရော့တစ်ဝက်စီပဲစားမယ်”

ဟုပြောပြီး ပြန်ပေးသဖြင့် . ဒေါက်တာမင်းထင်ကျော်လည်းမငြင်းသာတော့သဖြင့် ယူစားရလေသည်။

ရေနှင့်ပေါင် မုန့်တစ်ပိုင်းစားလိုက်ရတော့ ဝမ်းထဲမှာအနည်းငယ်ပြည့်လာသည်။ အားရှိလာသည်။

သို့သော် ကြိုးစားပြီးဆက်လျှောက်ကြပြန်သည်။

လူက မောပန်းလာသည့်အပြင် ဝမ်းထဲမှာ အစားအစာဝအောင်မစားရသည့်သဖြင့် ခြေလှမ်းတွေက နှေးကွေးလှသည်၊ ကျောပေါ်မှာ လွယ်ထားသော ကျောပိုးအိတ်ကိုပင် မသယ်နိုင်လောက်အောင် လေးလံလာသည်။

သူတို့နှစ်ယောက် လွင့်ပြင်ထဲရောက်သွားသောအချိန်မှာ ကံကြမ္မာဆိုးတစ်ခုက ထပ်မံဝင်ရောက်လာလေတော့သည်၊ ဟိမဝန္တာတောင်ဘက်မှ ဖြတ်သန်းလာသော နှင်းမုန်တိုင်းတစ်ခုက သူတို့ရှိနေသော လွင်ပြင်သို့ဦးတည်လျက် တိုက်ခတ်လာလေတော့သည်။

တောင်မြင့်များပေါ်တွင် ခရီးသွားလာကြသူတို့သည် ထိုကဲ့သို့ နှင်းမုန်တိုင်းများ ကျရောက်ခြင်း၊ လေပြင်းများ တိုက်ခတ်လာပါက ဘေးအန္တရာယ်လွတ်သော အကာအကွယ်တစ်ခုတွင် နေကြရသည်။

ယခုတော့ လွင်ပြင်ကျယ်ထဲမှာ ရောက်နေသောကြောင့် အကာအကွယ် မရနိုင်ကြပေ။

ကြည့်နေရင်းမှာပင် တဖြည်းဖြည်းပိုပြင်းလာသည်၊ နှင်း





က ပိုများလာသည်။

ရှေ့ကို တစ်လှမ်းမှ ဆက်သွား၍ မရနိုင်ကြတော့ပေ၊ နောက်ဆုံးတော့ နှစ်ယောက်စလုံးနေရာမှာပင် လဲကျသွားလေတော့သည်။

သူတို့လဲကျသွားပြီး မရှေးမနှောင်းမှာပင် ကိုယ်ပေါ်သို့ နှင်းများက ပုံကျလာသည်။

အချိန်ကြာသွားလျှင် နှစ်ယောက်စလုံး နှင်းထုအောက်ရောက်သွားပြီး ထနိုင်တော့ မည်မဟုတ်တော့ပေ။

အရှင်လတ်လတ် မြေမြှုပ်ခံရသကဲ့သို့ ဖြစ်ကြပေလိမ့်မည်။ မတတ်နိုင်တော့ပေ။

ရုန်းတက်ရန် အင်အားလည်းမရှိတော့ပေ။

ဒေါက်တာမင်းထင်ကျော်ကတော့ မျက်စိမှိတ်ထားရင်းနှင့် သေရမည့်အချိန်ကို စောင့်နေလေသည်။

ထိုအချိန်တွင် သူ့အာရုံထဲသို့ ဖြစ်ပြီးခဲ့သော အကြောင်းအရာအချို့က ပြန်ပေါ်လာကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂)

# ထူးဆန်းစွာရောက်လာသော လာမာချုန်းကြီး

တစ်နေ့သ၌ ဒေါက်တာမင်းထင်ကျော်သည် ၎င်း၏ စာရေးခန်း၊ စာဖတ်ခန်းအတွင်း၌ ရှေးဟောင်းမှတ်တမ်းတစ်ခုကို စိတ်ပါဝင်စားစွာဖြင့် ဖတ်ရှုနေလေသည်။

ထိုမှတ်တမ်းမှာ ခရစ်စတယ်ဦးခေါင်းခွံများနှင့် ပတ်သက်ပြီး ရှေးဟောင်းမှတ်တမ်းတစ်ခုပင်ဖြစ်သည်။

ထိုမှတ်တမ်းမှာ အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုထားသော မှတ်တမ်းစာအုပ်တစ်ခုဖြစ်ပြီး စိတ်ဝင်စားဖွယ်



www.burmeseclassic.com

www.burmeseclassic.com



ရာ ကောင်းလှပေသည်။

ခရစ်စတယ်ဦးခေါင်း (Crystal Skulls) ခွံများ၏ သက်တမ်းမှာ နှစ်ပေါင်းထောင်ချီလျက်ရှိနေကြသည်။

ယင်းဦးခေါင်းခွံတို့မှာ အမေရိကတိုက်တွင် နေထိုင်ခဲ့ကြသော ရှေးဟောင်းလူမျိုးများ၏ ယဉ်ကျေးမှု၊ အထူးသဖြင့်. . မာယာ (Maya)လူမျိုးစုများနှင့် ဆက်စပ်မှုများရှိနေကြောင်း ဖော်ပြထားလေသည်။

မာယာလူမျိုးစုတို့သည် အလွန်ရှေးကျသော အချိန်များက အမေရိကတိုက်တွင် အခြေချနေထိုင်ခဲ့ကြပြီး ယဉ်ကျေးမှုနှင့် အတတ်ပညာ အဆင့်အတန်း မြင့်မားခဲ့ကြပေသည်။

ထိုနောက်မှာတော့ မာယာလူမျိုးစုများရော ၎င်းတို့၏ ယဉ်ကျေးမှုများပါ တိမ်မြှုပ်ပျောက်ကွယ်သွားခဲ့ရာ နောက်ပိုင်းမှာတော့ ဒဏ္ဍာရီသဖွယ် ဖြစ်ကျန်ခဲ့တော့သည်။

သို့သော်လည်း မာယာလူမျိုးတို့ထားခဲ့သော ပြက္ခဒိန်နှင့် ပတ်သက်မှုကတော့. . ယခုအချိန်ထိ အငြင်းပွားဖွယ်ရာ ပြဿနာတစ်ခုအနေဖြင့် ကျန်ခဲ့လေသည်။

အချို့က မာယာပြက္ခဒိန်မှာပါသော အချက်များအတိုင်း (၂၀၁၂)ခု ဒီဇင်ဘာလတွင် ကမ္ဘာပျက်မည်ဟု ခန့်မှန်းပြောဆိုကြသည်။ ၎င်းတို့က ကမ္ဘာမြေတစ်ခုလုံး ပျက်သုဉ်းသွားမည်ဟု ပြောဆိုကြသော်လည်း မပျက်ခဲ့ပေ။

(သို့သော်လည်း ကမ္ဘာတစ်ဝှမ်းမှာ ကမ္ဘာပျက်သကဲ့သို့ ဘေးအန္တရာယ်ဆိုးများ ဆက်တိုက်ကြုံတွေ့နေသည်ကတော့ အမှန်ပင်ဖြစ်ပေသည်။





မြန်မာနိုင်ငံတွင် ဆူမီနာမုန်တိုင်းဒဏ်ကြောင့် ရေလှိုင်းကြီးများ တက်လာသောကြောင့်. . လူပေါင်းသိန်းသောင်းချီပြီး သေကျေပျက်စီးရသကဲ့သို့. . .

အိန္ဒိယနိုင်ငံ၊ ဂျပန်နိုင်ငံ၊ တရုတ်နိုင်ငံတို့မှာလည်း ရေလှိုင်းကြီးများဒဏ်၊ ငလျင်ဘေးဒဏ်၊ မီးတောင်ပေါက်ကွဲခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်းများစသော သဘာဝဘေးအန္တရာယ်တို့ကြောင့် လူပေါင်းမြောက်များစွာတို့ မကြာခဏ သေကြေပျက်စီးနေကြသည်မှာ ယခုမျက်မြင်ပင်ဖြစ်၏)

မာယာပြက္ခဒိန်မှာ ဖော်ပြထားသကဲ့သို့ ကမ္ဘာကြီးတစ်ခုလုံး ချေချေညက်ညက် ကျေမသွားကြသော်လည်း ကမ္ဘာပျက်သကဲ့သို့ ဖြစ်စပြုနေသည်ကတော့ အမှန်ပင်ဖြစ်ပေသည်။

ခရစ်စတယ် ဦးခေါင်းခွံများမှာ မာယာလူမျိုးများနှင့် ဆက်စပ်မှုရှိသည်ဟု ထင်မြင်ယူဆကြပြီး အဓိပ္ပါယ်အမျိုးမျိုးလည်း ထွက်လာသည်။

အချို့က. . အကြားအမြင်ရရှိစေသော ပစ္စည်းအဖြစ်သော်လည်းကောင်း၊ မှော်ပညာများကို ပေးစွမ်းနိုင်သော ပစ္စည်းအဖြစ်သော်လည်းကောင်း၊ ဆေးကုသခြင်းများတွင်သော်လည်းကောင်း၊ သိပ္ပံပညာအားဖြင့်လည်း စွမ်းအင်များ ထုတ်လုပ်နိုင်သော ပစ္စည်းအဖြစ်သော်လည်းကောင်း၊

အချို့ကလည်း စွမ်းအင်များကို ဖမ်းယူနိုင်သော ပစ္စည်းအဖြစ်သော်လည်းကောင်း ထင်မြင်ယူဆကြသည်။

ခရစ်စတယ် ဦးခေါင်းခွံများနှင့်ပတ်သက်၍ ဒဏ္ဍာရီတစ်ခုလည်းရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းမှာ ထရစ္စတယ် ဦးခေါင်းခွံ(၁၃)ခု စုဆုံကြမည့် အချိန်ဖြစ်သည်။

အတိအကျဆိုရသော် ခရစ်စတယ်ခေါင်းခွံတစ်ခုအား ကျန်ခရစ်စတယ် ခေါင်းခွံ(၁၂)ခုက ဝိုင်းလျှက်တည်ရှိမည့်အချိန် ဖြစ်သည်။

ထိုကဲ့သို့ တစ်ခုအား ကျန်(၁၂)ခုက ဝန်းရံနေသောဖြစ်စဉ်များမှာလည်း အများအပြားရှိသည်။

ဥပမာအားဖြင့် နာရီတစ်လုံးတွင် ဗဟိုချက်တစ်ခုကို ဂဏန်း(၁၂)ခုက ဝန်းရံနေသည်။

ထို့အတူ နက္ခတ်ဗေဒင်ပညာတွင် တစ်နှစ်မှာ ရာသီခွင် (၁၂)ခုရှိသည်။

ထို့အပြင် ခရစ်တော်နှင့် တမန်တော်(၁၂)ပါး၊ ဘုရင်ကြီးအာသာနှင့် သူရဲကောင်း(၁၂)ယောက်တို့အပြင် ဆူမားရီးယားလူမျိုးစုတို့၏ မှတ်တမ်းများတွင် ဖော်ပြထားသော ယခုကမ္ဘာကြီးပေါ်ရှိ မျိုးနွယ်စုများကို ဖန်ဆင်းသည့် နတ်ဘုရားလည်း (၁၂)ပါးဖြစ်သည်။

ယခုတစ်ဖန် ခရစ်စတယ်ခေါင်းခွံ(၁၂)ခုတို့သည် (၁၃)ခုမြောက် ခရစ်စတယ်ခေါင်းခွံကို ဝိုင်းရံခြင်းမှာလည်း (၁)နှင့်(၁၂) တို့၏ ဆက်သွယ်မှုတစ်ခုပင်ဖြစ်သည်။

ထိုကဲ့သို့ခရစ်စတယ်ခေါင်းခွံ (၁၃)ခုတို့ စုဆုံကြပုံများ၏ ဒဏ္ဍာရီများမှာလည်း အမျိုးမျိုးဖြစ်သည်။ ခရစ်စတယ် ခေါင်းခွံအများဆုံးတွေ့ရှိရသည့် ဒေသများမှာလည်း မာယာလူမျိုးစုများနေထိုင်ခဲ့ရာ ဒေသများပင်ဖြစ်သည်။





သို့ဖြစ်၍ အချို့သောဒဏ္ဍာရီများတွင် ပါရှိချက်များကို ဖော်ပြပါမည်။

ခရစ်စတယ်ဦးခေါင်းခွံတို့ စုဆုံကြလျှင် ဖြစ်လာမည့် ကိစ္စရပ်ဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်းထောင်ပေါင်းများစွာက ရှေးဟောင်းမာယာလူမျိုးတို့သည် နောင်ခေတ်ကာလလူသားမျိုးနွယ်များအား တွေ့ရှိနိုင်ကြစေရန်အတွက် ခရစ်စတယ်ခေါင်းခွံ (၁၃) ခုအား ထားရစ်ခဲ့ကြသည်ဟု ဆိုသည်။

ယင်းဦးခေါင်းခွံများအတွင်း ကမ္ဘာဂြိုလ်ကြီးဖြစ်ပေါ်လာပုံ၊ လူသားမျိုးနွယ်များ အဆင့်ဆင့်တိုးတက်ဖြစ်တည်လာပုံတို့ အပြင် ရှေးဟောင်းပညာရပ်များနှင့် လူသားတို့၏ နောက်ဆုံးပန်းတိုင်များ စသည့်သိသင့်သိထိုက်သော အကြောင်းအရာအလုံးစုံကို ထည့်သွင်းထားခဲ့ကြသည်။

အလွန်ထူးခြားဆန်းကြယ်သော အချိန်တစ်ချိန်တွင် ယင်းခရစ်စတယ်ဦးခေါင်းခွံ (၁၃)ခုတို့ကို ဖော်ထုတ်နိုင်ကြကာ ယင်းဦးခေါင်းခွံတို့ ပေါင်းစည်းမိကြမည်။

ထိုအခါတွင် လူသားမျိုးနွယ်များသည် မိမိတို့နှင့်ဤကမ္ဘာကြီးတို့၏ ဘဝဇာတ်ကြောင်းကို အကုန်အစင်သိကြရလိမ့်မည်ဟုဆိုသည်။

အချို့သောဒဏ္ဍာရီများတွင် လူသားတို့၏ ဦးခေါင်းအရွယ်အစားရှိသော ခရစ်စတယ်ခေါင်းခွံတို့သည် ဤကမ္ဘာမြေပေါ်တွင် ပျံ့နှံ့တည်ရှိနေကြသည်။

တစ်နေ့တွင် ယင်းဦးခေါင်းခွံတို့ကို တစ်နေရာသို့ လူ



www.burmeseclassic.com

www.burmeseclassic.com



သားများက ယူဆောင်လာဖြစ်ကြလိမ့်မည်ဟု ဆိုသည်။

ထိုအခါ ဦးခေါင်းခွံတို့သည် ခေါင်းခွံတစ်ခုကို အလယ်မှာထားလျှက် ကျန်(၁၂)ခုက ဝန်းရံကာ အကွက်ကျကျ (grid matric) ဖြစ်အောင် အလိုအလျောက် စီစဉ်ကြလိမ့်မည်။

ထိုအခါတွင် လူသားများစိတ်တွင် ကိန်းဝပ်နေသော မသိစိတ်များသည် သိစိတ်များအဖြစ်သို့ ပြောင်းလဲကာ ကမ္ဘာကြီးနှင့် လူသားမျိုးနွယ်စုတို့၏အကြောင်းကို . . အကုန်အစင် သဘောပေါက် နားလည်သွားကြလိမ့်မည်ဟုဆိုသည်။

ယခုအခါတွင်ကား ခရစ်စတယ်ခေါင်းခွံများ၏ အရေးပါမှုများကို မသိရှိသော သူများ၏လက်ဝယ်တွင် ခေါင်းခွံတို့သည် တည်ရှိနေလိမ့်မည်ဟုဆိုသည်။

ဦးခေါင်းခွံ (၁၂)ခုတို့ တွေ့ဆုံပုံ နောက်တစ်နည်းကို ဖော်ပြပါဦးမည်။

အချိန်ကျရောက်လာသောအခါ ခရစ်စတယ်ခေါင်းခွံများကိုင်ဆောင်ထားသော လူ(၁၂)ယောက်တို့ကို ခေါင်းခွံများက တိကျသော တစ်နေရာသို့ လမ်းညွှန်သွားလိမ့်မည်ဟုဆိုသည်။

ထိုနေရာကား ယူကတန်(ခေါ်)မြောက်အမေရိကတိုက်မှ မက်ဆီကိုပင်လယ်ကွေ့သို့ ထိုးထွက်နေသော ကျွန်းဆွယ်အတွင်းတစ်နေရာဖြစ်လိမ့်မည်ဟု ယူဆသူများလည်းရှိသည်။

ထိုလူ(၁၂)ဦးသည် (၁၃)ခုမြောက်ဖြစ်သော ဦးခေါင်းခွံမည်သည့်နေရာတွင်ရှိသည်ကို မသိသော်လည်း ယင်းနေရာသို့ သွားချင်စိတ် ဖြစ်ပေါ်လာမည်ဖြစ်သည်။

ထိုဒဏ္ဍာရီတွင်ကား ဦးခေါင်းခွံ(၁၃)ခုကို မြှုပ်နှံထားသူ





များမှာ တစ်ခြားဂြိုလ်မှ ဂြိုလ်သား(Alien) များဖြစ်သည်ဟုဆိုသည်။

တစ်ချို့ကလည်း ယင်းဂြိုလ်သားများက ရှေးဟောင်းလာမာလူမျိုးစုများကို မြှုပ်နှံစေရန် စေခိုင်းခဲ့သည်ဟုဆိုသည်။

နောက်ဆုံးတွင်ကား (၁၃)ခုမြောက် ဦးခေါင်းခွံနှင့် တွေ့ဆုံကြသောအခါ ခေါင်းခွံတို့သည် အကွက်ကျကျနေရာယူကြသည်။

ထိုအခါတွင် တောက်ပသော အလင်းရောင်များဖြစ်ပေါ်လာကြ၍ လူသားတို့မှာလည်း မူလစတင်ရာအခြေအနေများသို့ ပြန်လည်ရောက်ရှိသွားကြမည်ဟု ဆိုသည်။

ထို့ပြင် ထိုကဲ့သို့ ခရစ်စတယ်ဦးခေါင်းခွံများ တွေ့ဆုံမည့်နေ့သည် (၂၀၁၂)ခုနှစ်၊ ဒီဇင်ဘာ (၁၂)ရက်နေ့ဖြစ်သည်ဟုလည်း ယူဆသူများလည်းရှိသည်။

အကြောင်းမှာ မာယာလူမျိုးတို့၏ ပြက္ခဒိန်တွင် ထိုရက်သည် နောက်ဆုံးရက်ဖြစ်၍ ပြက္ခဒိန်အဆုံးသတ်ရာရက်ဖြစ်သည်။

ဤကဲ့သို့ဆန်းကြယ်သော ဒဏ္ဍာရီများနှင့် ဆက်စပ်လျှက်ရှိသော ခေါင်းခွံများ၏ ယနေ့အခါတွင် ဖြစ်ပေါ်နေသော အသိရခက်မှုများကို အံ့ဩဖွယ်တွေ့ရှိရသည်။

ခရစ်စတယ်ဦးခေါင်းခွံများထဲတွင် အကျော်ကြားဆုံးနှင့် စမ်းသပ်သူများအား ပဟေဠိများစွာပေးနိုင်သော ဦးခေါင်းခွံများမှာ အင်္ဂလိပ်လူမျိုး မစ်ရှယ်ဟက်ဂက်(စ)ပိုင်ဆိုင်သော ဦးခေါင်းခွံဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



(၁၉၂၇)ခုနှစ်အတွင်းက နေ့တစ်နေ့တွင်ဖြစ်သည်။

အင်္ဂလိပ်လူမျိုး၊ စာရေးဆရာ၊ ကမ္ဘာအရပ်ရပ်သို့ လှည့်လည်သွားလာ စူးစမ်းရှာဖွေသူ . အက်(ဖ)အေမစ်ရှယ်ဟက်ဂက်(စ)သည် ရှေးဟောင်းအင်ကာလူမျိုးတို့၏ မြို့တော်တစ်ခုဖြစ်ခဲ့သော လူဗန်းတွန်းမြို့၏ အပျက်အစီး၊ အကျိုးအပဲ့များအလည်တွင် ရောက်ရှိနေခဲ့သည်။

ယင်းမြို့သည် ထိုစဉ်အခါက ဗြိတိသျှတို့လက်အောက်ခံဟွန်ဒူးရပ်(စ)နိုင်ငံ၊ ယခုအခေါ် ဘယ်လိုက်(ဇ)နိုင်ငံတွင် တည်ရှိသည်။

ဟက်ဂက်(စ)သည် ရှေးဟောင်းမြို့ပျက်ကြီး၏ တစ်ချိန်က ဘုရားကျောင်း အပျက်အစီးများအထက်တွင် ရှင်းလင်း၍ ရှေးဟောင်းပစ္စည်းများ ရှာဖွေလျက်ရှိသည်။

သူ၏ တစ်ဆယ့်ခုနစ်နှစ်အရွယ် သမီးငယ်အင်(န)နာသည်လည်း သူနှင့်အတူ ပါလာခဲ့သည်။

ရှာဖွေနေဆဲတွင် အင်(န)နာသည် ဖုံမှုန့်အောက်တွင် တလျှပ်လျှပ် တောက်ပနေသော အရာဝတ္ထုတစ်ခုကို တွေ့ရှိခဲ့သည်။

ထိုအရာသည် အလွန်ပင် အသေးစိတ်လှပြီး လက်ရာလည်းမြောက်လှသော သလင်းကျောက်ဖြင့် ပြုလုပ်ထားသည့် လူခေါင်းခွံတစ်ခုပင်ဖြစ်သည်။

သို့သော် အောက်မေးရိုးကား ယင်းခေါင်းခွံတွင် ပါဝင်ခြင်း မရှိခဲ့ပေ။

ဆက်လက်၍ လေ့လာမှုများပြုလုပ်နေစဉ် နောက်သုံးလအကြာတွင် ခေါင်းခွံအားတွေ့ရှိစဉ် ပါမလာသော အောက်မေးရိုးကို မူလတွေ့ရှိရာနေရာမှ (၂၅)ပေခန့်အကွာတွင် ထပ်မံတွေ့ရှိခဲ့ရသည်။

ဤကား ဟက်ဂက်(စ)၏ ဦးခေါင်းခွံ စတင်တွေ့ရှိခဲ့ခြင်းပင်ဖြစ်သည်။

ထိုဦးခေါင်းခွံသည် သန့်စင်သော သလင်းကျောက်ဖြင့် ထုလုပ်ထားရှိပြီး အတိုင်းအတာအားဖြင့် အမြင့်ငါးလက်မ၊ အကျယ်ငါးလက်မနှင့် အရှည်အားဖြင့် ခုနစ်လက်မရှိသည်။ အလေးချိန်အားဖြင့် (၁၁)ပေါင် (၇)အောင်စရှိပြီး လူဦးခေါင်းအရွယ်အစားနှင့် ပျမ်းမျှအားဖြင့် အတူတူလောက်ပင်ဖြစ်သည်။

ဦးခေါင်းခွံ၏ လုံးဝန်းသောအနေအထားနှင့် အခြားအသေးစိတ်အချက်အလက်များကို လေ့လာကြည့်ပါက ဦးခေါင်းခွံသည် လူသားမိန်းမတစ်ယောက်၏ ဦးခေါင်းခွံနှင့် လုံးဝနီးပါး တူညီလျှက်ရှိသည်။

သို့အတွက်ကြောင့် ပြင်ပအမြင်အားဖြင့်ပင် ဟက်ဂက်(စ)၏ ခရစ်စတယ်ဦးခေါင်းခွံသည် ထူးခြားမှုနှစ်ခုကို တွေ့ရှိရသည်။

ပထမထူးခြားမှုမှာ ယင်းဦးခေါင်းခွံသည် လူသားတစ်ဦး၏ဦးခေါင်းနှင့် အလွန်တူညီလှခြင်းဖြစ်သည်။

တွေ့ရှိသမျှသော ဦးခေါင်းခွံများထဲတွင် အချိုးအစားအကျနဆုံးဖြစ်သည်။ ထို့ပြင်အောက်မေးရိုးမှာလည်း အရှင်ဖြစ်သည်။

အခြားတွေ့ရှိရသော ခရစ်စတယ်ခေါင်းခွံများတွင်ကား




☺ အောင်မြင်စာပေ ☺

www.burmeseclassic.com



အောက်မေးရိုးနှင့် အပေါ်ဘက်ဦးခေါင်းခွံတို့သည် တစ်ဆက်တည်းသာ ဖြစ်ကြသည်။

ဒုတိယထူးခြားချက်မှာ အင်ဂျင်နီယာအမြင်နှင့် ကြည့်မြင်၍တွေ့ရှိချက်ဖြစ်သည်။

အင်ဂျင်နီယာများ၏ အမြင်အရ . ယင်းခရစ်စတယ်ခေါင်းခွံသည် ကမ္ဘာပေါ်တွင်တည်ရှိမနေနိုင်သော အရာဝတ္ထုတစ်ခုဖြစ်သည်ဟု ကောက်ချက်ချကြသည်။

အကြောင်းမှာ ယင်းခေါင်းခွံသည် သလင်းကျောက်ဖြင့် ထွင်းထုထားခြင်းကြောင့်ပင် ဖြစ်သည်။

သလင်းကျောက်ပုံဆောင်ခဲများကို ပုံသဏ္ဌာန်တစ်ခုအဖြစ် ပုံသွင်းထုဆစ်တော့မည်ဆိုလျှင် ယင်းပုံဆောင်ခဲတည်ရှိနေသော ဝင်ရိုးကိုကြည့်ရမည်ဖြစ်သည်ဟု ဆိုသည်။

ယင်းဝင်ရိုးအလိုက် ထွင်းထုမှသာလျှင် . သလင်းကျောက်ပုံဆောင်ခဲသည် မကျိုးပဲ့ဘဲ ပုံသဏ္ဌာန်ပေါ်ပေါက်လာမည်ဖြစ်သည်။

ယင်းကဲ့သို့ဝင်ရိုးအနေအထားနှင့် ကန့်လန့်ထွင်းထုထားခဲ့လျှင် မည်သည့်ပုံဆောင်ခဲမဆို ကျိုးပဲ့သွားပေလိမ့်မည်။

သို့သော် ယခုခရစ်စတယ်ဦးခေါင်းခွံ ထွင်းထုထားပုံမှာ ယင်းအချက်ကို လုံးဝဂရုမထားဘဲ ဝင်ရိုးများကို ဖြတ်သန်းထွင်းထုထားသည်ကို တွေ့ရှိရသည်။

သို့သော် တွေ့ရှိရသော ခရစ်စတယ်ဦးခေါင်းခွံသည် ကျိုးပဲ့ရန်မဆိုထားနှင့် အက်ရာတစ်ခုတစ်လေပင် တွေ့ရှိရခြင်း မရှိပေ။





သို့အတွက်ကြောင့်ပင် ကမ္ဘာပေါ်တွင် ရရှိထားသောနည်းပညာများကို အသုံးပြုပြီး ယင်းဦးခေါင်းခွံမျိုးနောက်တစ်ခု မတည်ဆောက်နိုင်ကြောင်းကို အင်ဂျင်နီယာအားလုံးက လက်ခံထားရသည့်အချက်ဖြစ်သည်။

ထို့ကြောင့် ယင်းဦးခေါင်းခွံသည် ဒဏ္ဍာရီများတွင် ဖော်ပြထားသော လူသားများ၏ နောက်ဆုံးအချိန်ကို ဖော်ပြမည့် ခေါင်းခွံတစ်ခုဖြစ်ကောင်း ဖြစ်ပေလိမ့်မည်ဟု ယူဆကြသည်။

ထိုအကြောင်းကြောင့်ပင် ယင်းဦးခေါင်းခွံကို "ကြမ္မာဆိုးများ၏ ဦးခေါင်းခွံ" (Skull of Doom) ဟုအမည်ပေးထားကြသည်။

ဤမျှလောက် ထူးဆန်းနေသော ဦးခေါင်းခွံကိုပိုင်ရှင် ဟတ်ဂက်(စ)သည် (၁၉၇၀)ပြည့်နှစ်တွင် အမေရိကန်နိုင်ငံ ကာလီဖိုးနီးယာပြည်နယ်၊ ဆန်တာကလာရာဒေသရှိ ဟူးလက်ပက်ကာ့(ထ)ဓါတ်ခွဲခန်းတွင် စမ်းသပ်မှုများ ပြုလုပ်ရန်အတွက် ဖရန့်(ခ)ဒေါ်လန်ဆိုသူအား ပေးအပ်ခဲ့သည်။

ထိုစမ်းသပ်မှုတွင် ပါဝင်သောဒေါ်လန်ကိုယ်တိုင်အပြင် အားလုံးသောစမ်းသပ်သူများသည် ထိုခေါင်းခွံမှ ထူးဆန်းသော အချက်အလက်များကို တသီတတန်းကြီး တွေ့ရှိခဲ့ရလေသည်။ ခရစ်စတယ်ဦးခေါင်းခွံများနှင့် ပတ်သက်သည့်မှတ်တမ်းများက အမြောက်အမြားရှိပေသည်၊

နိုင်ငံအသီးသီး၊ လူမျိုးအသီးသီးတို့မှ ရှုထောင့်အမျိုးမျိုးဖြင့် ရေးသားပြောဆိုကြသော်လည်း တိကျခိုင်မာသည့် ပြောဆိုမှုမျိုး မပြုလုပ်နိုင်ကြပဲ မိမိတို့ယူဆချက်များကိုသာ ထင်ကြေးပေး



www.burmeseclassic.com


www.burmeseclassic.com



ရေးသားဖော်ပြထားသည်ကို တွေ့ရှိပေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ အလယ်ဗဟိုတွင် ဦးခေါင်းခွံတစ်ခုရှိနေပြီး နံဘေးမှဦးခေါင်းခွံ (၁၂)ခုတို့က ဝန်းရံထားရာမှ ဖြစ်ပေါ်လာသော သင်္ကေတကိုများစွာ စိတ်ဝင်စားမှု ဖြစ်လေသည်။

ထိုသင်္ကေတကိုကြည့်လျှင် အောက်ပါအတိုင်း တွေ့ရလေသည်။



ခရစ်စတယ်ဦးခေါင်းခွံတစ်ခုအား (၁၂)ခုကဝန်းရံနေပုံ

ဒေါက်တာမင်းထင်ကျော်က ထိုအမှတ်အသားကို စိတ်ဝင်စားစွာ လေ့လာကြည့်ရှုနေစဉ် ၎င်းရှိနေသော အခန်းတွင်းသို့ လူနှစ်ယောက်ဝင်လာသည်ကိုပင် သတိမထားမိတော့ပေ၊ အချိန်က ညဥ့်နက်ပိုင်းသို့ ရောက်နေပြီဖြစ်သောကြောင့် တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည်။

သူနေထိုင်သော ရွှေတောင်ကြားရပ်ကွက်မှာ လူသွား





လူလာမများလှဘဲ တစ်ခါတစ်ရံမှသာ ကိုယ်ပိုင်ကားများ ဖြတ်သွားဖြတ်လာပြုလုပ်သည်မျိုးရှိသည်။

ယခုလို ညဥ့်နက်ပိုင်းအချိန်ရောက်လျှင်တော့ အသွားအလာမရှိတော့ဘဲ တိတ်ဆိတ်ငြိမ်သက်လျှက် ရှိနေတော့သည်။

ထိုအချိန်ရောက်တော့မှ တံခါးပိတ်ထားသော အခန်းတွင်းသို့ လူနှစ်ယောက်ဝင်လာကြခြင်းဖြစ်သည်။ ပထမတော့ စာအုပ်ထဲမှာ စိတ်ဝင်စားနေသဖြင့် သတိမထားမိပေ။

နောက်မှ မိမိနောက်ဘက်မှ ခံစားမိသဖြင့် နောက်သို့ လှည့်ကြည့်လိုက်သည်။

"ဟင်"

သူ့နောက်တွင် ငြိမ်သက်စွာ ရပ်တံ့နေကြသည့် လူနှစ်ယောက်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် များစွာအံ့ဩသွားမိလေသည်။ ရပ်နေသူနှစ်ဦးမှာ တိဗက်ဘုန်းတော်ကြီး နှစ်ပါးပင်ဖြစ်ကြလေသည်။

မီးရောင်ဖြင့် ၎င်းတို့ကိုယ်ပေါ်မှာ တွယ်ကပ်ပါလာသော နှင်းစက်များကိုပင် တွေ့ရလေသည်။

ဒေါက်တာမင်းထင်ကျော်မှာ တိဗက်ဘုန်းတော်ကြီးများနှင့် ထိတွေ့ဆက်ဆံဖူးပြီး ၎င်းတို့နှင့်ပတ်သက်သည့် အံ့ဩဖွယ်ရာ အကြောင်းများကို အတန်အသင့် သိထားပြီး ဖြစ်လေသည်။

သို့ကြောင့် ဝေးလလှသော တိဗက်နယ်မှ ဒီနေရာသို့ ရောက်အောင် လာနိုင်ခြင်းကိုသော်လည်းကောင်း၊ ပိတ်ထားသောအခန်းတံခါးများကို ဖြတ်ကျော်ပြီး သူ့အခန်းထဲရောက်



www.burmeseclassic.com

www.burmeseclassic.com



အောင် ဝင်လာကြသည်ကိုသော်လည်းကောင်း အံ့သြခြင်း သိပ်မဖြစ်မိတော့ပေ။

ဒေါက်တာမင်းထင်ကျော်က လက်အုပ်ချီလျက် အရိုအသေ ပေးလိုက်သောအခါ ၎င်းတို့နှစ်ယောက်ကလည်း လက်အုပ်ချီကာ အရိုအသေ ပြန်ပေးကြသည်။

"ကျွန်တော်က ဒေါက်တာမင်းထင်ကျော် ဖြစ်ပါတယ်၊ ဝေးလံတဲ့ အရပ်ဒေသက လာကြတာဆိုတော့ အကြောင်းကိစ္စရှိလို့များလား သိပါရစေ"

"သင်နဲ့တွေ့ရအောင် လာကြတာပါ"

"လာရင်းကိစ္စကို သိချင်ပါတယ်"

"သင် စောစောက ဖတ်ရှုနေတဲ့ မှတ်တမ်းတွေက ခရစ်စတယ်ဦးခေါင်းခွံတွေအကြောင်း မဟုတ်လား"

"မှန်ပါတယ်"

"ဒီအကြောင်းတွေကို စိတ်ဝင်စားပါသလား"

"စိတ်ဝင်စားပါတယ်"

"ကျွန်ုပ်တို့လာတာ အခြားအကြောင်းမဟုတ်ပါဘူး။ သင့်ကို အကူအညီတောင်းချင်လို့ လာခဲ့ကြတာပါ"

"ပြောပါ. . ဆရာတော်၊ တတ်နိုင်တဲ့ကိစ္စဆိုရင် အကူအညီပေးပါ့မယ်"

"ကျွန်ုပ်တို့ အမြတ်တနိုးထားတဲ့ ရွှေဦးခေါင်းခွံတစ်လုံး ပျောက်ဆုံးသွားတာကို ရှာဖွေပေးဖို့ပါပဲ"

"ဘယ်နေရာက ပျောက်သွားတာပါလဲ"

"ကျွန်ုပ်တို့ သီတင်းသုံးနေတဲ့ မရဏတောင်ရဲ့ လှိုဏ်ဂူ





ခန်းထဲမှာ ထားရင်းကနေ ပျောက်သွားခဲ့တာပါ"

ဒေါက်တာမင်းထင်ကျော်အနေဖြင့် တိဗက်သို့အကြိမ်ကြိမ်ရောက်ဖူးခဲ့သော်လည်း. . မရဏတောင်ရှိရာကိုတော့ မရောက်ဖူးသေးပေ။

နာမည်သံကြားဘူးပြီး ရောက်ရန်အခွင့်အရေးမသာခဲ့ပေ။ တကယ်တော့ မရဏတောင်မှာ သာမန်လူတို့ မသွားရောက်နိုင်သော နေရာမျိုးဖြစ်သည်။ အကယ်၍ရောက်လျှင်လည်း တောင်ပေါ်တက်ဖို့ အခွင့်အလမ်းမရှိပေ။ တောင်ပေါ်ရောက်သွားလျှင်လည်း ပြန်လမ်းမရှိသော နေရာတစ်နေရာပင်ဖြစ်သည်။

"မရဏတောင်က သာမန်လူတွေ မရောက်နိုင်တဲ့နေရာတစ်ခုပဲ ဘယ်သူတွေ ယူသွားတာလဲ"

"မိစ္ဆာဝါဒီဂိုဏ်းသားတွေ ဝင်ယူသွားကြတာပါ၊ သူတို့က ရှေးဟောင်းမြို့တော်ကြီးတစ်နေရာမှာ နေကြပါတယ်"

"ကျွန်တော်က ဘယ်လိုအကူအညီပေးရမှာပါလဲ"

"သင်နဲ့နောက်ထပ် အဖော်တစ်ယောက်ကိုပါခေါ်ပြီး ကျွန်ုပ်တို့နေတဲ့ မရဏတောင်ကို အရောက်လာခဲ့ပါ"

"မရဏတောင်က သာမန်လူတွေ ဝင်ခွင့်မရတဲ့ တားမြစ်ပိတ်ပင်ထားတဲ့ နေရာတစ်ခုမဟုတ်လား"

"မှန်ပါတယ်. . ဒါပေမယ့် ကျွန်ုပ်တို့အလိုရှိတဲ့သူဆိုရင် ဝင်ရောက်ခွင့်ရှိပါတယ်၊ ဒီကိစ္စမျိုးက သင်လိုလူမျိုးနဲ့မှ သင့်လျော်တာမို့ ကျွန်ုပ်တို့ဆရာတော်ကြီးက သင့်ထံသို့စေလွှတ်လိုက်ခြင်းဖြစ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်က မငြင်းသာတော့ပေ။

မငြင်းချင်တော့ပေ။

"ဆရာတော်တို့လာရောက် အကူအညီတောင်းတဲ့ကိစ္စကို ကျွန်တော်ကြိုးစားဆောင်ရွက်ပေးပါ့မယ်"

"သာဓု . . သာဓု . . သာဓု"

ဟု သာဓုခေါ်ကာ မြေပုံစာရွက်တစ်ရွက်နှင့် ရွှေတုံးများထည့်ထားသော အိတ်တစ်လုံးကို ထုတ်ပေးလေသည်။

"ဒီစာရွက်က မရဏတောင်ကိုလာရမယ့် ခရီးလမ်းညွှန်မြေပုံပါ၊ ( ဂ)တော့ သင်တို့ခရီးစားရိတ်အတွက် အသုံးပြုဖို့ ရွှေတုံးတွေပါ"

ထို့နောက်မှာတော့ တိဗက်ဘုန်းကြီးနှစ်ပါးက အရိုအသေပေးလိုက်ပြီး . . .။


"ကျွန်ုပ်နာမည်က 'ဖယ်ရာ'ဖြစ်ပါတယ်၊ သူကတော့ 'လက်ဘ'ပါ။ ဟိုရောက်တဲ့အခါ ကျွန်ုပ်တို့နှစ်ယောက်က သင်တို့ကို လိုအပ်တာ အကူအညီပေးပါ့မယ်"


ဟုပြောဆို နှုတ်ဆက်ပြီးနောက် ပိတ်ထားသော တံခါးချပ်မှဖောက်ကာ အပြင်သို့ ထွက်သွားကြလေသည်။

ဒေါက်တာမင်းထင်ကျော်မှာ သူတို့ပေးထားခဲ့သော ပစ္စည်းကိုတစ်လှည့်၊ မြင်ကွင်းမှ ပျောက်သွားသော နေရာသို့တစ်လှည့်ကြည့်ကာ တအံ့တဩဖြစ်ကာ ကျန်ခဲ့လေတော့သည်။









[illegible]သင်္ချိုင်းမှတွေ့ရှိခဲ့သည့် ထူးဆန်းသည့်ဦးခေါင်းခွံ

(Skull of Doom)



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃)

# နဂါးနက်ရှစ်တုလက်ဆောင်

ဒေါက်တာမင်းထင်ကျော်အနေဖြင့် မမျှော်လင့်ဘဲ တိဗက်ဘုန်းကြီးနှစ်ပါးနှင့် တွေ့ခဲ့ရပြီးနောက်တွင် တွေ့သင့်သူများနှင့် တွေ့ဆုံဆွေးနွေးရသည်။

ထိုသူတို့မှာ အခြားမဟုတ်ဘဲ ဆရာကြီးသူရဋ္ဌနှင့် ဦးဗန်ကောင်းတို့ နှစ်ယောက်ပင်ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်က ဆရာကြီးဦးဗန်ကောင်း နေထိုင်ရာသို့သွားပြီးခေါ်ကာ ဆရာကြီးသူရဋ္ဌနေအိမ်သို့ လာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြခြင်းဖြစ်သည်။ ဆရာကြီးသူရဋ္ဌနေအိမ်သို့ လာခဲ့ကြခြင်းဖြစ်သည်။

ဆရာကြီးသူရဋ္ဌ နေထိုင်သောနေရာမှာ ရွှေတောင်ကုန်းနှင့် မနီးမဝေး အတွင်းပိုင်းတစ်နေရာ၌ရှိပြီး အေးချမ်းတိတ်ဆိတ်မှုရှိလေသည်။

သူတို့နှစ်ယောက်လာသည်ကို မြင်သောအခါ ဆရာကြီး သူရဋ္ဌကလည်း စကားပြောဖော်ရသည်ကို ဝမ်းသာကျေနပ်သော အမူအယာဖြင့် ၎င်း၏စာကြည့်ခန်းထဲသို့ ခေါ်သွားကာ ကွမ်းဆေးလက်ဖက်စသည်တို့ဖြင့် ဧည့်ခံကျွေးမွေးရင်း စကားပြောကြလေသည်။

"မတွေ့ရတာတောင် အတော်ကြာနေပြီ"

"ဟုတ်တယ်ဆရာကြီး၊ ဒါထက်ဆရာကြီး 'မဟာဂန္ဓာရီတက္ကသိုလ်က ပြန်ရောက်တာ အတော်ကြာပြီလား"

"အင်း. . လပိုင်းလောက်တော့ရှိရောပေါ့။ ဒါထက်. . မောင်ထင်ကျော်တို့နှစ်ယောက်ရော မြောက်ကျွန်းသူနဲ့တွေ့ဖို့ သွားကြတာ ဟိုမှာအဆင်ပြေခဲ့ရဲ့လား၊ သွားလိုတဲ့နေရာကိုရော ဖြောင့်ဖြောင့်ရောက်ခဲ့ကြရဲ့လား"

ဟုမေးလိုက်သဖြင့် ဒေါက်တာမင်းထင်ကျော်က သူတို့ကြုံတွေ့ခဲ့ရသောအကြောင်းများကို အတိုချုပ်ကာပြောပြလိုက်လေသည်။

(ထိုအကြောင်းများနှင့် ပတ်သက်ပြီး ပြည့်စုံစွာ သိလိုပါက 'မြောက်ကျွန်းသူသုန္ဒရီ' ဝတ္ထုတွင် ဖတ်ရှုစေလိုပါသည်။ ထိုဝတ္ထုတွင် 'မဟာဂန္ဓာရီတက္ကသိုလ်'များနှင့် သာမန်လူတို့မရောက်





နိုင်သော 'မြောက်ကျွန်း'နှင့်ပတ်သက်သည့် အကြောင်းများကို ပြည့်စုံစွာ ရေးသားဖော်ပြထားပါသည်)

"လောကမှာ ကျုပ်တို့လို ပညာဉာဏ်တစ်ထွာတစ်မိုက်နဲ့ လိုက်လို့မမှီနိုင်တဲ့အကြောင်းတွေ၊ သာမန်လူတွေ မရောက်နိုင်တဲ့နေရာတွေ အများကြီးရှိနေသေးတယ်"

"ဟုတ်ပါတယ်ဆရာကြီး၊ မြောက်ကျွန်းသူတွေနေတဲ့နေရာမဆိုထားပါနဲ့၊ ဟိမဝန္တာတောင်တန်းတွေပေါ်မှာရှိနေတဲ့ မဟာဂန္ဓာရီတက္ကသိုလ်ကြီးတွေကို တကယ်သွားရောက်ဖို့. . မလွယ်လှပါဘူး"

"ဒါထက်ခက်တဲ့နေရာတွေ ရှိသေးတယ် မောင်ထင်ကျော်ရဲ့"

"ဘယ်နေရာတွေလည်း ဆရာကြီး"

"တချို့က ရှမ်ဗလားလို့ ထင်မြင်ယူဆနေကြတဲ့ တိဗက်လာမားတွေနေကြတဲ့ ရှမ်ဂရီလာလို နေရာမျိုးတွေပေါ့၊ သူတို့ဆီသွားချင်ရင်တောင် ရောက်ဖို့မလွယ်လှဘူး"

"အခုတော့ အဲဒီနေရာတွေကို ကျွန်တော်တို့ရောက်ရတော့မယ်ထင်တယ် ဆရာကြီး"

ဒေါက်တာမင်းထင်ကျော်စကားကြောင့် ဆရာကြီးသူရဋ္ဌမှာ အနည်းငယ်အံ့သြသွားဟန်ရှိသည်။

"အကျိုးအကြောင်း ပြောပြပါဦး"

ဒေါက်တာမင်းထင်ကျော်က လာမားဘုန်းကြီးနှစ်ပါးရောက်လာပြီး အကူအညီတောင်းပုံကို ပြောပြလိုက်သည်။

စကားဆုံးတော့ ဆရာကြီးသူရဋ္ဌက မှတ်ချက်ချလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"အင်း . . မောင်ထင်ကျော်လည်း တိဗက်နဲ့အတော်က လေး အဆက်ပါနေတာပါလား"

"အခု လာတာတခြားမဟုတ်ပါဘူး၊ ကျွန်တော်ကတော့ မရဏာတောင်ကို သွားမယ်လို့ ကတိပေးလိုက်ပြီးပြီဆိုတော့ ဦး ဗန်ကောင်းကတော့ ကျွန်တော်နဲ့ လိုက်ခဲ့မယ်လို့ပြောတယ်၊ ဆရာကြီးရော လိုက်ခဲ့နိုင်မလားလို့ လာမေးတာပါ"

"ဒီလောက်ဝေးလံတဲ့ ခရီးမျိုးတော့ ကျုပ်အနေနဲ့လိုက် နိုင်မယ် မထင်ဘူး မောင်ထင်ကျော်၊ ဒါပေမယ့် လိုတဲ့အကူအညီ တော့ ပေးပါ့မယ်"

ဒေါက်တာမင်းထင်ကျော်က စားပွဲပေါ်မှ ကော်ဖီပန်း ကန်ကိုယူပြီး တစ်ကျိုက်သောက်လိုက်သည်၊

"ဒါထက် မောင်ထင်ကျော်တို့ သွားရမယ်နေရာက ဘယ်နေရာလဲ"

"မရဏာတောင်လို့ပြောတယ်ဆရာကြီး"

"တိဗက်ပြည်မှာ ဘာသာရေးနဲ့သက်ဆိုင်တဲ့ နေရာတွေ အများကြီးရှိတယ်၊ တချို့လည်းလူတွေ သိကြတယ်၊ တချို့လူ မသိတဲ့နေရာတွေလည်း အများကြီးရှိတယ်၊ မရဏာတောင်ဆို တာ လူသိနည်းတဲ့နေရာ တစ်ခုဖြစ်နိုင်ပါတယ်"

"ဟုတ်ကဲ့"

"တိဗက်ဆိုရင် ဒလိုင်းလာမာဆရာတော်ကြီး သီတင်း သုံးတဲ့ ပိုတာလာစံကျောင်းတော်ကြီးကို သိကြတယ်၊ ရဟန်း တော်ပေါင်း (၈၀၀၀)ကျော် သီတင်းသုံးနေထိုင်တဲ့ ဒီဗွန်ကျောင်း





တော်ကြီးကို သိကြတာများတယ်၊ ဒီကျောင်းတော်ကြီးတွေက တိဗက်ရဲ့မြို့တော်ဖြစ်တဲ့ လာဆာမြို့မှာပဲ ရှိတာဆိုတော့ အလွယ် တကူ သွားရောက်နိုင်ကြတယ်"

"မှန်ပါတယ် ဆရာကြီး"

"လူသူအရောက်အပေါက်ခက်ခဲတဲ့ . . ရှန်ဂရီလာလို ကျောင်းတော်ကြီးတွေကိုတော့ လူသူမရောက်နိုင်လို့ သိပ်မသိ လှဘူး၊ မရဏာတောင်ဆိုတာ တိဗက်ဘုန်းကြီးတွေသီးခြားသီ တင်းသုံးတဲ့ နေရာတစ်ခု ဖြစ်နိုင်ပါတယ်"

"ဒါထက် ပျောက်သွားတဲ့ဦးခေါင်းခွံနဲ့ပတ်သက်ပြီးတော့ လည်း ဆရာကြီးရဲ့အယူအဆကို ပြောပြပါဦး"

"ဒလိုင်းလာမာတွေ ပျံလွန်တော်မူရင် သူတို့ရဲ့ ရုပ်က လပ်တွေကို မပျက်စီးရလေအောင် ထိမ်းသိမ်းထားကြတယ်၊ ဒါ့ အပြင် ဦးခေါင်းခွံရဲ့ ပုံသဏ္ဌာန်ကို ရွှေသားနဲ့ပြုလုပ်ထားပြီး သီးခြားထားကြတယ်၊ ရုပ်ကလပ်တွေထားတဲ့နေရာနဲ့ ရွှေဦးခေါင်း ခွံတွေထားတဲ့နေရာကို အထူးလျှို့ဝှက်ထားကြတယ်၊ ကျောင်း ထိုင်ဆရာတော်နဲ့ လက်ထောက်ဆရာတော်တွေလောက်ပဲ ဝင် ခွင့်ရကြတယ်"

"ဘယ်လိုကြောင့်ပါလဲ ဆရာကြီး"

"ဦးခေါင်းခွံတွေနဲ့ ပတ်သက်ပြီးတော့ မောင်ထင်ကျော် လည်း ဖတ်ဖူးတယ်မဟုတ်လား"

"ခရစ်စတယ် ဦးခေါင်းခွံတွေနဲ့ပတ်သက်ပြီး ရေးထား တဲ့မှတ်တမ်းတွေကိုတော့ ဖတ်ဖူးပါတယ် ဆရာကြီး"

"ဘယ်လို ထူးခြားဆန်းကြယ်မှုတွေ တွေ့သလဲ"



www.burmeseclassic.com

www.burmeseclassic.com



“အများကြီးပါပဲ၊ အကြားအမြင်ရစေနိုင်တဲ့နေရာတွေ၊ မှော်ပညာ ဂမ္ဘီရပညာတွေ တိုးတက်စေနိုင်တဲ့နေရာတွေ၊ အချို့က အစီအရင်ကဏ္ဍတွေမှာ အသုံးပြုခဲ့ကြတယ်ဆရာကြီး၊ အချို့လည်း သိပ္ပံပညာနဲ့ပတ်သက်တဲ့ စွမ်းအင်တွေမှာ အသုံးပြုခဲ့ကြတယ်လို့ပါတယ်”

ဆရာကြီး သူရဇ္ဇက မီးရှိနေသေးသော ဆေးတံကိုဖွာပြီး ဦးခေါင်းကို ဖြေးလေးစွာ ညိတ်ပြလေသည်။

“မှန်ပါတယ်. . ဒါအပြင် ဗဟိုချက်နေရာမှာ ဦးခေါင်းခွံတစ်ခုကို ချထားပြီး အပြင်ကဦးခေါင်းခွံ (၁၂)လုံးက ဝန်းရံထားတဲ့ အစီအရင်မျိုးလည်း ပါသေးတယ်မဟုတ်လား”

ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာ ဆရာကြီးသူရဇ္ဇ၏ ဗဟုသုတနှံ့စပ်ပုံကို ချီးကျူးရင်း ခေါင်းညိတ်ပြလိုက်သည်။

“မှန်ပါတယ် ဆရာကြီး”

“ဒီအဓိပ္ပါယ်ရော မောင်ထင်ကျော်သိသလား”

“သိပ်တော့သဘောမပေါက်ဘူးဆရာကြီး. .၊ တဆိတ်လောက် ရှင်းပြပေးပါဦး”

“(၁၂)ဂဏန်းနဲ့ (၁၃)ဂဏန်းတို့ရဲ့ ဆက်စပ်မှုက စိတ်ဝင်စားစရာကောင်းတယ်၊ ဥပမာ နာရီတစ်လုံးမှာ ဗဟိုချက်ကိုထားပြီး ဂဏန်း(၁၂)လုံးက ဝန်းရံထားသလို ကမ္ဘာမြေရဲ့ ဗဟိုချက်တစ်နေရာကို (၁၂)ရာသီက ဝန်းရံထားတယ် မဟုတ်လား”

“မှန်ပါတယ်”

“ဒါ့အပြင့် ခရစ်တော်နဲ့ တမန်တော်(၁၂)ပါး၊ ဘုရင်ကြီးအာသာနဲ့ သူရဲကောင်း (၁၂)ယောက်၊ ကမ္ဘာပေါ်ရှိ မျိုးနွယ်စုများကို ဖန်ဆင်းပေးတဲ့ နတ်ဘုရား(၁၂)ပါး၊ အခု တိဗက်ဘုန်းကြီး (၁၃)ယောက်မြောက် ပျံလွန်တော်မူခဲ့ပြီးပြီ”





“ဟုတ်ကဲ့”

“ဒီတော့ လူမသိနိုင်တဲ့ တစ်နေရာမှာ ပျံလွန်တော်မူသွားခဲ့တဲ့ ရုပ်အလောင်းတွေနဲ့၊ ရွှေဦးခေါင်းခွံ (၁၃)လုံးရှိနေတော့မှာပေါ့၊ ဒီလိုအခြေအနေမျိုးရောက်အောင် ဦးခေါင်းခွံ(၁၃)လုံးပြည့်မြောက်တဲ့အထိ သူတို့ နှစ်ပေါင်းများစွာစောင့်ခဲ့ကြရမှာ အသေအချာပဲ”

“ဘယ်လို ရည်ရွယ်ချက်မျိုးဖြစ်မလဲ”

“လားမာတွေက သာမန်ထက်ကျော်ပြီး ရည်ရွယ်ချက်ထားပြီးလုပ်ကြတာဆိုတော့ ရွှေဦးခေါင်းခွံ (၁၃)လုံးဟာ သူတို့အတွက် သာမန်ရည်ရွယ်ချက်မျိုးတော့ မဟုတ်တာ သေချာတာပေါ့”

“အခု အဲဒီ(၁၃)လုံးက တစ်လုံးပျောက်သွားလို့ ကျွန်တော့်ကို အကူအညီတောင်းကြတာပါပဲ ဆရာကြီး”

“မောင်ထင်ကျော် စိတ်ဝင်စားရင်တော့ အကူအညီပေးသင့်ပါတယ်၊ မောင်ရင်အတွက်လည်း ဆန်းကြယ်တဲ့ အတွေ့အကြုံတွေ အများကြီးရနိုင်ပါတယ်”

ဟုပြောပြီး ဆရာကြီးသူရဇ္ဇက နေရာမှထကာ ဘုရားခန်းထဲဝင်သွားလေသည်။ ခဏကြာတော့ ပြန်ထွက်လာရာ လက်ထဲမှာ အိတ်ငယ်တစ်လုံး ပါလာလေသည်။

“ဒါက ကျုပ်စီရင်ထားတဲ့ သိဒ္ဓိပေါက်တဲ့ အင်းချပ်၊ ဓာတ်လုံးနဲ့ ဆေးတွေ ရုပ်ထုတွေပါတယ်၊ ဘေးအန္တရာယ်နဲ့ ကြုံတွေ့



www.burmeseclassic.com

www.burmeseclassic.com



တဲ့အခါ အသုံးချလို့ရပါတယ်၊ ဦးဗန်ကောင်းကပဲ ဒါတွေကို ဂရုစိုက်ပြီးယူသွားပါ"

ဟုပြောပြီး ဦးဗန်ကောင်းအား ထိုအိတ်ကိုပေးလေသည်။ ထို့နောက်မှာတော့ နှစ်ယောက်သား ဆရာကြီးသူရဇ္ဇကို နှုတ်ဆက်ကာ ပြန်ခဲ့ကြလေသည်။

ယခုလိုခရီးမျိုးတွင် ဆရာကြီးသူရဇ္ဇ မလိုက်နိုင်သဖြင့် အားလျော့စရာဖြစ်သော်လည်း ၎င်းအကူအညီပေးလိုက်သည့် ပစ္စည်းများကြောင့်တော့ အားရှိစရာဖြစ်သည်။

နောက်ပိုင်းမှာတော့ ဒေါက်တာမင်းထင်ကျော်နှင့် ဦးဗန်ကောင်းတို့နှစ်ယောက်မှာ ခရီးထွက်ရန်အတွက် အသီးသီးပြင်ဆင်ကြလေသည်။

တစ်ညမှာတော့ ဒေါက်တာမင်းထင်ကျော် နေအိမ်သို့ နောက်ထပ်ဧည့်သည်တစ်ယောက် ရောက်လာပြန်လေသည်၊ တိဗက်အမျိုးသမီးများ ဝတ်ဆင်လေ့ရှိသော အဖြူရောင်အဝတ်အစားတို့ကို ဝတ်ဆင်ထားသော ချောမောလှပသည့် ရုပ်ဆင်းအင်္ဂါမျိုးရှိသည်။

သူမသည်လည်း ပိတ်ထားသော အိမ်တံခါးနှင့် အခန်းတံခါးများမှ ဝင်လာခြင်းဖြစ်သည်။

"ခင်ဗျားဘယ်သူလဲ"

"ကျွန်မနာမည် မဟူရာလို့ ခေါ်ပါတယ်"

"မဟူရာဆိုတော့ မကောင်းဆိုးဝါးတစ်ကောင်တော့ မဟုတ်ပါဘူးနော်"

ဒေါက်တာမင်းထင်ကျော် စကားကြောင့် သူမက လှပ





စွာ တစ်ချက်ပြုံးလိုက်သည်။

"မဟူရာဆိုတဲ့ အနက်ရောင်ဆိုတာ မကောင်းဆိုးဝါးတွေရဲ့ သင်္ကေတလို့ ရှင်ကထင်နေသလား၊ လောကမှာ မဟူရာကျောက်လို တန်ဖိုးရှိတာတွေလည်း အများကြီးရှိပါတယ်၊ အဖြူရောင်ဆိုတာ အနက်ရောင်ရှိမှ ပိုပြီးတောက်ပလာနိုင်တယ် ဆိုတာရော ရှင်လက်ခံသလား"

ဒေါက်တာမင်းထင်ကျော်က သူမနှင့်စကား အချေအတင်မပြောလိုသောကြောင့် လိုရင်းကိုသာ မေးလိုက်သည်။

"ခင်ဗျား ဘယ်ကလာတာလဲ"

"တိဗက်ကတောင် လာခဲ့ရတာပါ"

"ဘာကိစ္စရှိလို့လဲ"

"ရှင့်ဆီကို တကူးတက ရောက်လာမှတော့ ရှင်နဲ့တွေ့ချင်လို့ပေါ့။ ကျွန်မလာတာ တခြားတော့မဟုတ်ဘူး၊ အခု ရှင်တို့ တိဗက်ကိုသွားဖို့ပြင်နေကြတယ် မဟုတ်လား"

"ခင်ဗျားဘယ်လို သိနေတာလဲ"

"သိတာပေါ့ ဒီ့အပြင် မရဏာတောင်ကိုသွားမယ်ဆိုတာပါ သိပါတယ်၊ ကျွန်မပြောချင်တာက တခြားမဟုတ်ပါဘူး၊ ရှင်တို့ အဲ့ဒီခရီးသွားရင် ပြန်လမ်းမရှိတဲ့နေရာ သွားသလိုဖြစ်လိမ့်မယ်"

"ဒါက ခင်ဗျားနဲ့မသက်ဆိုင်ပါဘူး၊ ကျွန်တော့်အနေကတော့ ကတိပေးထားပြီးတဲ့ အလုပ်တစ်ခုအတွက်တော့ ဖြစ်မြောက်အောင် လုပ်ပေးရမယ့်တာဝန် ရှိပါတယ်"

"ရှင်က အတော်ခက်တဲ့လူပဲ၊ ကျွန်မက တိဗက်နယ်မှာ ကြီးပြင်းခဲ့တဲ့သူဆိုတော့ အဲ့ဒီနယ်ရဲ့အကြောင်းတွေကို ရှင်ထက်



www.burmeseclassic.com

www.burmeseclassic.com



ပို့ပြီးသိတယ်၊ မရဏတောင်ဆိုတာ တခြားမဟုတ်ဘူး၊ သွားတဲ့သူတိုင်း ပြန်မလာနိုင်တဲ့ ပြန်လမ်းမဲ့နေရာမျိုးပဲ၊ ဒါကို ရှင်သိရဲ့လား”

“ခင်ဗျားဘာကြောင့် ဒါတွေလာပြောနေတာလဲ”

“ရှင်တို့ အန္တရာယ်ဖြစ်မှာစိုးလို့ တကူးတကလာပြောနေတာပေါ့၊ ဘာလဲ ရှင်က သူတို့ပေးထားခဲ့တဲ့ရွှေတွေကြောင့် မဖြစ်မနေသွားမယ်လို့ ပြောနေတာလား၊ ရှင်တို့ ဒီခရီးကို မသွားဘဲနေမယ်ဆိုရင် သူတို့ပေးတဲ့ရွှေထက် ပိုပြီး တန်ဖိုးရှိတဲ့ပစ္စည်းကို ကျွန်မပေးမယ်”

ဟုပြောပြီး သူမအကျီအိတ်အတွင်းမှ ထည့်ယူလာသော အိတ်တလုံးကို ထုတ်ယူလိုက်သည်။

ထို့နောက် လင်းနေသော မီးရောင်များကို မှောကြည့်လိုက်ရာ ဘက်ထရီအားကုန်သွားသော မီးချောင်းကဲ့သို့ တဖြည်းဖြည်းနှင့်မှိန်ကျသွားရာ အခန်းထဲမှာ မှောင်ကျသွားလေသည်။

မဟူရာဆိုသောအမျိုးသမီးက သူမယူလာသောအိတ်ကိုဖွင့်ပြီး စားပွဲပေါ်သို့ မှောက်ချလိုက်ရာ အခန်းတစ်ခုလုံး အလင်းရောင် ပြန်ရလာလေသည်။

အခြားမဟုတ်ပေ။

အလင်းရောင်များ တဖျပ်ဖျပ်တောက်ပနေသည့် တောပန်းသီးတစ်လုံး အရွယ်အစားခန့်ရှိသော စိန်တုံးကြီးပင် ဖြစ်ပေသည်။ ဒေါက်တာမင်းထင်ကျော်က အလင်းရောင်များ တဖျပ်ဖျပ်တောက်ပနေသည့် စိန်တုံးကြီးကို တအံ့တဩ ကြည့်နေစဉ် အမျိုးသမီးက မေးလိုက်သည်။





“တိဗက်ဘုန်းကြီးတွေဟာ ရွှေဖြစ်အောင်လုပ်နိုင်ကြတယ်၊ သူတို့အတွက် ရွှေဟာ ဘာမှမခဲယဉ်းဘူး၊ သူတို့ကိုးကွယ်တဲ့ ဗုဒ္ဓရုပ်ပွားတော်ကို ပိဿချိန်(၂၀၀)ကျော်လောက်ရှိတဲ့ ရွှေတွေနဲ့ပြုလုပ်ထားတာပဲ၊ ရှင့်ကိုပေးထားခဲ့တဲ့ ရွှေက သူတို့အတွက် ဘာမှမပြောပလောက်ဘူး၊ ကျွန်မပေးခဲ့တဲ့ စိန်ကမှ တကယ် တန်ဖိုးရှိတဲ့ ရတနာအစစ်ပဲ၊ လူတွေလုပ်မရတဲ့ ရတနာမျိုးပဲ ဘယ်လိုလဲ”

“ခင်ဗျားပြောတာမှန်ပါတယ်၊ ဒီစိန်တုံးကြီး တန်ဖိုးဘယ်လောက်ရှိတယ်ဆိုတာ ကျွန်တော်မသိပေမယ့် တကယ်တန်ဖိုးရှိတဲ့ ရတနာဆိုတာတော့ ကျွန်တော်သိပါတယ်၊

ဒါပေမယ့် ကျွန်တော်က တခြားရတနာပစ္စည်းတွေထက် ပေးထားတဲ့ကတိကို ပိုပြီးတန်ဖိုးထားတတ်ပါတယ်၊ ဒါကြောင့် ဝမ်းနည်းပါတယ်ဗျာ. . ခင်ဗျားပေးတဲ့ ရတနာကိုလည်း မယူပါရစေနဲ့၊ ကျွန်တော် အစီအစဉ်အတိုင်းပဲ ဆက်လုပ်ရမှာပါပဲ”

ဒေါက်တာမင်းထင်ကျော်က ထိုကဲ့သို့ အေးအေးဆေးဆေး ပြန်ပြောလိုက်သောအခါ ထိုအမျိုးသမီး၏ မျက်နှာအမူအယာမှာ နူးညံ့သိမ်မွေ့သော အမူအယာမှ ခက်ထန်သော အသွင်အပြင်သို့ ပြောင်းလဲသွားလေတော့သည်။

စားပွဲပေါ်မှာချထားသော စိန်တုံးကြီးကို အိတ်ငယ်အတွင်းပြန်ထည့်လိုက်သောအခါ အလင်းရောင်ပျောက်သွားကာ ပြန်မှောင်သွားလေသည်။

နောက်တော့မှ လျှပ်စစ်မီးရောင်များ တဖြည်းဖြည်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပြန်လင်းလာသဖြင့် အလင်းရောင်ပြန်ရလာသည်။

"ဒါကတော့ ရှင့်သဘောပါပဲ၊ တကယ်ပြောရရင် ကျွန်မတို့ မလိုလားတဲ့အလုပ်လုပ်ဖို့ ကြိုးစားနေတဲ့သူမှန်သမျှ ကျွန်မတို့ ရန်သူပါပဲ၊ ဒီလိုလူမျိုးတွေကို အချိန်မရွေး သုတ်သင်ပစ်နိုင်ပါတယ်၊ ဒါပေမယ့် ကျွန်မ ရှင့်ကို အခုမသတ်သေးပါဘူး"

"ကျွန်တော်ကလည်း ဒီလိုခြိမ်းခြောက်တာမျိုးတွေကို မကြောက်ပါဘူး၊ ဒါထက် မေးပါရစေဦး ကျွန်တော်တို့ လုပ်မယ့်အလုပ်က ခင်ဗျားတို့နဲ့ ဘယ်လိုများ ပတ်သက်နေလို့လဲ၊ တိဗက်ဘုန်းကြီးတွေဆီက ရွှေဦးခေါင်းခွဲခိုးသွားတာ ခင်ဗျားတို့ လက်ချက်ပဲလား"

"ဒါတွေက ရှင်သိဖို့မလိုပါဘူး၊ ရှင့်ကိုဘာကြောင့်အခုမသတ်သွားသလဲဆိုတော့ ဒီခရီးလမ်းကိုသွားမယ့်လူတွေဟာ ကျွန်မ မသတ်လည်း သေကြရမှာပဲ၊ ဒီတော့ ရှင်တို့ထိုက်နဲ့ရှင်တို့ကံပဲရှိပါစေတော့လေ၊ ရှင့်အနေနဲ့ ကံကောင်းထောက်မလို့ပဲဖြစ်ဖြစ်၊ ရှင်နဲ့ကျွန်မနဲ့ ရေစက်မကုန်သေးလို့ပဲဖြစ်ဖြစ် အသက်မသေခဲ့ရင်တော့ ပြန်တွေ့ကြရဦးမှာပါ"

ဟုပြောဆိုကာ ပိတ်ထားသောအခန်းထဲမှ ပြန်ထွက်သွားလေတော့သည်။

ထိုအခါမှပင် ဒေါက်တာမင်းထင်ကျော်လည်း သက်ပြင်းချနိုင်လေတော့သည်။

နောက်တစ်နေ့တွင် ဦးဇန်းကောင်းနှင့် တွေ့သောအခါ ထိုအကြောင်းကို ပြောပြလိုက်သည်။

"ရွှေဦးခေါင်းခွဲခိုးသွားတဲ့ မိစ္ဆာဝဒီဂိုဏ်းသားတွေပဲ





ဖြစ်မှာပေါ့. . ၊ ကျုပ်တို့သွားမယ့် အစီအစဉ်တွေကို သူတို့သိသွားပြီဆို လမ်းတလျှောက်လုံး ဘယ်လောက်များ အနှောင့်အယှက်တွေလိုက်ပေးနေကြဦးမယ် မသိဘူး"

"ကျွန်တော်တို့က အမှန်တရားအတွက် ဆောင်ရွက်ပေးကြမှာဆိုတော့ စိတ်ပူစရာမရှိပါဘူး"

ဟု ပြောဆိုကြလေသည်။

နောက်တစ်ရက်တွင် ပစ္စည်းများ စုဆောင်းနေတော့မှ တိဗက်ဘုန်းကြီးပေးသွားသော မြေပုံစာရွက်ကို သတိရပြီး ကြည့်သောအခါ မတွေ့ရတော့ပ။

ဘီရိုထဲမှာ သေသေချာချာ သိမ်းထားရာမှ ယခုပျောက်ဆုံးသွားလေပြီ။

ထိုနေရာတွင် ထူးဆန်းသောအရာဝတ္ထု ရောက်နေချေသည်၊ အခြားမဟုတ်ပေ။

တစ်လက်မအရွယ်ခန့်ရှိသော နဂါးရုပ်ထု တစ်ခုပင်ဖြစ်၏။ နဂါးရုပ်ထုမှာ မဟူရာကျောက်ဖြင့် ထုလုပ်ထားဟန်ဖြင့် နက်မှောင်တောက်ပနေသည်။

ခွေနေရာမှ ဦးခေါင်းထောင်နေသော ပုံသဏ္ဌာန်မျိုးဖြစ်လေသည်။

ဒေါက်တာမင်းထင်ကျော်က ထိုရုပ်ထုလေးကို ကောက်ယူပြီးကြည့်လိုက်ရာ အသက်ဝင်နေသကဲ့သို့ ရှိလေသည်။

မဟူရာကျောက်၏ တောက်ပသောအရောင်နှင့် ပုံပန်းသဏ္ဌာန်မှာ အချိုးအဆစ်ကျလှလေသည်။

"ဒါ မဟူရာဆိုတဲ့ အမျိုးသမီးထားခဲ့တဲ့ နဂါးရုပ်ပဲ ဖြစ်ရ



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ ဘာသဘောနဲ့ ထားခဲ့တာလည်း မသိဘူး၊ ဒီအတိုင်းဆိုရင်တော့ တိဗက်ဘုန်းကြီးတွေပေးထားခဲ့တဲ့ မြေပုံကိုလည်း သူပဲယူသွားတာဖြစ်မယ်၊ မြေပုံမရှိရင် ငါတို့သွားမယ့်ခရီးစဉ်ပျက်အောင် တမင်နှောင့်ယှက်သွားတာဖြစ်ရမယ်"

ဟုလည်း တွေးမိလေသည်။

ဦးဖန်ကောင်းက ထိုအကြောင်းကိုသိသွားသောအခါ

"မြေပုံမရှိအောင် တမင်လာယူသွားတာဖြစ်မယ်၊ မောင်ထင်ကျော် ဘယ်လိုလုပ်ချင်သလဲ"

"မြေပုံမရှိလည်း သွားရမှာပဲ အဘ၊ ဒီကနေ အိန္ဒိယကိုရောက်အောင် အရင်သွားမယ်၊ ပြီးမှ နီပေါနိုင်ငံကို ခရီးဆက်မယ်၊ နီပေါ ခတ္တမန္ဒူမြို့ကမှ တိဗက်ကိုကူးရင် မခက်ပါဘူး၊ ဟိုရောက်တော့မှ မရဏတောင်ရှိတဲ့နေရာကို စုံစမ်းပြီးသွားကြရင် မကောင်းဘူးလား"

"မောင်ထင်ကျော် ကောင်းမယ်ထင်သလိုသာ စီစဉ်ပါလေ၊ ကျုပ်အတွက်ကတော့ ဘာမှအခက်အခဲမရှိလှပါဘူး"

ဟုပြောလေသည်။

သို့ဖြင့် ရန်ကုန်မှ အိန္ဒိယသို့ အရင်ရောက်အောင်သွားကြသည်။ အိန္ဒိယရောက်မှ နီပေါနိုင်ငံသို့ ခရီးဆက်ကြသည်။ ခတ္တမန္ဒူသို့ရောက်သောအခါ တိဗက်သို့လမ်းပြပေးနိုင်သည့် လမ်းပြတစ်ယောက်နှင့် ပစ္စည်းတင်ရန် လားတစ်ကောင်းကို ငှားရမ်းပြီး ခရီးဆက်ခဲ့ကြလေသည်။

ဖတောင်တန်းများပေါ်ရောက်မှ မရဏတောင်သို့ သွားမည်မှန်းသိသောအခါ လမ်းပြက နောက်ကြောင်းပြန်လှည့်ပြေး






သွားသောကြောင့် နှင်းဖုံးသောတောင်တန်းများပေါ်တွင် နှစ်ယောက်တည်း ကျန်ခဲ့လေသည်။

ထို့ပြင် တိဗက်ဘုန်းကြီးများပေးထားခဲ့သော မြေပုံအစစ်က မရှိတော့ဘဲ နောက်ထပ် မိမိစိတ်ကူးဖြင့် ရေးထားသော မြေပုံကိုသာ အားပြုပြီး ခရီးဆက်ခဲ့ကြရာမှာ နှင်းမုန်းတိုင်းမိပြီးနောက် နှစ်ယောက်စလုံး ရိက္ခာပြတ်ကာ နှင်းတောထဲတွင် လဲကျသတိမေ့သွားကြခြင်းပင်ဖြစ်ပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄)

# ဗရဏကျောင်းသို့ရောက်ကြလေပြီ

ဦးစွာ နားထဲမှာအသံအချို့ကို ကြားလာရသည်။ ဝေးလံသောနေရာမှ သာယာသောခေါင်းလောင်းသံတစ်ခုကို ကြားရခြင်းပင်ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်မှာ ထိုအသံကြောင့် အသိစိတ်ကို ပြန်လည်စုစည်းနိုင်ခဲ့ခြင်းဖြစ်သည်။

သတိပြန်ရလာသည်နှင့် မိမိခန္ဓာကိုယ်၏ အခြေအနေကို သတိထားကြည့်တော့ နွေးထွေးသောနေရာတစ်ခုသို့ရောက်



www.burmeseclassic.com

www.burmeseclassic.com



နေပြီး သက်တောင့်သက်သာဖြစ်နေသည်ကို သတိပြုမိသည်။

"ငါ အသက်မသေသေးတာလား၊ ဒါမှမဟုတ် သေပြီး ခဲ့လို့ တခြားနေရာ ရောက်နေတာများလား"

ဟုလည်း တွေးမိသည်။

ထိုအတွေးနှင့်အတူ မျက်လုံးကို ခတ်ဖြေးဖြေးခြင်း ဖွင့် ကြည့်လိုက်သည်။

သာမန်အလင်းရောင်မျှသာရှိသော နေရာတစ်ခုသို့ ရောက်နေလေသည်။

နောက်ဆုံး သတိမေ့သွားသော အခြေအနေကဲ့သို့ နှင်း တောထဲမှာ မဟုတ်ပေ။

ကျောက်သားအမိုး၊ ကျောက်သားနံရံများရှိသော အခန်း တစ်ခန်းထဲသို့ ရောက်နေခြင်းဖြစ်သည်။

ခန္ဓာကိုယ်မှာလည်း နွေးနေပြီး နှင်းကိုက်သော ဒဏ် များ မရှိတော့ပေ။ ကျောအောက်မှာ ချည်ကြမ်းများဖြင့် ပြုလုပ် ထားသော အခင်းရှိပြီး အပေါ်မှလည်း ထိုကဲ့သို့သော စောင် ကြမ်းထူထူကို ခြုံပေးထားသည်။

သတိရလာသောအခါ ခြေနှင့်လက်တို့ကို လှုပ်ရှားကြည့် ရာ အနည်းငယ်လေးနေသည်မှအပ လှုပ်ရှား၍ရနေသေးသည်။ သို့ကြောင့် နေရာမှထထိုင်လိုက်သည်။

ပြီးမှ ပတ်ဝန်းကျင်အခြေအနေကို ကြည့်လိုက်တော့ ထိုအခန်းထဲမှာပင် အခြားနံရံတစ်ခုနံဘေးမှာရှိသော ကျောက် ကုတင်တစ်လုံးပေါ်မှာ ဦးဇန်ကောင်းကိုပါ တွေ့ရတော့မှ စိတ် သက်သာရာ ရသွားလေသည်။





ဦးဇန်ကောင်းက သူ့အခြေအနေကောင်းကြောင်း လှဲ နေရာမှပင် လက်တစ်ဖက်ထောင်ပြလေသည်။

ထိုအခိုက်မှာပင် ဂူထဲသို့ဝင်လာသော ခြေသံကြားရသ ဖြင့် ကြည့်လိုက်တော့ တိဗက်ဘုန်းကြီးနှစ်ပါး ဝင်လာသည်ကို လှမ်းမြင်ရသည်။

အလင်းရောင်ရှိသောနေရာမှ ဝင်လာခြင်းဖြစ်သဖြင့် မျက်နှာကိုတော့ မမြင်ရပေ။ အနားရောက်လာတော့မှ အခြားမ ဟုတ်ဘဲ သူရှိရာသို့ တစ်ခါရောက်လာခဲ့ဖူးသော ဖယ်ရာနှင့် လက်ာတို့နှစ်ယောက်ဖြစ်ကြောင်း တွေ့ရသည်။

၎င်းတို့နှစ်ယောက်စလုံး ကတုံးပြောင်အောင်တုံးထား ပြီး အဝါရောင်သင်္ကန်းကို ဝတ်ဆင်ထားကြသည်။

ဖယ်ရာလက်ထဲမှာ မြေမီးခွက်တစ်လုံး ကိုင်လာသဖြင့် အလင်းရောင်ရနေလေသည်။

"သင်တို့ သတိကောင်းစွာ ရကြပြီလား"

"ရပါပြီ ကျွန်တော်တို့ ဘယ်နေရာကို ရောက်နေကြ တာပါလဲ"

"သင်တို့ မရဏတောင်ကို ရောက်နေကြပါပြီ"

ထိုစကားကြောင့် စိတ်ထဲမှာ အံ့သြခြင်းဖြစ်သွားမိ သည်။

"နှင်းတောထဲမှာ ဒုက္ခရောက်နေရာကနေ ဒီနေရာကို ဘယ်လိုများ ရောက်လာတာပါလဲ"

"ကျုပ်တို့ သယ်ယူလာကြခြင်း ဖြစ်ပါတယ်"

ဒေါက်တာမင်းထင်ကျော်က လမ်းမှာဖြစ်ခဲ့သော အခြေ



www.burmeseclassic.com

www.burmeseclassic.com



အနေအချို့ကို ပြန်ပြောပြလိုက်သည်။

"ဒီနေရာကို မလာဝံ့ကြပါဘူး၊ ဒါကြောင့် သင်တို့ခေါ်လာတဲ့ လမ်းပြက ပြန်ပြေးသွားတာ ဖြစ်ပါတယ်"

"မရဏတောင်ဆိုတာ ခင်ဗျားတို့နေတဲ့နေရာလား"

"ဟုတ်ပါတယ်. . လာမာတွေချည်းနေကြတဲ့ နေရာပါ။ ဒီမှာရှိသမျှ လာမာတွေချည်းဖြစ်ပါတယ်၊ ပြောရရင်တော့ အားလုံးက တိဗက်ဘုန်းကြီးတွေချည်းပါပဲ သင်အနေနဲ့ အားလုံးကို လာမာလို့ပဲ ခေါ်နိုင်ပါတယ်"

ထို့နောက် လက်ာက ရေတခေါင်းတစ်ခုအတွင်းမှ အနီရောင်ရှိသော အရေအချို့ကို မြေခွက်နှစ်လုံးထဲထည့်ပြီး တစ်ခွက်ကို ဒေါက်တာမင်းထင်ကျော်ကို ပေးသည်။ ကျန်တစ်ခွက်ကိုတော့ ဦးဗန်ကောင်းအား သွားပေးလေသည်။

"သောက်လိုက်ပါ"

ဒေါက်တာမင်းထင်ကျော်က မော့သောက်လိုက်သည်။ ဆေးရည်အနံ့မှာ ပရုပ်နှင့် သစ်ကြမ်းပိုးခေါက်နံ့လို အနံ့များရသည်။

အရသာက ချိုမြမြ၊ ခါးသက်သက်ဖြစ်သော်လည်း ရင်ထဲရောက်တော့ နွေးသွားလေသည်။

"သင်ပေးထားတဲ့ကတိကို မဖျက်ဘဲ ဒီနေရာကို အရောက်လာတဲ့အတွက် ကျေးဇူးတင်ပါတယ်"

တိဗက်ဘုန်းကြီး နှစ်ပါးစလုံးက လက်အုပ်ချီကာ အရိုအသေပေးလိုက်သည်။

"ကျွန်တော်တို့ကို သေတွင်းထဲက ကယ်တင်ပေးခဲ့တဲ့





အတွက်လည်း ခင်ဗျားတို့ကို ကျေးဇူးတင်ပါတယ်"

"သင်တို့လို ကတိသစ္စာကိုတန်ဖိုးထားတဲ့သူတွေအတွက် ကျွန်ုပ်တို့ဘက်က ဆောင်ရွက်ပေးရတာ အပန်းမကြီးလှပါဘူး၊ ဒါ့ထက် သင့်ဆီကို မိစ္ဆာဝါဒီဂိုဏ်းကလူတွေ ရောက်လာကြတယ် မဟုတ်လား"

"ရောက်လာပါတယ်"

"သင်အနေနဲ့သူတို့ပြောတာတွေကို ငြင်းဆန်ခဲ့တာကိုလည်း ချီးကျူးရမှာပါပဲ၊ ဒါကြောင့် သင့်အား ကျွန်ုပ်တို့ပေးအပ်တဲ့တာဝန်ကို အောင်မြင်အောင်ဆောင်ရွက်နိုင်မယ်လို့လည်း ယုံကြည်ပါတယ်"

ဒေါက်တာမင်းထင်ကျော်က မဟူရာဆိုသော အမျိုးသမီးပေးထားခဲ့သော နဂါးနက်ရုပ်ထု အကြောင်းကိုတော့ မပြောတော့ပေ။

ထို့နောက် တိဗက်ဘုန်းကြီး နှစ်ယောက်က အပြင်ဘက်သို့ ပြန်ထွက်သွားကြလေသည်။

ဒေါက်တာမင်းထင်ကျော်နှင့် ဦးဗန်ကောင်းတို့ကတော့ သူတို့တိုက်သွားသောဆေးရည်ကို သောက်ပြီးကတည်းက ပုံမှန်အခြေအနေသို့ ရောက်နေကြပြီဖြစ်၏။

"ကျွန်တော်ကတော့ နှင်းတွေရဲ့အောက်မှာ အသက်ပျောက်ပြီလို့ ထင်နေတာ၊ ဒီတစ်ခါလည်း သေဘေးကလွတ်ခဲ့ကြရပြန်ပြီ အဘရေ"

"သူတော်ကောင်း နတ်ကောင်းမ ဆိုသလိုပေါ့၊ နောက်ပြီး တိဗက်ဘုန်းကြီးတွေကလည်း ဒိဗ္ဗစက္ခုလို့ခေါ်တဲ့ ကတိယ



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးရှိကြတဲ့သူတွေ ရှိကြတယ်၊ တတိယမျက်လုံးရှိကြတဲ့သူတွေက ကျုပ်တို့နှစ်ယောက် နှင်းတောထဲမှာ ဒုက္ခရောက်နေကြတာမြင်လို့ လာကယ်ပေးကြတာဖြစ်မှာပါ”

ထိုသို့ပြောဆိုနေကြစဉ်မှာ ဖယ်ရာနှင့် လင်္ကာတို့နှစ်ယောက်က နောက်ထပ်တစ်ခေါက် ဝင်လာကြပြန်သည်။

သူတို့နှင့် မြေပန်းကန်နှစ်ချပ်လည်း ပါလာပြီး အစားအသောက်များ ပါလာလေသည်။

ထိုပန်းကန်နှစ်ချပ်ကို တစ်ယောက်တစ်ချပ်စီပေးသဖြင့် ကြည့်လိုက်သောအခါ ဂျုံဖြင့်ပြုလုပ်ထားသော (ပလာတာနှင့်တူသည်) မုန့်သုံးခုနှင့် ပဲနက်ရေဟင်းတစ်ခွက်ပါသည်။

ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက်စလုံး အာဟာရပြတ်နေကြရာ အတော်ကြာနေပြီဖြစ်သဖြင့် မြိန်ယှက်စွာနှင့်ပင် စားသောက်လိုက်ကြသည်။

ပန်းကန်ထဲမှ အစားအသောက်များကုန်သွားသောအခါ မြေခရားထဲမှ နို့တစ်ခွက်စီထည့်ပြီး ပေးပြန်ရာသောက်ကြရပြန်သည်။

ထိုအစားအသောက်များကြောင့် ဝမ်းဗိုက်ပြည့်သွားကာ အတော်ပင်နေသာထိုင်သာဖြစ်ကာ ပုံမှန်အခြေအနေသို့ ပြန်ရောက်လာကြလေသည်။

ထို့နောက် ဖယ်ရာဆိုသော ဘုန်းကြီးကဆေးနက်လုံးတစ်လုံးစီပေးပြန်သဖြင့် သောက်ကြရပြန်သည်။

“ဒီဆေးနက်လုံးသောက်ပြီးရင် သင်တို့နှစ်ယောက် အိပ်ပျော်သွားကြပါလိမ့်မယ်၊ ပြန်နိုးလာတဲ့အခါမှာ ပုံမှန်အခြေအနေ





ကိုပြန်ရောက်နေကြပါလိမ့်မယ်”

ဟုပြောဆိုကာ ဂူထဲမှပြန်ထွက်သွားကြလေသည်။ သူတို့လည်း မကြာမီအချိန်မှာပင် အိပ်ပျော်သွားကြလေသည်။ နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်ပျော်သွားရာ အချိန်မည်မျှကြာသွားခဲ့သည် မသိပေ။ တစ်စုံတစ်ယောက်က လာနိုးတော့မှ ပြန်နိုးလာကြသည်။ ဖယ်ရာက အနားမှာရပ်နေလေသည်။

“နေကောင်းသွားကြပြီလား”

“ကောင်းသွားပါပြီ ဆရာတော်”

“ဒီလိုဆိုရင် သင်တို့နှစ်ယောက်စလုံး ကျွန်ုပ်နောက်ကလိုက်ခဲ့ကြပါ”

သို့ကြောင့် နှစ်ယောက်စလုံး အိပ်နေရာမှထကာ ဖယ်ရာနောက်သို့ လိုက်သွားကြလေသည်။

ဖယ်ရာက ကျောက်ဂူအပြင်သို့ ထွက်သွားလေသည်၊ အပြင်ဘက်ရောက်တော့ အပေါ်သို့တက်ရန် ပြုလုပ်ထားသော ကျောက်လှေခါးထစ်များကို တွေ့ရသဖြင့် ထိုလှေခါးထစ်များမှ အပေါ်သို့ တက်သွားကြလေသည်။

အထစ်ပေါင်း တစ်ရာကျော်ခန့် ရှိလေသည်။

လှေခါးထစ်များဆုံးတော့. . . ရင်ပြင်ကျယ်တစ်ခုသို့ ရောက်သွားလေသည်။

ထိုရင်ပြင်ပေါ်သို့ နေရောင်ခြည်က ကျနေလေရာ တိဘက်ဘုန်းကြီးအချို့က နေပူစာလှုံနေကြလေသည်။

ထိုနေရာသို့ရောက်သောအခါ အောက်ဖက်ကိုသော်လည်းကောင်း၊ အပေါ်ဖက်ကိုသော်လည်းကောင်း အတန်အ



www.burmeseclassic.com

www.burmeseclassic.com



သင့် မြင်ရလေသည်။

သူတို့ရောက်နေသော မရဏတောင်မှာ အခြားတောင်များကဲ့သို့ အဖုအထစ် အနိမ့်အမြင့်များ မရှိပေ။

ဖယောင်းတိုင် တစ်တိုင်ကဲ့သို့သော်လည်းကောင်း၊ တရုတ်ဘုံကျောင်းတစ်ခုကဲ့သို့သော်လည်းကောင်း ထီးထီးမားမားကြီးရှိနေလေသည်။

အောက်ခြေသို့ကြည့်ပြန်တော့လည်း မြူနှင်းများ ရှိနေသောကြောင့် မြေပြင်ကိုမမြင်ရပေ။

အပေါ်သို့ မော့ကြည့်ပြန်တော့လည်း မြူနှင်းများ ဝေဆိုင်းနေသဖြင့် အဆုံးထိမမြင်ရပေ။

သူတို့အိပ်ခဲ့သောကျောက်ဂူမှာ. . . နံရံ၌ရှိနေသော ကျောက်ဂူပေါင်းမြောက်မြားစွာတို့မှ တစ်ပေါက်ဖြစ်သည်။ ထိုကျောက်ဂူပေါက်သည်လည်းကောင်း၊ ယခုရောက်နေသည့် ရင်ပြင်သည်လည်းကောင်း၊ မြင့်မားလှသော ကျောက်တောင်ကြီး၏ အလယ်နေရာလောက်တွင် ရှိနေလိမ့်မည်ဟု ခန့်မှန်းမိလေသည်။

ရှေ့မှသွားနေသော ဖယ်ရာက ရင်ပြင်ပေါ်မှ ဖြတ်သွားပြီး ဂူပေါက်တစ်ပေါက်ထဲသို့ ဝင်ပြန်လေသည်။

အတွင်းရောက်သောအခါ အောက်သို့ဆင်းသော လှေခါးထစ်များကို တွေ့ရသဖြင့် ဆင်းကြရပြန်လေသည်။

ထိုသို့ဆင်းရသောအခါ လှေခါးထစ်များမှာလည်း မနည်းလှပေ။ အောက်ခြေသို့ ရောက်သောအခါ စောစောကတွေ့မြင်ခဲ့ရသော ရင်ပြင်ထက် ပိုမိုကျယ်ပြန့်သော အခန်းကျယ်ကြီး





ရှိရာသို့ ရောက်သွားကြသည်။

ထိုအခန်းကျယ်ကြီး၏ အရှေ့ဘက်တွင် ကျောက်ပလ္လင်ပေါ်တွင် တင်ထားသော. . ရွှေရောင်တဝင်းဝင်းနှင့် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို တွေ့ရသဖြင့် အဝေးမှပင် လက်အုပ်ချီကာ ကန်တော့လိုက်ကြသည်။

ထိုရုပ်ပွားတော်မှာ ရွှေသားအစစ်ပိဿာချိန်(၂၀၀)ကျော်ဖြင့် ပြုလုပ်ထားသော ရွှေရုပ်ပွားတော်တစ်ဆူဖြစ်ကြောင်း နောင်တွင်သိကြရသည်။

ဗုဒ္ဓရုပ်ပွားတော်ရှေ့တွင် တိဗက်ဘုန်းကြီးအချို့ ဘုရားရှိခိုးနေကြသည်။

ထိုအခန်းကျယ်ကြီးမှာ တိဗက်ဘုန်းကြီးများ ဘုရားရှိခိုးသောအခန်းဖြစ်ဟန်တူပြီး ထိုအခန်းအလယ်မှ ဖြတ်လျှောက်လာကာ လက်ယာဘက်၌ တွေ့ရသောအပေါက်သို့ ဝင်သွားကြပြန်သည်။

ထိုနေရာရောက်တော့ စင်္ကြံလမ်းတစ်ခုတွေ့ရပြီး ဘေးတစ်ဖက်တစ်ချက်မှာ ဂူပေါက်ကလေးများရှိသည်။ ဂူပေါက်များအတွင်းမှာတော့ တရားအားထုတ်နေကြသော တိဗက်ဘုန်းကြီးများ တစ်ပါးစီရှိနေကြသည်။ ထိုနေရာသည် ၎င်းတို့တရားအားထုတ်သော အခန်းငယ်ကလေးများ ဖြစ်ပေလိမ့်မည်။

ထိုစင်္ကြံလမ်း ဆုံးသွားသောအခါ ခန်းမကျယ်ကြီး တစ်ခုသို့ ရောက်သွားပြန်သည်။

မရဏတောင်မှာ အဘယ်မျှကြီးပြီး ကျယ်ဝန်းသည်တော့ မသိရပေ. . အတွင်းမှာတော့ လူများနေထိုင်ရန်အတွက်



www.burmeseclassic.com

www.burmeseclassic.com



စိမ်ပြုလုပ်ထားသည့် အခန်းပေါင်းများစွာ၊ ဂူပေါက်ပေါင်းများစွာ ရှိနေကြလေသည်။

တစ်နည်းပြောရလျှင် မြို့ငယ်ကလေးတမျှ ကျယ်ဝန်းသောနေရာတစ်ခု ဖြစ်ပေသည်။

ထိုအခန်းကျယ်ကြီးအတွင်း၌ အမြင့်(၄)ပေ၊ အကျယ်ပေ(၂၀)ခန့်ရှိသော ကျောက်စားပွဲရှည်တစ်လုံးချထားပြီး ဘေးတစ်ဖက်တစ်ချက်တွင် ဝါးဖြင့်ပြုလုပ်ထားသည့် ထိုင်ခုံကလေးများ အစီအရီချထားလေသည်။

ဘုန်းကြီးများထမင်းစားသော အခန်းပင်ဖြစ်သည်။

ထမင်းစားခန်း အလွန်လောက်မှာတော့ တံခါးပိတ်ထားသည့် အခန်းအချို့ရှိသည်။

ထိုနေရာရောက်တော့ ရှေ့မှ တစိုက်စိုက်ဖြင့် သွားနေသော ဖယ်ရာက ရပ်လိုက်သည်။

“သင်တို့နှစ်ယောက် ပင်ပန်းလာမှုတွေ ပြေပျောက်သွားအောင် ဒီအခန်းထဲဝင်ပြီး ရေချိုးကြပါ၊ ကျွန်ုပ် အပြင်ကပဲ စောင့်နေပါ့မယ်”

ဟုပြောသဖြင့် တစ်ယောက်တစ်ခန်းစီ ဝင်ကြသည်။ အထဲရောက်တော့ ကျောက်ရေကန်တစ်ခုရှိပြီး ရေများကအခိုးအငွေ့များ ထနေသဖြင့် လက်ဖြင့်စမ်းကြည့်ရာ ရေနွေးငွေ့စပ်ထားသကဲ့သို့ နွေးနေသည်ကို တွေ့ရသည်။ ဒေါက်တာမင်းထင်ကျော်လည်း အဝတ်အစားများချွတ်ပြီး ရေပူချိုးလိုက်ရာ အတော်ကို အဆင်ပြေကြောင်း တွေ့ရလေသည်။

ရေချိုးပြီးတော့ တစ်ကိုယ်လုံးလန်းဆန်းလာလေသည်။





ထို့နောက် အဝတ်အစားများပြန်ဝတ်ပြီး အပြင်ထွက်လာတော့ ဖယ်ရာစောင့်နေသည်ကို တွေ့ရသည်။

ထိုနေရာမှ ဆက်လျှောက်သွားတော့. . စကြံန်လမ်းသဖွယ် ပြုလုပ်ထားသောနေရာတစ်ခုသို့ ရောက်သွားသည်။

ရှေ့မှာတော့ မြူနှင်းများရွေ့လျားနေသော လေဟာပြင်ကြီးသာ ရှိတော့သည်။

ဒေါက်တာမင်းထင်ကျော်က ရှေ့သို့တိုးသွားပြီး အောက်သို့ငုံ့ကြည့်လိုက်သည်။

ကျောက်သားများမှာ နှင်းများဖြင့် စိုစွတ်နေသောကြောင့် အတော်ကလေး သတိထားပြီး ကြည့်ရသည်။

ပထမအကြိမ် ကြည့်ခဲ့သည့်အတိုင်းပင် အောက်ခြေသို့ ကြည့်၍မမြင်ရပေ။

ထိုအချိန်မှာ သူ့နံဘေးသို့ ဖယ်ရာရောက်လာသည်။

“သတိထားပါ အောက်သို့ကျသွားလျှင် အသက်ရှင်စရာအကြောင်းမရှိနိုင်ပါ”

“အောက်ခြေမှာ ရွာတွေရှိပါသလား”

“မိုင်တစ်ရာလောက်ဝေးတဲ့ ပတ်ဝန်းကျင်မှာတော့ ရွာတွေမရှိကြပါဘူး”

“ဒီနေရာကို အခြားလူတွေလာကြပါလား”

“ကျွန်ုပ်တို့လူတွေလောက်ပဲ ဒီနေရာကို ရောက်လာခွင့်ရှိပါတယ်၊ အဲဒီလိုရောက်လာပြီးကြရင်လည်း သူတို့နေရာကိုပြန်သွားလေ့မရှိကြပါဘူး”

ဖယ်ရာပြောသော အဓိပ္ပာယ်မှာ. . မရဏာဘောင်သို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာကြသူများမှာ ဘုန်းကြီးဝတ်ရန်အတွက်သာ လာ ရောက်ကြပြီး တောင်ပေါ်ရောက်ပြီး ဘုန်းကြီးဝတ်ပြီးသော အခါ မှာလည်း နေရပ်သို့မပြန်ကြတော့ခြင်းပင်ဖြစ်သည်။

ထိုအချိန်မှာ ခေါင်းလောင်းထိုးသံအချို့ ပေါ်ထွက်လာ လေသည်။ သာယာသောခေါင်းလောင်းထိုးသံပင် ဖြစ်ပေသည်။

"ကျွန်ုပ်တို့ ဘုရားရှိခိုးဖို့ သွားကြရမယ်၊ သင်တို့နှစ် ယောက်ပါလိုက်ခဲ့ပါ။ သင်တို့ကို ဆရာတော်ကြီးက တွေ့ပါလိမ့် မယ်"

ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာတော့ တိဗက်လာ မာကြီးနှင့် တွေ့ရတော့မည်ဖြစ်သဖြင့် စိတ်ထဲမှာ လှုပ်ရှားသွား လေသည်။

ဘုရားရှိခိုးသောခန်းမဆောင်မှာ ရွှေသားဖြင့်ပြုလုပ် ထားသော ဗုဒ္ဓရုပ်ပွားတော်ရှိသော ခန်းမပင်ဖြစ်၏။

သူတို့ရောက်သွားတော့ ဘုရားဝတ်ပြုရန်အတွက် ဘုန်း ကြီးအတော်များများ ရောက်နေကြပြီး ဗုဒ္ဓရုပ်ပွားတော်ရှိသော ဘက်သို့ မျက်နှာမူလျက် ပုဆစ်တုပ်ထိုင်နေကြသည်။

ဖယ်ရာက ရုပ်ပွားတော်နှင့် နီးသောနေရာသို့ သွား ရောက်နေရာယူပြီး ဒေါက်တာမင်းထင်ကျော်တို့ နှစ်ယောက် ကတော့ ဘုန်းကြီးများ အနောက်ဘက် ရုပ်ပွားတော်နှင့်အတော် ဝေးဝေးမှာ လူများပြည့်နေသော်လည်း စကားပြောသံအပါအ ဝင် မည်သည့်အသံမှ မထွက်ဘဲ တိတ်ဆိတ်ငြိမ်သက်နေသည်။

နောက်ဆုံး နှာချေသံ၊ ချောင်းဟန့်သံပင် မကြားရပေ။ ခဏကြာတော့ အသက်အရွယ်ကြီးလှပြီဖြစ်သော ဘုန်းကြီးတစ်





ပါး ကြွလာလေသည်၊

မရဏာတောင် ကျောင်းတိုက်ကြီး၏ ဂိုဏ်းချုပ်ဆရာ တော်ကြီးပင် ဖြစ်၏။

ဆရာတော်ကြီးက ဘေးတစ်ဖက်တစ်ချက်တွင် ဘုန်း ကြီးများထိုင်နေပြီး လွတ်နေသော အလယ်စင်္ကြန်လမ်းမှ ဗုဒ္ဓ ရုပ်ပွားတော်ရှိရာသို့ လျှောက်သွားလေသည်။

ထိုရှေ့သို့ရောက်သောအခါ လက်အုပ်ချီ အရိုအသေ ပြုပြီးနောက် ဖယောင်းတိုင် ထွန်းခြင်း၊ အမွှေးတိုင်များ ထွန်းညှိပူ ဇော်ခြင်းများ ပြုလုပ်လေသည်။

ထိုအမွှေးတိုင်များထွန်းလိုက်သည်နှင့် အခန်းတစ်ခန်း လုံးမွှေးကြိုင်သင်းပျံ့သော ရနံ့များပြန့်နှံ့သွားလေသည်။ ထို့ နောက်မှာတော့ ရုပ်ပွားတော်ရှေ့မှာ ပုဆစ်တုပ်ထိုင်ပြီး ဘုရား ရှိခိုးခြင်းကို စတင်လေသည်။

၎င်းတို့သည် ဗုဒ္ဓတရားတော်များကို တိဗက်ဘာသာ ဖြင့် ရွတ်ဆိုပူဇော်ကြခြင်းဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်နှင့် ဦးဗန်ကောင်းတို့နှစ် ယောက် မိမိတို့ရွတ်နေကျဘာသာဖြင့်ပင် တိုးတိုးရွတ်ဆိုပူဇော် ကြသည်။

ဘုရားဝတ်ပြုချိန်မှာ တစ်နာရီခန့် ကြာမြင့်လေသည်။ မေတ္တာပို့၊ အမျှအတန်းများ ပေးဝေပြီးသောအချိန်တွင် တစ်နေ ရာမှ ကြေးစည်သံ၊ ဖားစည်သံ၊ ခေါင်းလောင်းထိုးသံများ ပေါ် ထွက်လာသည်။

ဘုရားဝတ်ပြုသော အခန်းထဲမှာတော့ မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခန်းမှ ကြားနိုင်လောက်သော တစ်နေရာမှထိုးနေမှန်းတော့ သိသာသည်။

ဘုရားဝတ်ပြုပြီးသောအခါ အခန်းထဲမှာ ရှိနေကြသော ဘုန်းကြီးများမှာ စားသောက်ခန်းမရှိရာဘက်သို့ ထွက်သွားကြလေသည်။

အခန်းထဲမှာတော့ ဂိုဏ်းချုပ်ဆရာတော်ကြီး၊ ဖယ်ရာ၊ ဒေါက်တာမင်းထင်ကျော်နှင့် ဦးဗန်ကောင်းတို့ လေးယောက်သာ ကျန်ခဲ့တော့သည်။

ထိုအချိန်မှာ ဆရာတော်ကြီးက ငွေခေါင်းလောင်းကလေးကို တီးလိုက်ရာ ဖယ်ရာက သူတို့ရှိရာသို့လာခဲ့ရန် ခေါ်သဖြင့် ထိုနေရာသို့သွား၍ ဂိုဏ်းချုပ်ဆရာတော်ကြီးကို ကန်တော့လိုက်ကြသည်။

ထိုအခါ ဂိုဏ်းချုပ်ဆရာတော်ကြီးက ပြောသည်။

"သင်တို့နှစ်ယောက်ဟာ အခြားသူများမရနိုင်သော အခွင့်အရေးဖြစ်တဲ့ ဒီတောင်ပေါ်ကို ရောက်လာခဲ့ကြပေပြီ၊ ဒါကလည်း ကျွန်ုပ်အနေဖြင့် ရွေးချယ်သောအခွင့်အရေးပင် ဖြစ်ပါတယ်"

"ကျေးဇူးကြီးလှပါတယ် ဆရာတော်"

"လောကမှာ ကောင်းမှုပြုသူတွေနဲ့ မကောင်းမှုပြုသူတွေကတော့ အမြဲဒွန်တွဲပြီးရှိနေကြတယ်၊ ဒါကလည်း လောကသဘာဝတရားတွေပဲ ဖြစ်ပါတယ်၊ ဒါကြောင့် အလင်းနဲ့အမှောင်ဆိုတာ ဒွန်တွဲလျက် ရှိနေခြင်းဖြစ်ပါတယ်"

ဒေါက်တာမင်းထက်ကျော်က အာရုံစိုက်ပြီး နားထောင်





နေလေသည်။

"သင်တို့ကိုခေါ်ရတဲ့ အကြောင်းရင်းကတော့ ကျွန်ုပ်တို့ မရဏတောင်မှာထားတဲ့ ရွှေဦးခေါင်းခွံတစ်လုံးကို မိစ္ဆာဝါဒီတွေက ရအောင်ခိုးယူသွားကြတယ်၊ သင်တို့အနေနဲ့ ဒီရွှေဦးခေါင်းခွံကို ပြန်ရအောင်ကြိုးစားပေးကြပါ၊ ကျွန်ုပ်တို့က ဒီလိုကိစ္စမျိုးကို ဆောင်ရွက်ရန် မသင့်တော်သဖြင့် သင့်တော်သောသူများကိုရွေးချယ်စေလွှတ်ရခြင်း ဖြစ်ပါတယ်"

ဟု တည်ငြိမ်အေးဆေးသောအသံဖြင့် ပြောပြလေသည်။

"တပည့်တော်တို့အနေနဲ့ အစွမ်းရှိသမျှ ကြိုးစားဆောင်ရွက်ပေးပါ့မယ်ဆရာတော်"

"ကောင်းလေစွ. . ကောင်းလေစွ၊ သင်တို့လိုအပ်သောကိစ္စများ သိလိုသောကိစ္စများကို ဖယ်ရာနဲ့လက်ာတို့နှစ်ယောက်က ကူညီဆောင်ရွက်ပေးကြပါလိမ့်မယ်"

ဟုပြောပြီး ဘုရာဝတ်ပြုနေပြန်သဖြင့် ဖယ်ရာကကျွန်ုပ်တို့နှစ်ယောက်ကိုခေါ်ကာ စားသောက်ခန်းမဘက်သို့ ထွက်လာကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၅)

# ဒလိုင်းလာမာရှုပ်ပုံတော်

တိဗက်ပြည်အကြောင်းကို ရေးထားတော့မည်ဆိုလျှင် တိဗက်ဘုန်းတော်ကြီးများအကြောင်းကလည်း အခန်းကဏ္ဍတစ်ခုတစ်နေရာမှာ ပါဝင်နေပေလိမ့်မည်။

တိဗက်အကြောင်းကိုပြောလျှင် ထိဗက်ဘုန်းကြီးများအကြောင်းက မပါလျှင်မပြီးပေ။

ရှေးအခါက ဒလိုင်းလာမာဘုန်းတော်ကြီးများမှာ ဘာသာရေးကိစ္စများသာမကဘဲ တိုင်းပြည်စီမံအုပ်ချုပ်ရေးများပါ

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



တာဝန်ယူဆောင်ရွက်ကြရပေသည်။

ဒလိုင်းလာမာတစ်ယောက် ဖြစ်ဖို့ရန်မှာလည်း လွယ်ကူသောကိစ္စ မဟုတ်ပေ။

အရည်အချင်းရှိရုံနှင့်မရ ပါရမီရှိရုံနှင့်မရဘဲ ဖြစ်ခွင့်ဖြစ်ထိုက်သူများသာ ဒလိုင်းလာမာအဖြစ် ခံယူကြရလေသည်။

၎င်းတို့ရွေးခြယ်သောစနစ်မှာ ဘာသာရေးစနစ်ထက်၊ တိုင်းပြည်အုပ်ချုပ်ရေးစနစ်ဖြင့် ရွေးခြယ်သောစနစ်မျိုးဖြစ်သည်။

ဗုဒ္ဓဘာသာအယူအဆမှာ ပထမဆရာတော်မရှိတော့လျှင် ဒုတိယဆရာတော်က ကျောင်းထိုင်ခွင့်ရှိသည်။

ဘုရင်အုပ်ချုပ်သောနေရာမှာတော့ ဘုရင်မရှိတော့လျှင် သားတော်ဖြစ်စေ၊ အခြားအိမ်ရှေ့စံအဖြစ် ရရှိထားသူက နန်းတက်ရသည်။

ဒလိုင်းလာမာကြီးများ ရွေးခြယ်ပုံကတော့ ထိုသို့မဟုတ်ပေ၊ ဘဝဆက်၊ ပါရမီဆက်၊ အတိတ်ဘဝနှင့် ပဋ္ဌာန်းဆက်ရှိသူများသာ ဆက်ခံခွင့်ရှိလေသည်။

သို့ကြောင့် ၎င်းတို့ဒလိုင်းလာမာရှာပုံတော်မှာ စိတ်ဝင်စားဖွယ်ရာကောင်းလှသည်။

တိဗက်ပြည်တွင် လာမာဘုန်းကြီးများ အမြောက်အမြားရှိသည့်အနက် အကြီးဆုံးဖြစ်သော ဒလိုင်းလာမာဘုန်းကြီးသည် တစ်ချိန်သောအခါက တိဗက်ပြည်၏ နိုင်ငံရေး အချုပ်အခြာ အာဏာပိုင်ဖြစ်ခဲ့ပေသည်။ ဤသည်မှာ ယခင်က တိဗက်ပြည်၏ ထူးခြားချက်ပင်ဖြစ်သည်။

တိဗက်ပြည်တွင် ကိုးကွယ်သော အယူဝါဒမှာ ဗုဒ္ဓအယူ





ဝါဒဖြစ်သော်လည်း မြန်မာ၊ ယိုးဒယား၊ သီဟိုဠ်၊ လော(လာအို) အစရှိသောနိုင်ငံတို့တွင် ကိုးကွယ်သောထေရဝါဒ ဗုဒ္ဓအယူဝါဒမျိုး မဟုတ်ပေ၊ မဟာယာန ဗုဒ္ဓအယူဝါဒဖြစ်သည်။

လွန်ခဲ့သောနှစ်ပေါင်း(၁၃၀၀)ကျော်ခန့်က ဆရုန်စန်ဂံပိုမင်းလက်ထက်တွင် တိဗက်ပြည်သို့ ဗုဒ္ဓအယူဝါဒ စတင်ရောက်ရှိလာခဲ့သည်။

ထိုမင်းသည် ဗုဒ္ဓအယူဝါဒီရှိသော နီပေါမင်းသမီးတစ်ပါးနှင့် တရုတ်မင်းသမီးတစ်ပါးတို့ကို မိဖုရားမြှောက်၍ စိုးစံခဲ့သည့်နောက်ပိုင်းတွင် ထိုမိဖုရားများ၏ တိုက်တွန်းမှုအစွမ်းအားဖြင့် ဗုဒ္ဓအယူဝါဒ စတင်ထွန်းကားလာခဲ့သည်ဟု ဆိုသည်။

သို့ရာတွင် ထိုမင်းလက်ထက်တွင် ဗုဒ္ဓအယူဝါဒသည် ထွန်းကားသင့်သလောက် မထွန်းကားချေ။

နောက်နှစ်ပေါင်းတစ်ရာလွန်ပြီးသောအခါ ခရိဆရုန်အိုက်ဗခန်မင်းလက်ထက်၌ အိန္ဒိယနိုင်ငံအနောက်မြောက်ပိုင်းရှိ ဥဒယာနအရပ်မှ ပဒုမသမ္ဘဝအမည်ရှိ မထေရ်တစ်ပါးအား ပင့်ဆောင်ခဲ့သည်။

ထိုပဒုမသမ္ဘဝမထေရ်သည် မူလက စုန်း၊ နတ်၊ တစ္ဆေ၊ ဇယောဂတို့နှင့် ရောပြွမ်းလျက်ရှိသည့် တိဗက်ပြည်သူပြည်သားအမြောက်အမြားကို ဗုဒ္ဓအယူဝါဒီများအဖြစ်သို့ သွတ်သွင်းနိုင်ခဲ့လေသည်။

သို့သော် ပဒုမသမ္ဘဝမထေရ်၏ ဗုဒ္ဓအယူဝါဒမှာ မဟာယာနဗုဒ္ဓအယူဝါဒဖြစ်သည်။ ထိုမထေရ်သည် လာမာဂိုဏ်းကိုစ၍တည်ထောင်သည်။



www.burmeseclassic.com

www.burmeseclassic.com



'လာမာ'ဟူသော ဝေါဟာရ၏အဓိပ္ပါယ်မှာ တိဗက်ဘာသာဖြင့် 'မြင့်မြတ်သောပုဂ္ဂိုလ်' ဟု အဓိပ္ပါယ်ရသည်ဟု ဆို၏။

သူ၏အယူဝါဒကို လက်ခံသူတို့မှာ ယခုတိုင် ဒေါက်ချာနီလာမာဘုန်းကြီးဂိုဏ်းအဖြစ်ဖြင့် ကြွင်းကျန်လျက်ရှိနေပေသေးသည်။

ပဒုမသမ္ဘဝကြီးမှူးသော ဒေါက်ချာနီလာမာဘုန်းကြီးများသည် ဗုဒ္ဓအယူဝါဒီအမည်ကို ခံယူသော်လည်း အသားစားခြင်း၊ အိမ်ရာထောင်ခြင်းနှင့် သေရည်သေရက်သောက်စားခြင်းများကို ပြုလုပ်ကြသည်။

ဤသို့ပြုလုပ်ရန်ကိုလည်း . . ပဒုမသမ္ဘဝက ဝါဒဖြန့်ခဲ့သည်။ သို့မှသာ ဘုရားလောင်းဘဝကို လျင်မြန်စွာရောက်နိုင်သည်ဟု ဟောပြောခဲ့လေသည်။

ကိုးရာစုနှစ်တွင် လန်ဒါမာမင်းလက်ထက်၌ ပဒုမသမ္ဘဝ၏အယူဝါဒကို နှိမ်နင်းခဲ့ပြီးသည့်နောက် ဗုဒ္ဓအယူဝါဒတစ်ဖန်ပြန်လည်ထွန်းကားလာပြန်သည်။

ထိုခေတ်ထိုအခါက လာမာဘုန်းကြီးများ၏ တန်ခိုးအာဏာများလည်း တိုးတက်လာခဲ့သည်။

(၁၁)ရာစုနှစ်သို့ရောက်သောအခါ အိန္ဒိယနိုင်ငံမှ ဘုန်းတော်ကြီးတစ်ပါးသည် တိဗက်ပြည်သို့ ရောက်ရှိလာပြန်ရာ ရှေးကရှိခဲ့သောအယူဝါဒများကို ပြုပြင်၍ စင်ကြယ်သောဝါဒများကို ဟောပြောခဲ့သည်ဟု ဆိုသည်။

ဤသို့ဖြင့် တိဗက်ပြည်တွင် လာမာဘုန်းကြီးများ ဂိုဏ်းအမျိုးမျိုး ကွဲထွက်သွားလေသည်။





ဂိုဏ်းအမျိုးမျိုးတို့အနက် ဒေါက်ချာနီဂိုဏ်းဖြစ်သော သကျအနွယ် လာမာဘုန်းကြီးတို့ကား နိုင်ငံရေးတွင် အလွန်အရေးပါအရာရောက်ကြလေသည်။

ထိုအချိန်အခါတွင် တိဗက်ပြည်၌ နိုင်ငံရေးနှင့်သာသနာရေးရောထွေးကာ တိုင်းပြည်အစိတ်စိတ်အမြွာမြွာကွဲခဲ့ရလေသည်။

(၁၃)ရာစုနှစ်သို့ရောက်သောအခါ သကျနွယ်ဝင် လာမာဘုန်းကြီးခေါင်းဆောင်တို့သည် မိမိတို့၏ဂိုဏ်းတန်ခိုးအာဏာပို၍ကြီးမားလာရန်ရည်သန်၍ တရုတ်နိုင်ငံ၏ မွန်ဂိုဧကရာဇ် ကူဗလိုင်ခန်နှင့်မဟာမိတ်ဖွဲ့ကာ အကူအညီတောင်းခံလေသည်။

(၁၂၇၀)ပြည့်နှစ်တွင် ကူဗလိုင်ခန်မင်းသည် သကျနွယ်ဝင် လာမာဘုန်းကြီးတို့၏ အယူဝါဒကို နှစ်သက်ရကား ယင်းတို့အထဲမှ အကြီးဆုံးလာမာဘုန်းကြီး သကျပဏ္ဍိတကို နိုင်ငံရေးအာဏာနှင့်တကွ သာသနာရေးအာဏာကိုပါ တစ်ပြိုင်တည်းအပ်နှင်းကာ တိဗက်ပြည်ကို အုပ်ချုပ်စေသည်။

ထိုအချိန်မှစ၍ တိဗက်ပြည်လာမာဘုန်းတော်ကြီးသည် နိုင်ငံရေးအချုပ်အခြာအာဏာပိုင်ဖြစ်သည့်ပြင် သာသနာရေးတွင်လည်း အာဏာပိုင်ဖြစ်လာသည်။

တစ်ဆယ့်ငါးရာစုနှစ်တွင် ဆွန်ခါပအမည်ရှိ ဘုန်းတော်ကြီးသည် ဘုန်းကြီးသိက္ခာပုဒ်များကို တစ်မျိုးတစ်ဖုံ ပြုပြင်ဖန်တီး၍ ဒေါက်ချာဝါလာမာဘုန်းကြီးဂိုဏ်းကို တည်ထောင်ပြန်သည်။

ဤဒေါက်ချာဂိုဏ်းသည် ဒေါက်ချာနီဂိုဏ်းနှင့် ဆန့်ကျင်ကာ ဘုန်းကြီးသိက္ခာပုဒ်များကို များစွာပြုပြင်ခဲ့သည်။ ဘုန်းကြီး



www.burmeseclassic.com

www.burmeseclassic.com



များအား အိမ်ရာထောင်ခြင်းကို အလျှင်းခွင့်မပြုခဲ့ချေ။

ဤဂိုဏ်းသစ်မှ ဘုန်းတော်ကြီးဆွန်ခါပ ကွယ်လွန်ပြီးသည့်နောက် တတိယဘုန်းတော်ကြီးမှစ၍ 'ဒလိုင်းလာမာ'ဟူသောဘွဲ့ကို ခံယူလေသည်။

ပထမဆုံး ဒလိုင်းလာမာဘုန်းတော်ကြီးကား ဆွန်ခါပ၏တူတော်ပင်ဖြစ်သည်။ သူသည် ဒလိုင်းလာမာအမည်ဖြင့် ထင်ရှားလာပြီးလျှင် သူ၏အဆက်အနွယ်များကို ဒလိုင်းလာမာဟုခေါ်လာကြသည်။

ပဥ္စမဒလိုင်းလာမာ၏ခေတ်တွင် ဒလိုင်းလာမာကို အကြံဉာဏ်ပေးသည့် 'ပန်ချင်လာမာ'ဟုလည်းခေါ်သော 'တာရှီလာမာ'ကိုခန့်အပ်လေရာ ဒလိုင်းလာမာမင်းဆက်နှင့်အတူ တာရှီလာမာမင်းဆက်တို့လည်း ပေါ်ပေါက်လာလေသည်။

နောင်အခါတွင် လာမာဂိုဏ်းနှစ်ဂိုဏ်းကွဲခဲ့သည်။

တိဗက်ပြည်သူပြည်သားများက ဒလိုင်းလာမာကို တိုင်းပြည်အုပ်ချုပ်ရေးအတွက်၎င်း၊ ပန်ချင်လာမာကို သာသနာရေးအတွက်၎င်း၊ အာဏာပိုင်များအဖြစ် ခွဲခြားကာ အသိအမှတ်ပြုခဲ့ကြသည်။

(၁၅)ရာစုနှစ် ဆွန်ခါပ ဘုန်းတော်ကြီး ပေါ်ပေါက်လာပြီးသည့်အချိန်မှစ၍ တိဗက်ပြည်၌ 'လူဝင်စားမှု' အယူဝါဒသည် ခိုင်မာစွာ အမြစ်တွယ်ပြီးဖြစ်လေသည်။

ထိုအယူဝါဒမှာ အကျင့်၊ သီလ၊ သမာဓိနှင့်ပြည့်စုံ၍ ဗုဒ္ဓဘုရားဖြစ်နိုင်ရန် ထိုက်တန်သောသူသည် လောကီလူသားတို့အား ငဲ့ညှာသော ကရုဏာတော်ဖြင့် သတ္တဝါတို့အား ကူညီ





စောင့်ရှောက်ရန် ဘုရားအဖြစ် မခံယူဘဲ လူ့လောကသို့ပြန်လည်ဝင်စားခြင်းဖြစ်သည်။

ဒလိုင်းလာမာတစ်ဦး ပျံလွန်၍ နောက်ဆက်ခံမည့် ဒလိုင်းလာမာတစ်ဦး ထပ်မံရွေးချယ်ပုံမှာ 'လူဝင်စားပေါ်ပေါက်မှု'ပေါ်တွင် မူတည်၍ရွေးချယ်သဖြင့် အထူးစိတ်ဝင်စားဖွယ်ကောင်းပေသည်။

ဒလိုင်းလာမာတစ်ဦး ပျံလွန်လျှင်ပျံလွန်ခြင်း အခြားတစ်နေရာ၌ ချက်ခြင်းလူဝင်စားဖြစ်သည်ဟု တိဗက်လူမျိုးတို့က မယုံကြည်ချေ။ လူ့အဖြစ်သို့ ပြန်လည်မယူမီ တစ်နှစ်တန်သည် နှစ်နှစ်တန်သည် စသည်ဖြင့် ကာလကြာသေးသည်ဟု ယုံကြည်ကြသည်။

တစ်ဆယ့်သုံး(၁၃)ဆက်မြောက် ဒလိုင်းလာမာပျံလွန်ခဲ့ပြီးနောက် ပြန်လည်၍ (၁၄)ဆက်မြောက်ဒလိုင်းလာမာအဖြစ်ဝင်စားရာ၌ ဖြစ်ပေါ်မည့်မိမိ၏ လက္ခဏာများကို ကြိုတင်၍ အရိပ်အမြွက်မျှ မိန့်ဆိုထားခဲ့လေသည်။

ခရစ်(၁၉၃၃)ခုနှစ်၌ (၁၃)ဆက်မြောက် ဒလိုင်းလာမာပျံလွန်တော်မူသောအခါ လာဆာမြို့တော်အနီး ပိုလာတာ နန်းတော်ကြီးတွင် ရှေးအစဉ်အလာ ထုံးတမ်းအရ တောင်ဖက်သို့မျက်နှာတော်မူစေ၍ ထိုင်လျက်တည်ရှိစေခဲ့လေသည်။

တစ်နေ့နံနက်တွင် ထူးဆန်းအံ့ဩဖွယ်ရာအဖြစ်မှာ (၁၃)ဆက်မြောက် ဒလိုင်းလာမာ၏ ရုပ်ကလာပ်သည် အရှေ့ဖက်သို့လှည့်နေသည်ကို တွေ့ကြရခြင်းဖြစ်သည်။

ဤသို့ဖြင့် (၁၄)ဆက်မြောက်ဖြစ်မည့် ဒလိုင်းလာမာ



www.burmeseclassic.com

www.burmeseclassic.com



လောင်းသည် အရှေ့အရပ်မှ ပေါ်ထွန်းလာလိမ့်မည်ဟု နိမိတ်ဖတ်ကြလေသည်။

သို့သော် နှစ်နှစ်ခန့်ကြာသည့်တိုင်အောင် တိကျသော အတိတ်နိမိတ်များကို မတွေ့ရှိခဲ့ကြချေ။

ထိုအတောအတွင်း တိဗက်ပြည်ကို ရင်ခွင်ပိုက်အဖွဲ့က အုပ်ချုပ်နေသည်။

နောက်ဆုံး၌ ရင်ခွင်ပိုက်အဖွဲ့သည် ချိုခေါ်ကြီးခေါ် ရေအိုင်ကြီးသို့သွား၍ နိမိတ်ကောက်ယူခဲ့ကြသည်။

ထိုရေအိုင်ကြီးမှာ တိဗက်ပြည်တွင် အလွန်ကျော်ကြားလေသည်။

ထိုရေအိုင်ကြီးကို ကြည့်ပါက နောက်ဖြစ်မည့်အနာဂတ် အခြေအနေများကို တွေ့မြင်နိုင်သည်ဟု တိဗက်ပြည်သူပြည်သားများက ယုံကြည်ကြလေသည်။

ရင်ခွင်ပိုက်အုပ်စိုးသူသည် ဆုတောင်းပတ္ထနာပြုခြင်း ဝတ်ပြုခြင်းများကိုပြုပြီး ရေအိုင်တွင်းသို့ကြည့်သောအခါ ခေါင်မိုးတွင် ရွှေများချထားသော သုံးထပ်ကျောင်းတစ်ခုနှင့် ထိုကျောင်းအနီးရှိ တရုတ်လယ်သမား အိမ်ကလေးတစ်လုံးကို တွေ့ရှိခဲ့သည်ဟုဆိုသည်။

သို့ဖြင့် (၁၉၃၇)ခုနှစ်တွင် ဒလိုင်းလာမာလောင်းအား ရှာဖွေရန် အရှေ့ဖက်ဆီသို့ အဖွဲ့များ စတင်ခရီးထွက်လာကြလေသည်။

ထိုအဖွဲ့များသည် (၁၃)ဆက်မြောက်ဒလိုင်းလာမာ မပျံလွန်မီ ကိုင်ဆောင်သုံးစွဲခဲ့သော အသုံးအဆောင်ပစ္စည်းများကို





သူဆောင်သွားခဲ့ကြသည်။

နောက်ဆုံး၌ နိမိတ်ပါအတိုင်း ရွှေရောင်များဖြင့် ဝင်းပြောင်လျက်ရှိသော သုံးထပ်ကျောင်းနှင့် ၎င်းကျောင်းအနီးရှိ တရုတ်လယ်သမား အိမ်ကလေးဆီသို့ ရောက်ရှိခဲ့ကြလေသည်။

ထိုအခါ ထုံးစံအတိုင်း အရာရှိကြီးများနှင့် နောက်လိုက် အစေခံများသည် တစ်ဦးနှင့်တစ်ဦး အဝတ်အစားချင်းလဲလှယ် ဝတ်ကြပြီးလျှင် တဲအိမ်ကလေးအတွင်းသို့ ဝင်ကြလေသည်။

ထိုအိမ်အတွင်းမှ နှစ်နှစ်သားခန့် သူငယ်လေးသည် ထွက်လာပြီးလျှင် အစေခံ၏အဝတ်အစားကို ဝတ်ဆင်ထားသော သီရဘုန်းတော်ကြီးအား ဆွဲကိုင်၍ သီရဘုန်းတော်ကြီးဖြစ်ကြောင်း ပြောနိုင်သဖြင့် အဖွဲ့ဝင်များအား တအံ့တသြဖြစ်စေခဲ့လေသည်။

သို့ဖြစ်၍ ဒလိုင်းလာမာလောင်းအစစ်အမှန်ကို တွေ့ရှိပြီဟု စိတ်ချယုံကြည်စွာဖြင့် ပြန်လာခဲ့ကြသည်။

ရက်အနည်း ငယ်ခန့်ကြာသောအခါ တဖန်ပြန်၍ သွားရောက်တွေ့ဆုံကြပြန်လေသည်။

ထိုအကြိမ်တွင် ယခင်အခါကကဲ့သို့ ရုပ်ဖျက်ခြင်းမရှိဘဲ မိမိတို့၏ သက်ဆိုင်ရာအဝတ်များနှင့်ပင် သွားရောက်တွေ့ဆုံခဲ့ကြသည်။

ရှေးဦးစွာ ကလေးအား 'စိပ်ပုတီး' လေးခုပြသ၏။ ထိုအထဲမှ ကလေးသည် (၁၃)ဆက်မြောက် ဒလိုင်းလာမာမပျံလွန်မီက ကိုင်သုံးခဲ့သောစိပ်ပုတီးအမှန်ကို ပြသနိုင်သည်ဟုဆိုသည်။

တဖန် 'ဗုံ'ပေါင်းများစွာထဲမှ ယခင်ဘဝက အစေခံများ



www.burmeseclassic.com

www.burmeseclassic.com



အားခေါ်ယူသည့်အခါ တီးလှေ့ရှိသောဗုံကို မှန်ကန်စွာ ရွေးချယ်ယူပြပြန်လေသည်။

နောက်ဆုံးတွင် ယခင်ဘဝက အသုံးပြုခဲ့သော 'တောင်ဝှေး' ဟောင်းများကို တောင်ဝှေးများစွာထဲမှ ရွေးထုတ်ယူပြနိုင်ခဲ့သည်ဟု ဆိုလေသည်။

ထိုနောက် ကလေးငယ်၏ ကိုယ်ပေါ်တွင်ရှာဖွေကြည့်ရှုကြသောအခါ ပါအပ်သော ကိုယ်အင်္ဂါအချိုးအစားနှင့် အမှတ်အသားများ ပါရှိသည်ကို တွေ့ရှိကြရလေသည်။

သို့ဖြစ်၍ထိုကလေးအား တိဗက်ပြည်၊ လာဆာမြို့တော်ရှိ ပိုတာလာနန်းတော်သို့ ဒလိုင်းလာမာအဖြစ် ဆောင်ကြဉ်းသွားကြလေသည်။

သို့သော် ကလေးငယ်ကိုတွေ့ရှိရသောဒေသမှာ တရုတ်နိုင်ငံပိုင်ဒေသဖြစ်သောကြောင့် ၎င်းတို့တောင်းဆိုသော တရုတ်ပြည်သုံးပိုက်ဆံတစ်သိန်း ပေးခဲ့ရလေသည်။

အသက်ငါးနှစ်မျှသာရှိသေးသော ဒလိုင်းလာမာငယ်ကလေးကို (၁၉၃၉)ခုနှစ်တွင် လာဆာမြို့တော်သို့ ခေါ်ဆောင်ကာ (၁၉၄၀)ပြည့်နှစ်၊ ဖေဖော်ဝါရီလတွင် ရင်ခွင်ပိုက်အဖွဲ့ဖြင့် အုပ်စိုးစေလျက် (၁၉၅၀)ပြည့်နှစ်၊ နိုဝင်ဘာလ (၁၇)ရက်နေ့တွင် (၁၄)ဆက်မြောက် ဒလိုင်းလာမာအဖြစ် လုံးဝအာဏာလွှဲအပ်ပေးလိုက်လေသည်။

သို့သော် တိဗက်ပြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အစိတ်အပိုင်းတစ်ခုဖြစ်လာပြီးသည့်နောက် (၁၉၅၉)ခုနှစ်တွင် ဒလိုင်းလာမာသည် အိန္ဒိယနိုင်ငံသို့ ပြေးဝင်ခိုလှုံခဲ့ရသည်။





လာမာဘုန်းကြီးတို့မှာ ရဟန်းသဘောထက် ပယောဂဆရာ၊ မှော်ဆရာ၊ ယင်ဆရာသဘော ပို၍ရှိ၏။

မိမိတို့သည် 'လောကကို စွန့်ခွာသောဘုရားလောင်းများ'ဟု ဆိုကြသည်။

လူ့အဖြစ်နှင့် အိမ်ယာထောင်နေသူများကိုကား ဘုရားလောင်းဟု မယူဆကြပေ။

တိဗက်ပြည်ရှိ လူခြောက်ယောက်(သို့မဟုတ်) လူရှစ်ယောက်တွင် တစ်ယောက်မှာ လာမာဘုန်းကြီးဖြစ်သည်။

လာမာတို့ဝတ်သော ဝတ်ရုံသင်္ကန်းမှာ အဝါ(သို့မဟုတ်) အနီဖြစ်သည်။

အဝါရောင်သင်္ကန်းကို တိုင်းပြည်ကအသိအမှတ်ပြုသောဒေါက်ချာဝါဂိုဏ်းကြီးက လာမာများသာဝတ်ဆင်ရ၏... အခြားဂိုဏ်းဝင်များက မဝတ်ဆင်ရပေ။

အထက်ပါဖော်ပြချက်များမှာ တိဗက်တို့၏ ဒလိုင်းလာမာကြီးများ ရွေးခြယ်ပုံနှင့် တိဗက်ဘုန်းကြီးများနှင့် ပတ်သက်သော အကြောင်းအရာအချို့ပင် ဖြစ်ပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၆)

# ရွှေရုပ်တုနှင့်ရွှေဦးခေါင်းများ

နောက်တစ်နေ့နံနက်ပိုင်းအချိန်မှာတော့ ဒေါက်တာ ခင်းထင်ကျော်တို့နှစ်ယောက်မှာ လန်းလန်းဆန်းဆန်းဖြစ်နေ တာ ပုံမှန်အတိုင်း ပြန်ဖြစ်နေကြပြီ ဖြစ်လေသည်။

သူတို့ထိုတောင်ပေါ် ရောက်လာကြသည်မှာ သုံးရက် မြောက်သောနေ့လည်း ဖြစ်ပေသည်။

နံနက်ပိုင်းဘုရားဝတ်ပြုခြင်း၊ နံနက်စာစားခြင်းများပြု လုပ်ပြီးသောအချိန်တွင် သူတို့ရှိရာသို့ ဖယ်ရာနှင့်လက်ပတို့နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ရောက်လာကြသည်။

"သင်တို့နှစ်ယောက် ကျွန်ုပ်တို့နောက်က လိုက်ခဲ့ကြပါ" ဟုခေါ်သဖြင့် နှစ်ယောက်စလုံးလိုက်သွားကြသည်၊

သူတို့သည် ရွှေရုပ်ပွားတော်ရှိသော ဘုရားခန်းမှပင် ကျော်ဖြတ်သွားကြရသည်။

(ထိုဗုဒ္ဓရုပ်ပွားတော်မှာ ပေါင်ချိန် (၂၇၀၀၀)(ပိဿာအလေးချိန် ၁၀၀)ရှိကြောင်း နောက်တွင် သိကြရလေသည်။)

ရှေ့မှသွားနေသော ဘုန်းကြီးနှစ်ပါးက ဘာစကားမှ မပြောဘဲ ခြေလှမ်းမှန်မှန်ဖြင့်ပင် နောက်မှလိုက်သွားကြလေသည်။

နောက်ဆုံးမှာတော့ ကျောက်နံရံတစ်ခု ကာဆီးနေသည့်နေရာရှိရာသို့ ရောက်သွားကြလေသည်။

ရှေ့ဆက်သွား၍ မရတော့ပေ။

ထိုနေရာရောက်သောအခါ ရပ်လိုက်ပြီး ဖယ်ရာက နံရံမှာတပ်ဆင်ထားသော ခလုတ်တစ်ခုကို နှိပ်ချလိုက်ရာ တကျွိကျွိမြည်ကာ ကျောက်တံခါးတစ်ချပ် ပွင့်သွားလေသည်။ သို့ကြောင့် ထိုအခန်းတွင်းသို့ ဝင်ကြရလေသည်။

သူတို့အတွင်းရောက်သည်နှင့် ကျောက်တံခါးချပ်က သူ့အလိုလိုပြန်ပိတ်သွားလေသည်။

အခန်းထဲမှာ မှောင်သွားသောကြောင့် လက်ာက အသင့်ဆောင်ယူလာသော ဆီမီးတိုင်ကို ထွန်းလိုက်ရာ အလင်းရောင်ရလာလေသည်။

ထိုနောက်မှာတော့ မည်းမှောင်နေသော လိုဏ်ခေါင်း





တစ်ခုအတွင်းမှသွားကြရာ နောက်ဆုံးမှာတော့ အောက်သို့ဆင်းသော လှေခါးထစ်များကို တွေ့ရသည်။

ကြောင်လိမ်လှေခါးသဖွယ်ပြုလုပ်ထားသော ကျောက်လှေခါးထစ်များကို တွေ့မြင်ရသည်။

ကျောက်လှေခါးထစ်များမှာ ရှည်လျားလှသောကြောင့် မည်သည့်နေရာမှာဆုံးမည်ကို မမြင်ရပေ။

ထိုကျောက်လှေကားထစ်များကို မြင်တော့မှ မရဏ တောင်ပေါ်သို့ အတက်အဆင်း ပြုလုပ်သောလမ်းမှာ ထိုအတွင်းလမ်းပင်ဖြစ်မည်ဟု ခန့်မှန်းမိကြလေသည်။

နောက်ဆုံးမှာတော့ ပိတ်ထားသော အခန်းတစ်ခန်း ရှေ့သို့ရောက်သောအခါ ကျောက်တံခါးကိုဖွင့်ပြီး အတွင်းသို့ ဝင်သွားကြလေလေသည်။

ထိုအခန်းထဲမှာတော့ လူနာတင်သော ကျောက်ကုတင် အပါအဝင် ဆေးခန်းများမှာ အသုံးပြုသော ခွဲစိပ်ကိရိယာတို့ကို တွေ့ရသည်။

နောက်ဘက်အခန်းထဲမှာတော့ မီးရောင်ဖြင့် အံ့သြဖွယ်ရာ မြင်ကွင်းများကို မြင်တွေ့ရလေသည်။

နံရံများ၌ရှိသော ကျောက်စင်များပေါ်မှာ အစီအရီထိုင်နေကြသော တိဗက်ဘုန်းတော်ကြီးများအား တွေ့မြင်ရခြင်းဖြစ်သည်။

ပထမတော့ စိတ်ထဲတွင် ငြိမ်သက်စွာဖြင့် တရားအားထုတ်နေသည်ဟု ထင်မိလေသည်။ နောက် အသေအခြာကြည့်တော့မှ မဟုတ်မှန်း ရိပ်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဒလိုင်းလာမာဆရာတော်ကြီးတွေရဲ့ ရုပ်ကလပ်တွေ ဖြစ်ပါတယ်၊ အားလုံး (၁၃)ပါးရှိပါတယ်၊ ဟိုးဘက်ဂူထဲမှာတော့ ကျောင်းထိုင်ဘုန်းကြီးတွေရဲ့ ရုပ်ခန္ဓာတွေထားပါတယ်"

ဒေါက်တာမင်းထင်ကျော်က အသေအခြာအနားကပ်ကြည့်သောအခါ အသက်ရှိနေသူတစ်ယောက်ကဲ့သို့ အသားအရေကအစ ဘာတစ်ခုမှ မပျက်စီးဘဲ အသက်ရှိနေသူ တစ်ဦးအတိုင်းပင် ရှိနေလေသည်။

"ဒီရုပ်ကလပ်တွေ ဒီဂူထဲမှာရှိနေတာ ဘယ်လောက်အချိန်ကြာနေပြီလည်း ဆရာတော်"

"ပထမ ဒလိုင်းလာမာကြီးကစပြီး ရေတွက်မယ်ဆိုရင်တော့ နှစ်ပေါင်းတစ်ထောင်ကျော်လောက် အချိန်ကြာရောပေါ့။ ဒီထက်အချိန်ကြာဖို့ပဲရှိပါတယ်၊ ဘာကြောင့်လည်းဆိုတော့ ဒလိုင်းလာမာတစ်ယောက်ရဲ့ သက်တမ်းဟာ နှစ်ပေါင်းတစ်ရာကျော်အထက်မှာပဲ ရှိကြပါတယ်"

ဖယ်ရာပြောသည့် အချိန်အရေအတွက်မှာ. . နည်းကောင်းနည်းပါလိမ့်မည်။

အဘယ်ကြောင့်ဆိုသော် ဂူထဲတွင် ဒလိုင်းလာမာ (၁၃) ပါးရှိနေသောကြောင့် တစ်ပါးကို နှစ်ပေါင်းတစ်ရာနှင့် တွက်လျှင်ပင် နှစ်ပေါင်း တစ်ထောင့်သုံးရာကျော်နေပေလိမ့်မည်။

"တိဗက်ဘုန်းတော်ကြီးတွေ သေသွားတဲ့အခါ သူတို့ရဲ့ ရုပ်ခန္ဓာတွေကို ဒီလိုပဲ မပျက်မစီးအောင် ထားပါသလား ဆရာတော်"

"အားလုံးကိုတော့ ဒီလိုမလုပ်ပါဘူး၊ ဒလိုင်းလာမာ





ဆရာတော်ကြီးတွေနဲ့ ကျောင်းထိုင်ဆရာတော်ကြီးတွေ၊ လက်ထောက်ဆရာတော်ကြီး ပျံလွန်တော်မူတဲ့အခါမှသာ ဒီလိုလုပ်ပေးလေ့ရှိပါတယ်၊ ကျန်တဲ့ဘုန်းကြီးတွေ ပျံလွန်တော်မူရင်တော့ သူတို့ရဲ့ရုပ်ကလပ်တွေကို တစ်စမကျန်အောင် ဖျက်ဆီးပစ်လိုက်ကြပါတယ်"

"မီးသင်္ဂြိုလ်ခြင်းမျိုးလား"

"ကျုပ်တို့တိဗက်ပြည်မှာ ထင်းအလွန်ရှားပါးတယ်၊ လူသေအလောင်းတစ်လောင်းကို ပြာကျတဲ့အထိ မီးရှို့နိုင်လောက်အောင် ထင်းမရှိပါဘူး၊ ကျောက်တောင်တွေချည်းဆိုတော့ မြေမြှုပ်လို့လည်း မရပါဘူး၊ တောင်မြင့်တွေပေါ်မှာ နေကြတာဆိုတော့ ရေမျှောဖို့လည်း မဖြစ်နိုင်ပါဘူး၊ ဒါကြောင့် အလောင်းတွေကို ငှက်စာကျွေးပြီး ဖျောက်ဖျက်ပစ်ကြရပါတယ်"

သူတို့အနေနှင့် တိဗက်ကိုရောက်ခဲ့ဖူးသော်လည်း ထိုကဲ့သို့ထူးဆန်းသော အလောင်းဖျောက်ဖျက်ပုံမျိုးတော့ မတွေ့ဘူး မမြင်ဘူးသေးပေ။

"သင်စိတ်ဝင်စားပါသလား"

"စိတ်ဝင်စားပါတယ် ဆရာတော်"

"နောက်တစ်နေ့တွင် သင်တို့နှစ်ယောက်အား. . အလောင်းဖျောက်ဖျက်ကြသောနေရာသို့ မျက်မြင်ကိုယ်တွေ့သွားရောက်ကြည့်ရှုနိုင်ရန် စီစဉ်ပေးပါမည်"

"ကျေးဇူးတင်ပါတယ် ဆရာတော်၊ နောက်တစ်ခုသိလိုတာက ဒီရုပ်ကလပ်တွေကို ဒီလိုနှစ်ပေါင်းများစွာ ကြာမြင့်တဲ့အထိ မပုတ်မသိုးဘဲ ပကတိအတိုင်း ရှိနေအောင် ဘယ်လိုများ



www.burmeseclassic.com

www.burmeseclassic.com



စီစဉ်ပါသလဲ”

ထိုအခါ ဖယ်ရာက ထိုကဲ့သို့ဖြစ်အောင် စီရင်ပုံအား အကျဉ်းချုပ်ကာ ပြောပြလေသည်။

ကျောင်းထိုင်ဘုန်းကြီးတစ်ပါး ပျံလွန်တော်မူသွားသော အချိန်တွင် အသက်ဝိညာဉ်ထွက်ခွာသွားပြီး ခန္ဓာကိုယ်ပူနွေး ပျော့ပျောင်းနေစဉ်မှာပင် ကြာပွင့်ပုံသဏ္ဌာန် ထိုင်နေသည့်အနေ အထားမျိုးပြင်ပြီး အဝတ်ဖြူဖြင့် ပတ်ထားရသည်။

အေးလှသောအရပ်ဖြစ်သောကြောင့် သွေးလည်ပတ်မှုရပ်သွားသောအခါ၌. . ခန္ဓာကိုယ်မှာ ကျောက်ရုပ်တစ်ရုပ်လို တောင့်တောင့်ကြီး ဖြစ်သွားလေသည်။

ထိုအလောင်းကို ထိုင်လျက်အနေအထားဖြင့်ပင် မြေအောက်အခန်းသို့ ရောက်သည်အထိ သယ်ယူကြရသည်။ ထိုသို့ သယ်ယူသောအခါ နောက်မှလိုက်ကြသော ဘုန်းကြီးများက ခေါင်းလောင်းတီးလိုက်၊ တရားစာရွတ်လိုက်ဖြင့် လိုက်ပို့ပေးကြသည်။

နောက်ဆုံးတော့ အလောင်းကိုပြုပြင်ပြီး စီရင်မည့်အခန်းသို့ရောက်သောအခါ အခြားဘုန်းကြီးများဝင်ခွင့်မရတော့ဘဲ သက်ဆိုင်ရာဘုန်းကြီးများသာ ဝင်ကြရသည်။

အလောင်းကို အခန်းအလယ်၌ နေသားတကျချပေးပြီးသောအခါ ဘုန်းကြီးသုံးပါးသာကျန်ခဲ့ပြီး ကျန်ဘုန်းကြီးများက ပြန်ထွက်သွားကြသည်။

ထိုမြေအောက်အခန်းမှာ ရေခဲတိုက်ကဲ့သို့ အေးစိမ့်လျက်ရှိသည်။





ဘုန်းကြီးများက သူတို့မှာပါလာသော ထောပတ်မီးခွက်များကို နံရံတစ်နေရာ၌ တင်ထားရာ အလင်းရောင် ကောင်းစွာရနေလေသည်။

အားလုံးအဆင်သင့်ဖြစ်သောအခါ. . အလောင်းကို စတင်ပြင်ဆင်ရန် လိုအပ်သောကိစ္စတို့ကို ဆောင်ရွက်ကြလေသည်။

ဦးစွာ အလောင်းကို တစ်ကိုယ်လုံးစင်ကြယ်အောင် ရေချိုးပေးရသည်။

ရေချိုးပြီးသည်နှင့် စအိုနေရာမှဖွင့်ပြီး အတွင်းမှာရှိသော အူ၊ အသည်း၊ နှလုံးစသောခန္ဓာကိုယ်အတွင်းမှ ကလီစာတို့ကို ထုတ်ယူပြီးအိုးတစ်လုံးထဲမှ သိုသန့်ထည့်ထားရလေသည်။

ကလီစာများစုံသောအခါ ထိုအိုးကိုလုံခြုံအောင် ချိတ်ဖြင့်ပိတ်ကြရသည်။

ထိုသို့ထုတ်ယူပြီးနောက်တွင် ဟောင်းလောင်းဖြစ်သွားသော ကိုယ်ခန္ဓာအတွင်းပိုင်းကို ရေဖြင့်စင်ကြယ်အောင်ဆေးပြီး သွေ့ခြောက်သွားစေရန် ပြုလုပ်ပေးရသည်။ ခြောက်သွေ့သွားသောအခါ အတွင်းသို့ သရိုးလောင်းထည့်ကြသည်။

သစ်စေးသရိုးလောင်းထည့်ရခြင်းမှာ ခန္ဓာကိုယ် အပြင်ပိုင်းပုံပန်းသဏ္ဌာန် မပျက်ယွင်းစေရန်ဖြစ်သည်။

အတွင်းသို့ထည့်ထားသော သစ်စေးသရိုး ခြောက်သွေ့သွားသောအခါ စအိုပေါက်ကို ဂရုတစိုက် ပြန်ပိတ်ကြရလေသည်။

ပြီးမှ ခန္ဓာကိုယ်အပေါ်ပိုင်းကိုလည်း သစ်စေးသရိုးကိုင်



www.burmeseclassic.com

www.burmeseclassic.com



ရပြန်သည်။

သစ်စေးသရိုးခြောက်သောအခါ အချောရည်ထပ်လောင်းကာ ပိုးပုဝါပါးပါး ကပ်ထားပေးရသည်။

ထိုပိုးပုဝါပေါ်မှပင် သစ်စေးသရိုး ထပ်ကိုင်ရပြန်သည်။

သစ်စေးသရိုး အကြိမ်ကြိမ်ကိုင်ပြီးသောအခါ နောက်တစ်ဆင့်လုပ်ရန်အတွက် အဆင်သင့်ရှိနေပါပြီ။ သစ်စေးသရိုးခြောက်ရန်အတွက် တစ်နေ့နှင့်တစ်ည ထားရပါသည်။

နောက်ဆုံးအချိန်ပြည့်သောအခါ ကြာပွင့်ထိုင်အနေအထားအလောင်းမှာ မာတောင့်လျက်ရှိပါသည်။

ထိုမာတောင့်နေသောအလောင်းကို မြေအောက်အခန်းတစ်ခန်းသို့ ပြောင်းရွှေ့ရပြန်ပါသည်။ အခန်းအပြင်မှ အပူခါတ်ပေးနိုင်သည်။

ကြမ်းပြင်တွင် အမှုန့်တစ်မျိုးဖြူးပေးပြီးနောက်တွင် အခန်းငယ်တည့်တည့်တွင် အလောင်းကိုချထားလိုက်ပါသည်။

တစ်ဖန် အခန်းတစ်ခုလုံးကို တိဘက်ပြည်မှထွက်သောဆားတစ်မျိုးနှင့် ဆေးရွက်ဆေးပင်များ အပြည့်သိပ်ရပါသည်။

အားလုံးအဆင်သင့်ပြင်ဆင်ပြီးမှ အခန်းတံခါးကို အလုံပိတ်ကာ ကျောင်းတော်တံဆိပ်ရိုက်ရပါသည်။

အခန်းနံရံဘေးတွင် မီးရှို့ရန်အတွက် ထင်းပုံများသည် အစကတည်းက အဆင်သင့်ရှိနေပါသည်။

လာမာဘုန်းတော်ကြီးတစ်ပါး အချက်ပေးလိုက်သည်နှင့် ထင်းပုံထဲသို့ ထောပတ်ရည်လောင်း၍ မီးရှို့ရပါသည်။

မီးရှိန်ကောင်းရန်အတွက် ထင်းပုံထဲသို့ ထောပတ်အညံ့





စားများ လောင်းထည့်ပေးရပါသည်။

ထိုထင်းပုံကို တစ်ပတ်တိတိ မီးမပြတ်ထည့်ပေးရပါသည်။

(၇)ရက်မြောက်သောနေ့တွင် မီးပူပေးသောအလုပ်မှာပြီးဆုံးသွားပါသည်။

'ပေါင်းခန်း' အေးရန်အတွက် သုံးရက်စောင့်ရပါသည်။

တစ်ဆယ့်တစ်ရက်မြောက်သောနေ့တွင်မှ ချိတ်တံဆိပ်တိုခွာ၍ ပေါင်းခန်းတံခါးကို ဖွင့်ရပါသည်။

တစ်ဖန်အတွင်းမှ ဆေးပြာများကို ဘုန်းတော်ကြီးများက လက်ဖြင့်ယက်ထုတ်ပေးရပါသည်။

လက်နက်ကိရိယာ အသုံးမပြုရပါ။

အကယ်၍ အသုံးပြုခဲ့လျှင် အလောင်းထိခိုက်မိပါကပျက်စီးနိုင်ပါသည်။ ပြာများကို နှစ်ရက်တိတိ ယက်ထုတ်ရပါသည်။ နောက်ဆုံး အခန်းထဲတွင် ဘာမှမရှိတော့ပါ။

အလောင်းအနေအထားမှာ ကြာပွင့်ထိုင်အနေအထားဝင်ရှိပါသည်။

တစ်ဖန် ထောပတ်မီးခွက်များ ထွန်းထားသော အခန်းတစ်ခုအတွင်းသို့ အလောင်းကို ရွှေ့ရပြန်ပါသည်။

အလောင်းအုပ်ထားသော ပိုးပုဝါများကို တစ်ထပ်ပြီးတစ်ထပ်ခွာချရသည်။ ဤသို့ခွာရာတွင် နောက်ဆုံးခန္ဓာကိုယ်သက်သက်ကျန်သည်အထိ ခွာချရပါသည်။

အသားရောင်မဲမှောင်သွားသည်မှာအပ အလောင်းအနေအထားမှာ အိပ်ပျော်နေသော လူတစ်ယောက်နှင့်တူပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖန် သစ်စေးသရိုးပြန်ကိုင်ကာ ရွှေချသူများက စေ့စေ့စပ်စပ် ရွှေချပေးကြသည်။

တစ်လွှာပြီးတစ်လွှာ အထပ်ထပ် ရွှေချပေးလိုက်သော အခါတွင် အလောင်းကောင်မှာ ရွှေတုံးကို ထုထားသော အရုပ်နှင့် တူလာပါသည်။

တိဘက်အမြင်တွင် ရွှေမှာအဖိုးတန်လှပါသည်။

တိဘက်တွင် ရွှေကို ဘာသာရေးအတွက် အသုံးပြုပါသည်။ ရွှေချဘုန်းကြီးများမှာ အလွန်ကျွမ်းကျင်ပါသည်။

လူ၏မျက်နှာကို ရွှေချရာတွင် အကြောင်းအရစ်များပေါ်အောင် ဖော်နိုင်ပါသည်။

အားလုံးပြီးစီးသောအခါ ရွှေချထားသောအလောင်းမှာ အသက်ရှင်နေသော လူတစ်ယောက်နှင့် ဘာမှမခြားတော့ပေ။

အလောင်းကို ရွှေချပြီးသောအခါ ရွှေချထားသော ရုပ်အလောင်းကို ဘဝရှင်များထားသော အခန်းသို့ပြောင်းရွှေ့ကာ ရွှေပလ္လင်ပေါ်တွင် တင်ထားလိုက်ပါသည်။

တန်းစီထိုင်နေကြသော ဘဝရှင်များ၏ ရုပ်တုများမှာ လူလောကအား သံဝေဂရသော အမူအရာမျိုးဖြင့် ကြည့်နေပုံရပါသည်။

အထက်ပါအကြောင်းအရာများမှာ ဒလိုင်းလာမာဆရာတော်ကြီးများနှင့် ကျောင်းတိုက်ကြီးများ၏ ကျောင်းထိုင်ဆရာတော်များ၊ လက်ထောက်ဆရာတော်ကြီးများ ပျံလွန်တော်မူသောအခါ နှစ်ပေါင်းများစွာ ကြာသည်အထိ မပျက်မစီးပဲ တည်ရှိနေစေရန်အတွက် စီရင်သောနည်းအချို့ပင်ဖြစ်လေသည်။





ထိုသို့ပြောပြပြီးနောက် ရုပ်တုများရှိနေသောအခန်းမှ ရှေ့သို့ ဆက်လျှောက်လာကြသည်။

ဆရာတော်ကြီးများ ရုပ်တုရှိသော အခန်းရှေ့မှ ဖြတ်လျှောက်သောအခါ ခြေသံမကြား၊ အသံမထွက်အောင် သတိထားပြီး လျှောက်ကြရလေသည်။

ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာ ထိုနေရာမှ ဖြတ်လျှောက်လာသောအခါ ရွှေပလ္လင်များပေါ်မှာ ရှိနေကြသည့် ဆရာတော်ကြီးများ မျက်လုံးများက သူတို့သွားရာသို့ လိုက်ကြည့်နေသကဲ့သို့ ရှိနေသည်။

ထိုနေရာမှ လွန်လာတော့မှ ဖယ်ရာကမေးသည်။

"ထိုအခန်းထဲက ဖြတ်လျှောက်လာတုန်းက သင့်ရဲ့ စိတ်ထဲမှာ ဘယ်လိုခံစားရပါသလဲ"

"ဆရာတော်ကြီးတွေ ရုပ်တုတွေထဲက ရုပ်ထုတစ်ခုက ကျွန်တော်သွားတဲ့နေရာကို လိုက်ကြည့်နေတယ်လို့ စိတ်ထဲက ခံစားရပါတယ်"

အမှန်အတိုင်းပင် ပြောပြလိုက်သည်။

"ဒီအထဲမှာရှိတဲ့ ဆရာတော်ကြီးတစ်ပါးပါးက သင်နဲ့ ဘဝဆက်ပဋ္ဌာန်းဆက်ရှိလို့သာ သင့်အနေနဲ့ ဒီနေရာကို ရောက်လာခွင့်ရှိတာဖြစ်ပါတယ်၊ ဒါကြောင့် သင့်ကိုလိုက်ကြည့်နေတာဖြစ်ပါတယ်"

ဟုပြောပြသည်။

ထိုနေရာမှ လွန်သောအခါ နောက်ထပ်အခန်းတစ်ခန်းရှေ့သို့ ရောက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခန်းမှာလည်း ကျောက်တံခါးချပ်ကြီးဖြင့် ပ်တ် ထားရာ. . ဖွင့်ရမည့်နေရာပင် မတွေ့ရပေ။

ဒေါက်တာမင်းထင်ကျော်စိတ်ထဲမှာ လမ်း၌တွေ့ခဲ့ရ သည့်အတိုင်း လျှို့ဝှက်ခလုတ်တစ်ခုဖြင့် ဖွင့်ရလိမ့်မည်ဟု မျှော် လင့်ထားလေသည်။

သို့သော် သူထင်သလို မဟုတ်ပေ။

ဖယ်ရာက ထိုကျောက်တံခါးရှေ့၌ရပ်ကာ တိဗက်ဘာ သာဖြင့် ဂါထာမန္တာန်များ ရွတ်ဆိုလိုက်သောအခါမှ တဖြည်း ဖြည်းနှင့် ပွင့်သွားခြင်းဖြစ်ပေသည်။

ထိုအခန်းပွင့်သွားသည်နှင့် သင်းပျံ့သောရနံ့များ ထွက် လာလေသည်။ အတွင်းမှာတော့ မီးအလင်းရောင်အချို့ ရှိနေ လေသည်။ (နောက်မှသိရသည်မှာ ထိုမီးအလင်းရောင်များမှာ ကျောက်တံခါးပွင့်စေရန် အပြင်ဘက်မှ ဂါထာမန္တာန်ရွတ်လိုက် စဉ်ကပင် အလိုအလျောက်မီးတောက်လာကြခြင်း ဖြစ်လေ သည်။)

အတွင်းသို့ရောက်သောအခါ သလင်းကျောက်ဖြင့် ပြု လုပ်ထားသော ကျောက်ကလပ်တစ်ခုပေါ်မှာ စက်ဝိုင်းပုံသဏ္ဍာန် ချထားသော ရွှေဦးခေါင်းခွံများ တွေ့ရလေသည်။ ရွှေဦးခေါင်း ခွံတို့မှာ (၁၂)ခုရှိနေသည်။

"ဒါ ကျုပ်တို့အထွက်အမြတ်ထားတဲ့ ရွှေဦးခေါင်းခွံတွေ ပါပဲ၊ စုစုပေါင်း (၁၃)ခုရှိရာက တစ်လုံးအခိုးခံလိုက်ရတော့ (၁၂) လုံးပဲ ကျန်နေခဲ့တာပါ"

"ဒီလောက်လုံခြုံတဲ့ နေရာမျိုးမှာထားတဲ့ ရွှေဦးခေါင်း





ခွံကို ဘယ်လိုလူမျိုးကများ ဝင်ယူသွားနိုင်တာပါလဲ"

"တိဗက်ဘုန်းကြီးတစ်ပါးပါပဲ၊ သူက မိစ္ဆာဝါဒီဂိုဏ်းဝင် တစ်ယောက်ဆိုတာ နောက်မှသိခဲ့ရတာပါ။ သူက ဒီတောင်ပေါ် ရောက်နေခဲ့တာ နှစ်ပေါင်းအတော်ကြာနေခဲ့ပါပြီ၊ နောက်ဆုံး ကျုပ်နဲ့အဆင့်တူပြီး ဒီကျောက်ဂူကို ဂါထာမန္တာန်နဲ့ ဖွင့်နိုင်တဲ့ အဆင့်မျိုးရောက်တော့မှ. . အရေးကြီးတဲ့ အရေးအကြီးဆုံး ရွှေ ဦးခေါင်းခွံ တစ်လုံးကို ခိုးယူထွက်ပြေးသွားခဲ့တာ ဖြစ်ပါတယ်"

"ရွှေဦးခေါင်းခွံတွေကို ဘာကြောင့်ပြုလုပ်ထားတယ်ဆို တာ ပြောပြပေးပါဦး ဆရာတော်"

"ဒီရွှေဦးခေါင်းခွံ (၁၃)လုံးက တခြားမဟုတ်ပါဘူး၊ ပျံ လွန်တော်မူသွားတဲ့ ဒလိုင်းလာမာဘုန်းကြီး (၁၃)ပါးတို့ရဲ့ ဦး ခေါင်းပုံသဏ္ဍာန်အတိုင်း ပြုလုပ်ထားတာပါ။ အလယ်မှာ တစ်လုံး ချပြီး နံဘေးက(၁၂)လုံးဝန်းရံလိုက်ရင် စကြဝဠာစွမ်းအားတွေ ကို ရရှိစေနိုင်ပါတယ်၊ ဒီလိုစွမ်းအားမျိုးတွေရခဲ့ရင် မိစ္ဆာဝါဒီဂိုဏ်း သားတွေရဲ့ မိစ္ဆာစွမ်းအားတွေကို ထိန်းချုပ်နိုင်ပါတယ်၊ သုတ်သင် ဖယ်ရှားနိုင်ပါတယ်၊

ဒါကြောင့်လည်း မိစ္ဆာဝါဒီဂိုဏ်းသားတွေက ဒီဦးခေါင်း ခွံတစ်လုံးကို မရရအောင်ယူသွားကြတာ ဖြစ်ပါတယ်"

"မိစ္ဆာဂိုဏ်းသားတွေကို ဘယ်နေရာမှာ ရှာဖွေရင်တွေ့ နိုင်ပါသလဲ"

"လာဆာမြို့အပါအဝင် နေရာအတော်များများမှာ မိစ္ဆာ ဝါဒီဂိုဏ်းသားတွေရှိကြပါတယ်၊ သူတို့ရဲ့ဗဟိုရုံချုပ်ကတော့ ပျောက်ဆုံးနေတဲ့ မြို့ဟောင်းကြီးရှိတဲ့ နေရာမှာလို့ သိရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သာမန်လူတွေနဲ့ မိစ္ဆာဝါဒီဂိုဏ်းသားတွေကို ဘယ်လို ခွဲခြားလို့ ရနိုင်ပါသလဲ"

"မိစ္ဆာဝါဒီဂိုဏ်းသားတွေရဲ့ ကိုယ်ပေါ်မှာ နဂါးနက်ရုပ် အမှတ်အသားရှိကြပါတယ်"

ထိုစကားကြောင့် ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာ မဟူရာဆိုသော အမျိုးသမီးပေးထားခဲ့သော နဂါးနက်ရုပ်တု လေးကို သတိရမိလေသည်။ ဘယ်လိုရည်ရွယ်ချက်ဖြင့်ပေးထား ခဲ့သည်တော့ မသိပေ။

"သင့်အနေနဲ့ ပျောက်ဆုံးသွားသော ရွှေဦးခေါင်းခွံကို ပြန်လည်ရရှိအောင် ဆောင်ရွက်ပေးစေလိုပါတယ်"

"ကျွန်တော် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ဆောင်ရွက် ပေးပါ့မယ်လို့ ကတိပေးပါတယ်"

"ဒီစကားကြားရတာ ဝမ်းသာလှပါတယ်၊ ထိုသို့ဆောင် ရွက်ပေးတဲ့အတွက်လည်း သင့်ကိုကျွန်ုပ်တို့အားလုံးက ကျေးဇူး တင်နေကြပါတယ်၊ တစ်ခုတော့သတိပေးပါရစေ မိစ္ဆာဝါဒီဂိုဏ်း သားတွေဟာ ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ နေရာအနှံ့မှာရှိနေကြပါ တယ်၊

ဂျပန်စစ်သားတွေ၊ တရုတ်စစ်သားတွေထဲမှာလည်း သူတို့ကိုယုံကြည်တဲ့ ဂိုဏ်းသားတွေ ရှိကြပါတယ်၊ ဒါအပြင်.. ဒီတောင်ပေါ်မှာလည်း သူတို့ဂိုဏ်းဝင်တွေ နောက်ထပ်မရှိဘူး လို့ အတပ်မပြောနိုင်ပါဘူး၊ လာဆာမြို့အပါအဝင် နေရာအ တော်များများမှာလည်း သူတို့ရှိနေကြပါတယ်၊ ဒါကြောင့်ဘယ် နေရာကိုပဲသွားသွား ဘာကိုပဲလုပ်လုပ် သတိဝိရိယထားပြီး လုပ်





စေချင်ပါတယ်"

"စိတ်ချပါဆရာတော် ကျွန်တော်သတိထားပြီးဆောင် ရွက်ပါ့မယ်"

"သာဓု.. သာဓု.. သာဓု"

ထို့နောက်မှာတော့ ရွှေဦးခေါင်းများထားသော အခန်း ထဲမှ ပြန်ထွက်လာခဲ့ကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၇)

# ရေခဲတောင်ကြားမှ ပျောက်ကွယ်နေသောမြို့ဟောင်း

နောက်ပိုင်းရက်များမှာတော့ ဒေါက်တာမင်းထင်ကျော်နှင့် ဦးဗန်ကောင်းတို့နှစ်ယောက်မှာ ခရီးမထွက်မီ ပြင်ဆင်စရာရှိသောကိစ္စများကို ဆောင်ရွက်ကြရလေသည်။ တိဗက်ဘုန်းကြီးနှစ်ပါးဖြစ်သော ဖယ်ရာနှင့်လက်ာတို့နှစ်ယောက်ကလည်း ၎င်းတို့အတွက် လိုအပ်သောကိစ္စများကို ကူညီဆောင်ရွက်ပေးကြလေသည်။

☺ ဆောင်မြင့်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တော့ ဖယ်ရာက ပြောသည်။

“သင့်အနေနဲ့ တိဗက်ပြည်ကို အရင်ကရောက်ခဲ့ဖူးပေမယ့် နေရာအနှံ့ကို ရောက်ဖူးတွေ့ဖူးပါသလား”

“နေရာအနှံ့တော့ မရောက်ဖူးသေးပါ ဆရာတော်”

“တိဗက်ဟာ ပေပေါင်းတစ်သောင်းကျော်မြင့်တဲ့နေရာမှာရှိတာက တစ်ကြောင်း၊ တောင်မြင့်ကြီးတွေက ဝန်းရံထားတာက တစ်ကြောင်းကြောင့် နေရာအနှံ့ကို ရောက်ဖူးတွေ့ဖူးဖို့ မလွယ်လှပေဘူး”

“မှန်ပါတယ်”

“ဒါကြောင့် သင့်အနေနဲ့ သာမန်လူတွေ မရောက်နိုင် မတွေ့နိုင်တဲ့ နေရာမျိုးတွေအထိ ရောက်ဖူးအောင် ကျွန်ုပ်လိုက်ပြပါ့မယ်”

ထိုစကားကြောင့် ဝမ်းသာစရာဖြစ်သော်လည်း စဉ်းစားစရာတော့ရှိသည်။

ထိုမျှမြင့်မားသော တောင်တန်းကြီးများပေါ်သို့ အချိန်တိုတိုနှင့် မည်သို့မည်ပုံသွားလာမည်ဆိုသောအချက် ဖြစ်ပေသည်။

“ဒီလောက်ဝေးလံခက်ခဲတဲ့နေရာတွေကို ဘယ်လိုနည်းနဲ့ရောက်အောင် သွားလာနိုင်ပါသလဲ”

“ကောင်းကင်ပေါ်မှ ပျံဝဲပြီး ကြည့်ရှုခြင်းဖြစ်ပါတယ်”

“ဆရာတော်တို့က ကောင်းကင်ပေါ်ပျံဝဲနိုင်တဲ့အထိ ဈာန်ရနေကြပြီလား”

“ဈာန်ရတာမဟုတ်ပါဘူး၊ လူကိုသယ်ယူနိုင်သော စွမ်းအားကို အသုံးပြုပြီး ပျံဝဲကြခြင်း ဖြစ်ပါတယ်၊ စွမ်းအား အတော်အသင့်ရှိကြတဲ့ တိဗက်ဘုန်းကြီးတွေဟာ ဝေးလံလှတဲ့ တစ်နေရာမှတစ်နေရာကို သွားလာလိုတဲ့အခါ လူကိုသယ်ယူသွားနိုင်တဲ့ စွမ်းအားကိုအသုံးပြုပြီး ကောင်းကင်မှသွားလာလေ့ ရှိကြပါတယ်”

ထိုစကားကြားတော့မှ တိဗက်မှာရှိသော မရဏာတောင်မှ ဘုန်းကြီးနှစ်ပါးဖြစ်ကြသော လက်ာနှင့်ဖယ်ရာတို့ ရန်ကုန်မြို့တွင်နေသောသူထံသို့ ညတွင်းချင်း မည်သို့မည်ပုံရောက်လာကြသည်ကို သဘောပေါက်မိလေတော့သည်။

“သင်စိတ်ဝင်စားတယ်ဆိုရင် တိဗက်နယ်မှာရှိတဲ့ ထူးဆန်းတဲ့နေရာတွေကို လိုက်ပြပေးပါ့မယ်”

“ဘယ်လိုနည်းနဲ့ လိုက်ပြမှာပါလဲ”

“ရုပ်ခန္ဓာကို သယ်ဆောင်သွားခြင်းမျိုးမဟုတ်ဘဲ သင့်ရဲ့ ဝိညာဉ်ကိုပဲ ခေါ်ဆောင်သွားပြီး ပြပါ့မယ်၊ ကျွန်ုပ်နောက်ကို လိုက်ခဲ့ပါ”

ဟုပြောပြီး ခေါ်သွားသဖြင့် ဒေါက်တာမင်းထင်ကျော်လည်း လိုက်သွားလေသည်။

အခန်းတစ်ခန်းထဲသို့ ရောက်သောအခါ ဒေါက်တာမင်းထင်ကျော်ကို ကုတင်တစ်လုံးပေါ်မှာ လဲလျောင်းနေစေပြီး ဖယ်ရာက အိပ်မွေ့ချပေးရာ. . . မကြာမီ အိပ်ပျော်သကဲ့သို့ဖြစ်ကာ သတိမေ့သွားလေတော့သည်။

ဒီတစ်ကြိမ်မှာတော့ ခါတိုင်း အိပ်ပျော်နေသည်နှင့်မတူပဲ ကုတင်ပေါ်မှာ ကျန်ခဲ့သောရုပ်ခန္ဓာကို သူကိုယ်တိုင် ပြန်







www.burmeseclassic.com

www.burmeseclassic.com



မြင်နေရလေသည်။

ယခုမှာတော့ သူ့တစ်ကိုယ်လုံး ပေါ့ပါးစွာရှိနေလေသည်။ ဖယ်ရာကသူ့နောက်မှလိုက်ခဲ့ရန် ခြေဟန်လက်ဟန်ဖြင့် ခေါ်သဖြင့် လိုက်သွားရာ တောင်စွန်းတစ်နေရာသို့ ရောက်သွားကြလေသည်။

ထို့နောက်မှာတော့ လေထဲမှာငှက်တစ်ကောင်ကဲ့သို့ ပျံဝဲထွက်နိုင်သည်ကို အံ့ဩဖွယ်ရာ တွေ့ရလေသည်။

ကိုယ်ခန္ဓာတစ်ခုလုံး ငှက်မွှေးတောင်ကလေးတစ်ခုကဲ့သို့ ပေါ့ပါးစွာရှိနေပြီး ဖယ်ရာသွားရာနောက်သို့ ဖြောင့်တန်းစွာ လိုက်သွားလေသည်။

လေကတိုးနေသောကြောင့် ဖယ်ရာ၏သက်န်းစများမှာ နောက်ဘက်၌ တဖျပ်ဖျပ်နှင့် ပျံဝဲနေသည်ကိုလည်း အတိုင်းသားမြင်နေရသည်။

ရွှေ့တူရူမှ တိုးဝင်လာသော တိမ်များ၊ နှင်းသားထုများကိုလည်း တွေ့ရသည်။

ဦးစွာ ဖယ်ရာက မရဏတောင်ကြီးကို အပေါ်မှ ပျံဝဲကာ လှည့်ပတ်ကြည့်ရှုစေသည်။

သူ့အနေဖြင့် မြင့်မိုရ်တောင်ကို မရောက်ဖူးမမြင်ဖူးသော်လည်း ယခုမြင်တွေ့နေရသော မရဏတောင်ကြီးမှာ မြင့်မိုရ်တောင်တမျှ မြင့်မားလှသည်ဟု စိတ်ထဲမှထင်မိလေသည်။

အောင်ခြေသို့ရောက် သွားသောအခါ အပေါ်ထိပ်ပိုင်းကိုမမြင်။ အပေါ်ထိပ်ပိုင်းကိုရောက်သွားတော့လည်း အပေါ်ထိပ်ပိုင်းကို မမြင်ရလောက်သော အခြေအနေမျိုးဖြစ်သည်။





‘ပိုသဏ္ဌာန်က ဝါဆိုဖယောင်းတိုင်ကြီးတစ်တိုင်ကဲ့သို့ စင်းလုံးချော တစ်ဖြောင့်တည်းအပေါ်သို့ ထောင်တက်သွားသော အနေအထားရှိသည်။

တောင်ကြီးနှင့် နီးကပ်သောနေရာမှ ပျံသန်းသွားကြသောအခါ သေးငယ်သော ဂူပေါက်ဝကလေးများလောက်သာ တွေ့ရပြီး အဖုအထစ်ဘာမှမရှိပေ။

ထိုနေရာမှကျော်သောအခါ လာဆာမြို့သို့ခေါ်သွားပြီး အပေါ်မှပြသည်။

လာဆာမြို့သည် တိဗက်တို့၏မြို့တော်ဖြစ်ပြီး ပေပေါင်းတစ်သောင်းကျော်မြင့်သည့် တောင်တန်းများပေါ်မှာ တည်ထားသောမြို့ဖြစ်သည်။

အခြားအရပ်ဒေသမှလူများ ရောက်ရန်ခက်ခဲလှသဖြင့် ပိတ်ပင်ထားသည့်မြို့၊ ဝင်ခွင့်မရသည့်မြို့ဟု ခေါ်ကြလေသည်။

ထို့နောက် လာဆာမြို့တွင် အထိကရနေရာဖြစ်သော ‘ဒီပွန်’ ကျောင်းတော်ကြီးကို ပြသည်။

ထို့ပြင် ဒလိုင်းလာမာစံ ကျောင်းတော်ကြီးကို ပြသည်၊ တောင်ထွတ်တစ်ခုပေါ်မှာ ရွှေရောင်တဝင်းဝင်းနှင့် ရှိနေသော ပိုတာလာနန်းတော်ကြီးကိုလည်း အပေါ်စီးမှတွေ့မြင်ရသည်။

ပိုတာလာနန်းတော်ကြီးမှာ ကမ္ဘာပေါ်ရှိ အမြင့်ဆုံးနေရာ၌ရှိပြီး ကြီးကျယ်ခမ်းနားလှသော စံကျောင်းတော်ကြီးဆိုက မမှားပေ။ လာဆာမြို့၏မြောက်ဘက် တောင်ထွတ်တစ်ခုပေါ်၌ တည်ရှိလေသည်။

ဒေါက်တာမင်းထင်ကျော်အနေဖြင့် ပိုတာလာနန်းတော်



www.burmeseclassic.com

www.burmeseclassic.com



ကြိုးကို ယခင်ကရောက်ဖူးခဲ့သော်လည်း ယခုလိုလေယာဉ်ပျံပေါ်မှ ကြည့်ရသကဲ့သို့ အပေါ်စီးမှကြည့်ရသော အခွင့်အရေးမျိုးတော့ မရခဲ့ဖူးပါချေ။

ထိုနေရာမှ ထွက်ခွာလာပြီးနောက်. . တိဗက်နိုင်ငံ၏ အမြင့်ဆုံးတောင်ထွတ်တစ်ခုဖြစ်သည့် ချန်တန်ကုန်းမြင့်ပေါ်သို့ ရောက်လာကြသည်။

ရှေ့မှသွားနေသောဖယ်ရာက အသံထွက်ပြီးဘာမှ မပြောပြသော်လည်း သူပြောနေသကဲ့သို့ စိတ်ထဲမှာ အားလုံးသိနေသည်။

ထိုနေရာရောက်တော့ ထူးခြားသော မြင်ကွင်းတစ်ခုကို တွေ့ရလေသည်။

ချန်တန်တောင်ကုန်းတစ်နေရာမှာ တောင်ကြားတစ်ခုရှိပြီး၊ ထိုနေရာမှရေတို့သည် အပူရှိန်တစ်ခုခုကြောင့် ပွက်ပွက်ဆူထနေလေသည်။

တောင်ကြားအောက်ခြေ၌ရှိသော မီးတောက်တစ်ခု၊ ဒါမှမဟုတ် အပူရှိန်တစ်ခုခုကြောင့် တောင်ကြားအတွင်းမှာရှိသော ရေတို့မှာပွက်ပွက်ဆူနေခြင်းဖြစ်ပြီး ထိုနေရာမှ စီးသွားသော ရေပူတို့သည် မြစ်တစ်ခုအတွင်းသို့ စီးဝင်သွားကြလေသည်။

တစ်နေရာရောက်သောအခါ သူ့တစ်သက်နှင့်တစ်ကိုယ် မမြင်ဘူးသောမြင်ကွင်းတစ်ခုကို တွေ့မြင်ရလေသည်။ အခြားမဟုတ်ပေ၊ ခန့်ညားထည်ဝါလှသော မြို့တော်ဟောင်းကြီးတစ်ခုကို တွေ့မြင်ရခြင်းပင် ဖြစ်ပေသည်။





ထိုမြို့မှာ တစ်ပိုင်းကအပေါ်မှာရှိနေပြီး ကျန်တစ်ပိုင်းက ရေခဲထုအောက်မှာ နစ်မြုပ်ပျောက်ကွယ်နေလေသည်။

သို့သော်လည်း အချို့နေရာများမှာ ရေခဲထုအောက်မှ မြင်ကွင်းအချို့ကိုပင် အပေါ်စီးမှ မြင်နေရသည်။ အချို့နေရာများမှာတော့ ရေခဲများက ကြည်လင်လှသောကြောင့် မြို့တော်ကြီး၏ မြင်ကွင်းများကို ရှင်းလင်းစွာမြင်ရလေသည်။

ရေခဲတောင်များက ဘေးတစ်ဖက်တစ်ချက်မှ ကာရံပေးထားခြင်း၊ အချို့မှာ ရေခဲပြင်အောက် ရောက်နေသဖြင့်. . သဘာဝဘေးဒဏ်တို့မှ အကာအကွယ်ပေးထားသကဲ့သို့ ဖြစ်ကာ မြို့တော်ကြီးတစ်ခုလုံးမှာ ပျက်စီးယိုယွင်းမှု သိပ်မတွေ့ရဘဲ သဘာဝအတိုင်း ရှိနေလေသည်။

ထိုနေရာရောက်တော့ လာမာဖယ်ရာက အောက်သို့ ဆင်းသဖြင့် သူလည်း နောက်မှဆင်းလိုက်လေသည်။ ရေခဲပြင်ပေါ်ရောက်သွားသောအခါမှာတော့ အေးမြသော အတွေ့အထိမျိုးမရပေ။

ထိုသို့ဆင်းသက်ပြီးနောက် နှစ်ယောက်သား မြို့ဟောင်းကြီး၏လမ်းမအတိုင်း လျှောက်ဝင်သွားကြလေသည်။

နှင်းသားများဖုံးနေသော လမ်းမကြီးများမှာ မပျက်မယွင်းသေးဘဲ ပကတိအတိုင်း ရှိနေသည်။

ဒေါက်တာမင်းထင်ကျော်က သူတို့လျှောက်ခဲ့သောလမ်းကို နောက်ဘက်သို့ ပြန်လှည့်ကြည့်သောအခါ လာမာဖယ်ရာ၏ ခြေရာသာတွေ့ရပြီး သူ့ခြေရာကတော့ မပေါ်ပေ။

ထိုခြေရာများမှာ နှစ်ပေါင်းများစွာအတွင်း လူသားတို့၏



www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံးခြေလှမ်းများလည်း ဖြစ်နိုင်ပေသည်။

နှစ်ယောက်သား မြို့ဟောင်းကြီးအတွင်းမှာရှိသော လမ်းများအတွင်းသို့ လျှောက်ကြည့်ကြသည်၊

ရေခဲပြင်ပေါ်မှာ တစ်ဝက်တပျက်ပေါ်နေသော မြို့ဟောင်းကြီးအတွင်းမှာ အချို့အိမ်များမှာ မပျက်မယွင်းဘဲ ရှိနေကြသည်။

ကျောက်သားများ၊ ကျောက်တုံးများကို အသုံးပြုလျက် ဆောက်ထားသော နေအိမ်များမှာ နှစ်ပေါင်းများစွာ ကြာခဲ့သည်အထိ ပကတိအခြေအနေအတိုင်းပင် ရှိနေကြသေးသည်။ အချို့နေအိမ်များ၏အတွင်း၌ ထူးဆန်းသောပုံသဏ္ဌာန်ရှိသော လူအရိုးစုများ ရှိနေကြသည်။

လူအရိုးစုများဖြစ်သော်လည်း ယခုမြင်တွေ့နေရသည့် လူအရိုးစုများနှင့် များစွာကွာခြားလေသည်။

အရပ်အမောင်းမြင့်မားပြီး ပုံသဏ္ဌာန်မှာလည်း အနည်းငယ်ကွာခြားနေသည်ကို သတိပြုမိသည်။

ရေခဲတောင်ကြားထဲမှာ တမျှော်တခေါ်ရှိနေသည့် မြို့ဟောင်းကြီးမှာ ရှေးနှစ်ပေါင်းများစွာက ပထဝီမြေပြင်ပေါ်တွင် စည်ကားသိုက်မြိုက်စွာရှိခဲ့ကြောင်း ယခုမြင်တွေ့နေရသော အခြေအနေများက ဖော်ပြနေကြပေသည်။

ထိုကဲ့သို့ပျောက်ဆုံးသွားသော မြို့ဟောင်းကြီးများ၊ မြို့ပျက်ကြီးများ ကမ္ဘာနေရာအနှံ့အပြား၌ ရှိနေကြသည်။ အချို့လည်း မြေမြုပ်ကျသောကြောင့် ကမ္ဘာမြေလွှာပြင်အောက် ရောက်သွားကြသည်။





အချို့မြို့ဟောင်းများမှာ မီးတောင်ကြီးများမှ ချော်ရည်ပူများအောက်သို့ရောက်သွားပြီး တစ်မြို့လုံး ချော်ရည်ခဲများအောက် ရောက်သွားကြရသည်။

အများအားဖြင့်တော့ ပင်လယ်ရေအောက်သို့ နစ်မြုပ်ပျောက်ကွယ်သွားသော မြို့ဟောင်းကြီးများရှိကြလေသည်။ ပင်လယ်ရေပြင်အောက်သို့ နစ်မြုပ်ပျောက်ကွယ်သွားသော မြို့ဟောင်းကြီးများထဲမှ အတ္တလန္တစ်ရွှေမြို့တော်ကြီးမှာ လူသိများသော မြို့တော်ကြီးပင်ဖြစ်၏။

ဒေါက်တာမင်းထင်ကျော်က ရေခဲတောင်ကြားထဲမှာ တစ်ဝက်တစ်ပျက် နစ်မြုပ်နေသော မြို့ဟောင်းကြီးကို ကြည့်နေစဉ် နားထဲသို့ အသံတစ်သံ ကြားရသည်။

"ကျွန်ုပ်တို့ ပြန်ကြရမယ်၊ သင့်ရဲ့ရုပ်ခန္ဓာထဲမှ ဝိညာဉ်ခန္ဓာကို ခွဲထုတ်လာခဲ့တာ အချိန်အတော်ကြာပေပြီ၊ သူ့ရဲ့နေရာမှန်ကို ပြန်ပို့ပေးရမယ်"

ထိုအသံကြားရပြီးနောက်တွင် ထိုနေရာမှ ပြန်လာခဲ့ကြရပေသည်။ မရဏာတောင်မှာရှိနေသော အခန်းသို့ ပြန်ရောက်သောအခါ. . အိပ်ပျော်နေလျက်ရှိသော ရုပ်ခန္ဓာအတွင်းသို့ ဝိညာဉ်ခန္ဓာက ပြန်ဝင်ပြီးနောက် သတိပြန်ရလာလေသည်။

"သင် သတိကောင်းစွာရပြီ မဟုတ်လား"

"ရပါပြီ"

"သင်ရောက်ခဲ့တဲ့နေရာတွေကိုရော မှတ်မိနေပါသေးသလား"

"မှတ်မိပါတယ် ရေခဲတောင်ကြားအတွင်းမှာရှိနေသော



www.burmeseclassic.com

www.burmeseclassic.com



မြို့ဟောင်းကြီးကိုတော့ စိတ်ဝင်စားမှုအရှိဆုံး ဖြစ်ပါတယ်”

“ဒီပျောက်ကွယ်နေတဲ့ မြို့ဟောင်းကြီးရှိသောနေရာသို့ သာမန်လူတို့ မရောက်နိုင်ပါဘူး”

“အခုလိုလိုက်ပြပေးတာ ကျေးဇူးတင်ပါတယ် ဆရာတော်. . ဒါထက် တစ်ခုတော့ မေးပါရစေ”

“မေးနိုင်ပါတယ်”

“ဆရာတော်တို့အနေနဲ့ ဝိညာဉ်ခန္ဓာနဲ့မဟုတ်ဘဲ ရုပ်ခန္ဓာနဲ့ ကောင်းကင်ကိုပျံနိုင်တာ ဘယ်လိုစွမ်းအားမျိုးကို အသုံးချပြီး ပျံနိုင်တာပါလဲ”

“ဗုဒ္ဓရဟန္တာတွေ ကောင်းကင်ကနေ လိုရာခရီးကိုကြွသွားနိုင်ကြတာ ဈာန်သမာပတ်တန်ခိုးကြောင့် ဖြစ်ပါတယ်၊ ဝိဇ္ဇာဇော်ဂျီတွေ ကောင်းကင်ကပျံနိုင်ကြတာ သိဒ္ဓိစွမ်းအားတန်ခိုးကြောင့် ဖြစ်ပါတယ်၊ ကျွန်ုပ်တို့ကောင်းကင်မှာ ပျံနိုင်တာ လူရဲ့ခန္ဓာအလေးချိန်ကို သယ်ယူသွားနိုင်တဲ့ လေ့ကျင့်မှုစွမ်းအားကို အသုံးချပြီး လိုရာကိုသွားနိုင်ကြတာဖြစ်ပါတယ်”

“ဒီလိုစွမ်းအားမျိုးကို ချက်ခြင်းရနိုင်ပါသလား”

“မရနိုင်ပါဘူး၊ နှစ်ပေါင်းများစွာ လေ့ကျင့်မှပဲ ရနိုင်ပါတယ်၊ ကျွန်ုပ်ငယ်ရွယ်စဉ်က ထိုစွမ်းအားကို အသုံးချဖို့ ပြင်းပြင်းထန်ထန်လေ့ကျင့်ခဲ့ရပါတယ်၊ နောက်တော့ ထိုစွမ်းအားကိုရပြီး တိဗက်ပြည်ရဲ့ အမြင့်ပိုင်းဒေသတွေကို ကောင်းကင်ပေါ်ကနေ ပျံဝဲကြည့်ခဲ့ဖူးပါတယ်”

“ဒီတော့ ဘယ်လိုအခက်အခဲမျိုးတွေ တွေ့ရပါသလဲ”

“အကြိမ်ပေါင်းများစွာ အောက်ကိုပြုတ်ကျခဲ့ဖူးပါတယ်”





ဒေါက်တာမင်းထင်ကျော်က များစွာအံ့ဩသွားလေသည်။

“ဒီလိုနဲ့ တဖြည်းဖြည်းကြိုးစားတော့မှ ယခုလိုအခက်အခဲမရှိဘဲ လိုရာသွားနိုင်တဲ့ အဆင့်မျိုးရောက်လာတာပါ”

“ကျွန်တော်တို့ ကျင့်ရင်ကော ရနိုင်ပါသလား”

“ဆန္ဒပြင်းပြလို့ ကျင့်ကြံမယ်၊ လေ့ကျင့်မယ်ဆိုရင် ဘယ်အရာမဆို မရနိုင်စရာမရှိပါဘူး၊ ခန္ဓာရဲ့အလိုကိုမလိုက်ဘဲ စိတ်ကိုပြုပြင်ဆောက်တည်နိုင်ရင် ရနိုင်ပါတယ်”

“ကောင်းပါပြီ. . အခွင့်သာရင်တော့ လေ့ကျင့်ချင်ပါတယ်”

လာမာဖယ်ရှားက ခေါင်းတစ်ချက်ညိတ်ပြလိုက်သည်၊

“ကျွန်ုပ်သွားရပေဦးမယ်၊ ကျောင်းတိုက်မှာရှိတဲ့ အသက်အရွယ်ကြီးတဲ့ ဘုန်းကြီးတစ်ပါး ပျံလွန်တော်မူကာနီးနေပြီ၊ သူ့ဝိညာဉ်အတွက် လမ်းပြပေးရဦးမယ်”

“ဘယ်လိုရောဂါမျိုးနဲ့ သေတာပါလဲ”

“ရောဂါကြောင့် သေတာမဟုတ်ပါဘူး၊ သေချိန်တန်လို့ သေရတာပါ၊ သေခြင်းတရားကို ဘယ်သူမှ ရှောင်လွှဲလို့မရနိုင်ပါဘူး”

“မှန်ပါတယ်”

“သူသေသွားပြီးလျှင် သူ့ရဲ့ရုပ်ခန္ဓာကို သင်္ဂြိုလ်တဲ့နေရာကိုပို့ပြီး ဖျောက်ဖျက်ကြလိမ့်မယ်”

“သူတို့ကို ရုပ်တုလုပ်ထားတာရှိပါသလား”

“ဂိုဏ်းချုပ်ဆရာတော်ကြီးတွေနဲ့ ကျောင်းထိုင်ဘုန်းကြီး



www.burmeseclassic.com

www.burmeseclassic.com



တွေ ပျံလွန်တော်မူတဲ့အခါမှသာ ရွှေရုပ်တုအဖြစ် ပြုလုပ်ပြီး ထားလေ့ရှိကြတယ်၊ ကျန်တဲ့သာမန်ဘုန်းကြီးတွေ ပျံလွန်တော်မူရင်တော့ အလောင်းကို ဖျက်ဆီးပစ်လိုက်ကြပါတယ်၊ ဒါဟာ အကျိုးရှိတဲ့ လုပ်ရပ်တစ်ခုဖြစ်ပါတယ်”

“ဘယ်လိုများ အကျိုးရှိတာလည်း ဆရာတော်”

“သင်သိချင်တယ်ဆိုရင် မနက်ဖြန် အလောင်းသဂြိုဟ်တဲ့နေရာကို လိုက်သွားပြီး လေ့လာကြည့်နိုင်ပါတယ်၊ အဲဒီတော့ သင်ကိုယ်တိုင် တွေ့မြင်ရပြီး ဘယ်လိုဆိုတာသဘောပေါက်လာပါလိမ့်မယ်”

ဟုပြောဆိုကာ လာမာဖယ်ရာက အခန်းထဲမှ ပြန်ထွက်သွားလေတော့သည်။

ယခုအချိန်အထိတော့ တိဗက်သည် စိတ်ဝင်စားစရာများဖြင့် ပြည့်နေသောနေရာဖြစ်ကြောင်း လက်ခံကြရပေမည်။





## အခန်း(၈)

# သုဘရာဇာကုန်းမှ အသက်လုပွဲ

သေခြင်းတရားသည် လူတစ်ယောက်ဖြစ်စေ၊ သတ္တဝါတစ်ကောင်ပင်ဖြစ်စေ မလွဲမသွေရင်ဆိုင်ရသော အရာတစ်ခုပင်ဖြစ်သည်။

အတိတ်ဘဝတစ်ခုခုမှ ပြုခဲ့သော ကုသိုလ်ကောင်းမှုတစ်ခုခုကြောင့် ယခုဘဝတွင် ရုပ်ခန္ဓာနှင့် လူ့ဘဝကို ရခဲ့ကြသည်။ လူဘဝကိုရသည်နှင့် မမြဲသောတရား၊ ဒုက္ခဆင်းရဲခြင်းတရားများကို ကြုံတွေ့ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



လူ့ဘဝသက်တမ်းတလျှောက်တွင် ပျော်ရွှင်ရသောအ ချိန်က လွန်စွာနည်းပါးကြသည်။

သောကတရားဖြင့်သာ ဖြတ်သန်းခဲ့ကြရပြီး နောက်ဆုံးတွင် ဒီတစ်ဘဝစာမျှသာ အသုံးပြုခွင့်ရသော ရုပ်ခန္ဓာကြီးအား သေခြင်းတရားလက်သို့ ပြန်လည်အပ်နှံပြီးနောက် တစ်ဘဝအတွက် ပြီးဆုံးခဲ့လေပြီ။

ကျန်ခဲ့သော ဝိညာဉ်သို့မဟုတ်၊ နာမ်ခန္ဓာကသာ မိမိပြုခဲ့သော ကောင်းမှု၊ မကောင်းမှုကံများအတိုင်း အခြားဘဝသို့ကူးပြောင်း ... ၂က်ရှိကာ ခံရသည်လည်းရှိ၊ စံရသည်လည်းရှိကြလေသည်။

ယခုလည်း မရဏတောင်ပေါ်မှာ တိဗက်ဘုန်းကြီးတစ်ပါး ပျံလွန်တော်မူသွားခဲ့ပေပြီ၊ တစ်ဘဝ စခန်းသိမ်းသွားခဲ့ပေပြီ။

ဘုန်းကြီးအိုကြီးအလောင်းကို ကြာပွင့်သင်္ကန်းထိုင်ပေးပြီးနောက် အလောင်းအပ်နှံရန် သုဘရာဇာတို့ကို ခေါ်ရလေသည်။

လာမာဖယ်ရာက ဒေါက်တာမင်းထင်ကျော်တို့ နှစ်ယောက်ကို အလောင်းသင်္ဂြိုလ်သောနေရာသို့ လိုက်ကြည့်ကြရန် ခွင့်ပေးထားသောကြောင့် အဆင်သင့်စောင့်နေကြလေသည်။

သို့သော်လည်း ချက်ချင်းရောက်လာသည်တော့ မဟုတ်ပေ။ သေဆုံးပြီး လေးရက်မြောက်သောနေ့ရောက်မှ သုဘရာဇာခေါင်းဆောင် ရောက်လာသည်။

၎င်း၏အမည်မှာ ရာဂျန်ဖြစ်ပြီး လူသေအလောင်းများ





ဖျက်ဆီးပေးရသော သုဘရာဇာများ၏ ခေါင်းဆောင်ဖြစ်လေသည်။ ၎င်းနေသောနေရာမှာ လင်ကော်လမ်းမှ ခွဲထွက်သွားသော မရဏကုန်းအရပ်၌ဖြစ်သည်။

၎င်းရောက်လာသောအခါ လာမာဘုန်းကြီးများက ဆုတောင်းမေတ္တာပို့သပေးနေမှုများကို ရပ်တံ့လိုက်ကြသည်။ ဘုန်းကြီးများသည် အလောင်းကို လာရောက်မယူမချင်း သုံးရက်လုံးလုံး ဆုတောင်းမေတ္တာ ပို့ပေးနေကြခြင်း ဖြစ်လေသည်။

အလောင်းကို သယ်ကာနီးတော့ ဖယ်ရာကပြောသည်။

"အလောင်းဖျက်တဲ့နေရာကို သူတို့နှစ်ယောက်ခေါ်သွားပေးပါ"

"ဘာအတွက်လည်း ဆရာတော်"

"ကြည့်ရှုလိုတဲ့အတွက် ဖြစ်ပါတယ်"

ရာဂျန်က ဒေါက်တာမင်းထင်ကျော်တို့ နှစ်ယောက်ကို အကဲခတ်သလို တစ်ချက်ကြည့်ကာ ဘယ်မှထပ်မပြောတော့ပေ။ ထို့နောက် အလောင်းကို သယ်ယူသွားရာ ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက်လည်း နောက်မှလိုက်သွားကြလေသည်။

"ဗမာပြည်မှာတုန်းက အသုဘမပို့ခဲ့ရပေမယ့် တိဗက်ရောက်တော့မှ ထူးထူးခြားခြား အသုဘလိုက်ပို့ပေးနေရပါရောသား"

ဟုဦးဇန်ကောင်းက တိုးတိုးကပ်ပြောလေသည်။

"ကုသိုလ်ရတာပေါ့ အဘရယ်"

သုဘရာဇာအလောင်းကို သယ်ယူသွားပုံကတော့ ဆန်းဆန်းကြယ်ကြယ် မဟုတ်လှပေ။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ကြာပွင့်သဏ္ဍာန်ထိုင်လျက် အနေအထားမျိုးရှိနေသော ဘုန်းကြီးအိုကြီးအလောင်းကို အဝတ်ကြီးကြီးဖြင့် အဝတ်ထုပ်သလို ထုပ်လိုက်သည်။

ပြီးနောက် ပခုံးပေါ်ထမ်းကာ အပြင်ဘက်သို့ သယ်ယူသွားလေသည်။ တိဗက်ဘုန်းကြီးအချို့က အပြင်ဘက်ရောက်သည်အထိ လိုက်ပို့ပေးကြသည်။

သူတို့သည် တရားအမှတ်ဖြင့် မေတ္တာပွားကာ. . ဆုတောင်းမေတ္တာ ပို့သရင်းနှင့် လိုက်ပို့ပေးကြခြင်းဖြစ်သည်။

အပြင်ဘက်မှာတော့ ယက်နွားတစ်ကောင်ရှိနေသည်။ သုဘရာဇာက သူထမ်းလာသော အလောင်းထုပ်ကို ယက်နွားပေါ်တင်ကာ မကျအောင် ကြိုးဖြင့်ထိန်းချည်သည်။ ထို့နောက် အလောင်းတင်ထားသော ယက်နွားကို ရှေ့မှဆွဲယူသွားခြင်းဖြစ်သည်။

အပြင်ဘက်ရောက်တော့ အသုဘလိုက်ပို့သူမှာ ဒေါက်တာမင်းထင်ကျော်နှင့် ဦးဇန်ကောင်းတို့နှစ်ယောက်သာ ရှိတော့သည်။ တိဗက်ဘုန်းကြီးများက မလိုက်ကြတော့ပေ။

အလောင်းဖျက်သောနေရာမှာ မြင့်မားသောကျောက်တောင်တစ်ခု ထိပ်ပေါ်၌ဖြစ်ပြီး ကျောက်တုံးကြီးများ အစီအရီရှိနေသော နေရာဖြစ်သည်။

အလောင်းဖျက်သောနေရာသို့ ရောက်သောအခါ သယ်ယူလာသူက သူသယ်လာသောအလောင်းကို အလောင်းဖျက်သူများလက်သို့ အပ်လိုက်လေသည်။ အလောင်းဖျက်သောနေရာမှာလည်း ကျောက်တုံးကြီးများ အစီအရီရှိနေပြီး အလယ်





နေရာတွင် အုပေါက်များရှိသော ကျောက်ခုံတစ်ခုရှိသည်။

အလောင်းဖျက်မည့်သူများက သုံးယောက်ဖြစ်သည်။ အလောင်းသယ်ယူလာသော ခေါင်းဆောင်လုပ်သူနှင့် ဆိုပါက လေးယောက်ဖြစ်သည်။

သူတို့သည် ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက် လိုက်ပါလာသည်ကို လုံးဝဂရုမစိုက်ကြဘဲ သူတို့လုပ်ရမည့် အလုပ်ကိုသာ ဂရုစိုက်ပြီးလုပ်နေကြသည်။

ဟောင်းနွမ်းသော အဝတ်အစားများကို ဝတ်ဆင်ထားပြီး အသွားထက်လှသော ဓားရှည်တို့ကို တစ်ယောက်တစ်လက်စီကိုင်ကာ အလောင်းဖျက်ရန် ပြင်ကြလေသည်။

ဦးစွာ. . အလောင်းကို ကျောက်စင်ပေါ်တင်လိုက်ပြီးနောက် ပတ်ထားသောအဝတ်ကို ခွာချလိုက်သည်။

လူသေအလောင်းကို ပက်လက်အနေမျိုးဖြစ်အောင်ပြုလုပ်ပြီး ခြေနှစ်ဖက်၊ လက်နှစ်ဖက်တို့ကို ဒေါင့်လေးဒေါင့်၌ရှိသော တိုင်ငုတ်များတွင် ကြိုးချည်ထားလိုက်သည်။

လူသေအလောင်းကို ထိုသို့ပြင်ဆင်နေစဉ်မှာပင်. . . တောင်းကင်မှာ ပျံဝဲနေကြသော ငှက်တကြီးများ ပျံဝဲဆင်းလာပြီး အနီးမဝေးမှာရှိနေသော ကျောက်တုံးကြီးများပေါ်သို့ အသီးသီးနားကြလေသည်။

၎င်းတို့သည် ပြဇာတ်ရုံမှာ ပွဲကြည့်နေသကဲ့သို့ သုဘရာဇာတို့ ပြုလုပ်နေသမျှကို ဝိုင်းကြည့်နေကြသည်။ ငှက်တကြီးများ နားနေပုံမှာ စနစ်တကျပင်ဖြစ်သည်။ ရာထူးအဆင့်အတန်းအလိုက် တန်းစီရပ်သကဲ့သို့ အစဉ်အတိုင်းပင်ရှိကြလေသည်။

www.burmeseclassic.com



အကယ်၍နေရာလုသည့်အနေဖြင့် ကျော်တက်လာ ပါက ခေါင်းဆောင်ငှက်က နှုတ်သီးဖြင့်ထိုးဆိတ်ကာ သူ့နေရာ သူပြန်သွားစေပါသည်။

ထိုအခြေအနေကို မြင်သောအခါ ဦးဗန်ကောင်းစိတ် ထဲတွင် လူတို့၏ နေရာလုတတ်သောနေရာတွင် ငှင်းတငှက် ခေါင်းဆောင်တင်သင့်သည်ဟု ထင်မိလေသည်။

အလောင်းကို ကျောက်ခုံပေါ်တွင်တင်ပြီး အဆင်သင့် အနေအထားမျိုးဖြစ်သောအခါ သုဘရာဇာတို့က ဓားရှည်ကြီး များဖြင့် ခွဲစိပ်ခြင်းကို စတင်ကြလေသည်။

၎င်းတို့အလုပ်မှာ ငါးခြောက်ခွဲတာနှင့်ပင် များစွာတူ သည်။ အသားများကို အမြှောင်းလိုက်၊ အမြှောင်းလိုက်ဖြစ် အောင် ခွဲစိပ်ကြသည်။

အကြောများ မပြတ်ခင်က ခန္ဓာကိုယ်မှာ တွန့်လိမ်လှုပ် ရှားနေလေသည်။ အကယ်၍သာ ခြေနှင့်လက်တို့ကို ကြိုးတုပ် မထားပါက နေရာမှ ထထိုင်လာလေမည်လား မပြောတတ်ပေ

အသားများ အမြှောင်းလိုက်ခွဲစိပ်ပြီး တစ်ကိုယ်လုံး အကြောများ ပြတ်တောက်သွားသောအခါ ခန္ဓာကိုယ်က ပြန်ငြိမ် သွားသည်။ ထိုအခါမှ ခြေနှစ်ဖက်၊ လက်နှစ်ဖက်ကို အရင်ဖြတ် သည်။ ပြီးမှ ဦးခေါင်းကိုဖြတ်သည်။

ပြီးလျှင်. . ဝမ်းဗိုက်ကိုဖောက်၍ ပြီး နှလုံးကို ဦးစွာထုတ် ယူသည်။ ထိုအခါ ခေါင်းဆောင်ငှင်းတကြီးက အတောင် ဖျပ်ဖျပ်ခတ်ကာ ကျောက်တုံးပေါ်မှဆင်းလာပြီး အလောင်းဖျက် သူအနီးသို့ ရောက်လာသည်။





အလောင်းဖျက်သူက သေဆုံးသူ၏ ကိုယ်ခန္ဓာထဲမှ ထုတ်ယူသောနှလုံးကို ၎င်းအားလှမ်းပေးလိုက်သောအခါ လှမ်း ယူပြီးနောက် သူ့နေရာသူပြန်သွားကာ အေးအေးဆေးဆေးနှင့် ပင် စားသောက်နေလေသည်။

သေဆုံးသွားပြီးနောက် ဘာမှအသုံးမဝင်တော့သော သူတစ်ယောက်၏ ကိုယ်ခန္ဓာအစိပ်အပိုင်းတစ်ခုဖြစ်သည့် အ သည်းနှလုံးသည် ငှင်းတတစ်ကောင်အတွက်တော့ အကောင်း ဆုံးစားသောက်ဖွယ်ရာတစ်ခု ဖြစ်နေပါတော့သည်။

ထို့နောက်. . အလောင်းဖျက်သူက အသည်းကိုထုတ် ယူလိုက်သည့်အခါ ဒုတိယအဆင့်ရှိသောငှက်က ရှေ့သို့တိုးလာ ပြီး ယူသွားကာ သူ့နေရာသူပြန်ကာ စားသောက်နေသည်။

ကျောက်ကပ်၊ အဆုပ်၊ အူ၊ သရက်ရွက်၊ ဦးနှောက်. . စသည်တို့မှာလည်း ရာထူးအဆင့်အတန်းအလိုက်ပင် ရရှိကြ ကာ စားသောက်ကြရသည်။

ရာထူးမရှိကြသော သာမန်ငှင်းတတို့ကတော့ ဓားဖြင့် မြှင်းထားသည့် အသားများကိုသာ စားသောက်ကြရသည်။

ရာထူးကြီးသော ငှင်းတက အကောင်းဆုံးကို စား သောက်ရပြီး သာမန်အဆင့်ရှိသူများက သာမန်မျှသာ စား သောက်ကြရသည့် သဘောပင်ဖြစ်သည်။

ပထမပေးသော အစားအစာခွဲတမ်း ကုန်သွားပါက နောက်ထပ်လာတောင်းပြန်သည်။

သုဘရာဇာတို့က ကျန်နေသေးသော အသားတုံးများ ကိုလည်း အညီအမျှ ခွဲဝေပေးပါသည်။

www.burmeseclassic.com



သုဘရာဇာတို့သည် ကောင်းတာကို မိမိတို့အတွက် ချန်ထားပြီး မကောင်းတာကို ခွဲဝေပေးသောအကျင့်မျိုးလည်း မရှိကြပေ။ နောက်ဆုံး အသားတုံးအားလုံး ကုန်သွားပြီး အရိုးစု ချည်းသာ ကျန်ခဲ့တော့သည်။

ထိုအရိုးစုများမှာလည်း အချည်းနှီးမဖြစ်ပေ။

သုဘရာဇာတို့က ထိုအရိုးစုများကို ထင်းချောင်းများ ဖြတ်တောက်သကဲ့သို့ ချိုးဖဲ့ဖြတ်တောက်ကာ ကျောက်ခွက်ထဲသို့ ထည့်ပြီး အမှုန့်ဖြစ်သည်အထိ ထည့်ထောင်းကြသည်။

ထိုအရိုးမှုန့်များကိုလည်း ကျောက်တုံး၊ ကျောက်ပြား များပေါ်မှာပုံပြီး ကျွေးသောအခါ ငှင်းတများကများက ပြောင် စင်အောင် ယူငင်စားသောက်ကြပြန်၏။

နောက်ဆုံးမှာတော့ ခန္ဓာကိုယ်တစ်ခုလုံးအမှုန့်တစ်စမှ မကျန်တော့လောက်အောင် ပြောင်စင်သွားလေတော့သည်။ အလောင်းဖျက်သူများသည် ထိုအလုပ်ကိုများစွာ ကျွမ်းကျင်ကြသည်။ ထိုကဲ့သို့အလုပ်မျိုး လုပ်ခွင့်ရသဖြင့်လည်း ကျေနပ်ဂုဏ် ယူတတ်ကြလေသည်။

ယခုကဲ့သို့ အလောင်းတစ်လောင်းကို ဖျက်ဆီးရသည် မှာလည်း သူတို့အတွက် မခက်ခဲလှပေ။

အလောင်းတစ်လောင်းလုံး တစ်စမကျန်ဖျက်ဆီးကျွေး မွေးပြီးသောအခါ ငှင်းတကြီးများလည်း ပျံသွားကြလေသည်။ ကျွေးတဲ့သူများအတွက်ရော စားသောက်ကြသည့် သတ္တဝါများ အတွက်ပါ ပွဲပြီးသွားခဲ့ပေပြီ။

ဒေါက်တာမင်းထင်ကျော်တို့ နှစ်ယောက်လည်း ထိုနေ





ရာမှပြန်ရန် ပြင်ကြလေသည်။

ထိုအခါ အလောင်းဖျက်နေစဉ် တစ်ချိန်လုံးတစ်ဦးနှင့် တစ်ဦး စကားတစ်ခွန်းမှမပြောကြသော သုဘရာဇာသုံးယောက် က သူတို့အနီးသို့ ရောက်လာကြသည်။

“ခင်ဗျားတို့ဘယ်သူတွေလဲ”

“ဧည့်သည်တွေပါ”

“တိဗက်ကို ဘာအတွက်ရောက်လာကြတာလဲ”

“လေ့လာရေးအတွက်ပါ”

“ဒီနေရာက ဘယ်သူမှမလာကြဘူး၊ ရောက်လာရင် လည်း ပြန်ခွင့်မရှိဘူး”

ဟုပြောဆိုကာ နောက်တစ်ယောက်ပါ ရောက်လာပြီး လေးယောက်ဖြစ်သွားပြီး သူတို့နှစ်ယောက်ကို ပတ်ဝိုင်းထား လိုက်ကြသည်။

သူတို့လေးယောက်လက်ထဲတွင် အလောင်းဖျက်ရာ တွင် အသုံးပြုသော ဓားရှည်များကိုင်ထားကြသည်။

ဒေါက်တာမင်းထင်ကျော်က အခြေအနေကို တွက်ဆ မိလေသည်။ ထို့ကြောင့် အသင့်အနေအထား ပြင်ထားရင်း ပြန် ပြောလိုက်သည်။

“ငါတို့က မင်းတို့နဲ့ရန်သူတွေ မဟုတ်ပါဘူး”

“ဒါပေမယ့် ငါတို့ပိုင်နက်ထဲကို ဝင်လာမိပြီဆိုတော့ ငါတို့သဘောကျသလို လုပ်ခွင့်ရှိနေပြီ. . သေပေတော့”

ဟုပြောပြောဆိုဆိုနှင့် လေးဖက်လေးတန်မှ ညှပ်ပြီး ဓားဖြင့်ဝင်ခုတ်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက်ကို ရှေ့နောက်ညှပ်ပြီး ဝင်ခုတ်သည်။

ဦးဗန်ကောင်းကိုလည်း ကျန်နှစ်ယောက်က ဝင်ခုတ်ကြလေသည်။ ဒေါက်တာမင်းထင်ကျော်ရော ဦးဗန်ကောင်းမှာ သိုင်းပညာ ဗန်တိုပညာကို အတန်အသင့် တတ်မြောက်ထားသူများဖြစ်သဖြင့် ရန်သူတို့တိုက်ခိုက်ခြင်းကို ပြန်လည်တုံ့ပြန်ကာ တိုက်ခိုက်နိုင်ကြလေသည်။

ဒေါက်တာမင်းထင်ကျော်က ရှေ့နောက်ညှပ်ခုတ်သောဓားချက်ကို လွတ်အောင် နံဘေးသို့ ခုန်ထွက်လိုက်ပြီး အနီးဆုံးလူ၏နံဘေးကို ခြေဖြင့်ကန်ရာ ဘေးသို့လိမ့်ကျသွားလေသည်။

ကျန်တစ်ယောက်က လွှန်သွားသောဓားချက်ကို ချက်ခြင်းသိမ်းပြီး ဘေးသို့လှည့်ကာ လက်ပြန်လှည့်ပိုင်းသည်။

ထိုအခြေအနေကို မြင်သဖြင့် ခြေတစ်ကွက်ဆုတ်ပြီး ဓားကိုင်ထားသောလက်ကို လက်ကောက်ဝတ်မှ တားပြီး တထောင်ဆစ်နေရာသို့ ရိုက်ချိုးရာ အရိုးကျိုးသံနှင့်အတူ ဓားပြုတ်ကျသွားသည်။

ထိုအခါ ကျန်တစ်ယောက်က ကျောဘက်မှ ဓားဖြင့်ပြေးထိုးရာ ဓားဦးလွတ်ရုံကလေးရှောင်ပေးပြီး အရှိန်ဖြင့်ဝင်လာသော ရန်သူ၏မျက်နှာကို တထောင်ဆစ်ဖြင့် ရိုက်ချရာ နောက်သို့လန်ထွက်သွားသည်။

ရန်သူနှစ်ယောက်စလုံး လက်နက်မဲ့သွားလေပြီ။

ဦးဗန်ကောင်းကလည်း သူနှင့်တိုက်ခိုက်ရသော လူနှစ်ယောက်စလုံး ကို သက်တောင့်သက်သာအနေအထားဖြင့်ပင်





မြေပေါ်သို့ လှဲချထားနိုင်သည်ကို တွေ့ရသည်။

"တိဗက်က အတော်အေးတဲ့နေရာပဲ ဒီလိုသွေးပူလေ့ကျင့်ခန်းမျိုး လုပ်ရတော့လည်း ပိုကောင်းတာပေါ့"

ဟုပြောလိုက်သည်။

ဒေါက်တာမင်းထင်ကျော်က တစ်စုံတစ်ခုကို သတိရသဖြင့် သုဘရာဇာခေါင်းဆောင် ရာဂျန်ဆီသို့လျှောက်သွားလေသည်။ ရာဂျန်မှာ ဦးဗန်ကောင်းလက်ချက်ဖြင့် သတိမေ့နေလေပြီ။ ဒေါက်တာမင်းထင်ကျော်က ရာဂျန်တစ်ကိုယ်လုံးရှာကြည့်သောအခါ ကျောဘက်မှာ ထိုးထားသော နဂါးနက်ရုပ်တစ်ရုပ်ကို တွေ့တော့မှ သူတို့ကိုရန်ရှာသော အကြောင်းရင်းကို သဘောပေါက်သွားလေတော့သည်။

"ဒါ မိစ္ဆာဝါဒီဂိုဏ်းသားတစ်ယောက်ပဲ"

"ဒါဖြင့် သူတို့က ကျုပ်တို့ဒီရောက်နေတာကို ကြိုသိနေကြတဲ့သဘောပေါ့"

"မဟူရာဆိုတဲ့အမျိုးသမီးက သိပြီးသားဖြစ်မှတော့ သူတို့ဂိုဏ်းသားတွေ သိကြတာ သိပ်တော့မထူးဆန်းလှပါဘူး. . ၊ နောက်ပိုင်းတွေမှာ သတိဝီရိယရှိကြဖို့ပဲ လိုတော့တယ်"

ဟုပြောဆိုရာ သုဘရာဇာကုန်းပေါ်မှ ပြန်ဆင်းလာခဲ့ကြလေသည်။ ပတ်ဝန်းကျင်တစ်ခုလုံးမှာတော့ မြူနှင်းများက ပိတ်ဆီးနေဆဲပင် ရှိပေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၉)

# လာဆာမြို့ သို့မဟုတ် ဝင်ခွင့်မရသောမြို့

မရဏာတောင်ပေါ်တွင် ရက်အတန်ကြာနေပြီး လိုအပ်သောပြင်ဆင်မှုများ ပြုလုပ်ကြရာ နောက်ဆုံးမှာတော့ ခရီးထွက်ရန်အတွက် အဆင်သင့်ဖြစ်သော အခြေအနေသို့ ရောက်ကြလေပြီ။ အားလုံးပြင်ဆင်ပြီးသောအခါ ဂိုဏ်းချုပ်ဆရာတော်ကြီးအား နောက်တစ်ကြိမ် ဖူးတွေ့ခွင့်ရကြသည်။

ဆရာတော်ကြီးက ဆုတောင်းမေတ္တာများ ပို့ပေးလေသည်။ ထို့နောက်မှာ လာမာဖယ်ရာနှင့် လက်ာတို့နှစ်ယောက်က



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကို တောင်ခြေရောက်သည်အထိ လိုက်ပို့ပေးကြသည်။ မရဏတောင်ပေါ်သို့ အတက်အဆင်းပြုလုပ်သောလမ်းမှာ တောင်၏အတွင်းဘက်၌ ရှိလေသည်။

တောင်ခြေရောက်တော့ ဖယ်ရာကပြောသည်။

"သင်တို့အနေနှင့် ကျွန်ုပ်တို့အတွက် အရေးကြီးလှသောကိစ္စအား အောင်မြင်အောင် ဆောင်ရွက်ပေးနိုင်မည်ဟု ယုံကြည်ပါတယ်၊ ဒါပေမယ့် သင်တို့အတွက် အန္တရာယ်များက ဆီးကြိုနေကြပါလိမ့်မယ်၊ ဒီအန္တရာယ်တွေကို ကျော်ဖြတ်နိုင်ပါစေ၊ ဘေးအန္တရာယ်များ ကင်းရှင်းပါစေလို့ ဆုတောင်းမေတ္တာပို့ပေးလိုက်ပါတယ်"

ဟု လက်အုပ်ချီလျက် ဆုတောင်းမေတ္တာပို့ပေးကြလေသည်။ သူတို့ကလည်း ပြန်လည်နှုတ်ဆက်ကြပြီးနောက် တောင်ခြေမှ ထွက်လာခဲ့ကြသည်။

တိဗက် ဘုန်းကြီးနှစ်ပါးက သူတို့နှစ်ယောက်မြင်ကွင်းမှ ပျောက်သွားသည်အထိ ရပ်ကြည့်နေကြပြီးမှ အတွင်းသို့ပြန်ဝင်သွားကြလေသည်။

သူတို့ပြန်ဝင်သွားပြီးသောအခါ ကျောက်တံခါးပေါက်တ ပြန်ပိတ်သွားလေရာ တောင်နံရံနှင့် တသားတည်းဖြစ်သွားလေတော့သည်။ ခဏကြာတော့ ထိုနေရာသို့ နှင်းခဲများက ဖုံးလိုက်ပြီဖြစ်ရာ ဝင်ပေါက်နေရာမှာ ပျောက်သွားလေတော့သည်။

ဒေါက်တာမင်းထင်ကျော်ရော ဦးဗန်ကောင်းပါ နှစ်ယောက်စလုံး အဝတ်အစားများ ပြောင်းလဲဝတ်ဆင်ထားကြလေသည်။





ဒေါက်တာမင်းထင်ကျော်ကတော့ သူဝတ်ဆင်ထားသောအကျႌအတွင်းအိတ်ထဲတွင် မဟူရာဆိုသော အမျိုးသမီးပေးသွားသော နဂါးနက်ရုပ်တုကတော့ ရှိနေသည်။

သူတို့နှစ်ယောက်၏ ဦးတည်ချက်ကတော့ တိဗက်တို့၏ မြို့တော်ဖြစ်သည့် လာဆာမြို့တော်ပင်ဖြစ်သည်။ လာဆာမြို့တော်၏ အခြားအမည်တစ်ခုမှာ ဝင်ခွင့်မရသောမြို့တော်ဆိုသည့် အမည်ပင်ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် ပင်လယ်ရေပြင်အထက် ပေ တစ်သောင်းကျော်မြင့်သော တောင်ထိပ်များပေါ်မှာ တည်ထားသောကြောင့် သာမန်လူတို့ မရောက်နိုင်သော နေရာတစ်ခုဖြစ်သဖြင့် ထိုအမည်ပေးထားကြခြင်းဖြစ်သည်။

အချိန်က (၁၉၂၇)ခုနှစ်ဆန်းပိုင်ကာလ ဖြစ်သဖြင့် . . တိဗက်နိုင်ငံအတွင်းသို့ တရုတ်ကျူးကျော်ရေးသမားများ ဝင်ရောက်ကာ တိဗက်ပြည်သူတို့အား နည်းလမ်းမျိုးစုံတို့ဖြင့် နှိပ်စက်နေသည့်အချိန်ဖြစ်သောကြောင့် တစ်မြို့လုံး မငြိမ်မသက်ဖြစ်နေသောအချိန်လည်း ဖြစ်လေသည်။

လာဆာမြို့မှာ တိဗက်၌ အစည်ကားဆုံးမြို့တစ်မြို့သည်းဖြစ်သည်။ တိဗက်ပြည်အကြောင်းကို ဖော်ပြပါက လာဆာမြို့အကြောင်းပါမှ ပြည့်စုံပေသည်။

လာဆာမြို့သည် တိဗက်ပြည်၏မြို့တော်ဖြစ်ပြီး ဒလိုင်းလာမာခေါ်သော တိဗက်ရဟန်းမင်းကြီး သီတင်းသုံးနေထိုင်ရာမြို့ဖြစ်ခဲ့သည်။

လာဆာမြို့သည် ပင်လယ်ပြင်အထက် ပေ (၁၁,၈၃၁)



www.burmeseclassic.com

www.burmeseclassic.com



တွင်တည်ရှိသည်။

ထိုမြို့သည် သစ်ပင်များမပေါက်ရောက်သော တောင်များဝန်းရံလျက်ရှိကာ မြေဩဇာကောင်းပြီးလျှင် ပြန့်ပြူးသောနေရာဖြစ်သည်။

လာဆာမြို့သည် သဘာဝတည်နေရာအားဖြင့် အဝင်ရခက်သည့်အပြင် (၁၈)ရာစုခုနှစ်က ဝင်ရောက်စိုးမိုးသော တရုတ်တို့၏ ဝါဒကြောင့်လည်း မည်သူမျှလွယ်ကူစွာ မဝင်နိုင်အောင် တသီးတခြား တည်ရှိနေခဲ့ပေမည်။

လာမာဘုန်းတော်ကြီးများကလည်း မည်သို့မျှ မပြုပြင်ဘဲ ရှိခဲ့သည်။

ထိုမြို့သည် တောင်ထူထပ်၍ လမ်းပန်းဆက်သွယ်ရေး မသာယာသဖြင့် နိုင်ငံခြားသားများ အရောက်နည်းပါးကာ ပြင်ပနိုင်ငံများနှင့် ဆက်သွယ်မှုကင်းကွာခဲ့သည်။

လွန်ခဲ့သော အချိန်ကာလအထိ မြို့တွင်းသို့ နိုင်ငံခြားသားများ အလွယ်တကူဝင် ရောက်နိုင်ခြင်း မရှိသောကြောင့် လာဆာမြို့ကို "ဝင်ခွင့်မရမြို့"ဟု ခေါ်ဝေါ်ခဲ့ကြလေသည်။

သို့သော် အင်္ဂလိပ်လက်နက်ကိုင်တပ်များသည်(၁၉၀၄) ခုနှစ်မှစ၍ လာဆာမြို့တွင်းသို့ ဝင်ရောက်နိုင်ခဲ့သည်။

ထိုကာလထက်စောသော အချိန်ကာလက အင်္ဂလိပ်လူမျိုးတစ်ဦးဖြစ်သူ သောမတ်မန္နင်းသာလျှင် (၁၈၁၁)က ထိုမြို့တွင်းသို့ ဝင်ရောက်နိုင်ခဲ့ပေသည်။

မိုင်(၃၉၀)မျှရှည်သော လမ်းတစ်ကြောင်းသည် လာဆာမြို့၏ တောင်ဖက်မှစတင်၍ ဟိမဝန္တာတောင်ခြေ၌ရှိသော





ဒါကျီလင်မြို့သို့ရောက်သည်။

လာဆာမြို့သည် ဗြဟ္မပုတြမြစ်၏ လက်တက်ဖြစ်သော ကျီချူမြစ်ပေါ်တွင် တည်ရှိသည်။

မြောက်ဘက်တောင်ထွတ်ပေါ်တွင် ဒလိုင်းလာမာ၏ စံကျောင်းတော် တည်ရှိသည်။

စံကျောင်းတော်သည် တောင်စောင်းတလျှောက် အဆင့်ဆင့်တည်ရှိပြီးလျှင် မြို့တော်ကိုအုပ်မိုးလျက်ရှိသဖြင့် ယင်းစံကျောင်းတော်ကို 'ပိုတာလာ'ဟု ခေါ်သည်။

မြစ်ဖက်မှ တဖြည်းဖြည်းမြင့်တက်လာသော တောင်ကျက်ရှိတောင်၏ အထွတ်တွင် ခံတပ်နှင့် ဒလိုင်းလာမာ၏ ဆေးကောလိပ်ကျောင်းရှိသည်။

အဆိုပါတောင်နှစ်လုံး၏ အကြားတွင် မြို့ဝင်တံခါးမကြီးရှိ၍ ကိုက်(၃၀)ကျယ်သည်။

(၁၇၂၂)တွင် မြို့ရိုးကို တရုတ်တို့ချဉ်းနင်းဝင်ရောက်ခဲ့ စဉ်က ဖျက်ဆီးလိုက်ရာ နောက်ထပ်မြို့ရိုးကို ပြင်ဆင်ခြင်း မရှိခဲ့ချေ။ တံခါးမနှင့်မြို့၏အကြားတွင် မြက်ခင်း၊ ပြောင်းခင်း၊ သစ်သီးခြံနှင့် ရွှံ့နွံတောများရှိသည်။

လာဆာမြို့သက်သက်မှာ အရှေ့အနောက် တစ်မိုင်ရှည်၍ အနံမိုင်ဝက်ရှိသည်။

လူဦးရေ(၅၀,၀၀၀)ခန့် ရှိမည်ဟု ထိုစဉ်က ခန့်မှန်းထားခဲ့သည်။ လူနေအိမ်များကို အုတ်များဖြင့်ဆောက်လုပ်ထားပြီး နှစ်ထပ်(သို့မဟုတ်)သုံးထပ်တိုက်များဖြစ်သည်။

လမ်းသေးစကြီများ၊ ရေလွှဲမြောင်းများဟူ၍ မရှိပေ။



www.burmeseclassic.com

www.burmeseclassic.com



စတုဂံပုံသဏ္ဍာန်ဖြစ်သော ဂျိုကန်ခေါ်ဘုရားကျောင်းသည် မြို့၏အလယ်တွင် တည်ရှိသည်။

လာဆာမြို့တွင် လူရည်တတ်များ၏ အိမ်များမှာ မီးဖုတ်အုတ်များဖြင့် ဆောက်လုပ်ထားသည်။ နွမ်းပါးသူတို့၏ အိမ်များမှာ နေလှန်းအုတ်ဖြင့် ဆောက်လုပ်ထားသည်။

အိမ်တိုင်းကို ဆေးဖြူသုတ်ထားသည်။

အိမ်များဆောက်ထားပုံမှာ တစ်ခုနှင့်တစ်ခု ကပ်ကပ်စိပ်စိပ်ဖြစ်သည်။ အိမ်များ၏ ကြိုကြားကြိုကြားတွင် ဘုန်းကြီးကျောင်းများရှိသည်။ မြို့၏အပြင်ဖက်၌ ဘုန်းကြီးကျောင်းသုံးဆောင်ရှိသည်။

ယင်းဘုန်းကြီးကျောင်းများ အတွင်း၌ သီတင်းသုံးသောဘုန်းကြီးများသည် တိုင်းပြည်အုပ်ချုပ်ရေး၌ အရေးပါအရာရောက်လှပေသည်။

အဆိုပါဘုန်းကြီးကျောင်းများသည်ပင် လာမာဘုန်းကြီး၏ တက္ကသိုလ်ဖြစ်၏။

လာမာဘုန်းကြီးများ၏ တက္ကသိုလ်များအနက် ဒီပွန်ခေါ်သော ဘုန်းကြီးကျောင်းမှာ ရဟန်း (၈၀၀၀)ရှိ၍ ကမ္ဘာတွင်အကြီးဆုံးဘုန်းကြီးကျောင်းဟု ဆိုနိုင်ဖွယ်ရှိသည်။

ဒလိုင်းလာမာသည် ထိုကျောင်းသို့ နှစ်စဉ်ကြွရောက်သည်။ အဆိုပါဘုန်းကြီးကျောင်းများသည် မည်မျှပင်ကြီးမားစေကာမူ ဒလိုင်းလာမာ စံကျောင်းတော်ကြီးသည် အာရှတိုက်၌ ထယ်ဝါခန့်ညားဆုံး သာသနိက အဆောက်အအုံတစ်ခုဖြစ်ပြီးလျှင် အဆောက်အအုံကြီးတစ်ခုလုံးသည် အလျားပေ(၉၀၀)ရှိ





၍ ရွှေချထားသော အာလိန်ငါးဆင့်ပြာသာဒ်အထွက်မှာ မြေပြင်၏အထက် ပေ(၃၀၀)တွင် တည်ရှိသည်။

အလယ်တွင်ကား ရဟန်းမင်း စံပယ်သီတင်းသုံးရာကျောင်းဆောင်တည်ရှိ၍ အနီရောင်ပုပ်ပုပ် အဆင်းရှိသည်။

ပိုတာလာ၏ ဘေးအဆွယ်နှင့် အောက်ခြေပိုင်းတို့မှာ အဖြူရောင်သုတ်ထားသဖြင့် ကျောင်းဆောင်မှာ ထင်းထင်းရင်းရင်း ရှိလှပေသည်။

ပိုတာလာ စံကျောင်းအတွင်းရှိ ညီလာခံခန်းမဆောင်တွင်း၌ (၁၉၀၄)ခုနှစ်တွင် ဂရိတ်ဗြိတိန်နှင့် တိဗက်တို့စာချုပ်လက်မှတ်ရေးထိုးခဲ့ကြသည်။

လာဆာမြို့သည် တိဗက်ပြည်၏အနောက်တောင်ဖက် ဟိမဝန္တာတောင်တန်းတွင် တည်ရှိသည်။ အချို့တောင်များမှာ ကမ္ဘာတွင်အမြင့်ဆုံးတောင်များ စာရင်းဝင်ဖြစ်သည်။

ဒလိုင်းလာမာဟုခေါ်သော တိဗက်ရဟန်းမင်းကြီး၏ ပိုတာလာနန်းတော်သည် လာဆာမြို့မြောက်ဖက် တောင်ထွတ်ပေါ်တွင် ခန့်ငြားထည်ဝါစွာ တည်ရှိသည်။

လာဆာမြို့သည် အိန္ဒိယ၊ မြန်မာနှင့် တရုတ်နိုင်ငံများမှ မြင်း၊ လားတို့ဖြင့် ကုန်များကို တင်လာသော ကုန်သည်များစုဝေးရာဖြစ်၍ အရောင်းအဝယ်စည်ကားသော မြို့ဖြစ်သည်။

လာဆာမြို့သည် (၁၇)ရာစုနှစ်မှစ၍ ဒလိုင်းလာမာစံမြန်းသီတင်းသုံးရာမြို့ ဖြစ်ခဲ့ပေသည်။

(၁၉၆၅)ခုနှစ် စက်တင်ဘာလ (၁)ရက်နေ့မှ အစပြု၍ တိဗက်ပြည်သည် တရုတ်နိုင်ငံတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသော



www.burmeseclassic.com

www.burmeseclassic.com



ပြည်နယ်ဖြစ်လာသောအခါ လာဆာမြို့သည်လည်း ထိုပြည်နယ်၏မြို့တော် ဖြစ်လာလေသည်။

ယခုအခါမှာတော့ လာဆာမြို့တော်ကို တရုတ်ကျူးကျော်ရေးသမားများ ဝင်ရောက်သိမ်းပိုက်ထားသဖြင့် မငြိမ်မသက်ဖြစ်နေသောအချိန် ဖြစ်နေလေသည်။

သူတို့ရောက်သွားသောအချိန်မှာ တရုတ်စစ်သားများကို နေရာအနှံ့ တွေ့ရလေသည်။

"ဘယ်နေရာသွားမလဲ မောင်ထင်ကျော်"

"တည်းခိုခန်းတစ်ခုခုမှာ ဝင်တည်းပြီး သတင်းစုံစမ်းရင် ပိုပြီးသိချင်တာသိရနိုင်တယ်"

ထိုသို့ပြောပြီး တည်းခိုခွင့်ပေးနိုင်သော စားသောက်ဆိုင်များကို လိုက်လံစုံစမ်းကြရာ သူတို့၏ပုံပန်းသဏ္ဌာန်ကိုကြည့်ပြီး မည်သည့်နေရာကမှ လက်မခံကြပေ။

"ကျုပ်တို့နှစ်ယောက်ကို တိဗက်လူမျိုး မဟုတ်မှန်းသိလို့လက်မခံကြတာဖြစ်မယ်"

"ဒီလိုပဲ ကြိုးစားကြည့်ရမှာပေါ့"

တစ်နေရာပြီး တစ်နေရာလိုက်လံစုံစမ်းကြည့်သော်လည်း အဆင်မပြေပေ။

မြို့ထဲမှာသွားလာသောအခါမှာလည်း တရုတ်စစ်သားများက ခြေရှုတ်နေသဖြင့် ၎င်းတို့ကိုရှောင်ကွင်း ပြီးသွားနေရသောကြောင့် ခရီးမတွင်လှပေ။

အကယ်၍ မိုးချုပ်၍မှ အဆင်မပြေခဲ့လျှင် တိဗက်ဘုန်းကြီးကျောင်းတစ်ကျောင်းသို့ သွားရောက်အကူအညီတောင်းပြီး





တည်းခိုရန် စိတ်ကူးထားလေသည်။

"ကျုပ်တို့နှစ်ယောက် ဒီလိုပဲလျှောက်သွားနေရင် သူလျှိုတွေလို့ထင်ပြီး အဖမ်းခံရကြရလိမ့်မယ်၊ အခုတောင် နောက်ကတကောက်ကောက် လိုက်ကြည့်နေကြပြီထင်တယ်"

ဟု ဦးဇန်ကောင်းက သတိပေးသည်။

သို့ကြောင့် နီးစပ်ရာ စားသောက်ဆိုင်တစ်ခုသို့ ဝင်ကာ အစားအသောက်များကို မှာယူစားသောက်ကြလေသည်။

အချိန်က ညနေပိုင်းရောက်လာပြီဖြစ်သောကြောင့် လူသွားလူလာ အတော်ကျဲသွားလေပြီ။ လမ်းမများပေါ်မှာတော့ တရုတ်စစ်သားများသာ ဥဒဟိုသွားလာနေကြသည်။

ထိုကဲ့သို့ စစ်သားများသွားနေသောကြောင့်လည်း အခြားလူများက အပြင်မထွက်ဝံ့ကြတော့ခြင်းဖြစ်သည်။

စားသောက်ပြီး၍ ကျသင့်ငွေရှင်းသောအခါမှာ ထိုဆိုင်မှာ တစ်ညတည်းခိုရန် ရနိုင်မရနိုင် မေးမြန်းကြည့်ရာ ဆိုင်ရှင်က ခေါင်းတခါခါနှင့် ငြင်းဆန်လေသည်။

"ကျုပ်တို့ဆိုင်မှာ အခြားအရပ်တစ်ပါးကလာတဲ့ ဧည့်သည်တွေကို ညအိပ်ညနေ လက်မခံပါဘူး"

ဟု ခါးခါးသီးသီးပြောသဖြင့် ဆိုင်ထဲမှ ပြန်ထွက်လာကြစဉ် ဆိုင်ပေါက်ဝမှာ တောင်းရမ်းနေသော လူငယ်ကလေး တစ်ယောက်ကို တွေ့ရသဖြင့် ဒေါက်တာမင်းထင်ကျော်က ဆိုင်ရှင်အမ်းပေးလိုက်သော ငွေအချို့ကို ပေးလိုက်ရင်းနှင့် မေးလိုက်သည်။

"ညအိပ်လို့ရမယ့်နေရာ တစ်ခုခုကို မင်းသိသလား"



www.burmeseclassic.com

www.burmeseclassic.com



ဟုမေးလိုက်သောအခါ မျက်လုံးအပြူးသားဖြင့် ကြည့်နေလေသည်။

"ငါတို့က လူကောင်းတွေပါ။ တကယ်လို့ရှိရင် မင်းလိုက်ပို့ပေးပါ၊ ငွေထပ်ပေးပါမယ်"

ဟုပြောတော့မှ ခေါင်းညိတ်ပြပြီး သူတို့နှစ်ယောက်ကို ခေါ်သွားလေတော့သည်။

သူတောင်းစားလူငယ်ကလေး ခေါ်သွားသောနေရာမှာ မီးရောင်မရှိသော မြို့စွန်ဘက်ဖြစ်သည်။

ကျောက်တောင်နှင့် ကျောက်တုံးများကြားမှ ဖောက်ထားသော လမ်းကလေးမှလျှောက်သွားရာ လမ်းဆုံးသည့်နေရာ ရောက်သောအခါ အိမ်ဟောင်းတစ်လုံးကို တွေ့ရလေသည်။

အုတ်များဖြင့် ဆောက်ထားပြီး ဆေးမသုတ်တာကြာသဖြင့် အမဲကွက်များ ပြည့်နေလေသည်။

အိမ်ရှေ့တံခါးမှာ ပိတ်ထားသဖြင့် လူငယ်ကလေးက တံခါးခေါက်လိုက်ရာ ခဏကြာတော့ တံခါးချပ်ပွင့်သွားသည်။

"မာလု မင်းပြန်လာပြီလား"

အတွင်းမှ အသက်အရွယ်ကြီးလှပြီဖြစ်သော အဘိုးအိုတစ်ယောက် ထွက်လာလေသည်။ ၎င်းလက်ထဲမှာလည်း ဆီမီးခွက်တစ်ခွက် ကိုင်ထားလေသည်။

"ဒီမှာ ဧည့်သည်တွေပါလာတယ် အဘိုး၊ သူတို့ကို ဒီမှာ တစ်ညနေခွင့်ပေးပါ"

ဟုပြောပြီး ခေါ်သွားသဖြင့် အိမ်ထဲသို့ခေါ်သွားသဖြင့် ဝင်ကြရလေသည်။





သူတို့ဝင်သွားပြီးနောက် တံခါးကိုပြန်ပိတ် လိုက်သည်။ ဒေါက်တာမင်းထင်ကျော်က ထိုကဲ့သို့ တစ်ညတည်း ခွင့်ရသောကြောင့် လူငယ်ကလေးကို ငွေအချို့ထပ်ပေးလိုက်သော်လည်း မယူပေ။

"ဘာဖြစ်လို့လဲ"

"ဆရာတို့ကို ဒီနေရာခေါ်လာတာ ငွေလိုချင်လို့ မဟုတ်ပါဘူး၊ ဆရာတော်ကြီးက တာဝန်ပေးလို့ပါ"

"ဟင်. . ဘယ်ဆရာတော်လဲ"

"မရဏတောင်မှာ သတင်းသုံးနေတဲ့ ဆရာတော်ကြီးပေါ့"

ထိုစကားကြားတော့မှ သဘောပေါက်သွားလေသည်။ စိတ်ထဲမှာလည်း အားရှိသကဲ့သို့ ခံစားရလေသည်။

အဘယ်ကြောင့်ဆိုသော်. . .

သူတို့သွားလေရာ နေရာနောက်သို့ မရဏတောင်မှ ဆရာတော်များက တကောက်ကောက်လိုက်ကာ မျက်ခြည်မပြတ် ကြည့်နေသောကြောင့် ဖြစ်သည်။

"မင်းတို့က ဘယ်သူတွေလဲ"

"ရွှေဦးခေါင်းခွံကို လိုက်လံစုံစမ်းနေတဲ့သူတွေပဲ ဖြစ်ပါတယ်"

"သတင်းစုံစမ်းလို့ ရပြီလား"

"ရေခဲတောင်ကြားက မြို့ပျက်ကြီးရှိတဲ့နေရာ ရောက်သွားပြီဆိုတာလောက်ပဲ သိရသေးတယ်၊ ကျွန်တော်တို့ထက် ပိုပြီး ပြည့်ပြည့်စုံစုံသိထားတဲ့လူတွေ ရှိပါသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"လျှန်ထနဲ့ တန်ပဆိုတဲ့လူနှစ်ယောက်ပဲ၊ သူတို့က ဒီနေရာရဲ့ အနောက်ဘက်မှာရှိတဲ့ တောင်ကြားမှာနေကြတယ်၊ ဆရာတို့သူတို့နဲ့ တွေ့ရမယ်"

"ကောင်းပြီ နောက်တစ်နေ့ရောက်မှပဲ သူတို့ဆီ သွားတော့မယ်"

"သတိဝီရိယထားပြီး လှုပ်ရှားသွားလာရပါမယ်၊ ဒီနေရာအန္တရာယ်စက်ကွင်းထဲမှာ ရောက်နေတဲ့နေရာဖြစ်ပါတယ်၊ နယ်ချဲ့စစ်သားတွေကလည်း မသင်္ကာတဲ့လူတွေတွေ့ရင် ဖမ်းဆီးသတ်ဖြတ်ပစ်ကြတယ်၊ နောက်ပြီး မိစ္ဆာဝါဒီဂိုဏ်းသားတွေကလည်း နေရာအနှံ့မှာ ရှိနေကြတယ်၊ ဒါကြောင့် ဘယ်နေရာကိုပဲသွားသွား ဘာပဲလုပ်လုပ် သတိထားပြီးလုပ်ပါ"

ယခုတော့ သူတို့ရှေ့မှာ သူတောင်းစား လူငယ်ကလေးမှာ သာမန်မဟုတ်တော့ပေ။

အသက်အရွယ်နှင့်မမျှလောက်အောင် လေးနက်တည်ကြည်သော အသွင်ဆောင်ကာ လူကြီးတစ်ယောက်ကဲ့သို့ ပြောဆိုမှာကြားနေလေသည်။

ထို့နောက်မှာတော့ အချိန်အတော်ကြာသည်အထိ ပြောဆိုဆွေးနွေးကြပြီးနောက်တွင် ဒေါက်တာမင်းထင်ကျော်တို့ နှစ်ယောက်အတွက် အိပ်ယာစီစဉ်ပေးရာ. . မောပန်းလာသောကြောင့် ခဏချင်းနှင့်ပင် အိပ်ပျော်သွားကြလေတော့သည်။





# အခန်း(၁၀)

# အန္တရာယ်စက်ကွင်းသို့အဝင်

ဒေါက်တာမင်းထင်ကျော်နှင့် ဦးဗန်ကောင်းတို့နှစ်ယောက်မှာ မောပန်းလာသဖြင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေကြစဉ် တစ်စုံတစ်ယောက်က လာနှိုးသဖြင့် ပြန်နိုးလာကြသည်။ သူတို့ကို လာနှိုးသူမှာ ဟိဗက်ဘုန်းကြီးဖယ်ရာအသံ ဖြစ်မည်ဟု စိတ်ထဲမှာ ထင်မိသော်လည်း မျက်စိဖွင့်ကြည့်လိုက်တော့ မဟုတ်ပေ။

အနားမှာ ထိုင်နေသူမှာ တိဗက်လူငယ်လေး မလုဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေသည်ကို တွေ့ရသည်။

“ခင်ဗျားတို့ မြန်မြန်ထမှဖြစ်မယ် သူတို့လိုက်လာကြပြီ”

ဟု ခတ်တိုးတိုးပြောသည်။

“ဘယ်သူတွေလဲ”

“တရုတ်စစ်သားတွေ၊ သူတို့ ခင်ဗျားတို့နှစ်ယောက်ကို ခြေရာခံပြီး လိုက်လာကြပြီ”

ဟုပြောသဖြင့် ကဗျာကရာထပြီး အပေါက်မှကြည့်သော အခါ ကျောက်တုံးများနောက်မှ အကာအကွယ်ယူပြီး တဖြည်းဖြည်း ချဉ်းကပ်လာနေသော ပုံသဏ္ဌာန်အချို့ကို လှမ်းမြင်ရလေသည်။

အချို့မှာ အိမ်နှင့်နီးသောနေရာသို့ပင် ရောက်နေကြလေပြီ။

“ဘယ်လိုလုပ်မလဲ မာလု”

“စစ်သားတွေက သူတို့မက်ာရင် အားလုံးသတ်ပစ်ရှေ ရှိတယ်၊ ဒီနေရာက အမြန်သွားကြမှဖြစ်မယ်”

ဟုပြောသဖြင့် ဒေါက်တာမင်းထင်ကျော်တို့မှာ မိမိတို့ ပစ္စည်းများကို အလျင်အမြန်သိမ်းပြီးနောက်. . မာလုခေါ်ရာ နောက်သို့ လိုက်ကြရလေသည်။

မာလုက အိမ်အနောက်အပေါက်မှ အပြင်သို့ အခြေ အနေကြည့်သည်။

ဘာမှမတွေ့ရတော့မှ တံခါးဖွင့်ပြီး အပြင်သို့ထွက်လေ သည်။ နောက်ဘက်မှ ထွက်ပြေးကြသည်မှာ သူတို့သုံးယောက် သာဖြစ်ပြီး တိဘက်အဘိုးကြီးကတော့ အိမ်ထဲ၌ကျန်ခဲ့လေ





သည်။ သူတို့ထွက်သွားပြီး မရှေးမနှောင်းမှာပင် သေနတ်များ ကိုင်ထားကြသော တရုတ်စစ်သားများက အိမ်ကို ပတ်ဝိုင်းလိုက် ကြသည်။

ထို့နောက် အိမ်ရှေ့တံခါးကို ဖျက်ပြီးအိမ်အတွင်းသို့ ဝင်လာကြလေသည်။

သူတို့ဝင်လာတော့ အဘိုးကြီးတစ်ယောက် သာကျန်နေ လေသည်။

စစ်သားများက အိမ်ထဲရောက်လာသောအခါ တစ်အိမ် လုံးမွှေနှောက်ရှာဖွေရာ ဘာမှမတွေ့ရသဖြင့် များစွာဒေါသဖြစ် နေကြဟန်ရှိသည်။

“ဒီအိမ်ထဲကို လူနှစ်ယောက်ရောက်လာတယ် မဟုတ် လား၊ အခုသူတို့ဘယ်မှာလဲ”

အဘိုးကြီးက ပါးစပ်မှမပြောဘဲ ခေါင်းခါပြသည်။

“မှန်မှန်ပြောစမ်း၊ အခုသူတို့ဘယ်ရောက်သွားပြီလဲ”

ခေါင်းခါပြသည်။

“ဒုတ်. .”

ခေါင်းဆောင်လုပ်သူက သေနတ်ဒင်ဖြင့် အဘိုးကြီး မျက်နှာကို ဆောင့်ချလိုက်ရာ နောက်သို့ပက်လက်လန်ကျသွား လေတော့သည်။

နှာခေါင်းနှင့် ပါးစပ်ထဲမှသွေးများ ထွက်လာသည်။

“မှန်မှန်ပြောစမ်း၊ မပြောရင် သတ်ပစ်လိုက်မယ်”

မပြောပေ။

နောက်ဆုံးတော့ ခေါင်းဆောင်လုပ်သူက စိတ်မရှည်



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် လုံ့စွင်ဖြင့်ထိုးသတ်လိုက်လေသည်။ အဘိုးကြီးကို သတ်ဖြတ်ပြီးနောက် အိမ်ကိုပါ မီးရှို့လိုက်ကြလေတော့သည်။

ထိုအခိုက်မှာပင်. . ဒေါက်တာမင်းထင်ကျော်တို့ သုံးယောက်မှာ အိမ်နှင့်အတော်ဝေးဝေးသို့ ရောက်သွားကြလေပြီ။

ထိုသို့ရောက်သွားပြီးမှ နောက်သို့လှည့်ကြည့်ကြရာ အိမ်တစ်အိမ်လုံး မီးတောက်ကြီးများ စွဲလောင်နေသည်ကို လှမ်းမြင်ကြရလေသည်။

သူတို့အနေဖြင့် စိတ်မကောင်းဖြစ်မိရုံမှတစ်ပါး အခြားဘာမှ မတတ်နိုင်ကြတော့ပါပေ။

သုံးယောက်သား ကျောက်တုံး များနှင့် သစ်ပင်အချို့ကို အကာအကွယ်ယူပြီး လျှိုဘက်သို့ ဆင်းလာကြသည်။

လျှိုထဲဆင်းသည့် လမ်းတလျှောက်မှာတော့ အနှောင့်အယှက် မတွေ့ကြရပေ။

တစ်နေရာရောက်တော့ လျှိုထဲမှ အပေါ်သို့ပြန်တက်ရန် ပြင်သောအချိန်မှာပင် အပေါ်ဘက်မှ မီးရှောင်လက်သွားသည်ကို မြင်ရသဖြင့် ကျောက်တုံးများနောက်သို့ ဝင်ကပ်ကာ အခြေအနေကြည့်လိုက်ကြသည်။

တောင်ကြောပေါ်မှာ နေရာယူထားသော စစ်သားများ ရှိနေကြသည်။

မြူနှင်းများ ဖုံးလွှမ်းနေသော်လည်း ကောင်းကင်မှာ လရောင်ရှိနေသဖြင့် အလင်းရောင်က ဝိုးတဝါးရနေသည်။

သို့ကြောင့် ၎င်းတို့ပုံရိပ်များကို တစွန်းတစလှမ်းမြင်ရခြင်းဖြစ်သည်။





"အပေါ်မှာသူတို့ရှိနေတယ် ဘယ်လိုလုပ်မလဲ၊ နောက်ကလိုက်လာရင် ပြေးပေါက်မရှိဘဲ ညှပ်ပူးညှပ်ပိတ်မိသွားလိမ့်မယ်"

မာလုက စိုးရိမ်သောအမူအယာဖြင့် တိုးတိုးပြောသည်။

ဒေါက်တာမင်းထင်ကျော်က တောင်ကြောပေါ်မှ အခြေအနေကို ခန့်မှန်းကြည့်တော့ လူများများရှိမည့်ပုံ မပေါ်ချေ။

"ဟိုဘက်က ကွေ့သွားမလား"

မာလုက မေးသည်။

"မဟုတ်ဘူး ရှေ့တည့်တည့်ကိုပဲ သွားရမှာ"

"ရှေ့တည့်တည့်သွားရင် သူတို့နဲ့တိုးမှာပေါ့"

"မင်းမကြောက်နဲ့ ငါတို့နောက်ကသာ လိုက်ခဲ့"

ဟုပြောပြီး ရှေ့သို့တိုးသွားလေသည်။

ထိုအချိန်မှာပင် မီးလောင်နေသော အိမ်ဘက်မှစစ်သားများက မီးရောင်တဝင်းဝင်းနှင့် လိုက်လာကြလေပြီ။ တောင်တန်းထိပ်နှင့် မနီးမဝေးရောက်တော့ ကျောက်တုံးတစ်တုံးနောက်သို့ ဝင်ကပ်ပြီး အခြေအနေ ကြည့်လိုက်သည်။

သူတို့နှင့် မနီးမဝေးနေရာမှာ စစ်သားသုံးယောက်ရှိနေသည်။

နောက်မှလိုက်လာသော ခြေသံများကလည်း တဖြည်းဖြည်းနီးလာပြီး မီးရောင်များကလည်း နေရာအနှံ့အပြားသို့ ကျရောက်လာသည်။

သို့ကြောင့် သုံးယောက်သား ကျောက်တုံးကြီးဘေးမှာ ငြိမ်နေအောင် ကပ်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မရှေးမနှောင်းမှာပင် နောက်ဘက်မှလိုက်လာသော စစ်သားများက ပတ်ဝန်းကျင်သို့ မီးရောင်များဖြင့်ထိုးရှာရင်း ရောက်လာကြသည်။

ထိုအခါ အပေါ်မှာရှိနေသော စစ်သားသုံးယောက်က နေရာမှထလာပြီး အပေါ်မှရပ်စောင့်နေကြသည်။

ထိုစစ်သားသုံးယောက်ရပ်နေသော နေရာမှာ ဒေါက်တာမင်းထင်ကျော်တို့ ဝင်ကပ်နေသော ကျောက်တုံးကြီး၏ အပေါ်စွန်းနေရာ၌ဖြစ်သည်။

အကယ်၍သာ အောက်သို့ဆင်းလာပါက သူတို့အပေါ်သို့ မုချရောက်လာတော့ပေမည်။

သို့သော် အောက်သို့မဆင်းဘဲ အပေါ်မှပင် ရပ်စောင့်နေ၍သာ တော်ရော့သည်။

အောက်ဘက်မှတက်လာသော စစ်သားများကလည်း အပေါ်မှစစ်သားများ ရပ်နေသည့်ကျောက်တုံးကြီးနေရာသို့ မီးရောင်ပင်မထိုးဘဲ အခြားနေရာများသို့သာ သဲကြီးမဲကြီး ရှာဖွေရင်းနှင့် အပေါ်သို့တက်သွားကြလေသည်။ မျက်စိရှေ့မှာပုန်းနေသူကို အရှာရခက်ဟူသော စကားအတိုင်း ရန်သူများနှင့် အနီးဆုံးနေရာတွင် ဝင်ပုန်းနေသောကြောင့်သာ ကံကောင်းထောက်မစွာ လွတ်မြောက်ခဲ့ကြခြင်းဆိုက မမှားပါချေ။

ထို့နောက်မှာတော့ တရုတ်စစ်သားများမှာ အချင်းချင်း ပြောဆိုပြီးနောက် ထိုနေရာမှ ထွက်သွားကြလေသည်။ ထိုအခါမှပင် သုံးယောက်သား သက်ပြင်းချနိုင်တော့သည်။

"သူတို့မရှိတော့ရင် ဒီနေရာကသွားကြရအောင် သူတို့က စိတ်မကျေနပ်လို့ နောက်တစ်ခေါက်ပြန်လှည့်လာရင် လွတ်တော့မှ မဟုတ်ဘူး"

ဟုပြောဆိုကာ ထိုနေရာမှ ခတ်သုတ်သုတ်ထွက်လာခဲ့ကြသည်။ သုံးယောက်သား အလင်းရောင်အနည်းငယ်ရှိသော တောလမ်းများမှဖြတ်သွားရာ နောက်ဆုံးမှာတော့ တောင်ကြားတစ်နေရာမှာရှိသော အိမ်ကလေးများရှိရာသို့ ရောက်သွားကြလေသည်။

ရှေ့မှဦးဆောင်ခေါ်သွားသော 'မာလု'က အိမ်စုကလေးများရှိနေသောနေရာနှင့် မနီးမဝေးမှာ သီးခြားရှိနေသော အိမ်တစ်လုံးသို့သွားပြီး တံခါးခေါက်လိုက်ရာ ခဏကြာတော့ တံခါးလာဖွင့်ပေးသည်။

တံခါးဖွင့်သွားတော့ အပေါက်ဝတွင်. . . လူရွယ်တစ်ယောက်၏မျက်နှာ ပေါ်လာသည်။

သူတို့ကိုမြင်တော့ အံ့ဩသွားဟန်ရှိသည်။

"မာလုပါလား သူတို့ကဘယ်သူတွေလဲ"

"ဆရာတော်ဖယ်ရာ လွှတ်လိုက်တဲ့သူတွေပဲ"

ထိုသို့ပြောတော့မှ အိမ်ထဲသို့ခေါ်ကာ တံခါးပြန်ပိတ်လိုက်သည်။ အိမ်ထဲရောက်တော့ ဖိုထားသောမီးဖိုမှ အနွေးဓါတ်ရနေသောကြောင့် သက်သာသွားကြသည်။

"ကျွန်တော့်နာမည်က တန်ပလို့ခေါ်ပါတယ်၊ ကျွန်တော်အစ်ကိုက လျှန်ထလို့ခေါ်ပါတယ်၊ အခုလိုခရီးဝေးက ရောက်လာပြီး တွေ့ရတာဝမ်းသာပါတယ်"

ဟုပြောဆိုနှုတ်ဆက်လေသည်။







www.burmeseclassic.com

www.burmeseclassic.com



တန်ပနှင့်လျှန်ထတို့နှစ်ယောက်မှာ အသက်(၃၀)ကျော် အရွယ်ခန့်ရှိပြီး ညီအစ်ကိုဖြစ်ဟန်ဖြင့် ရုပ်ချင်းဆင်တူကြလေသည်။

"ကျွန်တော့နာမည်က ဒေါက်တာမင်းထင်ကျော်ပါ. . သူက ဦးဇန်ကောင်းလို့ခေါ်ပါတယ်"

"ဆရာတို့ရောက်လာမယ်ဆိုတာ ကျွန်တော်တို့ ကြိုတင်ပြီးသိထားပြီးပါပြီ၊ အခုလို ဘေးမသီရန်မခ ရောက်လာကြတာကိုလည်း ဝမ်းသာပါတယ်"

"ဟုတ်ပါတယ်. . ဒါကြောင့် ကျွန်တော်တို့ အဆင်သင့်စောင့်နေကြတာပါ"

လျှန်ထကပါ ဝင်ပြောလေသည်။

"ဘာကြောင့် ကျွန်တော်တို့ကို စောင့်နေကြတာလဲ"

"ကျွန်တော်တို့လည်း ဆရာတို့နဲ့ ဘဝတူတွေပါပဲ၊ မရောက်တောင်က ပုဂ္ဂိုလ်တွေက ရွှေဦးခေါင်းခွံနဲ့ ပတ်သက်ပြီးတာဝန်ပေးထားပါတယ်၊ ဒါကြောင့်. . အတူပူးပေါင်းဆောင်ရွက်ကြဖို့ ဆရာတို့အလာကို စောင့်နေကြတာပါ"

ဟုပြောတော့မှ သဘောပေါက်သွားလေတော့သည်။

တန်ပတို့ညီအစ်ကိုနှင့်တွေ့သောအခါ လက်တွဲဖော်များနှင့် တွေ့ရသကဲ့သို့ စိတ်ထဲမှာ အားရှိသွားလေသည်။

"ရွှေဦးခေါင်းခွံနဲ့ပတ်သက်ပြီး စုံစမ်းလို့ရပြီလား"

မီးဖိုနံဘေးမှာ မီးလှုံရင်း. . . ဖခါးရေ(လက်ဖက်ရည်) သောက်ရင်း မေးလိုက်သည်။

"ရွှေဦးခေါင်းက သူတို့လက်ထဲမှာပါပဲ၊ အခုသိရတဲ့





သတင်းအရဆိုရင် သူတို့ကရွှေဦးခေါင်းကို ဒီမှာမထားတော့ဘဲ သူတို့ရဲ့ဌာနချုပ်ကို ပို့ပေးလိုက်ပြီလို့ သတင်းကြားရပါတယ်"

"ဌာနချုပ်က ဘယ်မှာရှိသလဲ"

"ရေခဲတောင်ကြားက မြို့ဟောင်းကြီးမှာ ရှိပါတယ်"

ထိုမြို့ဟောင်းကြီးရှိသောနေရာသို့ ဝိညာဉ်ခန္ဓာဖြင့် တစ်ကြိမ်ရောက်ခဲ့ဘူးသည်ကို သတိပြုရလာသည်။

"အဲဒီမြို့ဟောင်းကြီးရှိတဲ့နေရာဘက်ကို သွားလို့လွယ်ပါ့မလား"

"ရောက်အောင်သွားဖို့ လမ်းတွေတော့ရှိပါတယ်၊ ဒါပေမယ့် အန္တရာယ်တော့များတယ်"

"ပြောပြပါဦး"

"မိစ္ဆာဝါဒီဂိုဏ်းသားတွေက နေရာအနှံ့မှာ အသွင်အမျိုးမျိုးနဲ့ ရှိကြတယ်၊ တိဗက်မှာ ထေရဝါဒဗုဒ္ဓဘာသာဝင်တွေ ရှိကြတယ်ဆိုပေမယ့် မိစ္ဆာဝါဒီဂိုဏ်းသားတွေလည်း ရောနှောနေကြတယ်၊ သူတို့တွေက ဗုဒ္ဓဘာသာဝင်မှန်သမျှ ရန်သူလို့ သတ်မှတ်ပြီး ဒုက္ခပေးလေ့ရှိကြတယ်"

"ဒါမျိုးတွေကတော့ နေရာအနှံ့မှာရှိတာပါပဲ၊ ဘုရားပွင့်တော်မူတဲ့ အိန္ဒိယမှာတောင် ဒီလိုအယူဝါဒကွဲနေတဲ့ဂိုဏ်းတွေ အများကြီးရှိတာပဲ"

"ဒီမှာရှိတဲ့ မိစ္ဆာဝါဒီဂိုဏ်းသားတွေက အတော်များတယ်၊ နေရာအနှံ့အပြားမှာ ပုံသဏ္ဍာန်အမျိုးမျိုးနဲ့ရှိနေကြရုံမကဘူး၊ အခုတိဗက်မှာ ရောက်နေတဲ့တရုတ်စစ်သားတွေထဲမှာလည်း မိစ္ဆာဝါဒီဂိုဏ်းဝင်တွေ အများကြီးရောက်နေကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ ဘယ်လိုလုပ်မလဲ"

"ကျွန်တော်တို့ အထူးသတိထားပြီး လုပ်ကြရမယ်၊ တစ်ချက်ကလေး သတိလစ်တာနဲ့ အားလုံးသေကြရမှာပဲ"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်ရင်း လက်ဖက်ရည်တစ်ခွက် မော့သောက်လိုက်သည်။

"မိစ္ဆာဝါဒီဂိုဏ်းသားတွေက ဘာကြောင့် ရွှေဦးခေါင်းခွံကို ယူသွားကြတာလဲ"

ထိုအခါ တန်ပက ရှင်းပြသည်။

"ရွှေဦးခေါင်းခွံက သာမန်မဟုတ်ဘူး၊ (၁၃)ယောက်မြောက် ဒလိုင်းလာမာကြီးရဲ့ ဦးခေါင်းခွံပဲ၊ ရွှေဦးခေါင်းခွံ (၁၃)ခု စုံသွားရင် ဓမ္မစက်ကွင်းတွေ၊ မေတ္တာစက်ကွင်းတွေကို တစ်ကမ္ဘာလုံး ပြန့်နှံ့ရောက်ရှိသွားအောင် လုပ်လို့ရတယ်"

"ပြောပါဦး"

"ဦးခေါင်းခွံ တစ်ခုကို အလယ်ဗဟိုရ်နေရာမှာထားပြီး ကျန်တဲ့ (၁၂)ခုက စက်ဝိုင်းပုံသဏ္ဍာန်ဝိုင်းပြီး မေတ္တာကြိုးတွေနဲ့ ဆက်လိုက်ရင် အနန္တစွမ်းအားတွေ ဖြစ်ပေါ်လာလိမ့်မယ်၊ ပျံလွန်တော်မူသွားခဲ့ပြီးတဲ့ ဒလိုင်းလာမာကြီး (၁၃)ပါးစလုံးလည်း နိမိတ္တဝိညာဉ်ခန္ဓာအနေနဲ့ ရောက်လာကြလိမ့်မယ်"

"တယ်လည်းဆန်းကြယ်လှပါလား"

"အဲဒီလို ဒလိုင်းလာမာကြီး (၁၃)ပါးစုံခဲ့လျှင် တစ်ကမ္ဘာလုံးကို မေတ္တာဓါတ်တွေ ဖြန့်ကျက်ပြီးတော့ ဗုဒ္ဓရဲ့အယူဝါဒတွေ ပြန့်နှံ့သွားအောင် ပြုလုပ်ဆောင်ရွက်လို့ ရလာနိုင်လိမ့်မယ်"

"ဒါဖြင့် မရဏတောင်ဟာ 'ရှမ်ဗဲလား'လို့ သတ်မှတ်လို့





ရနိုင်ပါသလား"

"တိဗက်ဟာ ရှမ်ဗဲလားနဲ့ ဆက်စပ်မှုရှိနေတဲ့နေရာတစ်ခုပဲ၊ ဟိမဝန္တာတောင်ကုန်းကြီးတွေ၊ ခွန်လွန်တောင်တန်းကြီးတွေနဲ့ တိဗက်တောင်တန်းကြီးတွေ အလယ်ဗဟိုချက်နေရာမှာ သာမန်လူတွေမရောက်နိုင်တဲ့၊ ဝင်ခွင့်မရှိတဲ့. . ရှမ်ဗဲလားရှိနေတယ်လို့ ပညာရှိကြီးတွေ ယူဆတဲ့အချက်ကိုတော့ ခင်ဗျားလည်းသိမှာပါ၊

ဒါကြောင့်လည်း ဒီနေရာမျိုးကိုရောက်လာပြီး ဒီလိုကိစ္စမျိုးကို ဆောင်ရွက်ခွင့်ရနေမှတော့ ခင်ဗျားတို့လည်း သာမန်မဟုတ်ဘူးဆိုတာ သိနိုင်ပါတယ်"

ဒေါက်တာမင်းထင်ကျော်က အသာအယာပင် ခေါင်းညိတ်ပြလိုက်လေသည်။

"ဒါကြောင့်. . မရဏတောင်ကို ရှမ်ဗဲလားလို့ သတ်မှတ်လို့မရပေမယ့် ဆက်စပ်မှုရှိတဲ့ နေရာတစ်ခုအနေနဲ့တော့ သတ်မှတ်ထားသင့်ပါတယ်"

"အခုလောက်သိရတာ ကောင်းပါတယ်၊ ပျောက်သွားတဲ့ (၁၃)ခုမြောက် ရွှေဦးခေါင်းခွံကို မရရအောင် ပြန်ပြီးကြိုးစားရမှာပေါ့"

"ဒါပေမယ့် ကျွန်တော်တို့ တစ်ခုသတိထားရမှာက၊ ကျွန်တော်တို့ ဘာလုပ်မယ်ဆိုတာကို သူတို့ကကြိုတင်ရိပ်မိကြတယ်၊ နောက်တစ်ချက်က ကျွန်တော်တို့သုံးယောက်အပါအဝင် ခင်ဗျားတို့နှစ်ယောက်က တိဗက်ကို ရောက်လာမယ်ဆိုတာပါ သူတို့က ကြိုတင်သိနေကြတယ်"

ထိုအခါ ဒေါက်တာမင်းထင်ကျော်က ရန်ကုန်မှာရှိနေ



www.burmeseclassic.com

www.burmeseclassic.com



စဉ်က မဟူရာဆိုသောအမျိုးသမီးတစ်ယောက် ရောက်လာပုံနှင့် မရဏတောင်ရောက်မှ သုဘရာဇာများနှင့် တိုက်ခိုက်ခဲ့ရပုံများကို ပြန်ပြောပြလိုက်လေသည်။

"ဒါကြောင့် သူတို့ ကြိုသိနေတာလည်း ဖြစ်နိုင်ပါတယ်၊ ဒီမြို့မှာတော့ ကြောက်စရာအကောင်းဆုံးကတော့ တရုတ်စစ်သားတွေပဲ၊ တရုတ်စစ်သားတွေထဲမှာလည်း မိစ္ဆာဝါဒီဂိုဏ်းသားတွေအများကြီးရှိတယ်၊ ဒါကြောင့် ခင်ဗျားတို့နောက် သဲကြီးမဲကြီးလိုက်နေကြတာပေါ့"

"အခုလိုသိရတော့ ပိုပြီးသတိထားရမှာပေါ့၊ ဒါထက် သူကရော ကျွန်တော်တို့နဲ့ လိုက်မှာလား"

ဒေါက်တာမင်းထင်ကျော်က မနီးမဝေးမှာရှိနေသော မာလုကို ကြည့်ပြီးမေးလိုက်သည်။

"သူက ကျွန်တော်တို့နဲ့ အတူတူလက်တွဲမယ့်လူတစ်ယောက်ပါပဲ၊ အသက်ငယ်ရွယ်သေးပေမယ့် သူမှာ အားကိုးလောက်တဲ့ စွမ်းအားရှိပါတယ်"

ထို့နောက်မှာတော့ ငါးယောက်သား မီးလှုံရင်း၊ လတ်ဖက်ရည်သောက်ရင်းနှင့် ခရီးအတွက် အစီအစဉ်များကို တိုင်ပင်ဆွေးနွေးကြလေသည်။





# အခန်း(၁၁)

# ရေခဲတောင်ကြားမှ ဂမ္ဘီရမြို့ဟောင်း

တိဗက်နိုင်ငံသည် တောင်မြင့်ကြီးများ ဝန်းရံထားသောနေရာတစ်ခုဖြစ်သည်။ တိဗက်တို့၏ အမြင့်ဆုံးတောင်ထွတ်များမှာ အခြားနိုင်ငံများရှိကြသည့် တောင်ထွတ်ကြီးများကဲ့သို့ပင် ပေပေါင်းတစ်သောင်းကျော်အထက် မြင့်မားကြလေသည်။

တိဗက်နိုင်ငံကို တရုတ်တို့က ဇီချွန် (Xizang) ဟုခေါ်ဝေါ်ကြသည်၊ တိဗက်နိုင်ငံ၏ အကျယ်အဝန်းမှာ စတုရန်းမိုင်

www.burmeseclassic.com



(၇၀၀,၀၀၀) မျှရှိပြီး၊ မြန်မာနိုင်ငံ အကျယ်အဝန်းထက် သုံးဆနီးပါးပိုလေသည်။

သို့သော်လည်း ကမ္ဘာပေါ်တွင် လူဦးရေ အနည်းဆုံး နေထိုင်သောနိုင်ငံကို ပြပါဆိုလျှင် တိဗက်နိုင်ငံကိုသာ ပြရပေမည်။ ရှေးအခါက မြန်မာနိုင်ငံ လူဦးရေထက် (၁၅)ပုံ တစ်ပုံခန့်သာ ရှိလေသည်။

တိဗက်တွင် ကမ္ဘာ့အမြင့်ဆုံးတောင်တန်းကြီးများရှိကြပြီး ထိုတောင်ထိပ်များပေါ်မှာ မြို့တည်ထားသောကြောင့် ကမ္ဘာ့ခေါင်မိုး (The Roof of The World)ဟု ခေါ်ဝေါ်ကြသည်။

အမြင့်ဆုံးတောင်များပေါ်၌ ရှိသဖြင့်လူသူအရောက်အပေါက်ခက်ခဲသောကြောင့်လည်း ဝင်ခွင့်မရသောမြို့တော်သို့မဟုတ် ပိတ်ပင်ထားသောမြို့တော် (The Fordidden City)ဟုပင် ခေါ်ကြသည်။

ပိတ်ပင်ထားသောမြို့၊ ဝင်ခွင့်မရသောမြို့ ဆိုသည်မှာ လာဆာမြို့တော်ကိုပင် ခေါ်ဝေါ်ကြခြင်းဖြစ်သည်။

လာဆာမြို့ တည်ထားသော တောင်ထွတ်မှာပင် ပေပေါင်း(၁၃၀၀၀)ကျော် မြင့်လေသည်။

ကမ္ဘာပေါ်၌ အမြင့်ဆုံးတောင်ကြီးများ ရှိကြလေသည်။ တောင်တက်သုတေသနအဖွဲ့ စာရင်းပြုစုထားခဲ့သော တောင်ပေါင်း (၃၀)ရှိသည်။

၎င်းတို့က ပေပေါင်းနှစ်သောင်းကျော်အထက်မြင့်သော တောင်မြင့်ကြီးများကိုသာ အမြင့်ဆုံးတောင်စာရင်း၌ ထည့်သွင်းခဲ့ကြလေသည်။





၎င်းတို့မှာ. . .

(၁) ဧဝရတ်တောင် (ဟိမဝန္တာတောင်) ၂၉၀၀၂ ပေ
(၂) ဂေါ်ဒွင်ဩစတင်( ကေ. . . ၂) ၂၈၂၅၀ ပေ
(၃) ကန်ချင်ဂျင်းဂါး (ဟိမဝန္တာတောင်) ၂၈၁၄၆ ပေ
(၄) မကာလူးတောင်(ဟိမဝန္တာတောင်) ၂၇၇၉၀ ပေ
(၅) ဒေါ်လာဂီရိ (ဟိမဝန္တာတောင်) ၂၆၈၁၀ ပေ
(၆) နန်ဂါပါရဗက် (ဟိမဝန္တာတောင်) ၂၆၆၆၀ ပေ
(၇) အင်နာပူရဏ (ဟိမဝန္တာတောင်) ၂၆၄၉၂ ပေ
(၈) ဂါရှာဗရွမ်း (ဟိမဝန္တာတောင်) ၂၆၄၇၀ ပေ
(၉) ဂိုစိန်သန်တောင် (ဟိမဝန္တာတောင်)၂၆၂၉၁ ပေ
(၁၀) နန္ဒာဒေဝီတောင် (ဟိမဝန္တာတောင်) ၂၅၆၄၅ ပေ
(၁၁) ရာကာပိုရှိ (ဟိမဝန္တာတောင်) ၂၅၅၅၀ ပေ
(၁၂) နမ်ချာဗာရာ (ဟိမဝန္တာတောင်) ၂၅၄၅၅ ပေ
(၁၃) ကာမက်တောင် (ဟိမဝန္တာတောင်)၂၅၄၄၇ ပေ
(၁၄) ဂါလာမန္ဒနတောင် (ဟိမဝန္တာတောင်) ၂၅၃၅၅ ပေ
(၁၅) ဟူလတ်မတ်စတာ (ကွင်လွန်) ၂၅၃၄၁ ပေ
(ထိုတောင်ကို မြန်မာတို့က 'ဂန္ဓမာဒနတောင်'ဟု ခေါ်ဝေါ်ရေးသားကြသည်။)
(၁၆) တီရစ်မာတောင် (ဟိန္ဒူကွပ်(ရှ်)) ၂၅၂၆၃ ပေ
(၁၇) ကွန်ဂါတောင် (ပေမီးယား) ၂၅၁၄၆ ပေ
(၁၈) မင်ယာကွန်ဂါ (ဒက်(ချ်)ဝမ်း) ၂၄၉၀၀ ပေ
(၁၉) တီရမ်ကန်ဂရိ (၁)(ဟိမဝန္တာတောင်) ၂၄၁၄၈၉ ပေ
(၂၀) ဂျွန်ဆန်တောင် (ဟိမဝန္တာတောင်) ၂၄၄၁၆ ပေ



www.burmeseclassic.com

www.burmeseclassic.com



(၂၁) မူစတာအလာ (ပေးမီးယား) ၂၄၃၈၈ ပေ
(၂၂) အနောက်အီဗီဂါမင်း (ဟိမဝန္တာတောင်) ၂၄၂၀၀ ပေ
(၂၃) ချိုမိုရာလီ (ဟိမဝန္တာတောင်) ၂၃၉၃၀ ပေ
(၂၄) တယ်ဂရီခန် (တီယန်းရှန်း) ၂၃၆၂၀ ပေ
(၂၅) ဂေါ်ရီဆန်ကာ (ဟိမဝန္တာတောင်) ၂၃၄၄၀ ပေ
(၂၆) အပိတောင် (ဟိမဝန္တာတောင်) ၂၃၃၉၉ ပေ
(၂၇) ကာဖူမန်တောင် (ဖရမ်း(စ်)အလီ) ၂၃၃၈၃ ပေ
(၂၈) ထရီဆူး(လ်) (ဟိမဝန္တာတောင်) ၂၃၃၆၀ ပေ
(၂၉) အကွန်ကာပူးဝါး (အန်ဒီးတောင်တန်း) ၂၂၈၃၅ ပေ
(၃၀) ဟူဒတ်(စ်)ကာရမ် (အန်ဒီးတောင်တန်း) ၂၂၂၁၁ ပေ

စသည်တို့ဖြစ်ကြလေသည်။

ကမ္ဘာပေါ်၌ အမြင့်ဆုံးတောင်ထွတ် စာရင်းဝင်များမှာ ပေပေါင်းနှစ်သောင်းကျော် အမြင့်ရှိကြပြီး ဧဝရက်တောင်ထွတ်ကတော့ ကမ္ဘာပေါ်၌ အမြင့်ဆုံးတောင်ထွတ်ဖြစ်ပေသည်။

ပေပေါင်း တစ်သောင်းကျော်မြင့်သည့် တောင်များကိုတော့ ဒုတိယအမြင့်ဆုံး တောင်ထွတ်များစာရင်း၌ ထည့်သွင်းထားကြလေသည်။

မြန်မာနိုင်ငံ၌ရှိသော တောင်မြင့်ကြီးများထဲမှာ ပေပေါင်း (၁၉၂၆၉)ပေမြင့်သော ခါကာဘိုရာဇီတောင်မှာ အမြင့်ဆုံးဖြစ်သည်။

အကယ်၍သာ ပေပေါင်းနှစ်သောင်းကျော်ပါက ကမ္ဘာ့အမြင့်ဆုံးတောင်စာရင်း၌ အပါအဝင် ဖြစ်နိုင်ပေသည်။

မြန်မာနိုင်ငံအတွင်းမှာ ပေပေါင်း တစ်သောင်းကျော်





ကျော်မြင့်သော အခြားတောင်များလည်း ရှိပေသေးသည်။ ၎င်းတို့မှာ ဂန်လန်ရာဇီတောင်၊ ဒင်ဂေါ်ရဇီတောင်. . . ထို့အပြင် ပေပေါင်းတစ်သောင်းအထက်မြင့်သော အခြားတောင်များလည်း ရှိကြသေးသည်။ ချင်းပြည်နယ်မှာရှိသော ဝိတိုရိယတောင်၊ စစ်ကိုင်းတိုင်းအတွင်းမှာရှိသော စာရာမေရိတောင်တို့မှာ လူသိများပေသည်။

တိဗက်၌လည်း ပေပေါင်းတစ်သောင်းကျော်မြင့်သော တောင်မြင့်ကြီးများ အများအပြားရှိသည်။ လာဆာမြို့တည်ထားသောတောင်ပင် ပေပေါင်း(၁၃၀၀၀)ကျော်မြင့်ပေသည်။

တိဗက်ပြည်တွင် အမြင့်ဆုံးသတ်မှတ်ထားသောတောင်မှာ ချန်တန်တောင်တန်းပင်ဖြစ်သည်၊

ပေပေါင်းမည်ရွေ့မည်မျှရှိကြောင်း ဖော်ပြမှုမရှိသေးသော်လည်း တိဗက်ပြည်၏ အမြင့်ဆုံးတောင် အဖြစ်တော့. . တိဗက်တစ်နိုင်ငံလုံးက လက်ခံထားကြသည်။ ချန်တန်တောင်တန်းနှင့် ချန်တန်တောင်ကြားတို့မှာ လူသိများသော်လည်း လူသူအရောက်အပေါက် အနည်းဆုံးနေရာတစ်ခု ဖြစ်ပေသည်။

လာဆာမြို့ကို ပိတ်ပင်ထားသောမြို့ဟု ခေါ်ပါလျှင် ချန်တန်တောင်ကြားကို ပိတ်ပင်ထားသောနေရာအဖြစ် ခေါ်ဆိုနိုင်လေသည်။

နက်ရှိုင်းလှသောထိုတောင်ကြားတွင် နှစ်ပေါင်းမြောက်မြားစွာကတည်းက မြို့ဟောင်းကြီး ရှိနေလေသည်။

မြို့ဟောင်းကြီးရှိနေသော တောင်ကြားတစ်ဝိုက်တွင် သဘာဝအလျှောက် ပွန်းပြီး အခိုးအငွေ့ထွက်နေသော၊ ရေ



www.burmeseclassic.com

www.burmeseclassic.com



များဆူဝေနေသော နေရာလည်းရှိသည်။

အမှန်တော့ ထိုတောင်ကြားတစ်ဝိုက်မှာ အချိန်မရွေး ပေါက်ကွဲနိုင်သော မီးတောင်ကြီးတစ်တောင်၏ ထိပ်ဝပိုင်းလည်း ဖြစ်နိုင်ပေသည်။

သို့ကြောင့်လည်း ထိုနေရာတစ်ဝိုက်တွင်ရှိသော ရေများ ဆူဝေလျှက်ရှိကာ ထိုနေရာမှတစ်ဆင့် မြစ်များအတွင်းသို့ စီးဝင်လျှက်ရှိနေကြသည်။

ထိုမြို့ဟောင်းကြီး တည်ရှိနေသော အနေအထားမှာ တစ်ဝက်က ရေခဲပြင်အောက်သို့ရောက်နေပြီး ကျန်တစ်ဝက်က အပေါ်သို့ထွက်နေခြင်းဖြစ်သည်။

ရေခဲပြင်၏ထုထည်မှာလည်း . . ကြည်လင်လှသောကြောင့် အောက်ခြေမှ မြင်ကွင်းများကို ကြည့်ရှု၍ မြင်နိုင်သော အနေအထားမျိုးရှိသည်။

ထိုမြို့ဟောင်းကြီးမှာ မည်သည့်အချိန်ကာလကတည်းက ထိုရေခဲတောင်ကြားအတွင်းမှာ ရှိနေခြင်းဖြစ်သည်ကို တိတိကျကျ မသိရသော်လည်း ရှေးနှစ်ပေါင်းများစွာကတည်းက ထိုနေရာတွင်ရှိနေကြောင်းကိုတော့ ဒေသခံများက သိကြလေသည်။

ရှေ့မီနောက်မီပုဂ္ဂိုလ်များကဆိုလျှင် မြို့ဟောင်းကြီး၏ သက်တမ်းမှာ နှစ်ပေါင်းတစ်ထောင်ကျော်ထက်မနည်း ရှိပေလိမ့်မည်ဟု ခန့်မှန်းပြောဆိုကြသည်။

ရှေးနှစ်ပေါင်းများစွာကတည်းက ရေခဲတောင်ကြားထဲတွင် ထိုမြို့ဟောင်းကြီးတည်ရှိနေခဲ့သော်လည်း အခြေအနေများ





က ပျက်ယွင်းမှုမရှိလှသေးပေ။

ဒါကလည်း ခိုင်လုံသောအကြောင်းတစ်ခု ရှိနေလေသည်။ ထိုအကြောင်းမှာ အခြားတော့ မဟုတ်ပါချေ။

မြို့ဟောင်းကြီးရှိနေသည့်နေရာမှာ နက်ရှိုင်းလှသော တောင်ကြားထဲမှာ ဖြစ်သောကြောင့် လေဒဏ်မိုးဒဏ် မခံရသည်က တစ်ကြောင်း. . .

အချို့မှာ ရေခဲပြင်အောက်သို့ ရောက်နေသည်က တစ်ကြောင်းကြောင့် ထိုကဲ့သို့ နှစ်ပေါင်းများစွာ ကြာသည်အထိ မပျက်မစီးဘဲ ရှိနေခြင်း အကြောင်းရင်းဖြစ်သည်။

ရေခဲပြင်အောက်သို့ရောက်နေသော မြို့ဟောင်းကြီး၏ အချို့နေရာများတွင် လမ်းမကြီးများ၊ လမ်းသွယ်များအပြင် လူနေအိမ်အဆောက်အဦးများနှင့် ကြီးမားသောအဆောက် အဦး အချို့လည်း ရှိသည်။

အချို့နေရာများတွင် ရေခဲပြင်အောက် ရောက်နေသဖြင့် ကြည့်ရုံသာကြည့်နိုင်ပြီး အချို့နေရာများမှာတော့ ဝင်ရောက်ကြည့်ရှုနိုင်သော အနေအထားမျိုးရှိသည်။

လမ်းတလျှောက်တွင် တန်းစီလျက်ရှိနေကြသော နေအိမ်များမှာ ပိုင်ရှင်မရှိတော့ပေ။

နေထိုင်မည့်သူများလည်း မရှိကြတော့ပေ။ သို့သော်လည်း ကျန်ခဲ့သော ရုပ်ခန္ဓာအစိပ် အပိုင်းဖြစ်သည့် အရိုးစုများကတော့ သူတို့အိမ်များအတွင်း၌ ရှိနေကြသေးသည်။

ဒါကလည်း အံ့သြစရာကောင်းသော အချက်ဖြစ်သည်။ နေအိမ်များအတွင်း၌ ရှိနေကြသော အရိုးစုများမှာ ထိုင်လျက်



www.burmeseclassic.com

www.burmeseclassic.com



သော်လည်းကောင်း၊ မတ်တပ်ရပ်လျက်သော်လည်းကောင်း၊ အချို့လဲလျောင်းလျက် အနေအထားမျိုးနှင့်သော်လည်းကောင်း ပုံသဏ္ဍာန်အမျိုးမျိုးနှင့် ရှိနေကြပေသည်။

တစ်ခုတော့ရှိသည်. . . ထိုမြို့ဟောင်းကြီး၌ တွေ့ရသော အရိုးစုတို့မှာ ယခုတွေ့ရသော လူအရိုးစုများနှင့်တော့ မတူလှပေ။ အရပ်အမောင်းမြင့်ပြီး အရိုးအဆစ်တို့က သာမန်ထက် ပိုရှည်လေသည်။

အထူးသဖြင့် ဦးခေါင်းကပိုကြီးပြီး. . လုံးဝန်းသောပုံသဏ္ဍာန်မျိုးမဟုတ်ဘဲ ရှည်မျောမျောပုံပန်းသဏ္ဍာန်မျိုး ရှိနေသည်။ မျက်လုံးပေါက်တို့က သာမန်ဦးခေါင်းခွံတို့တွင် တွေ့ရသော မျက်လုံးပေါက်ထက် ပိုကျယ်သည်။

မြို့ဟောင်းကြီးမှာ မျက်စိတဆုံး ကျယ်ဝန်းလှသောကြောင့် နေရာအနှံ့ ရောက်အောင်သွားဖို့ မလွယ်ကူပေ။ ရေခဲပြင်အောက် ရောက်နေသော နေရာများဆိုလျှင် သာမန်အနေအထားဖြင့် မရောက်နိုင်သော နေရာများဖြစ်ကြသည်။

သို့သော်လည်း ရေခဲပြင်ပေါ်မှာရော အောက်မှာပါ မြောက်များစွာသော ရှေးဟောင်းအသုံးအဆောင်ပစ္စည်းများက နေရာအနှံ့၌ ရှိနေကြလေသည်။

ရွှေ ငွေ၊ သတ္တု၊ ကြေး၊ စသည်တို့ဖြင့် ပြုလုပ်ထားသော အသုံးအဆောင်ပစ္စည်းများ၊

မြေဖြင့်ပြုလုပ်ထားသော၊ ကျောက်သားဖြင့် ပြုလုပ်ထားသည့် အသုံးအဆောင်ပစ္စည်းများ၊

သံဖြင့်ပြုလုပ်ထားသော လက်နက်ပစ္စည်းတို့မှာ နေအိမ်





တိုင်း၌ ရှိနေကြလေသည်။

မြို့ဟောင်းကြီးတွင် ထိုကဲ့သို့တန်ဖိုးရှိသော အသုံးအဆောင်ပစ္စည်းများရှိနေမှန်း သိကြသော်လည်း မည်သူမှ လာရောက်မယူဝံ့ကြပေ။ အဘယ်ကြောင့်ဆိုသော်. .

ထိုနေရာသို့ ရောက်အောင်လာဖို့ ခက်ခဲသည်ကတစ်ကြောင်း၊ ဘေးအန္တရာယ်များသည်က တစ်ကြောင်းကြောင့်အမြင် ထိုနေရာသို့ စွန့်စွန့်စားစားလာမိပါက ပြန်လမ်းမရှိသောဘဝမျိုးဖြင့် အသက်သေဆုံးကြရလေသည်။

သာမန်လူတို့အနေဖြင့် ထိုနေရာသို့ ရောက်အောင်လာပြီး ထိုနေရာမှ အဖိုးတန်ပစ္စည်းများယူဆောင်ကာ မိမိတို့နေရာရောက်အောင် ပြန်လာနိုင်ဖို့ဆိုသောကိစ္စမှာ မဖြစ်နိုင်ကြပေ။

ပြန်လည်း ပြန်မရောက်လာကြပေ။

ထို့ကြောင့် ဒေသခံများက ရေခဲတောင်ကြားအောက်၌ရှိသော မြို့ဟောင်းကြီးကို 'ပြန်လမ်းမရှိသောနေရာ' ဝိညာဉ်များ၏မြို့ဟောင်း'ဟု နာမည်အမျိုးမျိုးပေးထားကြလေသည်။

ထိုနေရာသို့ သာမန်လူတို့ မရောက်နိုင်ကြစေကာမူ (မလာဝံ့ကြစေကာမူ) တစ်ခါတစ်ရံ ရောက်လာကြသူများကတော့ ရှိသည်။ အခြားသူများ မဟုတ်ကြပေ။

တိဗက်ဘုန်းကြီးများပင်ဖြစ်သည်။

ၾင်းတို့က သာမန်လူများကဲ့သို့ ခြေလျင်လာကြခြင်းမဟုတ်ပေ၊ ကောင်းကင်မှပျံဝဲလာနိုင်သောကြောင့် အလွယ်တကူ ရောက်လာနိုင်ကြပေသည်။

ၾင်းတို့ ကောင်းကင်မှ ပျံလာသောနည်းမှာ. . .



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓရဟန္တာတို့ကဲ့သို့ ဈာန်သမာပတ်ကို အသုံးပြုပြီး လာကြခြင်းလည်း မဟုတ်ပေ။ ဝိဇ္ဇာဇော်ဂျီတို့ကဲ့သို့ သိဒ္ဓိစွမ်းအားကို အသုံးပြုလျက် ပျံဝဲလာသောနည်းမျိုးလည်း မဟုတ်ပေ။

ကိုယ်ခန္ဓာကို ပေါ့ပါးအောင်ပြုလုပ်ပြီး ၎င်းကိုသယ်ယူသွားနိုင်သော လေ့ကျင့်မှုစွမ်းအားကို အသုံးပြုပြီး ပျံဝဲသွားကြခြင်းဖြစ်သည်။

၎င်းတို့က ဈာန်သမာပတ်နှင့်လည်း ပျံဝဲခြင်းမဟုတ်၊ သိဒ္ဓိစွမ်းအားဖြင့်လည်း ပျံဝဲခြင်းမဟုတ်ပဲ လေ့ကျင့်မှုစွမ်းအားဆို အသုံးပြုကာ ပျံဝဲကြသဖြင့် စိတ်မချရပေ။ မကြာခဏ ပြုတ်ကျတတ်လေသည်။

ထိုကဲ့သို့ အကြိမ်ပေါင်းများစွာ ပြုတ်ကျပြီးမှ နောက်ပိုင်းတွင် သွားလိုသောနေရာသို့ ဖြောင့်ဖြောင့်ရောက်နိုင်သော စွမ်းအားကို ပိုင်ဆိုင်ရရှိကြခြင်းဖြစ်သည်။

တိဗက်ဘုန်းကြီးများက ရေခဲတောင်ကြားမှ မြို့ဟောင်းကြီးသို့ လာရောက်ကြသော ရည်ရွယ်ချက်မှာ အခြားသူများနှင့် မတူပေ။ အခြားသူများကရွှေငွေရတနာနှင့် ရှေးဟောင်းပစ္စည်းများကို ရှာဖွေယူရန်လာရောက်ကြသော်လည်း ၎င်းတို့က ရှေးဟောင်းပညာရပ်များနှင့်၊ ဆေးကုသသော ပညာရပ်များကို ရှာဖွေရန် လာရောက်ကြခြင်းဖြစ်ကြလေသည်။

တစ်ခါက ဆေးပညာကို လေ့လာနေသော တိဗက်ဘုန်းကြီးတစ်ပါးမှာ အရည်ပျော်ကျနေသော နေရာဘက်မှ မြို့ဟောင်းကြီးအတွင်းသို့ ဝင်သွားရာ ထူးဆန်းသောသေတ္တာတစ်လုံးကို ရခဲ့ဖူးသည်။





ထိုသေတ္တာမှာ လေးထောင့်ပုံသဏ္ဌာန် သေတ္တာငယ်တစ်လုံးနှင့်တူပြီး၊ ထိုသေတ္တာကို အသုံးပြုပြီး လူတစ်ယောက်၏ကိုယ်ခန္ဓာကိုကြည့်ပါက ဖောက်ထွင်းမြင်ရလေသည်။ ကိုယ်ခန္ဓာအတွင်းမှာရှိသော အရိုးနှင့်ကလီဆာများကို မြင်ရခြင်းပင်ဖြစ်သည်။ (ယခုခေတ်ကာလ ဓါတ်မှန်ရိုက်သော ကိရိယာမျိုးပင်ဖြစ်ပေလိမ့်မည်)

ထို့ပြင် အခြားနည်းဖြင့် အသုံးပြုပါက လူတစ်ယောက်၏ ကိုယ်ခန္ဓာမှထွက်နေသည့် အရောင်ကိုပါ မြင်နိုင်လေသည်။

ထိုအရောင်ကိုကြည့်ရုံနှင့် ကာယကံရှင် အသက်သေနိုင်သည်၊ အသက်မသေနိုင်သည်ကို သိရလေသည်။

သေတော့မည့်လူတစ်ယောက်၏ ကိုယ်ခန္ဓာမှ ထွက်သော အရောင်သည် ဆီခမ်းသွားသော မီးစာမှမီးရောင်ကဲ့သို့ အဖြည်းဖြည်းမှေးမှိန်ကျလာပြီး နောက်ဆုံး ထိုအရောင် ဖျပ်ခနဲ ပျောက်သွားသည်နှင့် သေဆုံးသွားလေသည်။

ကိုယ်ခန္ဓာထဲမှ ဝိညာဉ်လည်း အပြင်သို့ ထွက်လာလေတော့သည်။ ၎င်း၏ ပြောပြချက်အရ. . .

ထိုထူးဆန်းသော သေတ္တာငယ်ကို အသုံးပြုပြီး ကြည့်ပါက ကိုယ်ခန္ဓာမှ ထွက်သောအရောင်အမျိုးမျိုးတို့ကို မြင်ရပြီး ကာယကံရှင်၏ စိတ်အနေအထား၊ ပညာအရည်အချင်း၊ အတွေးအခေါ် အယူအဆ၊ ထိုသူ၏ကျန်းမာရေးတို့ကိုပါ သိနိုင်လေသည်။

အကယ်၍. . ခန္ဓာကိုယ်တွင်းမှာ ရောဂါစွဲကပ်နေပါက မည်သို့သောရောဂါမျိုးဖြစ်နေသည်ကို သိနိုင်သည့်အပြင် စိတ်

ဒုက္ခရောက်နေပါကလည်း ခန္ဓာကိုယ်မှ အရောင်ပြောင်းနေ သည်ကို တွေ့မြင်နိုင်သည်။

ထူးဆန်းလှသော ထိုဆေးသေတ္တာလေးကို ရသွားခဲ့ သော ထိုတိဗက်ဘုန်းကြီးမှာ နောင်အခါတွင် ထိုဆေးသေတ္တာ ကို အသုံးပြုပြီး ဆေးကုသပေးရာ များစွာအောင်မြင်မှုရခဲ့လေ သည်။ တကယ်တော့ အနာရောဂါကို ပျောက်ကင်းချမ်းသာစေ သော သဘာဝဆေးပင်များကရှိပြီးသား ဖြစ်သည်။

ရောဂါ၏ဇစ်မြစ်ကို တွေ့အောင်မရှာနိုင်၍ဖြစ်စေ. . အနာနှင့်ဆေးတည့်အောင် မပေးနိုင်၍ဖြစ်စေ အသက်ဆုံးရှုံး ကြရခြင်းဖြစ်သည်။

ထူးဆန်းသော ဆေးသေတ္တာကို အသုံးပြုသောအခါ ရောဂါဖြစ်နေသော ဇစ်မြစ်ကိုသိရသဖြင့် သေရမည့်ရောဂါ မဟုတ်လျှင် သေချိန်မကျသေးပါက သက်သာပျောက်ကင်းမှု ရလေသည်။

နောက်ပိုင်းမှာတော့ ထိုတိဗက်ဘုန်းကြီးမှာ ဆေးပညာ သင်ကျောင်း၏ ဂိုဏ်းချုပ်ဆရာတော်အဖြစ် တာဝန်ထမ်းဆောင် ခွင့်ရခဲ့လေသည်။

အထက်ဖော်ပြပါအချက်များမှာ ရေခဲတောင်ကြား၌ နှစ်မြှုပ်ပျောက်ကွယ်နေသော မြို့ဟောင်းကြီးနှင့် ပတ်သက်သော ထူးဆန်းအံ့သြဖွယ်ရာ အချို့ပင်ဖြစ်သည်။





# အခန်း(၁၂)

# ဒေါက်ချာနီ ဘိုးမဟုတ် မိစ္ဆာဝါဒီဂိုဏ်း

ရှေ့အခန်းများတွင် ဖော်ပြပေးခဲ့သည့်အတိုင်း တိဗက် ည်၏ ချန်တန်တောင်တန်းကြီးမှာ ကမ္ဘာ့အမြင့်ဆုံးတောင် (၃၀) အပါအဝင်မဟုတ်စေကာမူ တိဗက်ပြည်မှာတော့ အမြင့်ဆုံး ာင်တန်းမြင့်ကြီးတစ်လုံးပင်ဖြစ်သည်။

ထိုတောင်မှာ မြင့်လည်းမြင့်၊ လူနေသောအရပ်ဒေသ နှင့်လည်း ဝေးသောကြောင့် သီးခြားနေရာ၊ သီးခြားကမ္ဘာကဲ့

www.burmeseclassic.com



သို့ ရှိနေလေသည်။

ချန်တန်တောင်၏ တစ်နေရာ၌ နက်ရှိုင်းသော ချောက်ကြီးအတွင်း၌ မြို့ဟောင်းကြီးတစ်ခုရှိကာ ရေခဲပြင်အောက်သို့ တစ်ဝက်တစ်ပျက် နစ်မြှုပ်နေသော်လည်း တောင်ကြားထဲမှာတော့ ရေဆူလောက်သော အပူငွေ့များရှိနေသဖြင့် ထိုနေရာတစ်ဝိုက်မှာရှိသော ရေခဲထုများက ပျော်ကျနေလေသည်။

ထိုနေရာမှာ လူသိနည်းသောနေရာဖြစ်သည်။ ရေခဲများပျော်ကျနေသောနေရာတွင် ဝင်ပေါက်များရှိနေပြီး ထိုဝင်ပေါက်များမှ ဝင်သွားပါက မြို့ဟောင်းကြီးအတွင်းသို့ တိုက်ရိုက်ရောက်သွားနိုင်လေသည်။

အတွင်းမှာတော့ လူမရှိသောနေအိမ်များ၊ တိုက်တာအဆောက်အဦးများ၊ မြင့်မားလှသော အဆောက်အဦးများလည်း ရှိနေကြသည်။

အချို့အဆောက်အဦးများမှာ ရဲတိုက်ကြီးများကဲ့သို့သော်လည်းကောင်း၊ ပိုတာလာ နန်းတော်ကြီးကဲ့သို့ တူကြလေသည်။

အချို့အဆောက်အဦးကြီးများကတော့ တိဗက်နန်းတော်ကျောင်းကြီးကဲ့သို့ ပုံသဏ္ဍာန်တူကြသည်။

ထိုနေရာမှာ သက်ရှိလူသားတို့မရှိကြတော့ဘဲ နေရာတိုင်းတွင် အရိုးစုများသာရှိနေကြသည်။

ရွှေငွေရတနာပစ္စည်းများနှင့် အခြားအသုံးအဆောင်ပစ္စည်းများကတော့ နေရာအနှံ့မှာ ပြန့်ကျဲလျက်ရှိနေသည်။

အချို့နေအိမ်များမှာတော့ ရတနာပစ္စည်းတို့ကို ကြမ်း





ပြင်ပေါ်သို့ ကြဲဖြန့်ထားသည်နှင့်ပင် တူနေတော့သည်။

မြို့ဟောင်းကြီး၏ အတွင်းပိုင်းတစ်နေရာမှာတော့ ရဲတိုက်ကြီးနှင့် ပုံသဏ္ဍာန်တူသော အဆောက်အဦးကြီးတစ်လုံးရှိသည်။ ထိုအဆောက်အဦးကြီး၏ အပေါ်ပိုင်းက ရေခဲမျက်နှာပြင်ပေါ်၌ အနည်းငယ်ပေါ်နေပြီး အဆောက်အဦးတစ်ခုလုံးကတော့ ရေခဲထုအောက် နစ်မြှုပ်ပျောက်ကွယ်လျက် ရှိနေသည်။

ထိုအဆောက်အဦးကြီး၏ တံခါးချပ်များမှာ ပိတ်ထားလေသည်။ ရှေ့ဝင်ပေါက်မှာတော့ ကြီးမားခိုင်ခန့်သော တံခါးချပ်ကြီးများ တပ်ဆင်ထားသည်။ ထိုရဲတိုက်ကြီးအတွင်းမှာတော့ ဆီမီးတိုင်များ၊ ဆီမီးခွက်များနေရာအနှံ့၌ ထွန်းထားသောကြောင့် အလင်းရောင်ကောင်းစွာရနေသည့်အပြင် အနွေးဓာတ်များပါ ရနေလေသည်။ ထိုအဆောက်အဦးကြီးအတွင်းမှာ လူအချို့ရှိနေကြလေသည်။

လူပေါင်း (၂၀)ခန့်ရှိသည်။

ထိုသူများမှာ အခြားမဟုတ်ပေ။

မိစ္ဆာဝါဒီဂိုဏ်းသားများပင် ဖြစ်ကြလေသည်။

၎င်းတို့သည် အပေါ်မှဝတ်ရုံနက်ကြီးများကို ခြုံထားပြီး ဦးခေါင်းပေါ်မှာလည်း ခေါင်းစွပ်များ စွပ်ထားကြသည်။ သို့ကြောင့် မည်သူမည်ဝါမှန်း မသိနိုင်တော့ပေ။

ရဲတိုက်ကြီးအတွင်းမှာ လူနှစ်ဆယ်ခန့် ရောက်နေပြီးဖြစ်သော်လည်း အချို့နောက်ကျပြီးမှ ရောက်လာကြသူများလည်း ရှိကြလေသည်။

မိစ္ဆာဝါဒီဂိုဏ်းသားများမှာ ဂူပေါက်ဝရောက်သည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



အပေါက်ဝမှာရှိသောအစောင့်အား ၎င်းတို့ကိုယ်ပေါ်မှာရှိသော အမှတ်အသားကို ပြရသည်။

အစောင့်များက ၎င်းတို့ပညာဖြင့် ကိုယ်ပေါ်မှာရှိသော အမှတ်အသားများမှာ အတုလားအစစ်လား ခွဲခြားစစ်ဆေးကြည့် ပြီးမှ ရဲတိုက်ကြီးအတွင်းသို့ ဝင်ခွင့်ပေးလေသည်။

မိစ္ဆာဝါဒီဂိုဏ်းဝင်တိုင်း ကိုယ်ပေါ်တွင် ဆေးဖြင့်ထိုးထား သော နဂါးနက်ရုပ် ရှိကြရသည်။

ထိုအရုပ်မှာလည်း အတုပြုလုပ်၍ မရပေ။

ရဲတိုက်ထဲသို့ ဝင်ကာနီးတွင် အစောင့်များက ၎င်းတို့ ပညာဖြင့် ခွဲခြားကြည့်သောအခါ အတုပြုလုပ်လာပါက ချက်ခြင်း သိနိုင်လေသည်။

ရဲတိုက်ကြီးအတွင်းမှာ လူစုံသလောက်ရှိသောအခါ နောက်ဘက်မှာရှိသော အခန်းများထဲမှ လူအချို့ထွက်လာကြ ပြီး ၎င်းတို့အတွက် သတ်မှတ်ထားသော နေရာများတွင် ဝင် ရောက်ထိုင်ကြသည်။

အတွင်းဘက်မှာတော့ အခန်းကျယ်ကြီးတစ်ခုရှိပြီး အ လယ်နေရာလောက်တွင် ကျောက်စားပွဲရှည်ကြီးတစ်လုံး ချထား လေသည်။ ဘေးတစ်ဖက်တစ်ချက်မှာတော့ ကျောက်သားဖြင့် ပြုလုပ်ထားသော ကုလားထိုင်များ တန်းစီချထားလေရာ ဂိုဏ်း သားများက ထိုနေရာတွင် ဝင်ထိုင်ကြလေသည်။

လူစုံသောအခါ ခေါင်းဆောင်ဖြစ်သူက နေရာမှထကာ အသံကျယ်ကျယ်ဖြင့် ပြောလေသည်။

၎င်းက အသံမြှင့်ပြီးပြောလိုက်ရာ အသံလုံနေသော ရဲ





တိုက်ကြီးအတွင်း၌ ဟိန်းထွက်သွားလေသည်။

"ကျွန်ုပ်တို့ရဲ့ ဒေါက်ချာနီဂိုဏ်းသားများကို ကြိုဆိုပါ တယ်၊ အခုလိုစုံစုံညီညီပြန်တွေ့ကြရတာ ဝမ်းသာပါတယ်၊ အခု ခေါ်ယူတွေ့ဆုံတဲ့အကြောင်းကတော့ အရေးတကြီးကိစ္စများ တိုင်ပင်ဆွေးနွေးရန်အတွက် ဖြစ်ပါတယ်"

ထိုအသံရပ်သွားသည်နှင့် အခန်းတစ်ခန်းလုံး တိတ် ဆိတ်ငြိမ်သက်သွားလေသည်။

ပထမပြောသူက ထိုမျှသာပြောပြီး ပြန်ထိုင်သွားရာ. .

နောက်ထပြောသူမှာ အမျိုးသမီးပင်ဖြစ်သည်။

"ကျွန်မတို့ရဲ့ ဒေါက်ချာနီဂိုဏ်းကို ဒေါက်ချာဝါဂိုဏ်း သားတွေက မိစ္ဆာဝါဒီဂိုဏ်းဆိုပြီး အမည်ပေးသတ်မှတ်ကြတယ်၊ အမှတ်တော့ တိဗက်ပြည်မှာ ဒေါက်ချာနီဂိုဏ်းက အရင်ပေါ်ခဲ့ တယ် မဟုတ်လား"

"မှန်ပါတယ်"

"ဒါပေမယ့် ဒေါက်ချာဝါဂိုဏ်းသားတွေက အခုအချိန် မှာ တိဗက်ပြည်တစ်ခုလုံးကို သူတို့ဝါဒပြန့်ပွားဖို့အတွက် ကြိုးစား နေကြတယ်၊ လူတွေကလည်း တဖြည်းဖြည်းနဲ့ သူတို့ဘက်ပါပြီး ယုံကြည်မှုများလာကြတယ်"

"မှန်ပါတယ်"

ရှေးအခါက တိဗက်ပြည်၌ ဘုန်းကြီးများမှာ အယူဝါဒ အမျိုးမျိုးကွဲပြားကာ ဂိုဏ်းအမျိုးမျိုးကွဲကြလေသည်။ နောက်ပိုင်း မှာတော့ ဒေါက်ချာနီဂိုဏ်းသားများက တဖြည်းဖြည်းနှင့် အင် အားတိုးပွားလာပြီး တိုင်းပြည်ကိုစီမံအုပ်ချုပ်သော အခွင့်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



နှစ်ပေါင်းများစွာ နေလာကြရာမှ နောက်ပိုင်းဒေါက်ချာဝါဂိုဏ်း ပေါ်လာကာ. . ဒေါက်ချာနီဂိုဏ်းကျင့်သုံးသော အယူဝါဒနှ သိက္ခာပုဒ်များကို သန့်စင်ကာ ပြုပြင်ပြောင်းလဲမှုများစွာ ပြုလု ကြလေသည်။ ဒေါက်ချာနီဂိုဏ်းကျင့်သုံးသော အိမ်ယာ ထောင်သောကိစ္စကို လုံးဝခွင့်မပြုတော့ပေ။

ထိုကဲ့သို့သော အယူဝါဒများကြောင့် နောက်ပိုင်းကာ ကြာသောအခါ တိဗက်၌ ဒေါက်ချာနီဂိုဏ်းက အရင်ပေါ် ပေါ် လာပြီး နောက်မှာတော့ ၎င်းတို့၏တန်ခိုးပါဝါမှာ တဖြည်းဖြည် နှင့် မှေးမှိန်သွားခဲ့လေသည်။

နောက်ပိုင်း တိဗက်ပြည်ကို တရုတ်တို့ကဝင်ရော သိမ်းပိုက်ပြီးသောအချိန်တွင် ဒေါက်ချာဝါဂိုဏ်းကို ဘာသာရေ ပတ်သက်သော ကိစ္စများတွင် ဦးဆောင်စေပြီး၊ ဒေါက်ချာနီဂိုဏ် သားများကိုတော့ တိုင်းပြည်အုပ်ချုပ်ရေးတွင် ၎င်းတို့နှင့်အတ လက်တွဲပြီး ဆောင်ရွက်စေသည်။ ဒေါက်ချာဝါဂိုဏ်းသားများ ဒေါက်ချာနီဂိုဏ်းသားများကို မိစ္ဆာဝါဒီဂိုဏ်းသားများဟု သတ် မှတ်ထားကြသည်။

"ဒေါက်ချာဝါဂိုဏ်းသားတွေက ဘာသာရေးနဲ့ပတ်သက် ပြီး ဒလိုင်းလာမာအထိ နေရာရလာကြတယ်ဆိုပေမယ့် အုပ်ချု ရေးပိုင်းမှာတော့ ကျွန်မတို့ရဲ့ဒေါက်ချာနီဂိုဏ်းသားတွေကို မ ကြသေးပါဘူး၊ ဒါကြောင့် ဒီအခွင့်အာဏာကို အသုံးပြုပြီး သူ ရဲ့ ဘာသာရေးလုပ်ငန်းစဉ်တွေ စီမံကိန်းတွေကို တတ်နိုင်သမျှ ဖျက်ဆီးပစ်ရမယ်"

"ကောင်းတယ်. . ကောင်းတယ်"





"အခုဆိုရင် ဂိုဏ်းသားတစ်ယောက်ရဲ့ ကြိုးစားဆောင် ရွက်ပေးမှုကြောင့် သူတို့ရဲ့အရေးအကြီးဆုံးဖြစ်တဲ့ (၁၃)ခုမြောက် ရွှေဦးခေါင်းက ကျွန်မတို့လက်ထဲမှာ ရောက်နေပြီ"

ထိုစကားကြောင့် တအံ့တသြဖြစ်သွားကြသည်။

အချို့ကလည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြသည်။

"ဒီအတွက် ရွှေဦးခေါင်းကိုရအောင် ကြိုးစားဆောင် ရွက်ပေးခဲ့တဲ့သူကိုလည်း ထိုက်တန်တဲ့ဆုချီးမြှင့်မှုတွေ လုပ်ပေး ရမယ်၊ သူကြိုးစားဆောင်ရွက်ခဲ့တယ်ဆိုတာလည်း အားလုံး သိအောင်ပြောပြပေးပါ့မယ်"

ထိုသို့ပြောပြီး ကျောက်စားပွဲပေါ်မှာ တင်ထားသော ငွေခေါင်းလောင်းကို ယူပြီးတီးလိုက်ရာ သာယာသောအသံထွက် လာလေသည်။ မရှေးမနှောင်းမှာပင်. . နောက်ဘက်မှ လူနှစ် ယောက် ထွက်လာကြသည်။

၎င်းတို့လက်ထဲမှာ ရွှေလင်ပန်းပေါ်မှာ တင်ထားသော ရွှေဦးခေါင်းခွံ ပါလာလေသည်။

၎င်းတို့က ရွှေဦးခေါင်းကို ကျောက်စားပွဲအလယ်နေ ရာသို့ ချပေးလိုက်သည်။

အခန်းတွင်းမှာ ထွန်းထားသော မီးရောင်များက. . ကျောက်စားပွဲပေါ်သို့ ကျရောက်နေရာမှ ရွှေဦးခေါင်းပေါ်သို့ ရောက်နေရာ အရောင်များ တောက်ပနေလေသည်။

ရွှေဦးခေါင်းခွံကို မြင်သောအခါ ဂိုဏ်းသားများက စိတ် ဝင်စားစွာ ကြည့်နေကြသည်။

ရွှေဦးခေါင်းခွံမှ အလင်းရောင်များ ဖြာထွက်နေရာ. .



www.burmeseclassic.com

www.burmeseclassic.com



အချို့လူများက ထိုအလင်းရောင်ကိုကြည့် ပြီးထိတ်လန့်နေကြလေသည်။ အဘယ်ကြောင့်ဆိုသော် ထိုအလင်းရောင်များထဲတွင် ပုံရိပ်အမျိုးမျိုးထွက်နေရာ. . ထိုအထဲတွင် ဒလိုင်းလာမာကြီး၏ ရုပ်သွင်ကိုပါ တွေ့မြင်နေရသောကြောင့် ဖြစ်လေသည်။

"ဒါဟာ ဒေါက်ချာဝါဂိုဏ်းဝင် ဒလိုင်းလာမာကြီးရဲ့ ရွှေဦးခေါင်းခွံပဲ ဖြစ်ပါတယ်၊ စုစုပေါင်း ဒီလိုဦးခေါင်းခွံမျိုး (၁၃)ခု ရှိတယ်၊ အဲဒီ (၁၃)ခုစုံသွားရင် သူတို့အနေနဲ့ အစီအစဉ်တစ်ခု ပြုလုပ်တော့မှာ ဖြစ်ပါတယ်"

"ဘယ်လို အစီအစဉ်မျိုးလည်း ဂိုဏ်းချုပ်ကြီး"

ထိုအမျိုးသမီးမှာ ဒုတိယဂိုဏ်းချုပ်ကြီးဖြစ်သောကြောင့် ဂိုဏ်းသားများက 'ဂိုဏ်းချုပ်ကြီး'ဟုပင် ခေါ်ဝေါ်ကြလေသည်။

"(၁၃)ခုမြောက် ရွှေဦးခေါင်းခွံကို ဗဟိုမှာထားပြီး ကျန်တဲ့ (၁၂)လုံးက စက်ဝိုင်းသဏ္ဌာန်ရံပြီး စက်ကြိုးတွေဆက်ကြလိမ့်မယ်၊ ဒလိုင်းလာမာကြီး (၁၃)ပါးရဲ့ စက်ကြိုးတွေ ဆက်မိသွားရင် သူတို့ရဲ့ စွမ်းအားဓာတ်တွေလည်း အဲဒီနေရာကို ရောက်လာကြလိမ့်မယ်"

"ဘာကြောင့် ဒီလိုအစီအစဉ်မျိုး ပြုလုပ်ကြတာပါလဲ"

"သူတို့ရဲ့ အဓိကရည်ရွယ်ချက်က တိဗက်သာမကဘူး တစ်ကမ္ဘာလုံးကို မေတ္တာစက်ကွင်းလွှတ်ပြီး သူတို့ရဲ့ဝါဒတွေ ပြန့်နှံ့လွှမ်းမိုးအောင်လုပ်မယ့် ရည်ရွယ်ချက်ပဲ"

"ဒီလိုလုပ်ရင် ကျုပ်တို့ဂိုဏ်းလည်း ပပျောက်သွားနိုင်တာပေါ့"

"သူတို့ရဲ့အဓိကရည်ရွယ်ချက်ထဲမှာ ဒါလည်းပါတာပေါ့





သူတို့ရဲ့ဝါဒတွေ တိဗက်တစ်နိုင်ငံလုံး ပြန့်နှံ့သွားခဲ့ရင် ကျွန်မတို့ဂိုဏ်းသားတွေအတွက် နေရာဘယ်ရှိတော့မလဲ၊ ဒါကြောင့် သူတို့ရဲ့အကြံအစည်တွေကို မပျက်ပျက်အောင်ကြိုးစားကြရမယ်"

"မှန်ပါတယ်. . မှန်ပါတယ်"

"ဒါကြောင့်. . ပထမဆုံးအနေနဲ့ သူတို့ရဲ့ ရွှေဦးခေါင်း (၁၃)လုံး မစုံအောင် ကြိုးစားခဲ့ကြတာ၊ အခုအောင်မြင်လာခဲ့ပြီ၊ သူဘယ်လိုကြိုးစားခဲ့ရတယ်ဆိုတာ ကာယကံရှင်က ပြောပြပါလိမ့်မယ်"

ထိုအခါ စားပွဲထိပ်နားတွင်ရှိနေသော ဂိုဏ်းသားတစ်ယောက်က နေရာမှထရပ်ပြီး ၎င်းကြိုးစားခဲ့ရပုံများကို ဤသို့ ပြောပြလေသည်။

သူသည် ဒေါက်ချာဝါဂိုဏ်းဝင် ဘုန်းကြီးတစ်ပါးအသွင်သို့ ဦးစွာပြောင်းလိုက်သည်။

ထို့နောက် မြို့ပေါင်းကြီးအတွင်းတစ်နေရာမှာရှိသော ရှေးကအသုံးပြုခဲ့သော ဆေးမှတ်တမ်းများနှင့် ဆေးသေတ္တာကိုပါ တစ်ပါတည်းယူဆောင်ကာ မရဏတောင်ရှိရာသို့ သွားခဲ့လေသည်။

ထိုတောင်သို့ ရောက်သောအခါ တစ်ပါးတည်း နေရာအနှံ့သွားလာပြီး ဆေးပင်များနှင့် ဆေးပညာများကို ရှာဖွေနေသူဖြစ်ကြောင်း ပြောပြလိုက်သည်။

ထိုကဲ့သို့ ပြောပြသောအခါ ကျောင်းထိုင်ဆရာတော်ကြီးထံသို့ ခေါ်သွားလေသည်။

ကျောင်းထိုင်ဘုန်းကြီးက ၎င်းအားနည်းမျိုးစုံတို့ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မေးမြန်းစစ်ဆေးပြီးနောက် မရဏတောင် ကျောင်းတိုက်ကြီးအတွင်း၌ နေခွင့်ပေးခဲ့သည်။

ထိုသူ၏အမည်မှာ သောမဖြစ်သည်။

သောမသည် ယခင်က ဆေးဝါးနှင့်ပတ်သက်သော အကြောင်းအရာများ၊ ကုထုံးများကို ကျွမ်းကျင်သည့်အပြင် သူနှင့်အတူပါသွားသော ဆေးသေတ္တာ၏ ထူးခြားသောအသုံးဝင်မှုများကြောင့် တဖြည်းဖြည်းနှင့် အများ၏ယုံကြည်အားထားခြင်းကိုခံရလေသည်။

နောက်ပိုင်းတွင် ဆေးပညာသင်သောနေရာတွင် သင်ကြားပို့ချရသော လက်ထောက်ဆရာတော်အဖြစ် အချိန်အတော်ကြာအောင် တာဝန်ထမ်းဆောင်ခွင့် ရလေသည်။

သောမသည် ဒေါက်ချာနီဂိုဏ်းသားတစ်ဦးဖြစ်သော်လည်း မရဏတောင်တွင် နှစ်ပေါင်းများစွာ နေထိုင်ခဲ့စဉ်အချိန်ကာလအတွင်း၌ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးနိုင်ခဲ့လေသည်။

သို့ကြောင့်လည်း ရှေ့အခန်း၌ ဖော်ပြပေးခဲ့သည့်အတိုင်း အားလုံး၏ ယုံကြည်အားကိုးမှုခံရကာ နောက်တွင် ဆေးပညာသင်ကျောင်း၏ ဂိုဏ်းချုပ်ကြီးအဖြစ် တာဝန်ပေးခြင်းကိုပင်ခံရလေသည်။

ထိုကဲ့သို့သော အမြင့်ဆုံးရာထူး ရသောအခါ အရေးကြီးသောတာဝန်များကို လုပ်ကိုင်ရလေသည်။

ကျောင်းထိုင်ဆရာတော်များနှင့် ဒလိုင်းလာမာကြီးများပျံလွန်တော်မူသောအခါ ရုပ်ခန္ဓာတို့အား မပျက်စီးရလေအောင်





ရွှေရုပ်ထုပြုလုပ်ရသောအလုပ်နှင့် ရွှေဦးခေါင်းခွံပြုလုပ်ရသောအလုပ်တို့ကိုပါ ဆောင်ရွက်ခွင့်ရလေသည်။

ထို့ပြင် မရဏတောင် ကျောင်းတိုက်အတွင်း အရေးကြီးသောအခန်းများ၊ နေရာများကိုလည်း တံခါးမရှိ ဓားမရှိ ဝင်ထွက်သွားလာခွင့် ရလေသည်။

မြေအောက်ခန်းများနှင့် သီးသန့်ထားသော အခန်းဖြစ်သည့် ရုပ်ခန္ဓာများကို ရွှေရုပ်ထုအသွင် ပြုလုပ်သောနေရာများနှင့် ရွှေဦးခေါင်းထားသော အခန်းတွင်းသို့ ဝင်ရောက်ခွင့်ရလေသည်။

သောမသည် မရဏတောင်ကျောင်းတိုက်ကြီးအတွင်း၌ ဆယ်နှစ်ဆယ်မိုးကြာအောင် နေခဲ့ပြီးမှ ထိုအခွင့်အရေးကို ရရှိခဲ့ခြင်းဖြစ်ပေသည်။

မရဏတောင်၌ သူရှိနေသော အချိန်မှာပင် (၁၃)ဆက်မြောက်ဒလိုင်းလာမာကြီး ပျံလွန်တော်မူခဲ့လေသည်။

(၁၃)ခုမြောက် ဒလိုင်းလာမာအလောင်းကို ရွှေရုပ်ထုပြုလုပ်ခြင်း၊ ရွှေဦးခေါင်းခွံများ ပြုလုပ်ပြီးသည်အထိ ဆောင်ရွက်ပေးပြီးမှ ရွှေဦးခေါင်းခွံ (၁၃)ခုစုံလင်ပြီး အစီအရင်ပြုလုပ်ကာနီးတော့မှ (၁၃)ခုမြောက် ရွှေဦးခေါင်းခွံကို ယူဆောင်ကာ ရင်းတို့စခန်းချရာ မြို့ဟောင်းကြီးရှိသောနေရာသို့ ယူဆောင်လာခဲ့ခြင်းပင် ဖြစ်ပေတော့သည်။

သောမဆိုသောသူက ရင်းကြီးစားဆောင်ရွက်ခဲ့သောအကြောင်းအရာများကို ပြောဆိုပြီး ပြန်ထိုင်သွားလေသည်။ ထိုအခါ စောစောကခေါင်းဆောင်အမျိုးသမီးက နေရာမှထပြီးပြော



www.burmeseclassic.com

www.burmeseclassic.com



ပြသည်။

"သူရဲ့ဆောင်ရွက်ပေးမှုက ကျွန်မတို့ဂိုဏ်းအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ ဆောင်ရွက်ချက်ပဲ ဖြစ်ပါတယ်၊ ဒေါက်ချာနီဂိုဏ်းအတွက်လည်း အကျိုးရှိ၊ တစ်ဖက်က ဒေါက်ချာဝါဂိုဏ်းသားတွေအတွက်လည်း သူတို့ရဲ့ရည်ရွယ်ချက်တွေ ပျက်စီးစေခဲ့တဲ့ ဆောင်ရွက်ချက်ဖြစ်ပါတယ်၊ ဒါကြောင့် သူ့ကိုအခုချိန်က စပြီး ဒီဂိုဏ်းရဲ့ နံပါတ်(၃)အဆင့်ကို တိုးမြှင့်ပေးလိုက်ပါတယ်၊ ဒါကို ရော အားလုံးက သဘောတူကြပါသလား"

"တူပါတယ် ဂိုဏ်းချုပ်ကြီး"

ဟုတညီတညွတ်တည်း ပြောဆိုကြသည်၊

"ဒါအပြင် တခြားထူးခြားတာတွေ တင်ပြဖို့ရှိရင် တင်ပြပေးကြပါ"

ထိုအခါ လူတစ်ယောက်က နေရာမှထရပ်လေသည်။

"ကျွန်တော်တင်ပြလိုပါတယ်"

"သင်က ဘယ်သူလဲ"

"ဂိုဏ်းဝင်အမှတ် (၁၅)ပါ"

"ကောင်းပြီ ပြောစရာရှိတာပြောပါ"

"ကျွန်တော်က သုဘရာဇာကုန်းမှာ လူသေတွေပျက်စီးရင်းနဲ့ အခြေအနေကို စုံစမ်းရတဲ့သူဖြစ်ပါတယ်၊ ကျွန်တော်နဲ့အတူ အခြားဂိုဏ်းဝင် သုံးယောက်လည်းရှိကြပါတယ်၊ တစ်နေ့က ရန်သူနှစ်ယောက် လူသတ်ကုန်းကို ရောက်လာကြပါတယ်"

"ဘယ်ကလာတဲ့ လူတွေလဲ"

"မရဏတောင်ကလာတာပါပဲ၊ ဒါပေမယ့် သူတို့က တိ





ဗက်ကလာတဲ့လူတွေဖြစ်ပါတယ်"

ထိုသို့ပြောသောအခါ အမျိုးသမီးထံမှ အတန်ကြာအောင် မည်သည့်စကားမှ ထွက်မလာဘဲ ငြိမ်သက်သွားလေသည်။

"ရန်သူတွေဆိုတာ ဘယ်လိုသိတာလဲ"

"သူတို့အနေနဲ့ တစ်စုံတစ်ခုကို စုံစမ်းရှာဖွေဖို့ ရောက်လာတယ်ဆိုတာ သိနိုင်ပါတယ်"

"သူတို့နှစ်ယောက်ကို သုတ်သင်ပစ်ဖို့ ကြိုးစားကြပါတယ်၊ ဒါပေမယ့် မအောင်မြင်ခဲ့ပါဘူး သူတို့က တိုက်ရည်ခိုက်ရည်ကောင်းကြပါတယ်၊ သူတို့အသုံးပြုတဲ့ သိုင်းပညာက အတော်ကလေး အဆင့်မြင့်ပါတယ်"

"ဒီလိုဆိုရင်တော့ ရွှေဦးခေါင်းခွံအတွက် ရန်သူတွေရောက်လာပြီလို့ ယူဆလို့ရတယ်၊ သတိဝိရိယနဲ့ စောင့်ကြည့်ဖို့သိတယ်၊ အခုသူတို့နှစ်ယောက် ဘယ်နေရာရောက်သွားပြီလဲ"

"ကျွန်တော်တို့ မသိနိုင်ပါ"

ထိုသို့ပြောပြီး ဂိုဏ်းဝင် (၁၅) ဆိုသူက နေရာသို့ ပြန်ထိုင်သွားလေတော့သည်။

ထိုအခါ နောက်တစ်ယောက်က ထရပ်လာပြန်သည်။

"ကျွန်တော်က ဂိုဏ်းဝင်အမှတ် (၂၀)ပါ ၊ တရုတ်စစ်တပ်မှာ တာဝန်ထမ်းဆောင်နေပါတယ်"

"ထူးခြားတာရှိရင် ပြောပြပါ"

"ဂိုဏ်းဝင်အမှတ် (၁၅)ပြောတဲ့ ရန်သူနှစ်ယောက်အခုဆိုရင်လာဆာမြို့က ဆင်ခြေဖုံးနေရာတစ်ခုမှာ ရောက်နေ



www.burmeseclassic.com

www.burmeseclassic.com



ကြပါတယ်၊ ပထမတစ်ကြိမ် သူတို့ကိုဖမ်းဖို့ကြိုးစားတာ မအောင်မြင်ခဲ့ပါဘူး၊ ဒါကြောင့် နောက်တစ်ကြိမ် ရအောင်စုံစမ်းပြီး ရအောင်သုတ်သင်ပစ်ပါမယ်"

"သေချာမှလုပ်ဖို့လိုတယ်၊ ဒီလူနှစ်ယောက်က တခြားမဟုတ်ဘူး မရဏတောင်က ဒေါက်ချာဝါဂိုဏ်းဝင်ဘုန်းကြီးတွေသွားခေါ်လို့ ရောက်လာတဲ့ မြန်မာပြည်က လူနှစ်ယောက်ဖြစ်ပါတယ်"

"သူတို့ကို ဂိုဏ်းချုပ်ကြီးသိပါသလား"

"သိပါတယ်၊ သူတို့နေတဲ့ မြန်မာပြည်ကိုတောင်ရောက်အောင်သွားပြီး သူတို့နဲ့တွေ့ခဲ့ပြီးပါပြီ၊ ဒီကိစ္စကို တားခဲ့ပါတယ်၊ ဒါပေမယ့် လက်မခံကြလို့ ဒီနေရာကိုရောက်လာကြတာဖြစ်ပါတယ်၊ တကယ်လို့သူတို့နှစ်ယောက်ကို ဖမ်းမိရင်အသက်သေအောင်မသတ်ဘဲနဲ့ ဒီနေရာကိုရောက်အောင်ခေါ်ဆောင်လာခဲ့ပါ"

"ဘယ်လိုကြောင့်ပါလဲ"

"သူတို့ကိုအသုံးချပြီး ရန်သူတွေကို တန်ပြန်တိုက်စစ်ဆင်ရမယ်၊ ရန်သူကိုကိုယ်မတိုက်ပဲ ရန်သူအချင်းချင်း ပြန်တိုက်စေတဲ့ သဘောပေါ့"

"ကောင်းပါတယ် ဂိုဏ်းချုပ်ကြီး"

"အရေးကြီးတာက ကျွန်မတို့လက်ထဲမှာ ရောက်နေတဲ့ ရွှေဦးခေါင်းကို သူတို့လက်ထဲကို ပြန်ပါမသွားဖို့ ဂိုဏ်းဝင်တိုင်းက စောင့်ရှောက်ပေးရမယ်"

"ကောင်းပါပြီ"





"ဒါကြောင့် အချိန်နဲ့အမျှ သတိထားပြီး ဆောင်ရွက်ကြဖို့ မှာချင်တယ်"

ထို့နောက်မှာတော့ မိစ္ဆာဝါဒီဂိုဏ်းသားတို့သည် နေရာမှ အသီးသီးထကာ အချို့က ရဲတိုက်ကြီးအတွင်းသို့ ဝင်သွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၃)

# မဟူရာနှင့် ပြန်တွေ့ရခြင်း

ဒေါက်တာမင်းထင်ကျော်တို့အနေဖြင့် မြန်မာနိုင်ငံမှာ နေထိုင်စဉ်ကာလကပင် နယ်ချဲ့စစ်ပွဲများဖြင့် ကြုံတွေ့ခဲ့ရသည်။

သို့သော် ဗြိတိသျှနယ်ချဲ့များဖြင့် တိုင်းရင်းသား တော်လှန်ရေးသမားတို့ တိုက်ခိုက်ကြသော စစ်ပွဲများဖြစ်သည်။

နောက်တော့ ဗြိတိသျှနယ်ချဲ့များနှင့် ဂျပန်များ တိုက်ခိုက်ကြသော စစ်ပွဲများနှင့် ကြုံတွေ့ခဲ့ကြလေသည်။

ပထမကမ္ဘာစစ်ဖြစ်ပွားစဉ်က ဥရောပနိုင်ငံကြီးများသာ



www.burmeseclassic.com

www.burmeseclassic.com



အမိကပါဝင်သော်လည်း ဒုတိယကမ္ဘာစစ်ကာလတလျှောက်မှာတော့ အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများမှာ စစ်ဘေးစစ်ဒဏ်များကို မရှုမလှ ခံစားကြရလေသည်။

ထိုအထဲတွင် တိဗက်ပြည်လည်း အပါအဝင်ဖြစ်လေသည်၊ တိဗက်ပြည်သို့ (၁၉၂၇)ခုနှစ်၊ ဒီဇင်ဘာလတွင် တရုတ်ကျူးကျော်တပ်များ ဝင်ရောက်သိမ်းပိုက်ကြလေသည်။

နောက်ထပ် (၁၀)နှစ်ခန့်ကြာပြီး (၁၉၃၇)ခုနှစ်၊ ဇူလိုင်လရောက်သောအခါ တိဗက်သို့ ဂျပန်တပ်များက ဝင်ရောက်လာပြီး ကျူးကျော်ထားသော တရုတ်စစ်တပ်များကို ဝင်ရောက်တိုက်ခိုက်ကြသည်။

ဂျပန်တပ်များ ဝင်ရောက်တိုက်ခိုက်မှုကြောင့် တိဗက်ပြည်တစ်ဝှမ်းလုံးမှာ အထိတ်ထိတ်အလန့်လန့်ဖြစ်နေသော အချိန်ကာလမျိုး ဖြစ်ပေသည်။

ဒီနေရာမှာတော့ တိဗက်ပြည်အကြောင်းကို ပြည့်စုံစွာ ဖော်ပြပေးရန် လိုပေသည်။

တိဗက်ပြည်သည် အာရှတိုက်အလယ်ပိုင်း၊ ဟိမဝန္တာနှင့် ကွန်းလွန်းတောင်တန်းကြီးများအကြား၊ အနောက်ဖက် ကချင်ပြည်နယ်မှ အရှေ့ဖက် တရုတ်နိုင်ငံအထိ ရှည်လျားသော အလွန်မြင့်မားသည့် ကုန်းမြေမြင့်ပေါ်တွင် တည်ရှိသည်။

တောင်ဖက်တွင် အာသံ၊ ဘူတန်၊ ဆစ်ကင်နှင့် နီပေါပြည်တို့ရှိ၍ ဟိမဝန္တာတောင်တန်းသည် တိဗက်ပြည်ကို အိန္ဒိယနိုင်ငံမြောက်ပိုင်းမှ ပိုင်းခြားထားသည်။

မြောက်ဖက်တွင် ဆင်ကျန်နယ်နှင့် အရှေ့ဖက်၌





တရုတ်ပြည်နယ်များဖြစ်သော ကိုကိုးနော်(ချင်ဟိုင်း)နှင့် ဆီကန်နယ်တို့ရှိကြသည်။

တောင်ထူထပ်၍ လမ်းပန်းဆက်သွယ်ရေးမသာယာသဖြင့် နိုင်ငံခြားသားများ အရောက်အပေါက်နည်းသည်။

တိဗက်လူမျိုးတို့ ကိုယ်တိုင်ကလည်း ရှေးထုံးတမ်းစဉ်လာကို စွဲမြဲယုံကြည်သူများ ဖြစ်သည်အားလျော်စွာ နှစ်ပေါင်းများစွာပင် ပြင်ပနိုင်ငံများနှင့် ဆက်သွယ်မှု ကင်းကွာခဲ့လေသည်။

တိဗက်ပြည်၏အကျယ်အဝန်းမှာ (၄၇၀၀၀၀)စတုရန်းမိုင်ခန့်ဖြစ်၍ အရှေ့နှင့်အနောက် မိုင်ပေါင်း (၈၀၀)၊ တောင်နှင့်မြောက်မိုင်ပေါင်း(၆၀၀) ရှိလေသည်။

တိဗက်ပြည်တွင် ထိုစဉ်က လူဦးရေ(၃)သန်းရှိသည်။ မြို့တော်မှာ လာဆာမြို့ဖြစ်သည်။

တိဗက်ပြည်သည် ပေပေါင်း (၁၆၀၀၀)ကျော်မြင့်သော ကုန်းပြင်များနှင့် ပေပေါင်း(၂၀၀၀၀)ကျော်မြင့်သော တောင်တန်းများဖြတ်သန်းလျက်ရှိသည့် ကုန်းမြေမြင့်ကြီးတစ်ခုဖြစ်သည်။

ထိုဒေသသည် အိန္ဒုမြစ်၊ ဗြဟ္မပုတ္တရမြစ်၊ ယန်ဆီမြစ်၊ မဲခေါင်မြစ်နှင့် သံလွင်မြစ်ဟူသော အာရှတိုက်ရှိ မြစ်ကြီးများမြစ်ဖျားခံရာ အရပ်လည်းဖြစ်သည်။

တိဗက်ပြည်သည် ဆီးနှင်းအစဉ်မပြတ်ကျ၍ ခြောက်သွေ့အေးမြသော တိုင်းပြည်ဖြစ်၏။

တိဗက်ပြည်မြောက်ပိုင်းသည် တောင်ပိုင်းထက် အထူးသဖြင့် အေး၍ခြောက်သွေ့သဖြင့် သစ်ပင်ဝါးပင် ရှားပါး၏။

အတွင်းကျသော ချိုင့်ဝှမ်းများ၌ ဆားငန်အိုင်များလည်းရှိ



www.burmeseclassic.com

www.burmeseclassic.com



သည်။ တောင်ပိုင်းရှိ ချိုင့်ဝှမ်းအရပ်ဒေသများတွင် ထွန်ယက်စိုက်ပျိုးနိုင်သည်။

တိဗက်ပြည်တွင် မကြာခဏလိုပင် နှင်းများ သည်းထန်စွာကျ၍ လေပြင်းတိုက်တတ်သည်။ ထိုအခါ နှင်းမုန်တိုင်းသဖွယ် ဖြစ်တတ်၏။

အများအားဖြင့် နွေရာသီတွင် မိုးရွာသွန်း၍ တစ်နှစ်လျှင် မိုးရေချိန် (၈)လက်မမှ (၁၀)လက်မအထိ ရွာသည်။

မြောက်ပိုင်းတွင် စာမရီနှင့် သိုးဆိတ်တို့စားသုံးရန်အတွက်ဖြစ်သော မြက်ပင်၊ ချုံဖုတ်များသာ ပေါက်ရောက်သည်။

တောင်ပိုင်းတွင်ကား စာမရီနှင့်သိုးဆိတ်များ မွေးမြူခြင်းအပြင် မုယော၊ အုတ်ဂျုံ၊ ဂျုံစသည်တို့နှင့် ခါးဥဖြူ၊ အာလူးပဲအမျိုးမျိုး၊ ရာသီဥတု ဒဏ်ခံနိုင်သော ဟင်းသီးဟင်းရွက်တို့ကိုလည်း စိုက်ပျိုးကြသည်။

အများအားဖြင့် တိဗက်လူမျိုးတို့သည် နေထိုင်ရာအတည်တကျဟူ၍ မရှိဘဲ၊ တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းသွားလာ နေထိုင်သူများ ဖြစ်ကြသည်။

အုပ်စုအလိုက် စခန်းသာသောနေရာတို့သို့ လှည့်ပတ်သွားလာကာ စာမရီအမွေးများဖြင့် ပြုလုပ်ထားသော တဲများထိုး၍ နေထိုင်တတ်ကြ၏။

အစားအသောက်မှာလည်း များသောအားဖြင့် စာမရီမှရသောနို့နှင့် မုယောတို့ဖြစ်၏။ စာမရီ၏ချေးကို အခြောက်ပြုလုပ်၍ ထင်းဆိုက်ကြသည်။

တိဗက်လူမျိုးများသည် တစ်နေရာမှ တစ်နေရာသို့





စာမရီများ၊ မြည်းများ၊ ကုလားအုပ်များဖြင့် လှည့်လည်သွားလာနေထိုင်ကြသည်။

တရုတ်နိုင်ငံဖက်သို့ရင်း၊ အိန္ဒိယနိုင်ငံဖက်သို့ရင်း၊ မြင့်မားမတ်စောက်သော တောင်ကြားလမ်းများကိုဖြတ်၍ ကူးသန်းသွားလာကြရ၏။ လမ်းမကြီးများ၊ မီးရထားလမ်းများဟူ၍ မရှိသည့်ပြင် ဘီးတပ်ယာဉ်ဟူ၍လည်း မရှိသလောက်ပင်ဖြစ်၏။

ကုန်တင်လား၊ မြည်း၊ စာမရီနှင့် မြစ်ချောင်းအတွင်း၌ လှေများဖြင့်သာ စာပို့ခြင်း၊ ကူးသန်းသွားလာခြင်း ပြုလုပ်နိုင်ကြလေသည်။

လာဆာမြို့တွင်ကား ယခုအခါတွင် လိုင်းတိုအသံဖမ်းစက်ဖြင့် ကာလကတ္တားမြို့နှင့်ဆက်သွယ်၍ ကြေးနန်းသတင်းများကို ပို့ယူနေကြသည်။

အိုးလုပ်ခြင်း၊ သိုးမွေးထည်နှင့် ကော်ဇော်များရက်လုပ်ခြင်းအစရှိသော အိမ်တွင်းလုပ်ငန်းများရှိသော်လည်း မပြောပလောက်ချေ။

သားမွေး၊ ဆား၊ ရွှေ၊ သားရေစိမ်းနှင့် လက်ချားအစရှိသည်တို့ကို အိန္ဒိယနှင့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချ၏။

တရုတ်နိုင်ငံမှ လက်ဖက်ခြောက်၊ ချည်ထည်၊ ပိုးချည်နှင့် အိန္ဒိယနိုင်ငံမှ ဆန်၊ ချည်ထည်နှင့် အခြားထုတ်လုပ်ပြီးကုန်ပစ္စည်းတို့ကို ဝယ်ယူလေသည်။

တိဗက်ပြည်၏ ရှေးဦးသမိုင်းမှာ မရေရာလှချေ။

သေချာရေရာသောသမိုင်းဖြစ်စဉ်မှာ တရုတ်ခရီးသည်တစ်စု လာရောက်လည်ပတ်ခဲ့သည့် ခရစ်(၆၅၀)ပြည့်နှစ်တွင်မှ



www.burmeseclassic.com

www.burmeseclassic.com



အစပြုသည်ဟု ဆိုလေသည်။

(၁၃)ရာစုနှစ်ဦးလောက်တွင်ကား မွန်ဂိုဘုရင် ဂျင်ဂစ်ခန်က တိုက်ခိုက်သိမ်းပိုက်ခြင်း ခံခဲ့ရ၏။

သူ၏မြေးတော် ပဥ္စမတရုတ်နိုင်ငံ၏ မွန်ဂိုဧကရာဇ် ကူဗလိုင်ခန်သည် လာမာဝါဒီတစ်ဦး ဖြစ်လာလေသည်။

ဤသို့လာမာအယူကို ယူခြင်းကား နိုင်ငံရေးအရ တိဗက်ပြည်ကို သိမ်းသွင်းရန် ရည်ရွယ်ခြင်းဖြစ်သည်။

ထို့ကြောင့် ခရစ်(၁၂၇၀)ပြည့်နှစ်တွင် ကူဗလိုင်ခန်သည် လာမာဘုရင်ကို သူ၏နန်းတော်သို့ဖိတ်ခေါ်၍ တရုတ်နိုင်ငံသို့ လက်ဆောင်ပဏ္ဏာဆက်သရာ လက်အောက်ခံ တိဗက်ပြည်၏ ဘုရင်အဖြစ်ဖြင့် ချီးမြှင့်လိုက်လေသည်။

ထိုလာမာဘုရင်ကား သိကျအနွယ်ဖြစ်သည်။

ခရစ်(၁၃၆၀)ပြည့်နှစ်တွင် သိကျအနွယ် လာမာဘုရင် နန်းတက်၍ အုပ်စိုးရာ၊ သိကလာမာဘုရင် နန်းဆက်တို့သည် နှစ်ပေါင်း (၃၀၀)မျှ တိဗက်ပြည်ကို အုပ်စိုးနိုင်ခဲ့သည်။

(၁၅)ရာစုအစလောက်တွင် သိကျလာမာဘုရင်၏ တူတော်သည် ယခုခေတ်အများသိကြသော ဒလိုင်းလာမာယူသော အမည်ဖြင့် ထင်ရှားလာပြီးလျှင် သူ၏အဆက်အနွယ်တို့ကို ဒလိုင်းလာမာဟု ခေါ်လာကြသည်။

ပဥ္စမဒလိုင်းလာမာ၏ခေတ်တွင် ဒလိုင်းလာမာကို အကြံဉာဏ်ပေးသော တာရှိလာမာကို ခန့်အပ်လေရာ၊ ဒလိုင်းလာမာမင်းဆက်နှင့်အတူ တာရှိလာမာမင်းဆက်တို့လည်း ပေါ်ပေါက်လာလေသည်။





နောင်အခါတွင် တိဗက်ပြည်သည် တရုတ်တို့လက်အောက်သို့ ကျရောက်ခဲ့သော်လည်း (၁၉၁၁)ခုနှစ်၊ တရုတ်ပြည်တော်လှန်ရေးဖြစ်ပွားစဉ် တရုတ်တို့အား တိုက်ထုတ်ခဲ့ကြသဖြင့် (၁၉၁၃)ခုနှစ်မှစ၍ လွတ်လပ်သောနိုင်ငံ ဖြစ်လာခဲ့ပြန်သည်။

(၁၉၂၅)ခုနှစ်တွင် လာမာဂိုဏ်းနှစ်ဂိုဏ်းကွဲ၍ ဒလိုင်းလာမာနှင့် ပန်ချင်လာမာဂိုဏ်းဟု ဖြစ်ပေါ်လာသဖြင့် တိဗက်ပြည်သူပြည်သားများက ဒလိုင်းလာမာကို တိုင်းပြည်အုပ်ချုပ်ရေးအတွက်ဌင်း၊ ပန်ချင်လာမာကို သာသနာရေးအတွက်ဌင်း၊ အာဏာပိုင်များဟူ၍ ခွဲခြားကာ အသိအမှတ် ပြုခဲ့ကြလေသည်။

တရုတ်တို့သည် တိဗက်ပြည်တွင် ပြန်လည်၍ သြဇာလွှမ်းမိုးရန် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ချေ။

သို့သော် (၁၉၃၉)ခုနှစ်မှစ၍ တိဗက်နိုင်ငံ၌ တရုတ်ကိုယ်စားလှယ်တစ်ဦးကို ထားခွင့်ရလာလေသည်။

ပညာရေးတွင် သာသနာရေး လွှမ်းမိုးနေသဖြင့် ဘုန်းကြီးကျောင်းများ၌သာ ရဟန်းအဖြစ်ခံယူ၍ သင်ကြားကြရလေသည်။ သာသနာရေးအရာရှိများနှင့် အစိုးရအရာရှိများအတွက် လာဆာတွင် ကျောင်းတော်ကြီးနှစ်ကျောင်းရှိသည်။

သာမန်အားဖြင့်ကား ကလေးသူငယ်များသည် ရွာဘုန်းကြီးကျောင်းတွင် စာသင်ကြရ၏။

အနောက်နိုင်ငံ ပညာရေးပို့ချပေးရန်အတွက် သာသနာပြုကျောင်းများ တည်ထောင်ရန် ကြိုးစားခဲ့ကြသော်လည်း မအောင်မြင်ကြချေ။

တိဗက်ပြည်သူပြည်သားတို့၏ အယူဝါဒ၌ ရဟန်းမင်း



www.burmeseclassic.com

www.burmeseclassic.com



ကြီးအား ဘုရားလောင်းဝင်စားသူဟူ၍ ယူဆကြ၏။

ရဟန်းမင်းကြီးပျံလွန်လျှင် သူ၏ဝိညာဉ်သည် တိဗက်ပြည်၌ပင် ဝင်စားသည့်အတွက် ရဟန်းမင်းကြီးဟောင်း ဝင်စားသည်ဟု ယုံကြည်ရသော မွေးစကလေးငယ်တစ်ယောက်ကို စုံစမ်းရှာဖွေပြီးနောက် လာဆာမြို့သို့ခေါ် ဆောင်၍ ရဟန်းမင်းကြီးအဖြစ် တင်မြှောက်ကာ ရင်ခွင်ပိုက်အဖွဲ့ဖြင့် အုပ်ချုပ်စေလေသည်။

ထို့နောက် ထိုသူငယ်သည် (၁၈)နှစ်အရွယ်သို့ရောက်သော်၊ တိဗက်ပြည်အားလုံးကို စိုးမိုးအုပ်ချုပ်ရသော အာဏာပိုင်မင်းအဖြစ်ကို ခံယူရလေသည်။

(၁၉၃၃)ခုနှစ်တွင် (၁၃)ဆက်မြောက် ဒလိုင်းလာမာ ပျံလွန်ခဲ့ပြီးနောက် အသက်(၅)နှစ်မျှသာ ရှိသေးသော ဒလိုင်းလာမာငယ်ကလေးကို တောရွာတစ်ရွာမှ တွေ့ရှိခဲ့သည်။

(၁၉၃၉)ခုနှစ်တွင် ထိုကလေးကို လာဆာသို့ခေါ်ဆောင်ကာ (၁၉၄၀)ပြည့်နှစ်၊ ဖေဖော်ဝါရီလတွင် ရင်ခွင်ပိုက်အဖွဲ့ဖြင့် အုပ်စိုးစေလျက် (၁၉၅၀)ပြည့်နှစ် နိုဝင်ဘာလ (၁၇)ရက်နေ့တွင် (၁၄)ဆက်မြောက် ဒလိုင်းလာမာအဖြစ်ဖြင့် လုံးဝအာဏာလွှဲအပ်ပေးလိုက်လေသည်။

(၁၉၅၀)ပြည့်နှစ်၊ အောက်တိုဘာလတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရ၏တပ်များသည် တိဗက်ပြည်တွင်းသို့ ဝင်ရောက်လာလေသည်။

ထို့နောက် (၁၉၅၁)ခုနှစ်တွင် တိဗက်ပြည်နှင့် တရုတ်နိုင်ငံတို့ နှစ်ဦးသဘောတူ စာချုပ်တစ်ရပ်ကို ပီကင်းမြို့တွင် ချုပ်





ဆိုခဲ့လေသည်။

စာချုပ်အရ နိုင်ငံခြားရေးနှင့် ကာကွယ်ရေးကို တရုတ်အစိုးရက ကြီးကိုင်၍ တိဗက်ပြည်သည် ပြည်တွင်းရေးတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရခဲ့လေသည်။

(၁၉၅၁)တွင် တိဗက်ပြည်သည် တရုတ်နိုင်ငံ၏ အစိတ်အပိုင်းတစ်ခု ဖြစ်လာသည့်သဘောဖြင့် ဒလိုင်းလာမာနှင့် ပန်ချင်လာမာတို့ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အတိုင်ပင်ခံအဖွဲ့တွင် ပါဝင်စေခဲ့သည်။

တိဗက်ပြည်ကို တရုတ်နိုင်ငံအတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသော ပြည်နယ်အဖြစ် တည်ထောင်ရန်အတွက် ပြင်ဆင်ရေးကော်မတီတစ်ရပ် ဖွဲ့စည်းထားခဲ့သည်။

ထိုအဖွဲ့တွင် ဒလိုင်းလာမာသည် သဘာပတိအဖြစ်ဖြင့်၎င်း၊ ပန်ချင်လာမာနှင့် တရုတ်ကွန်မြူနစ်ဗိုလ်ချုပ် ချန်ကူအိုဟူအာ (ထိုစဉ်က တိဗက်ပြည်၏ တပ်မတော်ဗိုလ်ချုပ်ကြီး)တို့သည် ဒုတိယသဘာပတိများအဖြစ်ဖြင့်၎င်း ဆောင်ရွက်ရသည်။

အဖွဲ့တွင် အခြားအဖွဲ့ဝင် (၅၁)ဦးပါဝင်ရာ တိဗက်ပြည်နယ်ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့မှ ကိုယ်စားလှယ်(၁၅)ဦး၊ ပန်ချင်လာမာ၏ သာသနာရေးအဖွဲ့မှ ကိုယ်စားလှယ် (၁၀)ဦး၊ ချမ်ဒိုဒေသ၏ ပြည်သူ့လွတ်မြောက်ရေး ကော်မတီအဖွဲ့မှ ကိုယ်စားလှယ် (၁၀)ဦး၊ တိဗက်ပြည်ပိုင် အစိုးရ၏ အစိုးရကိုယ်စားလှယ်(၅)ဦးနှင့် ထင်ရှားသော ဘုန်းတော်ကြီးကျောင်းများ၊ သာသနာဂိုဏ်းများနှင့် လူထုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်(၁၁)ဦးတို့ ပါဝင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအဖွဲ့ကြီး၏ လက်အောက်တွင် ဘဏ္ဍာရေးနှင့် စီးပွားရေးရာအဖွဲ့နှင့် သာသနာရေးအဖွဲ့ဟူ၍ အဖွဲ့ငယ်နှစ်ခုရှိသည်။ ထို့အပြင်အဖွဲ့ငယ် ဌာနခွဲ(၁၀)ခု ထားရှိသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ခေတ်သစ်တိဗက်ပြည်ကို ခေတ်မီလာအောင် လျှပ်စစ်ဓာတ်အားပေးရုံနှင့် လေယာဉ်ကွင်းကို ဆောက်လုပ်ပေးခဲ့ပြီး လမ်းပန်းဆက်သွယ်ရေးကိုလည်း တိုးချဲ့ခဲ့ပေသည်။

အထက်ပါဖော်ပြခဲ့သော အချက်များမှာ တိဗက်ပြည်နှင့်ပတ်သက်သော အကြောင်းအရာများကို ပြည့်စုံစွာသိနိုင်ရန်အတွက် ထည့်သွင်းပေးခဲ့ခြင်းဖြစ်ပေသည်။

(ကျွန်ုပ်အနေဖြင့် ယခုဝတ္ထုကို ရေးသားရာတွင် ဇာတ်လမ်း ဇာတ်ကွက်ကို အကြောင်းပြုပြီး ဒေသနှင့်သက်ဆိုင်သော ဗဟုသုတများကို ထည့်သွင်းရေးသားခဲ့ပါသည်။ ကျွန်ုပ်ထံသို့စာဖြင့် ရေးသားတောင်းဆိုရာတွင် တိဗက်နှင့်ပတ်သက်သော ဗဟုသုတများကို ထည့်သွင်းရေးသားပေးပါရန် တောင်းဆိုသော စာများပါလေရာ ယခုဝတ္ထုသည် ၎င်းတို့၏ဆန္ဒများ အတန်အသင့်ပြည့်ဝစေရန် ကြိုးစားရေးသားခဲ့သည့် ဝတ္ထုပင်ဖြစ်ပါကြောင်း)

ဒေါက်တာမင်းထင်ကျော်တို့ လာဆာမြို့သို့ရောက်နေသောအချိန်မှာ တရုတ်တပ်များနှင့် ဂျပန်တပ်များရှုတ်ထွေးနေသောအချိန်မျိုးဖြစ်သည်။

ယခုအခါမှာ ဒေါက်တာမင်းထင်ကျော်နှင့် ဦးဗန်ကောင်းတို့နှစ်ယောက်မှာ (၁၅)နှစ်သာရှိသေးသော မာလုအားခေါ်ဆောင်သွားမှုကြောင့် လာဆာမြို့စွန်တစ်နေရာမှာရှိသော

☺ ဆောင်မြင့်စာပေ ☺



တန်ပနှင့်လျှန်ထတို့ နေအိမ်သို့ရောက်နေကြလေသည်။

ထိုအိမ်သို့ ရောက်ပြီးနောက်တွင် ဒေါက်တာမင်းထင်ကျော်က ရုပ်ဖျက်ပြီးတစ်ယောက်တည်း မြို့ထဲသို့လာပြီးနောက် သတင်းစုံစမ်းကြည့်လေသည်။

အိမ်မှာ မာလုနှင့်ဦးဗန်ကောင်းတို့နှစ်ယောက်သာ ကျန်ခဲ့ပြီး တန်ပနှင့်လျှန်ထတို့ညီအစ်ကိုကလည်း သတင်းစုံစမ်းရန်အတွက် တစ်နေရာသို့ ထွက်သွားကြလေသည်။

ဒေါက်တာမင်းထင်ကျော်က တိဗက်လူမျိုးများ ဝတ်ဆင်သော အဝတ်အစားများကို ဝတ်ဆင်လျက် ရုပ်ဖျက်ကာ ထွက်လာခဲ့ခြင်းဖြစ်သည်။

တိဗက်သည် သာမန်အချိန်များမှာပင် လူစည်ကားသောနေရာဒေသမဟုတ်သည့်အပြင် ယခုကဲ့သို့စစ်ဘေး စစ်ဒဏ်သင့်နေသည့်အချိန်မျိုးတွင် လာဆာမြို့လိုနေရာမျိုးမှာပင် သာမန်လူတို့ အသွားအလာ ရှင်းနေလေသည်။

ဖွင့်ထားသော စားသောက်ဆိုင်ဟူ၍ များများမရှိဘဲ၊ အချို့လမ်းကြားအကွင်းလောက်မှာရှိသော စားသောက်ဆိုင်အချို့လောက်သာ ဖွင့်ထားကြ-ာည်။

ထိုဆိုင်များမှာလည်း ဝင်ရောက်စားသောက်သူ မရှိသလောက်နည်းလှသည်။

ဒေါက်တာမင်းထင်ကျော်မှာ မြို့စွန်တစ်နေရာမှာရှိသောရပ်ကွက်တစ်ခုသို့ နောက်ယောင်ခံလိုက်နေသည်ကို သတိမမိသွားသဖြင့် လူများသော နေရာဘက်သို့ လျှောက်လာခဲ့လသည်။

☺ ဆောင်မြင့်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာရောက်သောအခါ လှံစွပ်များကိုင်ထားသော တရုတ်စစ်သားများက လမ်းထိပ်ဘက်မှ ပြေးဝင်လာကြသည်ကို လှမ်းမြင်ရသဖြင့် လမ်းကြားတစ်နေရာသို့ ချိုးဝင်ပြီး ပုန်းနေလိုက်ရသည်။

အတန်ကြာတော့ သူ့ရှေ့မှ ဖြတ်ပြေးသွားသော လူတစ်ယောက်ကို တွေ့လိုက်ရသည်။

ထိုလူက သူနှင့်မနီးမဝေးမှ ဖြတ်ပြေးသွားသောကြောင့် ကောင်းစွာ မြင်လိုက်ရသည်။

သူပုန်းနေသော နေရာရောက်တော့ တစ်ချက်လှည့်ကြည့်သွားသဖြင့် မျက်နှာကိုပါ တွေ့မြင်လိုက်ရသည်။

မကြာခင်မှာပင် ထိုလူပြေးသွားသောနေရာနောက်သို့ တရုတ်စစ်သားများ ပြေးလိုက်သွားကြသည်ကို တွေ့ရသည်။ ၎င်းတို့လွန်သွားတော့ ဒေါက်တာမင်းထင်ကျော်က နေရာမှထွက်ပြီးနောက် လမ်းကြားထဲမှာရှိသော စားသောက်ဆိုင်တစ်ဆိုင်သို့ဝင်ကာ အခန်းထောင့်မှာရှိသော စားပွဲတစ်လုံး၌ ဝင်ထိုင်လိုက်သည်။

ထို့နောက် စားပွဲထိုးကို ခေါ်ယူကာ အစားအသောက်မှာယူလိုက်သည်။ ထိုသို့မှာယူပြီးစောင့်နေစဉ် သူ့စားပွဲသို့ လူတစ်ယောက်ရောက်လာသဖြင့် မော့ကြည့်လိုက်သည်။

"ဟင်"

စားပွဲရှေ့၌ ရပ်နေသူကို မြင်သောအခါ များစွာအံ့ဩသွားလေသည်။ အခြားသူမဟုတ်ပေ။

သူရှိသောနေရာသို့ တစ်ကြိမ်ရောက်လာဖူးသော





'မဟူရာ'ဆိုသော မိန်းမပျိုပင်ဖြစ်လေသည်။

ဒေါက်တာမင်းထင်ကျော်က ရုပ်ဖျက်ထားသော်လည်း သူမကတော့ ကောင်းစွာမှတ်မိဟန်ရှိလေသည်။

မဟူရာက ဒေါက်တာမင်းထင်ကျော်ရှေ့ဘက်မှာ ဝင်ထိုင်လေသည်။ သူမသည် တိဗက်မိန်းမပျိုတစ်ဦး ဝတ်ဆင်သော အဝတ်အစားများကို ဝတ်ဆင်ထားပြီး ဦးခေါင်းပေါ်မှာ ပုဝါတစ်ထည်ကို ခြုံထားလေသည်။

ထိုင်ခုံပေါ်မှ ဝင်ထိုင်ပြီး ဦးခေါင်း ပေါ်မှပုဝါကို ဖယ်ပစ်လိုက်တော့မှ မျက်နှာကပေါ်လာသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ သူမကို ကောင်းစွာမှတ်မိလေသည်။

"အော် . . ခင်ဗျားကိုး"

"ရေစက်မကုန်သေးတော့လည်း ဒီလိုပဲ ပြန်ဆုံကြရတာပေါ့ရှင်၊ ဒါပေမယ့် ရှင်တို့ကိုတော့ ချီးကျူးရမှာပဲ"

ဒေါက်တာမင်းထင်ကျော်က ဘာမှပြန်မပြောသေးဘဲ သူမကိုသာ အကဲခတ်ကြည့်နေသည်။

"ဒီလောက်အန္တရာယ်များတဲ့ နေရာတွေကို ရောက်အောင်လာနိုင်တဲ့ အရည်အချင်းက မနည်းလှဘူး၊ ဒါပေမယ့် ကျွန်မပြောချင်တာက ရှင် အခုလုပ်နေတဲ့အလုပ်တွေကိုရပ်ပြီး ပြန်သွားရင် ပိုကောင်းမယ်ထင်ပါတယ်"

"ဒါက ခင်ဗျားနဲ့ ဘယ်လိုသက်ဆိုင်နေလို့လဲ"

"ရှင် အခုလုပ်နေတဲ့အလုပ်က ကျွန်မတို့နဲ့ အဓိကသက်ဆိုင်နေလို့ လာပြီးသတိပေးရတာပါပဲ၊ ဒါကိုမှနားမထောင်ဘဲနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆက်တိုးမယ်ဆိုတော့လည်း ရှင့်သဘောပေါ့လေ"

"ရည်ရွယ်ချက်တစ်ခုကို အစပျိုးပြီးမှ အဆုံးမသတ်ဘဲ ရပ်လိုက်တဲ့ လူညံ့တစ်ယောက်ဘဝမျိုးတော့ အဖြစ်မခံပါဘူး။ ကျွန်တော့်အနေကတော့ မှန်တယ်လို့ထင်ရင် အဆုံးသတ်တဲ့ အထိတော့ ဆက်လုပ်ရမှာပဲ"

"အဆုံးသတ်တယ်ဆိုတာ နှစ်မျိုးရှိတယ်၊ တစ်မျိုးက လုပ်ငန်းအဆုံးသတ်တာ၊ နောက်တစ်မျိုးက အသက်သေပြီး ဘဝအဆုံးသတ်တာ၊ အခုရှင်ရမည့် အခွင့်အရေးက ဒုတိယ အချက်အနေနဲ့ ပိုပြီးနီးစပ်နေတယ်၊ ဒါကြောင့် ထပ်ပြီးလာသတိ ပေးရတာပဲ၊ ဒါပေမယ့် လက်မခံရင်တော့လည်း ရှင်သဘော ပေါ့လေ"

ဒေါက်တာမင်းထင်ကျော်က ဘာမှထပ်မပြောတော့ဘဲ ထိုင်နေရာမှ ထရပ်လိုက်သည်။

"ရှင့်ကို နောက်တစ်ခု သတိပေးလိုက်ပါ့မယ်"

"....."

"တခြားတော့မဟုတ်ပါဘူး..၊ အခု ရှင်တို့တိဗက်ကို ရောက်နေတာ ဘယ်သူတွေနဲ့တွေ့ပြီး ဘယ်နေရာမှာရှိနေတယ် ဆိုတာကစပြီး ကျွန်မတို့အားလုံး သိနေတယ်၊ ရှင်တို့ မြေလှိုဏ်ပြီး မိုးမှာပျံနေရင်တောင် မလွတ်နိုင်ပါဘူး"

"ခင်ဗျားပြောချင်တာပြီးရင် သွားတော့မယ်"

"တစ်ခုတော့ မှာလိုက်မယ်၊ ရှင့်ဆီမှာကျွန်မပေးထားခဲ့ တဲ့ နဂါးနက်ရုပ်လေး ပါလာတယ်မဟုတ်လား၊ တကယ်လို့ ရှင် အသက်အန္တရာယ်နဲ့ ကြုံတွေ့တဲ့အခါမှာ ကျွန်မပေးထားတဲ့ နဂါး





နက်ရုပ်ကလေးကို အသုံးချပြီး လွတ်မြောက်အောင် လုပ်လို့ရ နိုင်တယ်"

ထိုစကားကြောင့် ဒေါက်တာမင်းထင်ကျော်က သူမ မျက်နှာကို အကဲခတ်သလို တစ်ချက်ကြည့်လိုက်သည်။

ဒီတစ်ကြိမ်မှာတော့ သူမအနေနှင့် အမှန်ကိုပြောနေ သည်ဟု စိတ်ထဲမှာထင်လိုက်မိသဖြင့် ရပ်နေရာမှ ပြန်ထိုင်ချ လိုက်သည်။

"ဘာကြောင့်ဒီလိုလာပြောနေရတာလဲ၊ နောက်ပြီး နဂါး နက်ရုပ်ကလေးကိုရော ဘယ်လိုရည်ရွယ်ချက်နဲ့ ပေးထားခဲ့တာ လဲ"

"ဒါကတော့ ကျွန်မပြောလို့မဖြစ်ဘူး၊ ရှင်ကိုယ်တိုင် တ ဖြည်းဖြည်းသိလာတာပိုကောင်းမယ် ထင်ပါတယ်၊ တစ်နေ့ကျ ရင် ရှင် ဒီအဖြေကို သိနိုင်ပါစေလို့ပဲ ကျွန်မမျှော်လင့်ပါတယ်"

ဟုပြောကာ မဟူရာဆိုသော အမျိုးသမီးက နေရာမှထ ပြီး ထွက်သွားလေတော့သည်။

ဒေါက်တာမင်းထင်ကျော်မှာသာ သူမနှင့်ပတ်သက် သည့်မေးခွန်းပေါင်းမြောက်များစွာ၊ ပဟေဠိပေါင်းမြောက်များ စွာတို့ဖြင့် နေရာ၌ ကျန်နေခဲ့လေသည်။


ယခုအချိန်မှာတော့ ပတ်ဝန်းကျင်တစ်ဝိုက်မှာ ထူးထူး ခြားခြားမရှိပြန်တော့ပဲ ငြိမ်သက်နေပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၄)

# မရဏအကျဉ်းစခန်းမှ ကယ်တင်ရှင်

(၁၉၂၆)ခုနှစ် ဝန်းကျင်လောက်တွင် တရုတ်စစ်တပ်
းက တိဗက်ပြည်နေရာအချို့တွင် ဝင်ရောက်သိမ်းပိုက်ကြလေ
သည်။

ရင်းတို့သည် ဒလိုင်းလာမာကြီးများနှင့် ပူးပေါင်းကာ
ိဗက်ပြည်အား စီမံအုပ်ချုပ်ရန် ကြိုးစားနေကြသည်။

တိဗက်တွင် ဦးထုပ်နီဂိုဏ်း၊ ဦးထုပ်ဝါဂိုဏ်း (ဒေါ်ချာနီ၊



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်ချာဝါဟုလည်း ခေါ်ကြသည်) များရှိရာ ဦးထုပ်နီဂိုဏ်းဝင်ဘုန်းကြီးများက အိမ်ယာထူထောင်ကာ တိုင်းပြည်အုပ်ချုပ်ရေးပိုင်းမှာ လုပ်ကိုင်ကြသည်။

ဦးထုပ်ဝါဂိုဏ်းသားများကတော့ ဘာသာရေးနှင့် သတ်ဆိုင်သောအလုပ်များကို တာဝန်ယူဆောင်ရွက်ကြလေသည်။

တရုတ်စစ်သားများက တိဗက်ဘုန်းကြီးများနှင့်ပူးပေါင်းကာ တိဗက်ပြည်ကို အုပ်ချုပ်ကြလေသည်။

(၁၉၂၇)ခုနှစ်နောက်ပိုင်း ရောက်သောအခါမှ ဂျပန်များဝင်ရောက်လာကြသည်။

ထိုအခြေအနေတွင် တိဗက်ပြည်တစ်ခုလုံး ရှုပ်ထွေးနေသော အချိန်လည်းဖြစ်သည်။

ထိုအချိန်မျိုးမှာမှ ဒေါက်တာမင်းထင်ကျော်တို့က တိဗက်သို့ ရောက်နေကြလေသည်။

ညအချိန်ရောက်သောအခါ တည်းခိုနေသောအိမ်သို့ ရောက်အောင်ပြန်ရလေသည်။

မြူနှင်းများကျနေသောကြောင့် ထိုနှင်းများကို အထားအကွယ်ယူပြီး သွားရင်းနှင့် မှောင်ရီသမ်းစအချိန်တွင် နေအိမ်သို့ ပြန်ရောက်သွားလေသည်။

တံခါးခေါက်လိုက်တော့ မာလုက တံခါးလာဖွင့်ပေးသည်။ သူအတွင်းရောက်တော့ တံခါးကိုပြန်ပိတ်ကာ မင်းတုံးထိုးထားလေသည်။

အိမ်ထဲရောက်တော့ အအေးဒဏ်က အတော်သက်သာသွားသည်၊ လျှန်ထနှင့်တန်ပတို့လည်း ပြန်ရောက်နေပြီ





သဖြင့် လူစုံတက်စုံရှိနေလေသည်။

မီးဖိုနံဘေးမှာထိုင်ရင်း ဦးဇန်ကောင်းထည့်ပေးသော လက်ဖက်ရည်ပူပူတစ်ခွက်ကို သောက်လိုက်သည့်အခါ ဝမ်းထဲမှာ ပူနွေးသွားကာ နေသာထိုင်သာရှိသွားလေသည်။

"ဘာထူးခဲ့သလဲ မောင်ထင်ကျော်"

"ကျွန်တော်ဆီကို တစ်ခါရောက်လာတဲ့ မဟူရာဆိုတဲ့ အမျိုးသမီးနဲ့ တွေ့ခဲ့ရတယ်၊ သူတို့ကကျွန်တော်တို့နောက်ကို ခြေရာခံပြီး လိုက်ကြည့်နေပုံရတယ်"

ဦးဇန်ကောင်းက ခေါင်းညိတ်ပြသည်။

"ဒါလည်း တစ်နည်းတော့ ကောင်းတာပေါ့၊ သူတို့က ကျုပ်တို့အနားမှာရှိနေတော့ တန်ပြန်ထောက်လှမ်းနိုင်ရင် သူတို့ ဘယ်နေရာမှာရှိတယ်ဆိုတာ သိနိုင်တာပေါ့"

"ဟုတ်ပါတယ်၊ ဒါပေမယ့် အန္တရာယ်က ကျွန်တော်တို့အနားမှာရှိနေတာဆိုတော့ သတိတော့ထားရမယ်၊ ဒါထက် တန်ပတို့ရော အခြေအနေဘာထူးသလဲ"

"အခြေအနေကတော့ သိပ်မကောင်းဘူးဆရာ"

"ဘယ်လိုလဲ ပြောပါဦး"

"မြို့ပြင်ဘက်မှာ စခန်းချထားတဲ့ တရုတ်တပ်စခန်းတွေမှာ မသင်္ကာတဲ့သူတွေကို ဖမ်းခေါ်သွားပြီး စစ်ဆေးနေတယ်၊ စစ်ဆေးလို့မရတဲ့သူတွေကို သတ်ပစ်ပြီးအလောင်းတွေစုပုံထားတာတွေ့ခဲ့ရတယ်. . တောင်ပုံရာပုံပဲ၊ တိဗက်မှာ ဂျပန်တွေကလည်း လျှို့ဝှက်ရောက်နေကြတော့ အတော်လေးရှုပ်ထွေးနေတယ်၊ တရုတ်တွေကလည်း တွေ့သမျှကို ဂျပန်သူလျှိုတွေချည်း



www.burmeseclassic.com

www.burmeseclassic.com



ပဲထင်ပြီး အားလုံးဖမ်းခေါ်သွားပြီး ရက်ရက်စက်စက်နည်းတွေ သုံးပြီး စစ်ဆေးနေပုံရတယ်"

"တိုင်းပြည်အခြေအနေ မကောင်းတော့ သတိနဲ့သွား လာလှုပ်ရှားကြရတယ်၊ တရုတ်စစ်သားတွေထဲမှာ မိစ္ဆာဝါဒီ ဂိုဏ်း သားတွေအများကြီးရှိနေကြတော့ သတိထားမှ တော်ကာကျ မယ်"

တန်ပနှင့် လျှန်ထတို့က ပြောပြကြသည်။

"ဒါထက် သူတို့ဂိုဏ်းရဲ့ အခြေအနေကရော ဘယ်လို စုံစမ်းလို့ရခဲ့သလဲ"

"မိစ္ဆာဝါဒီဂိုဏ်းသားတွေ စုဝေးကြတဲ့နေရာက ချန်တန် တောင်ကြားက မြို့ဟောင်းကြီးအတွင်းမှာလို့တော့ သတင်းစုံစမ်း လို့ရခဲ့တယ်"

"ဒါဖြင့် ရွှေဦးခေါင်းခွံလည်း အဲဒီနေရာမှာရှိမှာ သေချာ တယ်"

"ဒါပေမယ့် ချန်တန်တောင်ဘက်က တိဗက်မှာ အမြင့် ဆုံးတောင်ပဲ"

"ဘာပဲဖြစ်ဖြစ်ပေါ့. . ၊ သူတို့ဂိုဏ်းသားတွေတောင် ရောက်အောင်သွားနိုင်မှတော့ ကျွန်တော်တို့လည်း ကြိုးစားပြီး သွားရင် ရောက်သွားမှာ"

ဟု မာလုက အရှုယ်နှင့်မမျှအောင် အားတက်သရော အမူအယာဖြင့် ဝင်ပြောလေသည်။

ထို့နောက် ငါးယောက်သား အချိန်အတော်ကြာအောင် စကားပြောနေကြပြီး ညဉ့်နက်ပိုင်းရောက်သောအခါ အသီးသီး





အိပ်ယာဝင်ကြလေသည်။

အချိန်မည်မျှကြာသွားသည် မသိပေ။

ဆူဆူညံညံ အသံများကြောင့် ပြန်နိုးလာကြသည်။

"ဝုန်း. . ဒိုင်း. . "

တံခါးကိုဖျက်ဆီးပြီး ဝင်ရောက်လာကြသူများမှာ လှံစွပ် တပ်ထားသော သေနတ်များကိုင်ထားကြသည့် တရုပ်စစ်သား များပင်ဖြစ်ကြလေသည်။

အိမ်ထဲသို့ဝင်လာသော တရုတ်စစ်သားများက ဒေါက် တာမင်းထင်ကျော်တို့အနီးသို့ ရောက်သောအခါ သေနတ်ဒင် ဖြင့် ဦးခေါင်းပိုင်းကို ဆောင့်ချလိုက်ရာ မူးမေ့လဲကျသွားလေ တော့သည်။ နောက်တော့ သတိမေ့သွားလေတော့သည်။

အချိန်မည်မျှကြာအောင် သတိမေ့နေသည် မသိပေ။ သတိပြန်ရလာတော့ တစ်ကိုယ်လုံးဒဏ်ရာဒဏ်ချက်များ ရထား သန်ဖြင့် နာကျင်ကိုက်ခဲနေသည်။

ဦးခေါင်းတစ်ခုလုံး သေနတ်ဒင်ဖြင့်ထုထားသော ဒဏ် ရာကြောင့် မူးဝေနောက်ကျိလျက်ရှိသည်။

တစ်ကိုယ်လုံးမှာလည်း သွေးများကြောင့် စေးကပ်ကပ် ဖြစ်နေသည်။ တစ်ကိုယ်လုံးနာကျင်နေ၍ ဘယ်နေရာမှာဒဏ်ရာ ရထားသည်ကိုပင် မသိရတော့ပေ။

ဒေါက်တာမင်းထင်ကျော်က မျက်လုံးဖွင့်ကြည့်လိုက် သည်။ အလင်းရောင်မရှိသော အခန်းတစ်ခန်းထဲမှာ ရောက်နေ လေသည်။

အခန်းတွင်းမှာတော့ သူကစ်ယောက်တည်း ရှိနေလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကျန်သည့်လေးယောက်အခြေအနေ ဘယ်ကဲ့သို့ ရှိနေသည်ကိုတော့ မသိရသေးပေ။

ကံကောင်းထောက်မစွာဖြင့် အသက်မသေကြပါစေနှင့်ဟုသာ ဆုတောင်းရပေတော့မည်။

ဒေါက်တာမင်းထင်ကျော်က နေရာမှကြိုးစားထကြည့်သည်။ ခြေနှင့်လက်တို့တော့ လှုပ်ရှား၍ ရနေသေးသည်။ ထို့ကြောင့် နံရံကိုအားပြုပြီး နေရာမှထရပ်လိုက်သည်။ ဦးခေါင်းပေါ် လောက်သောနေရာတွင် သံတိုင်များစိုက်ထားသော အပေါက်တစ်ပေါက်ရှိသည်။

ထိုအပေါက်နေရာသို့ ဦးခေါင်းရောက်သွားသောအခါ အပြင်ဘက်မှ သွေးညှီနံ့နှင့် အပုတ်နံ့များက ဝင်လာကြသဖြင့် နှာခေါင်းမခံနိုင်အောင် ရှိလေသည်။

ဒေါက်တာမင်းထင်ကျော်က သူရောက်နေသော နေရာကိုကြည့်လိုက်ရာ ကျောက်တုံးကျောက်ခဲများဖြင့် ပြုလုပ်ထားသော ကျဉ်းမြောင်းလှသည့် အကျဉ်းစခန်းတစ်ခုဖြစ်ကြောင်း တွေ့ရလေသည်။

ထိုအခန်းထဲမှာတော့ သူတစ်ယောက်တည်းသာရှိနေပြီး အခြားသူများကိုတော့ မတွေ့ရပေ။

အခန်းထဲမှ သတိမေ့နေစဉ်က မသိသာသော်လည်း မတ်တပ်ရပ်လိုက်သောအခါမှ အပုတ်နံ့များ ရလာသဖြင့် အပြင်ဘက်သို့ လှမ်းမျှော်ကြည့်လိုက်သည်။

“ဟာ”

မြင်ကွင်းက မကောင်းလှပေ။





သူရောက်နေသောနေရာနှင့် မနီးမဝေးမှာနေရာချိုင့်တွင်းကြီးတစ်တွင်းရှိပြီး ထိုချိုင့်တွင်းကြီးမှာတော့ သေဆုံးသွားသော အလောင်းများကို စုပုံထည့်ထားရာ တောင်ပုံရာပုံ ရှိနေလေသည်။

တိဗက်တွင် လူတစ်ယောက်သေသွားလျှင် မြေမြှုပ်စရာမြေမရှိပေ။ မီးရှို့စရာ ထင်းမရှိပေ။

သို့ကြောင့် အလောင်း ဖျက်သူများလက်သို့ အပ်ကာ သင်္ဂြိုလ်ကြရသည်။

အလောင်းဖျက်သူတို့က အလောင်းကိုဖျက်ပြီး ငှင်းတစာကျွေးကြသည်။

ဒါမျိုးက တစ်ဦးချင်းတစ်ယောက်ချင်းတော့ ရနိုင်သည်။ ယခုကဲ့သို့ စစ်စခန်းတစ်ခုမှာ အစုလိုက်အပုံလိုက် သေဆုံးကြသူများကိုတော့ အလောင်းဖျက်သူများက မတတ်နိုင်ကြပေ။

တရုတ်စစ်သားများကလည်း ထိုနေရာသို့ အခြားသူများ ဝင်ခွင့်မပေးချေ။

ထို့ကြောင့် စစ်စခန်းတွင် ဖမ်းဆီးနှိပ်စက်၍ သေဆုံးသွားသော အလောင်းများကို ချိုင့်ခွက်ကြီးတစ်ခုအတွင်းမှာ စုပုံချထားခြင်း ဖြစ်လေသည်။

အပြင်ဘက်မှာ အလင်းရောင်ရှိနေသေးသည်။

နေရောင်ခြည်လည်း ရှိနေသေးသည်။

နေပူထဲတွင် စုပုံထားသောကြောင့် အလောင်းများမှ ထွက်နေသည့် အပုတ်နံ့တို့က ပတ်ဝန်းကျင်တစ်ဝိုက် နံစော်လျက် ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အချို့အလောင်းများမှာ ထိုနေရာ၌ လာရောက်စွန့်ပစ်ထားသည်မှာ အချိန်အတော်ကြာပြီဖြစ်သောကြောင့် ပုတ်ပွနေရာ ကြည့်ရမြင်ရသည်မှာ စိတ်မချမ်းသာစရာ ကောင်းလှပေသည်။

ဒေါက်တာမင်းထင်ကျော်က ထိုမြင်ကွင်းကိုကြည့်ရင်း စိတ်မချမ်းမသာဖြစ်နေစဉ် တရုတ်စစ်သားနှစ်ယောက်က သေဆုံးသွားဟန်ရှိသော လူတစ်ယောက်ကို ဒရွတ်တိုက်ဆွဲယူလာပြီးနောက် လူသေအလောင်းများ ပုံထားသောနေရာသို့ ပစ်တင်သွားကြလေသည်။

နေပူကျဲကျဲမှာ ထိုကဲ့သို့လာရောက် စွန့်ပစ်ခံရခြင်းမှာ သေဆုံးသူအတွက် အတော်ပင် ရင်နာစရာကောင်းလှပေသည်။ ထိုအလောင်းပုံများထားသော နေရာတစ်ဝိုက်တွင် ကြွက်ကြီးများရှိနေရာ ထိုမြေကြွက်ကြီးများ၏ ကိုက်ဖြတ်ဖျက်ဆီးမှုကြောင့် ပျက်စီးနေကြလေသည်။

တရုတ်စစ်သားများက မသေကျဲသော သူအားလုံးကို ဖမ်းဆီးခေါ်ဆောင်လာကာ ရက်စက်သောနည်းအမျိုးမျိုးဖြင့် စစ်ဆေးမေးမြန်းသည်။

ထိုနေရာရောက်လာသူအဖို့ အသက်ရှင်လျက်နှင့် ပြန်ထွက်သွားနိုင်သည် မရှိပေ။

နှိပ်စက်ရင်းနှင့် သေလျှင်သေ၊ မသေပါက နောက်ဆုံးသတ်ပစ်လိုက်သည်သာ ဖြစ်သည်။

တရုတ်စစ်သားများက သေသွားသူအချို့ကို လှံစွပ်များဖြင့် ထိုးဆွကြည့်ပြီး တကယ်သေပြီဆိုမှသာ ထိုနေရာသို့လာ





ရောက်စွန့်ပစ်ကြလေသည်။

အချို့လည်း နှိပ်စက်မှုများလွန်းသောကြောင့် မေ့မျောသွားကာ သေသွားသကဲ့သို့ဖြစ်နေရာ ထိုနေရာသို့လာရောက်စွန့်ပစ်ခြင်းခံရလေသည်။

ထိုအလောင်းပုံပေါ်တွင် ရက်ပေါင်းများစွာ အသက်မသေပဲရှိနေပြီးနောက်မှ အစာငတ်ရေငတ်ဘဝဖြင့် သေသွားသူများရှိသလို အချို့လည်း ကံကောင်းထောက်မစွာဖြင့် ထိုနေရာမှ လွတ်မြောက်သွားကြသူများလည်း ရှိလေသည်။

ဒေါက်တာမင်းထင်ကျော်က စိတ်မချမ်းသာစရာကောင်းသောမြင်ကွင်းကိုလှမ်းကြည့်ရင်း. . ဦးဗန်ကောင်း၊ လှျှန်ထ၊ တန်ပနှင့်မာလုတို့များ ထိုနေရာရောက်နေပြီလားဟု စိတ်မချမ်းမသာ တွေးလိုက်မိသည်။

တရုတ်စစ်သားများက မကြာခဏဆိုသလို ထိုနေရာသို့ရောက်လာကာ အလောင်းများကို လာရောက်ပစ်လေ့ရှိကြသည်။ နေဝင်သွားသောအခါမှ ရပ်သွားတော့သည်။

ဒေါက်တာမင်းထင်ကျော်လည်း ထိုအခါမှ နေရာမှာပြန်ထိုင်လိုက်သည်။ မနေ့ညကတည်းက ယခုအချိန်ထိ အစားအစာလည်းမစားရ၊ ရေလည်းမသောက်ရသဖြင့် တစ်ကိုယ်လုံးခွန်အားများမရှိတော့ သကဲ့သို့ နုံးခွေနေလေပြီ။

မတတ်နိုင်တော့ပေ။

သူ့တစ်ကိုယ်လုံးမှာလည်း ဝတ်ထားသောအဝတ်အစားများမှလွဲပြီး အခြားဘာမှမရှိတော့ပေ။

တစ်ကိုယ်လုံးနှံ့အောင် ရှာဖွေကြည့်သောအခါ အတွင်း



www.burmeseclassic.com

www.burmeseclassic.com



အိတ်ထဲမှာထည့်ထားသော နဂါးနက်ရုပ်ကလေးတော့ ရှိနေသေးသည်။ ထိုအရုပ်ကလေးကိုထုတ်ပြီး လက်ဖြင့်ဆုပ်ကိုင်ထားသောအခါ စိတ်ထဲမှာ ခွန်အားများတိုးလာသကဲ့သို့ ခံစားရလေသည်။

ထိုရုပ်ထုလေးက သူ့ကိုတစ်စုံတစ်ခု အကူအညီပေးတော့မလို ထင်မြင်လာမိသည်။

သို့ကြောင့် ညအချိန်ရောက်သောအခါ တစ်ယောက်တည်းနေရသော်လည်း ထိုနေရာမှ လွတ်မြောက်နိုင်သော လမ်းစကိုသာ တွေးတောနေလေသည်။

ညဉ့်နက်ပိုင်းအချိန်ရောက်တော့ မြူနှင်းများကျလာကာ အအေးဓာတ်များက ပိုလာသည်။

ရထားသော ဒဏ်ရာဒဏ်ချက်များက တစစ်စစ်နှင့် နာကျင်ကိုက်ခဲလာသည်။

ထိုသို့ နှင်းများကျလာသောအခါ လူသေများ စုပုံထားသောနေရာမှ လာနေသော အပုတ်နံ့များ နည်းနည်းတော့ သက်သာသွားလေသည်။

ညဉ့်နက်ပိုင်းအချိန်ရောက်တော့ ထိုနေရာသို့ ကင်းစောင့်နေသော စစ်သားအချို့ရောက်လာကြသည်။

“ဒီအထဲမှာ တရားခံတွေ ရှိသေးတယ်မဟုတ်လား”

“ရှိတယ် နောက်ဖမ်းခေါ်လာတဲ့လူတွေကို မနက်ကျရင်ထုတ်စစ်မှာ”

“မရရင် ဘယ်လိုလုပ်မလဲ”

“ထုံးစံအတိုင်း ရှေ့ကသွားတဲ့လူတွေနောက် လိုက်ရမှာ





ပေါ့”

ထိုသို့ပြောဆိုကာ ထိုနေရာမှ ထွက်သွားကြလေသည်။ ဒီအတိုင်းဆိုလျှင်တော့ သူ့အတွက် အသက်ရှင်ခွင့်က တစ်ညလောက်သာ ကျန်ပေတော့သည်။

ဒီညအတွင်း လွတ်မြောက်မှ အသက်ချမ်းသာရာ ရပေတော့မည်။

သို့သော်လည်း အလုံပိတ်ထားသော အကျဉ်းတိုက်ထဲမှ ထွက်နိုင်ဖို့ဆိုသည်မှာ ဘယ်လိုနည်းနှင့်မှ အခွင့်အရေး မရနိုင်သောကိစ္စမျိုးပင်ဖြစ်၏။

ဒေါက်တာမင်းထင်ကျော်မှာ မြက်ခြောက်များသာ ရှိသော ကြမ်းပြင်ပေါ်မှာထိုင်ရင်း အကြံထုတ်နေသည်။

ညဉ့်နက်ပိုင်းအချိန်ရောက်တော့ အအေးဒဏ်ကပိုများလာသည်။ သို့ကြောင့် တစ်ကိုယ်လုံးရထားသော ဒဏ်ရာများက နာကျင်ကိုက်ခဲလာသည်။

ထိုအခိုက်မှာပင် သူ့ကိုချုပ်နှောင်ထားသော အကျဉ်းခန်းအနီးသို့ ဖြူဖြူသဏ္ဌာန်တစ်ခု ချဉ်းကပ်လာနေသည်။

ထိုသို့ ချဉ်းကပ်လာသည်ကို ထိုနေရာတွင် အစောင့်ကျနေကြသော အစောင့်များက တွေ့မြင်ဟန်မတူကြပေ။

ခဏကြာတော့ ထိုသဏ္ဌာန်က အကျဉ်းတိုက်အနီးသို့ ချဉ်းကပ်လာကာ နံရံကိုဖောက်ဝင်လာလေသည်။

ဒေါက်တာမင်းထင်ကျော်က အနီးမှာလာရပ်သော လူရိပ်သဏ္ဌာန်ကို တွေ့လိုက်ရသဖြင့် မော့ကြည့်လိုက်သည်။

“ဟင်”



www.burmeseclassic.com

www.burmeseclassic.com



အခြားသူ မဟုတ်ပေ။

ဆရာတော်ဖယ်ရာပင်ဖြစ်သည်၊

ဖယ်ရာက ကြွင်နာစွာပြုံးပြရင်း ရေတစ်ခွက်ပေးသည်။ ထိုရေသည် သူ့ဘဝသက်တမ်းတလျှောက်မှာ သောက်ခဲ့သော ရေခွက်ပေါင်းများစွာတို့ထက် အရသာပိုရှိသော ရေတစ်ခွက်ပင် ဖြစ်သည်။

နောက်တော့ သစ်သီးတစ်လုံး ကျွေးသည်။

ထိုသစ်သီးမှာလည်း အရသာအရှိဆုံး ဖြစ်နေပြန်သည်။

သစ်သီးစားပြီးသောအခါ ဆေးတစ်ခွက်တိုက်လေရာ ယူသောက်လိုက်သည်။ ထိုဆေးကိုသောက်ပြီးသောအခါ တစ်ကိုယ်လုံးနာကျင်ကိုက်ခဲနေသည့်ဝေဒနာများ အနည်းငယ်လျော့ပါးသွားလေသည်။

"မနက်ဖြန် မနက်လင်းတာနဲ့ သူတို့က သင့်ကို သတ်ကြလိမ့်မယ်"

"ကျွန်တော်သေရမှာ မကြောက်ပါဘူး"

"သင့်ရဲ့စိတ်သဘောကို သိပါတယ်၊ ဒါပေမယ့် သင်သေလို့မဖြစ်သေးဘူး၊ ဆောင်ရွက်ရမယ့်တာဝန်တွေ မပြီးသေးဘူး၊ ဒါကြောင့် သူတို့မသတ်ခင်မှာ အရင်သေရလိမ့်မယ်"

"ဘယ်လိုသေရမှာလဲ ဆရာတော်"

ဆရာတော်ဖယ်ရာက သူယူလာသော ဆေးသုံးလုံးကို ထုတ်ပေးလေသည်၊

"ဒီဆေးသုံးလုံးကို သောက်လိုက်ရင် နှလုံးကခဏရပ်သွားပြီး သင်သေဆုံးသွားပါလိမ့်မယ်၊ မနက်ပိုင်းမှာသောက်လို့





ခဏသေသွားရင် ညအချိန်ရောက်တဲ့အခါ ဆေးရဲ့အာနိသင်ပျက်ပြယ်ပြီး သတိပြန်ရလာလိမ့်မယ်၊ ရန်သူတွေက သင်သေနေပြီဆိုရင် နှိပ်စက်ပြီးစစ်ဆေးကြမှာ မဟုတ်တော့ဘူး၊ ဒါပေမယ့် တကယ်သေမသေဆိုတာတော့ လှံစွပ်နဲ့ထိုးကြည့်ကြလိမ့်မယ်၊ ဒါကိုတော့ ခံရလိမ့်မယ်"

"ဘယ်လိုနှိပ်စက်တာကိုမှ မမှုပါဘူး ဆရာတော်. .၊ လွတ်မြောက်သွားရင် တော်ပါပြီ၊ ဒါထက် ကျန်တဲ့လေးယောက်ရော အသက်ရှင်လျက် ရှိကြသေးရဲ့လား၊ သူတို့အတွက်ရော ဘယ်လိုစီစဉ်ပါသလဲ"

"သင်လိုပါပဲ သူတို့လည်း ခဏတော့သေကြရမှာပဲ၊ သင်တို့အချင်းချင်း အလောင်းပုံထဲမှာပဲ ပြန်တွေ့ကြပါလိမ့်မယ်"

ဟုပြောပြီး အခန်းထဲမှ ပြန်ထွက်သွားရန် ပြင်သဖြင့် ဒေါက်တာမင်းထင်ကျော်က လက်အုပ်ချီကာ အရိုအသေပေးလိုက်လေသည်။


ဆရာတော်ဖယ်ရာက ကြွင်နာသောအပြုံးဖြင့် ခေါင်းညိတ်ပြလိုက်ပြီးနောက် အုတ်နံရံမှဖောက်ကာ အပြင်သို့ပြန်ထွက်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





ဂျပန်စစ်သားများ တိဗက်သုံ့ပန်းများကို သတ်နေပုံ

# အခန်း(၁၅)

# သေတွင်းထဲမှ လွတ်မြောက်ရခြင်း

နောက်တစ်နေ့ နံနက်ပိုင်းအချိန်ရောက်သောအခါ တရုတ်စစ်သားများက ဖမ်းဆီးထားသူများကို ခေါ်ယူစစ်ဆေးရန်အတွက် ချုပ်နှောင်ထားသော အခန်းများရှိရာသို့ ရောက်သွားကြလေသည်။ ယမန်နေ့များက ဖမ်းမိလာသောသူများကို အချို့လည်း လူစုခွဲထားသည်။ အချို့ကိုလည်း သီးသန့်ခွဲထားသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပဲထားထား အကျဉ်းခန်းထဲ ရောက်နေကြသူ တိုင်းကတော့ ဒဏ်ရာဒဏ်ချက်ပေါင်းများစွာ ရနေကြသည် သာဖြစ်၏။ အချို့က မရှုမလှဖြစ်ကာ အသက်ငင်နေကြသည်။

အချို့ကတော့ မနေ့က နှိပ်စက်ထားခဲ့သောဒဏ်ရာ ဒဏ်ချက်များကြောင့် နောက်တစ်နေ့တွင် သေဆုံးနေကြသော သည်။ ထိုကဲ့သို့သေဆုံး နေသူများကို တကယ်သေမသေသိ စေရန် လှံစွပ်များဖြင့် ထိုးကြည့်ပြီးမှ အလောင်းပုံရှိရာသို့ သွား ရောက်စွန့်ပစ်ကြသည်။

အချို့က သေချင်ယောင်ဆောင်နေကြသည်။

လှံစွပ်ဖြင့် ထိုးလိုက်တော့မှ လန့်အော်သဖြင့် တကယ် ထိုးသတ်ခြင်းခံရပြီး သေရသူများလည်းရှိသည်။

မည်သို့ပင်ရှိစေ။

ထိုနေရာသည် ပြန်လမ်းမရှိသော မရဏအကျဉ်းစခန်း တစ်ခုပင် ဖြစ်တော့သည်။

နံနက်ပိုင်း အလင်းရောင်ရလာသည်နှင့် လှံစွပ်များ အ သီးသီးကိုင်ထားကြသော တရုတ်စစ်သားတို့မှာ အကျဉ်းခန်းများ ရှိရာသို့ ရောက်လာပြီး စစ်ဆေးကြသည်။

အကျဉ်းခန်းထဲမှာသေဆုံးနေသူများတွေ့လျှင် တကယ် သေမသေ လှံစွပ်ဖြင့်ထိုးကြည့်သည်။

တကယ်သေပြီဆိုလျှင် အလောင်းပုံသို့ ဆွဲယူသွားပြီး ပစ်လိုက်ကြသည်။

ယနေ့ မနက်မှာ အကျဉ်းခန်းများကို လိုက်လံစစ်ဆေး ကြရင်းနှင့် ဒေါက်တာမင်းထင်ကျော်ထားသောအခန်းသို့ ရောက်





လာကြသည်။

အခန်းဖွင့်ကြည့်တော့ ဒေါက်တာမင်းထင်ကျော်မှာ သေဆုံးနေလေပြီ။

တရုတ်စစ်သားများက နည်းအမျိုးမျိုးဖြင့် စမ်းသပ် ကြည့်ရာ မရတော့ပေ။

တရုတ်စစ်သားတစ်ယောက်က ကိုယ်ပေါ်သို့ လှံစွပ်ဖြင့် တစ်ချက်၊ နှစ်ချက် ထိုးကြည့်တော့လည်း မထူးခြားတော့ပေ။

"သူ တကယ်သေသွားပြီ"

"ဒီလူက ဂိုဏ်းချုပ်ကြီးအလိုရှိနေတဲ့လူ မဟုတ်လား"

"ဟုတ်မယ်ထင်တယ် သေသေချာချာတော့ မသိရသေး ဘူး"

"စစ်ဆေးလို့မှမရသေးတာ ဘယ်လိုသိနိုင်မလဲ အခုလို သေသွားတော့ ဘယ်လိုလုပ်ကြမလဲ"

"မတတ်နိုင်ဘူးလေ ဂိုဏ်းချုပ်ကြီးကို အကျိုးအကြောင်း ပြောပြရမှာပေါ့"

ဟုပြောဆိုကြပြီးနောက် အလောင်းကို ဒရွတ်တိုက်ဆွဲ ယူသွားကြလေသည်။

ထိုကဲ့သို့အခြားအဆောင်များမှ သေဆုံးနေသူများကို တရုတ်စစ်သားတို့က အလောင်းပုံသောနေရာသို့ ဆွဲယူလာကြ လေသည်။

အကျဉ်းခန်းများထဲမှာ ကျန်နေခဲ့ကြသူများမှာ အပေါက် များမှကြည့်နေကြသဖြင့် ထိုမြင်ကွင်းကို မြင်နေကြသဖြင့် များစွာ ထိတ်လန့်တုန်လှုပ်နေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိမိတို့လည်း မကြာခင်မှာ ထိုအဖြစ်ဆိုးမျိုးနှင့် ကြုံတွေ့ကြရတော့မည်ကို စိတ်ထဲမှ အလိုလိုသိနေကြသဖြင့် ကြောက်ရွံ့နေကြခြင်းဖြစ်သည်။

သေဆုံးနေပြီဖြစ်သော ဒေါက်တာမင်းထင်ကျော်အလောင်းကို အလောင်းပုံပေါ်သို့ ပစ်တင်ထားခဲ့ပြီးနောက် တရုတ်စစ်သားများက ပြန်သွားကြလေသည်။

အခြားအဆောင်များမှ ဆွဲထုတ်လာသော အလောင်းများထဲမှာလည်း ဦးဇန်ကောင်း၊ မာလု၊ လျှန်ထနှင့်တန်ပတို့ အလောင်းများပါလာသဖြင့် အလောင်းပုံရောက်လာကြလေသည်။

ဘဝတူများဖြစ်သောကြောင့် အလောင်းပုံ၌လာရောက်ဆုံတွေ့ကြရခြင်းဖြစ်လေသည်။

ယခင်ရက်များမှ စွန့်ပစ်ထားခဲ့သည့် အလောင်းများမှာ အချို့ပုတ်ပွနေလေပြီ။ အချို့ရုပ်ပျက် ဆင်းပျက်ဖြစ်နေလေပြီ။

အချို့မှာတော့ ကွက်အုပ်များ ကိုက်ဖြတ်ထားသဖြင့် အပိုင်းပိုင်းအပြတ်ပြတ်ဖြစ်နေကြသည်။

နေ့အချိန်နေပူရှိန်ပြင်းလာသောအခါ အလောင်းများက ပိုပုတ်ပြီး ကွဲတက်လာသဖြင့် အပုတ်နံ့တို့က ပိုများလာသည်။

ဒေါက်တာမင်းထင်ကျော်တို့ အလောင်းများကို နံနက်ပိုင်းအချိန်က လာရောက်စွန့်ပစ်ထားခြင်းဖြစ်ရာ အချိန်ကြာလာသောအခါ နောက်ထပ်လာပစ်သော အလောင်းများအောက်သို့ တဖြည်းဖြည်းနှင့် ရောက်သွားလေသည်။

ဤသို့ဖြင့် တစ်နေ့လုံးအချိန်ကုန်သွားရာ ညဦးပိုင်းအချိန်သို့ ရောက်လာလေပြီ။





တစ်နေ့လုံး ထိုနေရာတစ်ဝိုက်တွင် ဥဒဟိုဝင်ထွက်သွားလာနေကြသည့် တရုတ်စစ်သားများမှာ ညဦးပိုင်းအချိန် တန်းစီစစ်ဆေးရန်အတွက် ထိုနေရာမှ ပြန်သွားကြလေရာ အလောင်းပုံထားသော နေရာတစ်ဝိုက်တွင် တစ်ယောက်မှမရှိတော့ပေ။

ညဦးပိုင်းအချိန် အလင်းရောင်ပျောက်သွားပြီး တရုတ်စစ်သားများပြန်သွားသောအခါ မြေကြွက်ကြီးများရောက်လာကြလေတော့သည်။

နေရာအသီးသီးမှ ထွက်လာကြသည့် မြေကြွက်ကြီးများမှာ လူသေအလောင်းပုံပေါ် တက်ပြီး စိတ်ကြိုက် ကိုက်ဖြတ်စားသောက်ကြလေတော့သည်။

ထိုအချိန်တွင် မြေကြွက်ကြီးတစ်ကောင်က ဒေါက်တာမင်းထင်ကျော်အနီးသို့ ရောက်လာပြီး သွေးများစွန်းပေနေသည့် နေရာများကို နမ်းကြည့်သည်။

သေခြာလောက်ပြီဆိုမှ အသားကို တစ်ချက်ကိုက်ချလိုက်သည်။

ထိုနာကျင်မှုကြောင့် တစ်နေ့လုံးဘာမှမသိဘဲ လူသေတစ်ယောက်ကဲ့သို့ဖြစ်နေသော ဒေါက်တာမင်းထင်ကျော်မှာ သတိပြန်ရလာသည်။

နာကျင်မှုကို သိလိုက်သဖြင့် တွန့်ခနဲ ဖြစ်သွားသည်။ ထိုသို့တွန့်လိုက်သဖြင့် နောက်တစ်ချက်ထပ် ကိုက်ရန်ပြင်နေသော မြေကြွက်က လန့်ပြီးနောက်ဆုတ်သွားသည်။ သူ့အတွက် စိတ်မချရသောအစာကို နောက်ထပ်စားလိုစိတ်မရှိတော့၊ အခြားနေရာ ရွှေ့ပြောင်းသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်မှာ နာကျင်မှုများဖြင့် သတိပြန်ရလာချေပြီ။

သတိပြန်ရလာသည်နှင့် ဦးစွာအခက်အခဲတွေ့ရခြင်းမှာ အသက်ရှူမရခြင်းပင်ဖြစ်သည်။

အပေါ်မှာအလောင်းများက ထပ်ပိနေသောကြောင့် သွေးညှီနံ့၊ အပုပ်နံ့များသာ ရနေလေသည်။

ထို့ပြင် အပေါ်မှပိနေသော အလေးချိန်ကြောင့်လည်း မခံသာအောင်ဖြစ်နေသဖြင့် ကြိုးစားပြီးထရန် ကြိုးစားသည်။ သို့သော် လူတစ်ယောက်၏ အလေးချိန်ကိုပင် တွန်းဖယ်ပစ်ရန် မလွယ်လှရာ အပေါ်၌အလောင်းက သုံးလေးလောင်းမက ပိနေသဖြင့် မလွယ်လှပေ။

သို့သော်လည်း ထမရသဖြင့် ဒီအတိုင်းဆက်နေပါက လည်း အသက်ရှူ၍မရသဖြင့် တကယ် သေရတော့မည်ဖြစ်ရာ ရှိစုမဲ့စုအားကို အသုံးပြုပြီးအပေါ်မှ အလောင်းများအား တွန်းဖယ်ပစ်ရလေသည်။

အကြိမ်ကြိမ် ကြိုးစားတော့မှ နောက်ဆုံး ထ၍ရတော့သည်။ အပုတ်နံ့ ပါနေသည်ဆိုသော်လည်း ပြင်ပလေကကို ရှူသောအခါ အတော်ကလေးနေသာထိုင်သာ ရှိသွားလေတော့သည်။ အလောင်းပုံပေါ်မှာ တစ်ယောက်တည်း ငုတ်တုတ်ထထိုင်နေ၍လည်း မဖြစ်ပေ။

အကယ်၍ တန်းစီပြီးသဖြင့် ညကျူတီကျသော တရုတ်စစ်သားတစ်ယောက် ရောက်လာပြီး တွေ့မြင်သွားပါက နောက်ထပ်အခွင့်အရေးရတော့မည် မဟုတ်ပေ။





ထိုအခိုက်မှာပင် ကင်းလှည့်နေသော တရုတ်စစ်သားတစ်ယောက်က ထိုနေရာသို့ ရောက်လာလေသည်။ သူက လက်နှိပ်မီးရောင်ဖြင့် အလောင်းများပုံထားသော နေရာဘက်သို့ လှမ်းထိုးလိုက်ရာ အလောင်းပုံပေါ်မှာ ထိုင်နေသော ဒေါက်တာမင်းထင်ကျော်ကို တွေ့မြင်သွားသည်။

တရုတ်စစ်သားက သရဲခြောက်နေသည် ထင်သဖြင့် ဒူဝူးဝါးဝါးအော်ကာ အဖော်များရှိရာသို့ ပြန်ပြေးသွားလေသည်။ ဒါကပင် သူ့အတွက် နောက်ဆုံးအခွင့်အရေးရခြင်း ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်က ရှိသမျှခွန်အားကို စုစည်းပြီးနောက် အောက်သို့လှိမ့်ချလိုက်သည်။

အောက်သို့ရောက်သောအခါ အပေါ်မှအလောင်းတစ်လောင်းကို ဆွဲတင်ပြီး ငြိမ်နေလိုက်သည်။

မရှေးမနှောင်းမှာပင် ထိုနေရာသို့ လက်နှိပ်ဓါတ်မီး တဝင်းဝင်းနှင့် တရုတ်စစ်သားအချို့ ရောက်လာသည်။

၎င်းတို့က စောစောက ဒေါက်တာမင်းထင်ကျော် ထိုင်နေသောနေရာသို့ မီးရောင်ဖြင့် ထိုးရှာနေကြသည်။

"ဘယ်မှာလဲ မင်းပြောတော့ အလောင်းတစ်လောင်း ထိုင်နေတာ တွေ့ခဲ့တယ်ဆို"

"ငါစောစောက ဒီနေရာရောက်တုန်းက ထိုင်နေတာ တွေ့တယ်"

"သရဲခြောက်တာ ဖြစ်ချင်ဖြစ်မှာပေါ့"

"ဒီလိုမဟုတ်ပဲ အသက်မသေသေးတဲ့ လူရှိနေရင်တော့ ဘယ်လိုလုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"လုံ့စွပ်နဲ့ ထိုးကြည့်ပေါ့"

"မင်းဆင်းထိုးမလား"

"ငါတစ်ယောက်တည်းတော့ မဆင်းဝံ့ဘူး၊ မင်းနဲ့ငါ ဆင်းထိုးမယ်"

ဟုပြောပြီး တရုတ်စစ်သားနှစ်ယောက် ဆင်းလာပြီး စောစောက ဒေါက်တာမင်းထင်ကျော်ရှိနေသော နေရာတစ်ဝိုက်သို့ လှံစွပ်များဖြင့် လိုက်ထိုးကြလေသည်။

ထိုသို့ထိုးကြည့်ပြီး တစ်ယောက်က မကျေနပ်သေးသဖြင့် အောက်သို့ဆင်းလာကာ တွေ့သမျှအလောင်းကို လှံစွပ်ဖြင့် လိုက်ထိုးနေပြန်သည်။

လှံစွပ်ထိုးသံကို နားထဲမှာကြားနေရသည်။ သို့သော် ငြိမ်နေရုံမှတစ်ပါး အခြားဘာမှ မတတ်နိုင်တော့ပေ။

ခဏကြာတော့ တရုတ်စစ်သားက ဆက်မထိုးတော့ဘဲ အပေါ်သို့ ပြန်တက်သွားသဖြင့်သာ တော်ရော့သည်။

ထိုအခါမှ ပင့်သက်ပြင်းချနိုင်တော့သည်။

တရုတ်စစ်သားများ ပြန်ထွက်သွားသောအခါမှ အပေါ်မှတင်ထားသော အလောင်းကိုဖယ်ပြီး နေရာမှထပြီး အခြေအနေကြည့်သည်။ ဘာမှ ထူးထူးခြားခြား မတွေ့ရပေ။

သူတွန်းချလိုက်သော အလောင်းမှာ လက်ကားရား ခြေကားရားဖြင့် ဘေးသို့ကျသွားလေသည်။

ထိုအုသံမှာ ပြောပလောက်အောင် မကျယ်လှသော်လည်း တိတ်ဆိတ်နေသော အချိန်ဖြစ်သဖြင့်. . အကယ်၍သာ ထိုအနီးတစ်ဝိုက်တွင် တရုတ်စစ်သားများရှိနေပါက ထပ်ရောက်





လာနိုင်သေးသည်။

ထိုအခြေအနေမှာ စိတ်ပင်ပန်းမှု အဖြစ်ရဆုံးအချိန်ဖြစ်ပေသည်။ သို့သော် သူထင်သလို ဖြစ်မလာပါချေ။

အခြေအနေက ဘာမှမထူးခြားဘဲ ငြိမ်သက်နေဆဲပင်ရှိ၏။ ဒေါက်တာမင်းထင်ကျော်အနေဖြင့် ပထမဆုံးကြိုးစားမှုမှာ အလောင်းများကြားထဲမှထွက်ကာ မတ်တပ်ရပ်ကြည့်ခြင်းပင်ဖြစ်သည်။

ခြေထောက်များက နာကျင်ကိုက်ခဲနေသောကြောင့် မိမိကိုယ်ခန္ဓာကိုပင် တာဝန်မယူချင်တော့လောက်အောင် ဒယိမ်းဒယိုင်ဖြစ်နေသည်။

အတန်ကြာသည်အထိ ကြိုးစားရပ်တော့မှ အနည်းငယ်တည်ငြိမ်လာလေသည်။

ထိုအခြေအနေမှာ ကင်းလှည့်နေသော တရုတ်စစ်သားများ ထိုနေရာသို့ ရောက်မလာရန်သာ ဆုတောင်းရပေတော့မည်။

အကယ်၍သာ ရောက်လာပါက ဘယ်လိုနည်းနှင့်မျှ အသက်ရှင်ခွင့်ရတော့မည် မဟုတ်ပေ။

အနည်းငယ်တည်ငြိမ်မှုရလာတော့ ဒုတိယကြိုးစားမှုအနေဖြင့် တွင်းနှုတ်ခမ်းသို့ရောက်အောင် တက်ရလေသည်။ ဒါကလည်း မခက်ခဲလှပေ။

အလောင်းများအပေါ်မှ နင်းတက်ရခြင်းပင်ဖြစ်သည်။ တွင်းနှုတ်ခမ်းရောက်တော့မှ မေးတင်ပြီး အခြေအနေကိုကြည့်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မနီးမဝေးမှာ မီးရောင်ထွက်နေသော တဲအချို့ကို မြင်ရသည်။ ထိုနေရာတစ်ဝိုက်မှာလည်း တရုတ်စစ်သားအချို့ ရှိနေကြသည်။ ၎င်းတို့ရှိနေသောနေရာတစ်ဝိုက်မှာ စကားပြောသံတို့ကို အတိုင်းသားကြားနေရသည်။

သူ့အတွက် ဒီထက်တော့ အခွင့်အရေးပိုမရနိုင်တော့ပေ။ သို့ကြောင့် အရဲစွန့်ပြီး အပေါ်ရောက်အောင် တက်လိုက်သည်။ မြေပြင်ပေါ်ရောက်သွားသည်နှင့် ပြားနေအောင် ကပ်ထားလိုက်သည်။

နောက်တစ်ကြိမ် အခြေအနေ မထူးတော့မှ ထိုနေရာမှ ထပြေးလေသည်။

မနီးမဝေးမှာရှိနေသော သစ်ပင်ရိပ်ရောက်တော့ ဝင်ကပ်နေလိုက်သည်။

ထိုနေရာရောက်မှ လေကောင်းလေသန့်ရပြီး အသက်ဝအောင် ရှူခွင့်ရလေတော့သည်။

ထိုနေရာမှ အခွင့်အရေးရသောအခါ စခန်းနှင့် ဝေးသောနေရာဘက်သို့ ဆက်ပြေးရသည်။

တစ်နေရာရောက်တော့ အမှောင်ရိပ်ထဲမှ ခေါ်သံကြားလိုက်ရသည်။

"ဒီဘက်ကိုလာ"

ထိုအသံကြောင့် အမှောင်ရိပ်ရှိရာသို့ ဝင်သွားသောအခါ လူတစ်စုကိုတွေ့ရသည်။ အခြားမဟုတ်ပေ။

ဦးဗန်ကောင်းအပါအဝင် သူ့အဖော်များပင်ဖြစ်သည်။ ကံကောင်းထောက်မစွာနှင့်ပင် လေးယောက်စလုံး အသက်ရှင်





လျက်နှင့် ပြန်တွေ့ကြရလေသည်။

"ဝမ်းသာလိုက်တာ မောင်ထင်ကျော်ရယ်၊ ကျုပ်တို့က မောင်ထင်ကျော် ပြန်လာနိုင်ပါတော့မလားလို့ စိတ်ပူနေကြတာအခုမှပဲ. . ."

ဦးဗန်ကောင်းမှာ ဆို့နင့်နေသောကြောင့် ရှေ့ဆက်မပြောနိုင်တော့ပဲ အသံတိမ်ဝင်သွားရှာသည်။

ဒေါက်တာမင်းထင်ကျော်က ဦးဗန်ကောင်းလက်နှစ်ဖက်ကို တင်းတင်းဆုပ်ကိုင်ကာ အားပေးလိုက်ရသည်။

"အဘတို့ရော ဘယ်လိုလွတ်လာကြတာလဲ"

ဦးဗန်ကောင်းက လာမာဖယ်ရာရောက်လာပြီး ဆေးလုံးပေးသွားသည်မှစပြီး. . အလောင်းပုံထဲမှ ထွက်ပြေးလွတ်မြောက်လာကြပုံများကို ပြန်ပြောပြသည်။

"လှံစွပ်ထိုးဟဲ့ဒဏ်တော့ ခံကြရတာပေါ့။ ဒါပေမယ့် တစ်ခါတည်း အသက်သေသွားတာနဲ့စာရင်တော့ လှံစွပ်နဲ့ထိုးတဲ့ဒဏ်ရာက မပြောပလောက်ပါဘူး"

"အားလုံးဒဏ်ရာရနေကြပြီဆိုတော့ အခုဘယ်လိုလုပ်ကြမလဲ"

"လာမာဖယ်ရာနဲ့ ထပ်တွေ့ရမယ်၊ သူဂူတစ်ဂူထဲက ကျောင်းပျက်ကြီးရှိတဲ့နေရာက စောင့်နေလိမ့်မယ်"

"အဲဒီနေရာကို ဘယ်လိုသွားမလဲ လမ်းပြပေးနိုင်တဲ့သူပါလား"

"ကျွန်တော် ပြပေးနိုင်ပါတယ်"

ထိုစကားကို မာလုက ဝင်ပြောလိုက်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မာလုမှာ ငယ်ရွယ်သူဖြစ်သောကြောင့် သူ့ကိုယ်ပေါ်၌ ဒဏ်ရာဒဏ်ချက် များများမရပေ။

"ဘယ်အချိန်သွားကြမလဲ"

"အခု သွားကြရမယ်၊ မိုးလင်းလို့ တရုတ်စစ်သားတွေနဲ့ တွေ့သွားရင် ပြန်အဖမ်းခံရလိမ့်မယ်"

ယခုကဲ့သို့ ညဉ့်အချိန်မျိုးမှာ ရာသီဥတုကလည်း မကောင်းလှပေ၊ နှင်းများထူထပ်စွာ ကျရောက်နေသည်။

ထိုအချိန်မျိုးမှာ ခရီးသွားပါက အန္တရာယ်များလှသည် ဆိုသော်ငြားလည်း တရုတ်စစ်သားများနှင့် ထပ်တွေ့ပါက ထို့ထက်အန္တရာယ်ပိုများလာသည်ကို သိကြသဖြင့် ညတွင်းချင်းပင် ထိုနေရာမှ ထွက်လာခဲ့ကြလေသည်။

လောလောဆယ်တော့ သေတွင်းမှ လွတ်မြောက်ခဲ့ကြရပြန်လေပြီ။





# အခန်း(၁၆)

# ကျောက်ကြီးအတွင်းမှ အန္တရာယ်

မြူနှင်းများက ပိတ်ဆီးလျက်ရှိသည်။

ရှေ့သို့ခြေတစ်လှမ်းစာ နှစ်လှမ်းစာမျှ မြင်ရအောင်ပင် အားစိုက်ကြည့်ပြီး သွားကြရသည်။

ထိုခရီးကို ဦးဆောင်သူမှာ မာလုပင်ဖြစ်သည်။ မာလုက ဦးခေါင်းကိုပြောင်အောင်တုံးပြီး တိဗက်ဘုန်းကြီးကဲ့သို့ ဝတ်ဆင်ထားသည်။

သူက ရှေ့ကတစိုက်စိုက်ဖြင့် လျှောက်သွားရာ နောက်



www.burmeseclassic.com

www.burmeseclassic.com



မှာကျန်ခဲ့သော ဝတ်ရုံစကလေးကိုကြည့်ပြီး နောက်မှလူများက လိုက်ကြရသည်။

ပတ်ဝန်းကျင်တစ်ခုလုံး မြူနှင်းများပိတ်ဆီးနေသောကြောင့် မည်သည့်အရပ်သို့ ဦးတည်သွားနေသည်ကိုပင် မသိရပေ။ အမှန်တော့ ထိုအချိန်အခါမျိုးတွင် ခရီးမသွားသင့်ပေ။ များစွာအန္တရာယ်များသော ကိစ္စမျိုးဖြစ်ပြီး အဆင်မသင့်ပါက အအေးဒဏ်ကြောင့် သေွးခဲပြီး အသက်ဆုံးရှုံးနိုင်လေသည်။

သို့သော် ထိုအန္တရာယ်က နောက်မှတွေ့ရမည်ဖြစ်ပြီး တရုတ်စစ်သားများနှင့် ပြန်တွေ့ပါက ချက်ခြင်းအသတ်ခံကြရမည်ဖြစ်သည်။

သို့ကြောင့် အချိန်မတော် စွန့်စွန့်စားစား ခရီးထွက်ခဲ့ကြခြင်းဖြစ်သည်။

နံနက်ပိုင်း အလင်းရောင်အနည်းငယ်ရသော အချိန်တွင် သူတို့ငါးယောက်မှာ မြို့နှင့်အလှမ်းဝေးသော တောင်ခြေတစ်ခုသို့ ရောက်သွားကြလေသည်။

သို့သော်လည်း အရာအားလုံးကို မှုံဝါးဝါးမျှသာ တွေ့မြင်ရသည်။ တစ်နေရာရောက်တော့ မာလုက ရှေ့ဘက်သို့လက်ညှိုးထိုးပြသဖြင့် လှမ်းကြည့်လိုက်ကြရာ တောင်စောင်းတစ်နေရာမှာရှိနေသော အဆောက်အဦးဟောင်းကြီးတစ်လုံးကို ဝိုးတဝါး တွေ့မြင်ကြရသည်။

ထိုအဆောက်အဦးမှာ ကျောင်းပျက်ကြီးတစ်လုံးဖြစ်ဟန်ရှိပြီး သူတို့ရောက်နေသော တောင်ကြောနှင့် တစ်ဆက်တည်းရှိသော တောင်ကမ်းပါးယံပေါ်၌ တည်ရှိလေသည်။





ကျောင်းကြီး၏ ဘယ်ဘက်နံယံများမှာ ပြိုကျနေပြီး အနောက်ဘက်မှာတော့ ရေခဲနှင့်နှင်းထုများ ဖုံးအုပ်နေသော ကျောက်တောင်ကမ်းပါးယံကြီးတစ်ခုက အုပ်မိုးလျက်ရှိလေသည်။

“အဲဒီမှာ လာမာဖယ်ရာ စောင့်နေတယ်၊ ကျွန်တော်တို့ အဲဒီနေရာရောက်အောင် တက်ကြရဦးမယ်”

မာလုစကားကြောင့် ခြေနှင့်လက်တို့ကိုပင် မသယ်ချင်လောက်အောင် ဖြစ်သွားလေသည်။

အဘယ်ကြောင့်ဆိုသော်. . .

ကိုယ့်ကိုယ်ကိုပင် မသယ်ချင်လောက်အောင် ပင်ပန်းနေသော အချိန်မျိုးမှာတောင်စောင်းတစ်ခုပေါ်သို့ ထပ်တက်ရမည့် အခြေအနေမျိုးမှာ မလွယ်လှပေ။

သို့သော်လည်း ဒီအတိုင်းရပ်နေ၍လည်း မဖြစ်တော့သည့် အခြေအနေမျိုးတွင် ကြိုးစားပြီး ဆက်တက်ကြရသည်။ နံနက်လင်းစ အချိန်လောက်တွင် ကျောင်းပျက်ကြီးရှိရာသို့ ရောက်သွားကြသည်။

ကျောင်းပျက်ကြီးမှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ဟန်ဖြင့် အတော်ပင် ဟောင်းနွမ်းပျက်စီးနေချေပြီ။

ထိုအဆောက်အဦးမှာ လေးထပ်ခန့်ရှိပြီး အပေါ်ပိုင်းမှာရှိသော အမိုးများပင် ပျက်စီးနေလေပြီ။

ထိုအဆောက်အဦးထဲမှာတော့ လူသူအရိပ်အယောင် မတွေ့ရပေ။

ကျောင်းပျက်ကြီးရှိရာ ရောက်ကြပြီး ပတ်ဝန်းကျင်ကို



www.burmeseclassic.com

www.burmeseclassic.com



မျှော်ကြည့်သောအခါ နှင်းဖုံးနေသည့် တောင်တန်းတောင်ထွတ်များကိုသာ တွေ့ရပြီး အခြားဘာမှမမြင်ရပေ။

အပေါ်ရောက်တော့မှ တွေ့ရသည်မှာ ကျောင်းဖျက်ကြီးမှာ တောင်ကြောပေါ်မှာ တည်ထားခြင်းမဟုတ်ဘဲ သီးခြားထိုးထွက်နေသည့် ကျောက်ကမ်းပါးယံကြီးပေါ်၌ တည်ထားကြောင်း တွေ့ရလေသည်။

အတွင်းသို့ဝင်သောအခါ ပြိုကျပျက်စီးနေသော ကျောက်တုံးကျောက်ခဲများမှလွဲပြီး အခြားဘာမှမရှိပေ။

ယခုအချိန်ထိ လာမာဖယ်ရာ၏ အရိပ်အယောင်ကိုမျှ မတွေ့ရသေးပေ။

အတွင်းရောက်တော့ လေကွယ်သွားသဖြင့် အအေးဒဏ် အနည်းငယ်သက်သာသွားသည်။

စင်္ကြံလမ်းအတိုင်း ဝင်သွားရာ ဘေးတစ်ဖက်တစ်ချက်တွင် ယခင်ကဘုန်းကြီးများ သီတင်းသုံးခဲ့ဟန်တူသော အခန်းငယ်ကလေးများရှိသည်။

အချို့မှာ တံခါးပိတ်လျက်သား ရှိသည်။

အချို့တံခါးချပ်များမှာ ပျက်စီးနေကြသည်။

စင်္ကြံလမ်းဆုံးတော့ အခန်းကျယ်ကြီးတစ်ခုသို့ ရောက်သွားလေရာ ထိုအခန်းမှာလည်း ကျောက်တုံးကြီးများ ပြန့်ကြဲလျက်ရှိပြီး အချို့ကြမ်းပြင်များမှာ ကျိုးပေါက်နေကြလေပြီ။

ရှေ့မှသွားနေသော မာလုကတော့ တစ်စုံတစ်ယောက်နှင့် အချိန်းအဆက်ပြုလုပ်ထားသကဲ့သို့ တစ်ခန်းဝင်တစ်ခန်းထွက် တစ်နေရာပြီးတစ်နေရာ သွားနေရာ နောက်မှလိုက်သွားကြလေသည်။





ထိုအခိုက်မှာပင် အပေါ်မှ ရေခဲတုံးများ၊ နှင်းခဲများ တဝုန်းဝုန်းဖြင့် ပြုတ်ကျလာသံများ ကြားရသည်။

တစ်နေရာရောက်တော့ မီးခိုးငွေ့နံ့ရသည်။

အခန်းတစ်ခန်းထဲမှ မီးခိုးငွေ့များ စိမ့်ထွက်နေသည်ကို တွေ့ရသဖြင့် ထိုနေရာသို့ လျှောက်သွားကာ တံခါးဖွင့်လိုက်သည်။

အထဲမှာ အရှိန်ကောင်းနေပြီဖြစ်သော မီးဖိုနံဘေးမှာ ထိုင်နေသော လာမာဖယ်ရာကို တွေ့ရသဖြင့် များစွာဝမ်းမြောက်ဝမ်းသာဖြစ်သွားကြသည်။

"ဟာ ဆရာတော်ပါလား"

လာမာဖယ်ရာ အေးချမ်းသောအပြုံးဖြင့် ဦးခေါင်းညွှတ်ကာ နှုတ်ဆက်လေသည်။

ဒေါက်တာမင်းထင်ကျော်တို့ငါးယောက်မှာ တစ်ညလုံး နှင်းများကြားမှ ဖြတ်လာခဲ့ရသောကြောင့် ခွေးခဲလုမတတ် ဖြစ်နေရာ မီးအပူငွေ့နှင့်တွေ့လိုက်တော့မှာ အတော်ကလေး နေသာထိုင်သာ ဖြစ်သွားလေသည်။

လာမာဖယ်ရာက မီးဖိုပေါ်မှာတည်ထားသော လက်ဖက်ရည်အိုးထဲမှ တစ်ခွက်စီငှဲ့ထည့်ပြီးနောက်ပေးရာ သောက်လိုက်စဉ် ရင်ထဲမှာ နွေးသွားကြသည်။

လက်များလည်း အနွေးဓာတ်ရလာသဖြင့် သွေးရောင်များ ပြန်ရလာသည်။

"ဆရာတော် ဒီကိုဘယ်လိုရောက်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သင်တို့အသက်အန္တရာယ်ဘေးက လွတ်မြောက်လာကြမယ်ဆိုတာသိလို့ ဒီနေရာက လာစောင့်နေတာပါ"

"ကျေးဇူးတင်ပါတယ် ဆရာတော်၊ ဒီတစ်ခါတော့ အသက်သေပြီလို့တောင် ထင်ထားတာပါ"

"မသေနိုင်သေးပါဘူး၊ သင်က ကျွန်ုပ်တို့ပေးတဲ့ တာဝန်ကို ထမ်းဆောင်နိုင်မယ့်သူဖြစ်ပါတယ်၊ ဒါကြောင့် . . ဘယ်လိုအန္တရာယ်မျိုးနဲ့တွေ့တွေ့ မသေနိုင်သေးပါဘူး"

ဒေါက်တာမင်းထင်ကျော်က လက်ထဲမှာကိုင်ထားသော လက်ဖက်ရည်ကို မော့သောက်လိုက်သည်။ ပြီးမှမေးလိုက်သည်။

"ရွှေဦးခေါင်းရှိတဲ့နေရာကိုတော့ သိရပါပြီ၊ ဘယ်လိုဆက်လုပ်ရမလဲ"

"မကြာခင် အဖြေသိရတော့မှာပါ၊ ဒီလိုနေရာမျိုး ဒီလိုအခြေအနေမျိုးတွေမှာ ကိုယ့်စိတ်သဘောနဲ့ကိုယ် ဘာမှလုပ်လို့မရတော့ဘူး၊ သက်ဆိုင်ရာပုဂ္ဂိုလ်တွေရဲ့ လမ်းညွှန်ပေးမှုကိုစောင့်ပြီး သူတို့စေခိုင်းတဲ့အတိုင်း လုပ်ပေးကြရမှာပါ၊ သူတို့ကလည်း အဆင့်ကျော်ပြီး ခိုင်းလေ့မရှိဘူး၊ တစ်ဆင့်ပြီးတစ်ဆင့် ခိုင်းမှာဆိုတော့ စိတ်ရှည်ရှည်နဲ့ စောင့်ကြရုံပါပဲ"

"သူတို့က ဘယ်လိုနည်းနဲ့ ဆက်သွယ်မှာပါလဲ"

"မေတ္တာစက်ကွင်းကို သင့်ရဲ့မနောအာရုံဆီ ရောက်အောင်ပို့ပြီးတော့ အလိုရှိရာကို စေခိုင်းလေ့ရှိကြတယ်၊ မကြာခင် သင် ဒါတွေကို သိလာပါလိမ့်မယ်"

ထိုသို့ပြောပြီး လာမာဖယ်ရာက နေရာမှထကာ နံရံတစ်နေရာမှာ ချိတ်ထားသော လွယ်အိတ်တစ်လုံးကိုယူပြီး ဦးဗန်





ကောင်းကို ပေးသည်။

"ဒီလွယ်အိတ်ထဲမှာ ဆေးတွေရှိတယ်၊ သင်တို့ကို မြန်မာပြည်ကဆရာကြီး သူရဇ္ဇဆိုသူ ပေးလိုက်တဲ့ သိဒ္ဓိပေါက်အင်း၊ ခါတ်လုံးနဲ့ ဆေးဝါးပစ္စည်းတွေလည်း ထည့်ထားပါတယ်၊ ဒီဆေးတွေနဲ့ ဒဏ်ရာတွေကို ဆေးကုပေးလိုက်ပါ"

ဟုပြောဆိုမှာကြားကာ အပြင်ဘက်သို့ ပြန်ထွက်သွားလေတော့သည်။

ဦးဗန်ကောင်းကတော့ လာမာဖယ်ရာပေးသော ဆေးများအပြင် ဆရာကြီးသူရဇ္ဇ ပေးလိုက်သည့် ဆေးပစ္စည်းများကိုပါ ပြန်ရပြီဖြစ်သောကြောင့် များစွာဝမ်းမြောက်ဝမ်းသာ ရှိလှကာ ဒဏ်ရာရသူများကို ဆေးကုပေးလေသည်။

အခန်းထဲမှာ လေလုံနေသည်ကတစ်ကြောင်း၊ မီးဖိုမှ မီးအပူရှိန်ကြောင့် နွေးထွေးမှုရှိသည်ကတစ်ကြောင်း၊ သို့ပြင် ဆေးကုသဖြင့် ဒဏ်ရာဒဏ်ချက်များကလည်း တဖြည်းဖြည်း သက်သာလာသည်ကတစ်ကြောင်းကြောင့် အတော်ပင် နေသာထိုင်သာရှိလာကြသည်။

"ဘယ်လိုဆက်လုပ်ကြမလဲ"

"ဆရာတော်ပြောသွားတဲ့အတိုင်းဆိုရင် ဒီကပဲစောင့်ရမယ်ထင်တယ်"

"သိပ်ကြာကြာနေလို့တော့ ရမယ်မထင်ဘူး၊ ဒီမှာစားစရာ ဘာမှမရနိုင်ဘူး၊ နောက်ပြီး မီးဖိုမှာ မီးရဖို့ထင်းလိုလိမ့်မယ်"

"ဒါကကိစ္စမရှိပါဘူး နေသာလာပြီး၊ ရာသီဥတုသာယာရင် ဒီကနေတောင်ခြေဘက်ကို ဆင်းသွားရုံနဲ့ စားစရာရှိုင်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ထင်းအတွက်လည်း စာမရှိန္တားချေးချောက်တွေ သယ်ယူလာလို့ရတယ်၊ ကျွန်တော်တို့တာဝန်ထားပါ"

လျှန်ထနှင့် တန်ပတို့နှစ်ယောက်က ပြောကြသည်။ ဤသို့ဖြင့် ထိုအခန်းထဲမှာပင် နားနေကြရာ အတော်ပင်သက်သာလာကြလေသည်။

တစ်နေ့လုံး ရာသီဥတုအခြေအနေက သာသာယာယာရှိနေပြီး ညနေပိုင်းအချိန် ရောက်သောအခါမှ ဖောက်ပြန်လာသည်။

အလင်းရောင်ပျောက်သွားပြီး ပတ်ဝန်းကျင်တစ်ခုလုံးမှုံ့ မှိုင်းလာလေသည်။ နှင်းများကလည်း ကျဆင်းလာသည်။

တဆက်တည်း လေပြင်းများက တိုက်ခတ်လာသည်။

လေပြင်းတိုက်သောကြောင့် ဟောင်းနွမ်းနေပြီဖြစ်သော ကျောင်းနံရံကြီးများ ပြိုကျလေတော့သည်။

"ဝုန်း . . ဝုန်း"

ထိုကဲ့သို့ပြိုရုံမကဘဲ အပေါ်ဘက်မှမိုးနေသောကျောက်နံရံကြီးရှိရာမှ နှင်းခဲနှင့်ရေခဲတုံးကြီးများ ပြိုကျလာသည်။ အချို့အပေါ်မှ အရှိန်ဖြင့် လိမ့်ဆင်းလာသောကြောင့် အောက်ကြမ်းပြင်ထိ ရောက်လာကြသည်။

တစ်ကြိမ်မှာတော့ကြီးမားသော ရေခဲတုံးကြီးတစ်တုံးက အပေါ်မှပြုတ်ကျလာရာ သူတို့အခန်းထဲသို့ ရောက်လာကြတော့သည်။ ထိုနေခဲတုံးကြီးနှင့် တိုက်မိသဖြင့် နံရံနှင့်တံခါးများ ပျက်စီးသွားလေတောသည်။

"ဒီအခန်းထဲမှာ ဆက်နေလို့တော့ မရတော့ဘူး၊ တော်





ကြာ ရေခဲတုံးတွေ အဆက်မပြတ်ပြိုကျလာရင် အားလုံးဒုက္ခရောက်ကြလိမ့်မယ်"

ဟုပြောဆိုကာ ပစ္စည်းများကိုသိမ်းပြီး အခန်းအပြင်သို့ထွက်ပြေးကြရလေသည်။

မရှေးမနှောင်းမှာပင် စောစောက သူတို့နေခဲ့သောအခန်းပေါ်သို့ ရေခဲတုံးကြီးတစ်တုံး ပြုတ်ကျလာလေရာ အခန်းတစ်ခုလုံး ချေ့ချေ့ညက်ညက်ကြေကာ အောက်သို့ကျွံကျသွားလေတော့သည်။

အကယ်၍သာ သူတို့ငါးယောက်သာ အချိန်နည်းနည်းနောက်ကျပြီး ထိုအခန်းထဲမှာရှိနေပါက မတွေးဝံ့စရာပင်။

တောင်ကမ်းပါးယံစွန်းသို့ ရောက်သောအခါ နောက်ထပ်အကာအကွယ်ရနိုင်မည့် လိုဏ်ဂူကဲ့သို့ နေရာမျိုးကို ရှာကြည့်လေသည်။ မတွေ့ရသေးပေ။

သူတို့အပေါ်မှာတော့ အုပ်မိုးနေသော ကျောက်နံယံကြီးရှိနေပြီး ထိုနေရာတွင် ရေခဲများနှင့်နှင်းခဲတုံးကြီးများက ခိုသီးနေကြသည်။

အချို့မှာ အောက်သို့ပြုတ်ကျလု အနေအထားမျိုး ဖြစ်နေသည်။ အကယ်၍ နံယံပေါ်မှ ရေခဲတုံးနှင့်နှင်းခဲများ အောက်သို့ပြုတ်ကျလာပါက မတွေးဝံ့စရာဖြစ်သည်။

ထိုသို့အခြေအနေမှာပင် အပေါ်မှာရှိသော နှင်းခဲတစ်ခုက သူတို့ရပ်နေသောနေရာနှင့် မနီးမဝေးသို့ 'ဝုန်း'ခနဲ ပြုတ်ကျလာလေသည်။

သို့ကြောင့် ကျောင်းပျက်ကြီးအတွင်းသို့ တစ်ဖန်ဝင်ပြေး



www.burmeseclassic.com

www.burmeseclassic.com



ရပြန်သည်။

ကျောင်းပျက်ကြီးအတွင်းမှာလည်း နေရာအနှံ့သို့ ရေခဲတုံး၊ နှင်းခဲတုံးကြီးများ ပြိုကျလာသောဒဏ်ကြောင့် ကျောင်းဆောင်အချို့ပင် အောက်သို့ပြုတ်ကျသွားကြလေပြီ။

ထိုအချိန်မှာပင် ဆင်ခြေလျှောနေရာတွင် တင်နေသော နှင်းခဲများ ပြိုကျလာရာ သူတို့ပါ ပါသွားလေတော့သည်။

သို့သော်လည်း ဆွဲမိဆွဲရာ လှမ်းဆွဲထားနိုင်သောကြောင့် သာ အပေါ်မှာကျန်နေခဲ့ကြသည်။

သို့မဟုတ်ပါက နှင်းခဲများနှင့်အတူ ဒလိမ့်ခေါက်ကွေး တောင်အောက်သို့ ပါသွားကြရမည်မှာ မလွဲပေ။

ငါးယောက်သား ခက်ခက်ခဲခဲနှင့် အပေါ်ပြန်တက်ကြ လေသည်။

သူတို့ ငါးယောက်ထဲမှာ အသက်(၁၅)နှစ်သားအရွယ် သာ ရှိသေးသော မာလုတစ်ယောက် ပါနေသည်။

မာလုမှာ ထိုမျှကြမ်းတမ်းသော ဘေးအန္တရာယ်တို့ကို ကြံ့ကြံ့ခံနိုင်သော စွမ်းရည်မျိုး ရှိနေသည်ကတော့ အံ့ဩဖွယ်ရာ ဖြစ်လေသည်။

"ဘယ်လိုလုပ်ကြမလဲ"

"ဒီနေရာမှာနေလို့တော့ မရတော့ဘူး၊ တော်ကြာ နှင်းတွေ ရေခဲတုံးတွေ လိမ့်ဆင်းလာလို့ ကျောင်းဆောင်ကြီး တစ်ခု လုံး ပြိုကျသွားရင် အန္တရာယ်များနိုင်တယ်၊ အခုအချိန် ဒီကထွက် မှဖြစ်တော့မယ်"

ဟုပြောဆိုတိုင်ပင်ပြီးနောက် ကျောင်းဆောင်ဟောင်း





ကြီးအတွင်းမှ အပြင်သို့ အလျှင်အမြန် ထွက်ကြရလေသည်။

သူတို့အပြင်ရောက်ရုံပင် ရှိသေးသည်။

ကျောင်းဟောင်းကြီးအပေါ်မှ မိုးနေသော ကျောက်နံရံကြီးမှာ ရေခဲတုံးများ၊ နှင်းခဲများ အလေးချိန်ကြောင့် ထက်ပိုင်းပြတ်ကာ ကျောင်းဆောင်ဟောင်းကြီးအပေါ်သို့ ကျလာလေတော့သည်။

"ဝုန်း . . ဝုန်း . . ဝုန်း"

အပေါ်မှ အလေးချိန်ကြောင့် ကျောင်းဆောင်ဟောင်းကြီးတစ်ခုလုံး ပြိုကျသွားကာ ရေခဲများနှင့်အတူ တောင်အောက်သို့ကျသွားသည်ကို လှမ်းမြင်လိုက်ကြရသည်။

ကျောက်ကမ်းပါးရံတစ်ခုလုံးမှာလည်း သိမ့်သိမ့်တုန်သွားလေတော့သည်။ ထိုသို့တုန်လှုပ်မှုကြောင့် နောက်ထပ်နှင်းခဲများပြိုဆင်းကျလာရာ ဒီတစ်ကြိမ်တော့ ဒေါက်တာမင်းထင်ကျော်တို့တစ်တွေမှာ ဘယ်လိုမှရှောင်တိမ်းချိန် မရလိုက်တော့ဘဲ နှင်းများနှင့်အတူ တောင်အောက်သို့လိမ့်ပါသွားလေတော့သည်။

သူတို့အနေနဲ့ကတော့ ဒုယိယအကြိမ်မြောက် နှင်းသားထုအောက်သို့ ရောက်ကြရခြင်းပင် ဖြစ်ပေတော့သည်။



www.burmeseclassic.com



www.burmeseclassic.com



# အခန်း(၁၇)

# မိစ္ဆာပါဒီတိုင်းသို့ရောက်ကြလေပြီ

ဒီတစ်ကြိမ်လည်း ကံကောင်းသည်ဟု ဆိုရမည်ပေလား၊ သတိပြန်ရလာသောအခါ အခန်းကျဉ်းတစ်ခုထဲသို့ရောက်နေသည်ကို တွေ့ရလေသည်။

ပထမတစ်ကြိမ် နှင်းများအောက်သို့ ရောက်နေစဉ်က မရဏတောင်မှ တိဗက်ဘုန်းကြီးများ လာရောက်ကယ်တင်ပေးသဖြင့် အသက်ချမ်းသာရာရခဲ့သည်။

ယခုတစ်ကြိမ် နှင်းများအောက်ရောက်နေပြီး သတိလစ်



www.burmeseclassic.com

www.burmeseclassic.com



သွားသောအခါ မည်သူက လာရောက်ကယ်တင်ပေးသဖြင့် ယခုနေရာသို့ ရောက်နေသည်မသိပေ။

နှင်းများဖြင့်ရောနှောပြီး တောင်အောက်ကျသွားသောကြောင့် နာကျင်ကိုက်ခဲနေသည်မှအပ ဒဏ်ရာဒဏ်ချက် ပြင်းပြင်းထန်ထန်တော့ မရပေ။

ဒေါက်တာမင်းထင်ကျော်က နေရာမှထထိုက်လိုက်ကာ အခန်းအခြေအနေကို ကြည့်လိုက်သည်။

ထိုအခန်းမှာ ကျောက်သားများဖြင့် ပြုလုပ်ထားသောနေရာဖြစ်ပြီး ပြတင်းပေါက်များရှိသော်လည်း အလင်းရောင်ကောင်းစွာ မရပေ။

အပြင်ဘက်မှာရှိသည့် အခန်းမျိုးမဟုတ်ဘဲ လိုဏ်ဂူကြီးတစ်ခုအတွင်းမှာရှိသော အခန်းမျိုးလည်း ဖြစ်နိုင်ပေသည်။ အခန်းထဲမှာတော့ အသုံးအဆောင်ပစ္စည်းအချို့ရှိနေလေသည်။ ထိုအခိုက်မှာပင် အခန်းတွင်းသို့ လူတစ်ယောက်ဝင်လာလေသည်။

တစ်ကိုယ်လုံး အဝတ်နက်ဝတ်ဆင်ပြီး မျက်နှာပေါ်မှာ မျက်နှာဖုံးတပ်ဆင်ထားသောကြောင့် မည်သူမည်ဝါမှန်း မသိရပေ။ ထိုသူက လက်ထဲမှာကိုင်ထားသောလင်ဗန်းကို စားပွဲပေါ်တင်ပေးလိုက်သည်။

ထိုလင်ဗန်းထဲမှာ စားသောက်စရာများ ပါလေသည်။ အစားအသောက်များ လာပို့သူက ဒေါက်တာမင်းထင်ကျော်ကို အရိုအသေပေးသွားသောကြောင့် အံ့ဩနေမိလေသည်။

"ငါ့ကိုတောင် သူကအရိုအသေပေးသွားပါလား အံ့ဩ





စရာပဲ၊ ဘာပဲဖြစ်ဖြစ် အကျဉ်းသားဘဝရောက်နေတာမျိုးမဟုတ်လို့ တော်သေးတယ်၊ ဒါထက် ငါ့အဖော်တွေရော ဘယ်ရောက်နေကြသလဲ၊ သူတို့လည်း ကံကောင်းထောက်မစွာ အသက်ရှင်ကြရဲ့လား"

ဟုတွေးတောရင်း ထိုလူလာပို့သော အစားအသောက်များကို စားသောက်လိုက်လေသည်။

သို့ကြောင့် အတော်ကလေး ဝမ်းပြည့်သွားလေသည်။ စားသောက်ပြီးသောအခါ အတော်ပင် နေသာထိုင်သာရှိလာလေသည်။

ထိုအချိန်မှာပင် နောက်ထပ်လူနှစ်ယောက်ဝင်လာပြီးနောက် ဒေါက်တာမင်းထင်ကျော်အား အရိုအသေပေးပြီး ၎င်းတို့ယူဆောင်လာသော အနက်ရောင်အဝတ်အစားများနှင့် မျက်နှာဖုံးစွပ်ကို ပေးလေသည်။

"ဒါတွေဝတ်ဆင်ပြီးရင် ဒုတိယဂိုဏ်းချုပ်နဲ့ တွေ့ရပါမယ်"

ဟုပြောသဖြင့် ထွေထွေထူးထူးစဉ်းစား မနေတော့ဘဲ သူတို့ပေးသောအဝတ်အစားများကို ဝတ်လိုက်လေသည်။

"ဒီလူတွေကြည့်ရတာ မိစ္ဆာဝါဒီဂိုဏ်းသားတွေဖြစ်ပုံရတယ်၊ ငါ့ကိုလည်း သူတို့ဂိုဏ်းသားတစ်ယောက်လို့ပဲ ထင်နေပုံရတယ်၊ ဘာကြောင့်လဲတော့ မသိဘူး"

ထိုသို့တွေးတောနေစဉ်မှာ လူတစ်ယောက်ရောက်လာပြီး လာခေါ်သဖြင့် သူနှင့်အတူ လိုက်သွားရလေသည်။

သူတွေးထားသည့်အတိုင်းပင်. . .။



www.burmeseclassic.com

www.burmeseclassic.com



ယခုရောက်နေသောနေရာမှာ ချန်တန်တောင်ကြားအတွင်း၌ရှိသော ရေခဲပြင်အောက်၌ ဓာတ်ဝက်တစ်ဖျက် နစ်မြုပ်ပျောက်ကွယ်နေသည့် မြို့တော်ဟောင်းအတွင်း၌ ဖြစ်ပေသည်။

ထိုနေရာသို့ သူ့အနေနှင့် တစ်ကြိမ်ရောက်ခဲ့ဖူးသည်။

ယခုလို လူကိုယ်တိုင်တော့မဟုတ်ပေ။

လာမာဖယ်ရာခေါ်သဖြင့် ဝိညာဉ်ဘဝနှင့် ရောက်ခဲ့ရခြင်း ဖြစ်ပေသည်။ ယခုတော့ ဆန်းကြယ်သောနေရာတစ်ခုသို့ လူကိုယ်တိုင်ရောက်နေရလေပြီ။

ရှေ့မှဦးဆောင်ခေါ်သွားသူက တစ်နေရာပြီးတစ်နေရာ တစ်ခန်းပြီးတစ်ခန်း ဖြတ်သန်းခေါ်သွားရာ ထူးဆန်းသောမြင်ကွင်းအချို့ကို မြင်တွေ့ရသည်။

မြို့ဟောင်းကြီးမှာ အပြင်ဘက်မှတွေ့မြင်ရသည်ထက် အတွင်းပိုင်းရောက်သောအခါ ပိုပြီးခမ်းနားကြီးကျယ်မှုရှိသည်ကို တွေ့မြင်ရသည်။

ကျောက်များ၊ အုတ်များဖြင့်ပြုလုပ်ထားသောလမ်းများ၊ နေအိမ်တိုက်တာတို့မှာ မျက်စိတဆုံး ရှိနေကြသည်။

ရှေးနှစ်ပေါင်းများစွာ ခမ်းနားကြီးကျယ်စွာရှိခဲ့သော အသွင်သဏ္ဍာန်များကို တွေ့နေရသေးသည်၊

တစ်နေရာသို့ရောက်သောအခါ ရှေ့မှခေါ်သွားသူက ကျောက်တံခါးဖြင့်ပိတ်ထားသည့် အခန်းတစ်ခန်းရှေ့တွင်ရပ်ကာ လက်ညှိုးထိုးပြလိုက်သည်။

"အထဲမှာ ဒုတိယဂိုဏ်းချုပ်ရှိပါတယ်၊ ဝင်သွားပါ"

ဟုပြောကာ ထိုနေရာမှပြန်လှည့်သွားလေသည်။





ဒေါက်တာမင်းထင်ကျော်လည်း ထွေထွေထူးထူးစဉ်းစားမနေတော့ဘဲ ကျောက်တံခါးချပ်ကိုတွန်းဖွင့်ကာ အတွင်းသို့ဝင်သွားသောအခါ အခန်းအလယ်နေရာတွင် ရပ်နေသော လူတစ်ယောက်ကို တွေ့ရသည်။

ဝတ်ရုံနက်ကို ဝတ်ဆင်ထားပြီး ခေါင်းစွပ်မျက်နှာဖုံးကို တပ်ထားသောကြောင့် မည်သူမည်ဝါမှန်းတော့ မသိရပေ။

"ဒီနေရာမှာ လာပြီးထိုင်နိုင်ပါတယ်"

ဟုပြောသံကြားမှာ အမျိုးသမီးတစ်ယောက်ဖြစ်မှန်း သိရလေသည်။

ဒေါက်တာမင်းထင်ကျော်က အခန်းအလယ်မှာ ချထားသော ကျောက်ထိုင်ခုံတစ်လုံးမှာ ဝင်ထိုင်သောအခါ. . သူမက ထိုနေရာမှာနှင့် မနီးမဝေးမှာ ဝင်ထိုင်ရင်း မျက်နှာဖုံးစွပ်ကို ချွတ်လိုက်သည်။

မဟူရာပင်ဖြစ်သည်။

"ရှင်လည်း မျက်နှာဖုံးချွတ်ထားနိုင်ပါပြီ"

ဟုပြောသဖြင့် မျက်နှာဖုံးချွတ်ထားလိုက်သည်။

"ကျွန်မနဲ့အခုလို ပြန်တွေ့ရလို့ အံ့သြနေပါသလား"

"သိပ်တော့မအံ့သြပါဘူး၊ ဘာကြောင့်လည်းဆိုတော့ ခင်ဗျားနဲ့ ပထမဆုံးတွေ့ကတည်းက သိနေခဲ့တာပဲ၊ ဒါထက် ကျွန်တော်သိချင်တာက ဒီနေရာကို ဘာကြောင့်ရောက်လာမှန်း သိနေကြရက်နဲ့ ကျွန်တော်ကိုဘာကြောင့် ဒီလိုဆက်ဆံနေကြတာလဲ"

"ရှင့်ကို ကျွန်မတို့ရဲ့ ဂိုဏ်းဝင်တစ်ယောက်လိုလင်လို့



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုဆက်ဆံနေကြတာပါ"

"ဘာကြောင့် ဒီလိုထင်ရတာလဲ"

"ရှင့်ဆီမှာ ကျွန်မပေးထားတဲ့ နဂါးနက်ရုပ်ကလေးရှိတယ်မဟုတ်လား၊ အဲဒီနဂါးနက်ရုပ်ကလေးက ဒီဂိုဏ်းရဲ့ခေါင်းဆောင်တွေသာ ကိုင်ခွင့်ရှိတဲ့ရုပ်တုပဲ"

"ကျွန်တော်ကို ဘယ်လိုရည်ရွယ်ချက်နဲ့ ပေးခဲ့တာလဲ"

"ရှင်က ဒီနေရာကို မရောက်ရောက်အောင်လာမယ့်သူဆိုတော့. . တကယ်လို့ ဘေးအန္တရာယ်တွေနဲ့ တွေ့ခဲ့ရင်တောင် အခုလိုအခွင့်အရေးမျိုးရပြီး ဒီနေရာရောက်လာအောင်လို့ တမင်ပေးခဲ့တာပါ"

ဟု ပြောပြသည်။

ဒေါက်တာမင်းထင်ကျော်က သူမပြောပြသော စကားအစိပ်ပွါယ်ကို ကောင်းစွာသဘောမပေါက်ပေ။

မည်သို့ပင်ဆိုစေ. . ယခုကဲ့သို့ အန္တရာယ်ဘေးမှ လွတ်မြောက်ခွင့်ရလာသည်ကိုတော့ သူမကိုကျေးဇူးတင်ရပေမည်။

ထို့နောက် မဟူရာက ဒေါက်တာမင်းထင်ကျော်တို့နောက်သို့ ရန်သူများက ခြေရာခံပြီးလိုက်လာကြစဉ် ရေခဲတောင်ပေါ်မှ ပြိုကျလာသောအခါ တွေ့သွားကြသည်။

သို့သော်လည်း သတိမေ့နေသော ဒေါက်တာမင်းထင်ကျော်ကိုယ်ပေါ်သို့ ရှာဖွေသောအခါ နဂါးနက်ရုပ်ကလေးကိုတွေ့ရသဖြင့် ၎င်းတို့ လျှို့ဝှက်ဂိုဏ်းသားထင်သဖြင့် စခန်းသို့ခေါ်ဆောင်လာကြောင်းကိုပါ ပြောပြလေသည်။

"ကျွန်တော့်ကို ဘာကြောင့် ဒီနေရာကို ရောက်လာအောင်





ချင်တာလဲဆိုတာ ပြောပြပေးပါဦး. ."

"နောက်တော့ပြောပြပါ့မယ်. .၊ အခုလောလောဆယ်တော့ ရှင် နားလိုက်ပါဦး"

"ဒါထက်. . ကျွန်တော်နဲ့အတူပါလာတဲ့ အဖော်လေးယောက်ရော အသက်ရှင်လျက်နဲ့ ရှိကြပါသေးသလား"

"သူတို့လည်း ရှိကြပါတယ်၊ မကြာခင် တွေ့ရမှာပေါ့"

ထိုအခါမှပင် အတန်အသင့် စိတ်သက်သာမှု ရသွားလေသည်။

ထို့နောက်မှာတော့ ဒေါက်တာမင်းထင်ကျော်လည်း ၎င်းနေသောအခန်းသို့ ပြန်လာခဲ့လေသည်။

အခန်းပြန်ရောက်တော့ ၎င်းနှင့်အတူလာကြသော အဖော်လေးယောက်တို့ကို တွေ့ရလေသဖြင့် များစွာဝမ်းသာသွားလေသည်။

သူတို့လေးယောက်ကလည်း ဒေါက်တာမင်းထင်ကျော်နှင့် ပြန်တွေ့ရသဖြင့် ဝမ်းသာသွားကြလေသည်။

"မောင်ထင်ကျော်ရေ မောင်ရင်ဆီမှာပါလာတဲ့ နဂါးနက်ရုပ်ကလေးက ကျုပ်တို့အသက်ကို ကယ်လိုက်ကြတာပဲ၊ သူတို့ဂိုဏ်းသားတွေလို့ ထင်သွားကြပုံရတယ်"

"ဟုတ်တယ်အဘ၊ ဒါပေမယ့် သိပ်အချိန်ကြာကြာတော့ ဒီမှာနေလို့မရဘူး၊ ရွှေဦးခေါင်းကိုရအောင် ကြံစည်ပြီး ဒီနေရာကနေပြီး အမြန်ဆုံးပြန်ထွက်ကြမှဖြစ်မယ်"

ဟုပြောဆိုတိုင်ပင်ကြလေသည်။

ညအချိန်ရောက်သောအခါ မိစ္ဆာဝါဒီဂိုဏ်းသားတစ်

www.burmeseclassic.com



ယောက်ရောက်လာပြီး ပြောသည်။

"ဒီကနေ့ည ခန်းမဆောင်ထဲမှာ အရေးကြီးတဲ့ အစည်းအဝေးရှိတယ်၊ သင်တို့လည်း တက်ရောက်ကြရမယ်၊ အသင်းရဲ့ စည်းကမ်းတွေကို သိကြတယ်မဟုတ်လား"

ဘာမှပြန်မပြောဘဲ ခေါင်းညိတ်ပြလိုက်တော့ ပြန်ထွက်သွားလေသည်။

"သူပြောသွားတဲ့ စည်းကမ်းချက်တွေဆိုတာ ဘာမှသိတာမဟုတ်တော့ အလွဲလွဲအချော်ချော်များ ဖြစ်သွားရင်တော့ ဒုက္ခပဲ"

"ဒီလောက်လည်း စိုးရိမ်စရာမရှိပါဘူးကွာ၊ ကံကောင်းထောက်မပြီး အသက်မသေလို့တောင် ဒီနေရာရောက်နေတာပဲ အခြားလူတွေအခြေအနေကြည့်ပြီး လှုပ်ရှားရမှာပေါ့"

လှျန်ထက ညီဖြစ်သူအား ဖြောင်းဖျပြောဆိုလေသည်။ ညဦးပိုင်းအချိန်ရောက်တော့ အဝတ်နက်များဝတ်ကာ ဦးခေါင်းစွပ်များ စွပ်လိုက်သောအခါ ဘယ်သူဘယ်ဝါမှန်း မသိရတော့ပေ။

ဂူအတွင်းမှာ မှောင်သွားသောအချိန် ရောက်သောအခါ အဝတ်နက်များခြုံထားသည့် ဂိုဏ်းသားများ သွားလာနေကြသည်ကို မြင်တွေ့ရသည်။

မည်သည့်နေရာမှ ထွက်လာကြသည်တော့ မသိရပေ။ သို့ကြောင့် သူတို့ငါးယောက်လည်း အခန်းထဲမှထွက်ကာ လူအများနှင့်ရောယောင်ပြီး နောက်မှလိုက်သွားကြလေသည်။

တဖြည်းဖြည်းနှင့်လျှောက်သွားကြရာ ရဲတိုက်ကြီးနှင့်





ပုံသဏ္ဍာန်တူသော အဆောက်အဦးအနီးသို့ ရောက်သောအခါ အတွင်းသို့ ဝင်သွားကြလေသည်။

ဝင်ပေါက်နေရာမှာတော့ အစောင့်နှစ်ယောက်က ဝင်သမျှလူများကို ဂိုဏ်းဝင်အမှတ်အသားပါမပါ စစ်ဆေးပြီးမှ အထဲသို့ ဝင်ခွင့်ပေးလေသည်။

ဝင်သမျှကိုယ်ပေါ်မှာ နဂါးနက်ရုပ်အမှတ်အသား ပါကြလေသည်။

ဒေါက်တာမင်းထင်ကျော်အလှည့် ရောက်သောအခါ မဟူရာပေးထားသော နဂါးနက်ရုပ်တုကလေးကို ပြလိုက်ရာ အစောင့်နှစ်ယောက်က အရိုအသေပေးကြလေသည်။

"နောက်ကပါတဲ့လေးယောက်က ငါနဲ့ပါလာတဲ့လူတွေပဲ"

"ဝင်ပါဂိုဏ်းချုပ်ခင်ဗျား"

ဟု ဝင်ခွင့်ပေးလိုက်သောကြောင့် ငါးယောက်သား အတွင်းသို့ ဝင်သွားကြလေသည်။

ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာတော့ နဂါးနက်ရုပ်တုကလေးကြောင့် ဂိုဏ်းချုပ်အဆင့်အတန်း ဘဝရောက်နေသဖြင့် စိတ်ထဲမှကြိတ်ပြီး ကျေနပ်နေမိလေသည်။

အတွင်းရောက်တော့ သူတို့အရင်ရောက်နေသူအချို့ကို တွေ့ရသဖြင့် သင့်တော်သောနေရာတွင် ဝင်ထိုင်ကြလေသည်။ မှားမကြာမီ အခန်းထဲတွင် လူစုံသလောက်ဖြစ်သွားသောအခါ အစည်းအဝေးစတင်ကြလေသည်။

ထိပ်ဆုံးမှာ ထိုင်နေသည့်ဂိုဏ်းချုပ်ကြီးက နေရာမှထပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြောလေသည်။

"အခုဂိုဏ်းဝင်တွေကိုခေါ်တဲ့ အကြောင်းရင်းကတော့ တခြားမဟုတ်ဘူး၊ အရေးကြီးတဲ့ကိစ္စ ပြောစရာရှိပါတယ်၊ ငါတို့ဆီမှာ ဒေါက်ချာဝါဂိုဏ်းသားတွေရဲ့ (၁၃)ခုမြောက်ရွှေဦးခေါင်းခွံရထားပြီးပြီဆိုတာ အားလုံးသိပြီးကြပြီ မဟုတ်လား"

"သိပြီးပါပြီ ဂိုဏ်းချုပ်ကြီး"

"ဒီရွှေဦးခေါင်းခွံကို အလယ်ဗဟိုရ်မှာထားပြီး နံဘေးကနေ မိစ္ဆာဦးခေါင်းခွံ(၁၂)ခုကို ရံပြီး ဂါထာမန္တာန်တွေနဲ့ အစီအရင်လုပ်တော့မှာ ဖြစ်တယ်"

"ဒီလိုလုပ်ရင် ဘယ်လိုဖြစ်လာနိုင်ပါသလဲ ခင်ဗျာ"

"သက်ဆိုင်ရာ ဦးခေါင်းခွံတို့ချပြီး မိစ္ဆာဦးခေါင်းခွံ(၁၂)ခုနဲ့ ဝန်းရံပြီး အစီအရင်လုပ်ရင် မိစ္ဆာကိုယ်ပွားတွေ ထွက်လာလိမ့်မယ်၊ အဲဒီထွက်လာတဲ့ မိစ္ဆာကိုယ်ပွားတွေကို ဘယ်သူမှ တားဆီးလို့ မရနိုင်တော့ဘူး"

"ဘာကြောင့်လည်း ဂိုဏ်းချုပ်ကြီး"

"(၁၃)ဦးမြောက် ဒလိုင်းလာမာကြီးရဲ့ ဦးခေါင်းခွံရဲ့ သိဒ္ဓိစွမ်းအားကြောင့်ပဲ ဖြစ်ပါတယ်"

"မိစ္ဆာကိုယ်ပွားတွေကို ဘယ်လိုအသုံးချမှာပါလဲ"

"ဒေါက်ချာဝါဂိုဏ်းဝင်သမျှ အားလုံးသုတ်သင်ခိုင်းရမှာပေါ့၊ သူတို့တွေမရှိတော့မှ တိဗက်မှာဘာသာရေးရော တိုင်းပြည်အုပ်ချုပ်ရေးတွေပါ ငါတို့ဒေါက်ချာနီဂိုဏ်းသားတွေက ကြီးစိုးလို့ရမှာပေါ့"

"ကောင်းပါတယ် ဂိုဏ်းချုပ်ကြီး၊ အခုပြောပြတဲ့ အစီ





အစဉ်က အများကြီးကိုကောင်းပါတယ်၊ ဘယ်တော့လောက် အစီအစဉ် ပြုလုပ်မှာပါလဲ"

"လကွယ်နေ့မှာ ပြုလုပ်ကြမယ်၊ အဲဒီနေ့မှာ ငါတို့ဂိုဏ်းသားတွေအားလုံး စုံစုံညီညီတက်ရောက်ကြရမယ်"

"ကောင်းပါပြီ"

"ဒုတိယဂိုဏ်းချုပ်"

"ကျွန်မရှိပါတယ် ဂိုဏ်းချုပ်ကြီး"

"နောက်ရောက်လာတဲ့လူတွေက ငါတို့ရန်သူတွေ မဟုတ်လား"

"မဟုတ်ပါဘူး ဂိုဏ်းချုပ်ကြီး၊ သူတို့ခေါင်းဆောင်က ကျွန်မဂိုဏ်းအတွက် အရေးပါအရာရောက်တဲ့သူ ဖြစ်ပါတယ်၊ ကျန်တဲ့သူလေးယောက်က သူအသုံးချတဲ့သူတွေဖြစ်ပါတယ်"

"သူဟာ ငါတို့ဂိုဏ်းဝင်တစ်ယောက်ဖြစ်တယ်ဆိုတာ ဘယ်လိုသက်သေပြနိုင်ပါသလဲ"

ထိုသို့မေးသောအခါ ဒေါက်တာမင်းထင်ကျော်က နေရာမှထကာ ဂိုဏ်းချုပ်ကြီးရှိသောနေရာသို့ လျှောက်သွားလေသည်။

အနီးသို့ရောက်သောအခါ ၎င်းဆီမှာရှိနေသော နဂါးနက်ရုပ်ကလေးကိုထုတ်ပြီး လှမ်းပေးလိုက်သည်။

ဂိုဏ်းချုပ်ကြီးက လှမ်းယူပြီး သေချာစွာကြည့်သည်။

"မှန်ပါပေတယ်"

ထိုသို့ပြောပြီး ပြန်ပေးလေသည်။

"သင့်နောက်မှာပါသူများကိုလည်း ဂိုဏ်းဝင်အမှတ်



www.burmeseclassic.com

www.burmeseclassic.com



အသားများထိုးပေးဖို့ တာဝန်ယူပါ"

"ကောင်းပါပြီ"

ထို့နောက် ဒေါက်တာမင်းထင်ကျော်က ဂိုဏ်းချုပ်ကြီးကို အရိုအသေပေးကာ မိမိနေရာသို့ ပြန်လျှောက်လာလေသည်။

ထိုအခါမှ ကျန်လေးယောက်တို့မှာလည်း သက်ပြင်းချနိုင်ကြပေတော့သည်။





# အခန်း(၁၈)

# အန္တရာယ်စက်ကွင်းမှ လွတ်ကင်းကြရခြင်း

ဒေါက်တာမင်းထင်ကျော်တို့ကတော့ မိမိတို့နေသောနေရာသို့ ပြန်ရောက်လာကတည်းက ရွှေဦးခေါင်းကို ရှာဖွေယူပြီး ထိုနေရာမှပြန်ထွက်ရန်သာ တိုင်ပင်နေကြလေသည်။

"ကျုပ်တို့ရန်သူတွေလက်ထဲမှာ ရောက်နေပေမယ့် အခုလိုအန္တရာယ်မရှိဘဲ နေရတာ မဟူရာဆိုတဲ့ အမျိုးသမီးကိုကျေးဇူးတင်ကြရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်အဘ သူမသာမကူညီရင် အခုလောက်ဆိုရင် သေတာကြာလှပြီ"

"ဒါထက် သူနဲ့ကျုပ်တို့က ဆန့်ကျင်ဘက်ရန်သူတွေ မဟုတ်လား၊ ဘာကြောင့် သူက ကျုပ်တို့ကို သွယ်ဝိုက်တဲ့နည်းနဲ့ အကူအညီပေးနေရတာလဲ"

"ဒါကတော့ အကြောင်းတစ်ခုခုရှိမယ်ထင်တယ်. . . နောက်တစ်ခါသူနဲ့တွေ့ရင်တော့ မေးကြည့်ရမယ်"

ဟုဒေါက်တာမင်းထင်ကျော်က ပြောလိုက်လေသည်။

သူပြောသလိုပင်. . .

ညအချိန်ရောက်သောအခါ မဟူရာနှင့်တွေ့ခွင့်ရသဖြင့် သိချင်သောအကြောင်းအရာများကို မေးလေသည်။

"ကျွန်တော်တို့ကို ဘယ်လိုကြောင့် အခုလိုကူညီပေးနေတာလဲ"

ထိုအခါ မဟူရာက ပွင့်ပွင့်လင်းလင်းပြောပြသည်။

"အမှန်ပြောရရင် ကျွန်မက မိစ္ဆာဝါဒီဂိုဏ်းသား တစ်ယောက်ဖြစ်နေပေမယ့် သူတို့ရဲ့အယူဝါဒတွေကို မနှစ်သက်ပါဘူး"

"ဒါဖြင့် ဘာကြောင့်ဒီမှာရှိနေတာလဲ"

"ဒီဂိုဏ်းကိုဦးဆောင်နေတဲ့သူက တခြားသူမဟုတ်ပါဘူး၊ ကျွန်မရဲ့အဘိုးပါပဲ၊ ကျွန်မကအဘိုးနဲ့နေရတာဆိုတော့ ဒီအလုပ်တွေကို မလုပ်ချင်ဘဲ စိတ်ထဲကမနှစ်သက်ပေမယ့် လုပ်ပေးနေရတာပါ"

"ဒါဖြင့် ဒီနေရာကစွန့်ခွာသွားရင် မရဘူးလား"





"ကျွန်မမှာ အဘိုးနဲ့ပဲ နေရတာဆိုတော့ တခြားအားကိုးရမယ့်သူမရှိဘူး"

သူမကပွင့်ပွင့်လင်းလင်း ပြောလာသောအခါ ဒေါက်တာမင်းထင်ကျော်က သူမနှင့်ပတ်သက်သော ကိစ္စများကိုစဉ်းစားရလေသည်။

သူမအနေဖြင့် အမှန်အတိုင်းပြောနေသည်ဟုလည်း ထင်မိလေသည်။

"ကျွန်တော် ခင်ဗျားကိုအကူအညီပေးနိုင်ပါတယ်၊ ဒီနေရာကနေ လွတ်မြောက်အောင် အကူအညီပေးပါ့မယ်၊ ခင်ဗျားကလည်း အကူအညီပေးပါ"

"ရှင်လိုချင်တဲ့ အကူအညီက ရွှေဦးခေါင်းကို ပြန်ရချင်နေတာမဟုတ်လား"

ခေါင်းညိတ်ပြလိုက်သည်။

"ဒီရွှေဦးခေါင်းခွံကို ဒီနေရာမှာထားရင် ဆိုးဝါးတဲ့ကိစ္စတွေ တစ်ခုပြီးတစ်ခုပေါ်လာလိမ့်မယ်၊ ဂိုဏ်းချုပ်ကြီးကိုယ်တိုင်ကလည်း မိစ္ဆာကိုယ်ပွားတွေ ဖန်တီးဖို့ ကြံစည်နေတယ် မဟုတ်လား"

သူမက ခေါင်းညိတ်ပြသည်။

"သူရဲ့အကြံအစည်တွေ အကောင်အထည်မဖော်ခင်မှာ ရွှေဦးခေါင်းခွံကို မူလနေရာပြန်ရောက်အောင် ယူသွားနိုင်မှ ဖြစ်မှာပါ၊ အဲဒါကို ခင်ဗျားအကူအညီပေးပါ၊ ကျွန်တော်တို့ ပြန်ရင်လည်း ခင်ဗျားကိုပါ တစ်ခါတည်း ခေါ်သွားပေးပါ့မယ်"

"အပြင်ခေါ်သွားတာတော့ ဟုတ်ပါပြီ၊ ကျွန်မကဘယ်



www.burmeseclassic.com

www.burmeseclassic.com



နေရာမှ မရောက်ဖူးဘူး၊ ဘယ်သူနဲ့မှလည်း မသိဘူး"

"ဒီအတွက်တော့ ဘာမှစိတ်ပူမနေပါနဲ့ဗျာ၊ ခင်ဗျား သဘောတူလက်ခံမယ်ဆိုရင် မြန်မာပြည်ကိုခေါ်သွားပြီး တစ်သက်လုံးစောင့်ရှောက်ပေးသွားမှာပါ"

ဒေါက်တာမင်းထင်ကျော်က သဘောရိုးဖြင့် ပြောလိုက်သော်လည်း မဟူရာကတော့ မည်ကဲ့သို့ သဘောပေါက်သွားသည် မသိပေ။

ဒေါက်တာမင်းထင်ကျော်ကို မျက်လုံးအဝိုင်းသားဖြင့် မော့ကြည့်နေသည်။

"ကျွန်တော့်ကို တစ်မျိုးမထင်ပါနဲ့၊ ကျွန်တော်ပြောတဲ့ အဓိပ္ပာယ်က သဘောရိုးနဲ့ ကူညီပေးမယ်လို့ပြောတာပါ"

ဟုပြောလိုက်မှ သက်ပြင်းချလိုက်သည်။

"ဒီလိုဆိုရင် ရှင်ကိုကျွန်မ အကူအညီပေးပါ့မယ်၊ ဒါပေမယ့် အချိန်ဆွဲနေလို့တော့ မရဘူး၊ မြန်မြန်လုပ်ကြမှဖြစ်မယ် သူတို့သိသွားရင်လည်း မလွယ်ဘူး"

"ကောင်းပြီလေ. . ခင်ဗျားက ဒီနေရာအကြောင်းတွေ သိတာဆိုတော့ ခင်ဗျားပဲ အစီအစဉ်လုပ်ပေးပါ"

"ဒီနေ့ညသန်းခေါင်ယံအချိန်မှာ အစီအစဉ်စကြမယ် ရှင်တို့ဘယ်လိုလုပ်ရမလဲဆိုတာတော့ ကျွန်မပြောပြပါ့မယ်၊ အဆင်ပြေရင် ဒီညထွက်ကြမယ်၊ အားလုံးအဆင်သင့်ပြင်ထားကြပါ"

"ကောင်းပါပြီ"

ညဦးပိုင်းအချိန်တွင် မဟူရာနှင့်တွေ့ပြီးနောက် အခန်း





သို့ပြန်ရောက်သောအခါ အစီအစဉ်များကို ပြောပြလိုက်သည်၊ ကျန်လေးယောက်ကလည်း သူ့အစီအစဉ်များကိုကြားသောအခါ စိတ်တက်ကြွနေကြလေသည်။

မြို့ဟောင်းကြီးအတွင်းမှာတော့ ယခုကဲ့သို့အမှောင်ရိပ်များဖုံးနေသောအချိန်မျိုး ရောက်လာလျှင် အရေးကိစ္စမရှိပါက လူသွားလူလာမရှိတော့ပေ။

အဘယ်ကြောင့်ဆိုသော်. . .။

မြို့ဟောင်းကြီးမှာ ရေခဲပြင်အောက်တွင် သုံးပုံနှစ်ပုံခန့် နစ်မြုပ်နေရာ အအေးဓာတ်ကပိုများလေသည်။

မြို့ဟောင်းကြီးအတွင်းမှာရှိသော နေအိမ်များမှာလည်း အချို့နေအိမ်များမှာ မိစ္ဆာဝါဒီဂိုဏ်းသားများနေပြီး အချို့အတော်များများတော့ နေထိုင်မည့်သူမရှိပေ။

ရေခဲပြင်အောက်မှာရှိနေသော မြို့ဟောင်းကြီးမှာ အမြင့်ဆုံးတောင်၏ တောင်ကြားအတွင်း၌ရှိနေသည်ကတစ်ကြောင်း ရေခဲပြင်အောက်တွင် သုံးပုံနှစ်ပုံခန့် နစ်မြုပ်ပျောက်ကွယ်နေသည်ကတစ်ကြောင်းကြောင့် လူသိနည်းလှသည်။

ရောက်ဖို့ရန်လည်း ခက်ခဲလှသည်။

ထိုအခွင့်အရေးကြောင့် မိစ္ဆာဝါဒီဂိုဏ်းသားများအတွက် လျှို့ဝှက်စခန်းပြုလုပ်ရန် အကောင်းဆုံးဖြစ်နေပေတော့သည်။

ညဥ့်နက်ပိုင်းအချိန်ရောက်သောအခါ သူတို့ရှိရာသို့ မဟူရာ ရောက်လာလေသည်။

သူမသည် တစ်ကိုယ်လုံး အဝတ်နက်များ ဝတ်ထားပြီး ဦးခေါင်းမှာလည်း ခေါင်းစွပ်ကို စွပ်ထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်တို့ လေးယောက်မှာလည်း အဝတ်များဝတ် ခေါင်းစွပ်များ အဆင်သင့်ပြင်ဆင်ပြီးကြလေပြီ။

"အဆင်သင့်ဖြစ်ရင် သွားကြမယ်၊ ရှင့်မှာ နဂါးနက်ရုပ် ပါတယ် မဟုတ်လား"

ခေါင်းညိတ်ပြလိုက်သည်။

ထို့နောက် သူတို့သည် မြူနှင်းများပိတ်ဆီးနေပြီး လူသွား လူလာကင်းမဲ့နေသော လမ်းမပေါ်မှ ရဲတိုက်ဟောင်းကြီးရှိရာသို့ သွားကြလေသည်။

"အပေါက်ဝမှာ အစောင့်တွေရှိတယ်. . ၊ ဟိုရောက်ရင် နဂါးနက်ရုပ်ထုကို ပြပြီးဝင်ပါ"

ဟုပြောလေသည်။

သူတို့သွားရာလမ်းတလျှောက်မှာ လူသွားလူလာတစ် ယောက်တလေမှ မတွေ့ရဘဲ ရှင်းနေလေသည်။

ရဲတိုက်ကြီးရှိရာသို့ ရောက်သွားသောအခါ အစောင့် လေးယောက်ကို တွေ့ရသည်။ ရှေ့မှဦးဆောင်သွားသော မဟူ ရာက ထိုနေရာရောက်တော့ ရပ်လိုက်သည်။

"ဂိုဏ်းချုပ်ကြီး ခွင့်ပြုချက်မရှိဘဲ ဘယ်သူမှဝင်ခွင့်မရပါ ဘူး"

"ငါက တခြားသူမဟုတ်ဘူး ဒုတိယဂိုဏ်းချုပ်ပဲ၊ ဒီမှာ ငါရဲ့ဂိုဏ်းဝင်အမှတ်အသား"

ဟုပြောပြီး နဂါးနက်ရုပ်ကို ထုတ်ပြသောအခါ အစောင့် လေးယောက်က အရိုအသေပေးလိုက်ကြသည်။

"သူတို့က ဘယ်သူတွေပါလဲ"





ဒေါက်တာမင်းထင်ကျော်က ဘာမှရှင်းပြမနေတော့ဘဲ သူ့ဆီမှာပါလာသော နဂါးနက်ရုပ်ကို ထုတ်ပြလိုက်သောအခါမှ အစောင့်များက တံခါးဖွင့်ပေးကြသည်။

သို့ကြောင့် အတွင်းသို့ ဝင်ကြရသည်။

ရဲတိုက်ကြီးအတွင်းမှာတော့ အပြင်ဘက်မှာလောက် အခြေအနေမဆိုးလှပေ။

မှောင်နေသည်မှလွဲပြီး နှင်းထုသိပ်များလှပေ။

သို့ကြောင့် အအေးဒဏ် သက်သာသွားသည်။

မဟူရာအပါအဝင် (၆)ယောက်သား အတွင်းဘက်သို့ ခတ်သုတ်သုတ်ဝင်ခဲ့ကြလေသည်။

ဂိုဏ်းသားများ အစည်းအဝေး ပြုလုပ်သောခန်းမကျယ် ကြီးရောက်သောအခါ ထိုနေရာမှ ဖြတ်ကျော်ခဲ့ကြသည်။

အတွင်းဘက်ဇာခ်နေရာသို့ ရောက်သောအခါ. . အ စောင့်နှစ်ယောက် စောင့်နေသော အခန်းတစ်ခန်းကို လှမ်းမြင်ရ သည်။

"သူတို့က နဂါးနက်ရုပ်တုကိုပြရုံနဲ့ ဝင်ခွင့်ပေးကြမှာ မဟုတ်ဘူး၊ သဘောပေါက်တယ် မဟုတ်လား"

ဒေါက်တာမင်းထင်ကျော်က ခေါင်းတစ်ချက် ညိတ်ပြ လိုက်လေသည်။

ထိုနေရာရောက်သောအခါ မဟူရာက နဂါးနက်ရုပ် ပြ သဖြင့် အစောင့်နှစ်ယောက်တို့က အရိုအသေပေးနေကြစဉ် ဒေါက်တာမင်းထင်ကျော်တို့နောက်မှ လျှပ်တပြက် ဝင်ရောက် တိုက်ခိုက်ရာမှ နှစ်ယောက်စလုံး ကြမ်းပြင်ပေါ် လဲကျသွားလေ



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

အစောင့်များ ရှင်းသွားသောအခါ မဟူရာပိတ်ထားသော ကျောက်တံခါးရှေ့တွင်ရပ်လျက် ဂါထာမန္တာန်အချို့ကို ရွတ်ဆိုပြီး နဂါးနက်ရုပ်ဖြင့် ကျောက်တံခါးချပ်ကို ထိကပ်လိုက်ရာ တကျွိကျွိဖြင့် အသံမြည်လျက် ပွင့်သွားလေတော့သည်။

"မြန်မြန်လာ"

ဒေါက်တာမင်းထင်ကျော်နှင့် မဟူရာတို့က အတွင်းသို့ ဝင်သွားပြီး ကျန်လေးယောက်က အပြင်မှာစောင့်နေကြသည်။ အတွင်းမှာအတော်ကျယ်ပြီး ဂူအတွင်းပိုင်းမှာ မှောင်နေသည်။

အခန်းအလယ်မှာ ကျောက်စားပွဲတစ်လုံးရှိပြီး ထိုစားပွဲပေါ်မှာ ရွှေကလပ်ဖြင့်တင်ထားသော ရွှေဦးခေါင်းခွံတစ်လုံး ရှိနေလေသည်။

(၁၃)ခုမြောက် ရွှေဦးခေါင်းပင်ဖြစ်၏။

အခန်းထဲမှာ မှောင်နေသော်လည်း ရွှေဦးခေါင်းမှ အလင်းရောင်များ ဖြာထွက်နေသဖြင့် . အတန်အသင့်မြင်ရလေသည်။

"အဲဒါ ရှင်တို့လိုချင်တဲ့ ရွှေဦးခေါင်းပဲ၊ မြန်မြန်ယူပြီး ဒီနေရာက ထွက်ကြမှဖြစ်မယ်"

ဟုပြောသဖြင့် ဦးဗန်ကောင်းက ပုဝါတစ်ထည်ဖြင့် ပတ်ထုတ်ပြီးနောက် ၎င်း၏လွယ်အိတ်ကြီးအတွင်းသို့ ထည့်လိုက်လေသည်။

ထိုအချိန်တွင် အပြင်ဘက်မှ ဆူဆူညံညံအသံများ ကြားရလေသည်။ သို့ကြောင့် ဒေါက်တာမင်းထင်ကျော်နှင့် မဟူရာ





တို့က အပြင်ထွက်ကြည့်ကြသည်။

မနီးမဝေးနေရာတွင် သူတို့ရှိရာဘက်သို့ လာနေသော မိစ္ဆာဝါဒီဂိုဏ်းသားများကို လှမ်းမြင်ကြရသည်။

"သူတို့သိသွားလို့ ဒီဘက်ကိုလာနေကြပြီ၊ ဘယ်လိုလုပ်ကြမလဲ"

"ဒီဂူထဲကို မြန်မြန်ဝင်ကြ"

ဟု မဟူရာကပြောသဖြင့် ကျန်လေးယောက်က ဂူထဲ ဝင်ကြလေသည်။

ထိုအခါ မဟူရာက ကျောက်တံခါးကို ပြန်ပိတ်လိုက်သည်။

"ဒီဂူထဲဝင်တော့ ပြေးပေါက်မရှိဘဲ ပိတ်မိနေမှာပေါ့"

"စိတ်မပူပါနဲ့၊ အတွင်းမှာလျှို့ဝှက်ပေါက်တစ်ခုရှိတယ်၊ မကြာခင် သူတို့ရောက်လာကြတော့မယ်၊ အမြန်သွားကြစို့"

ဟုပြောကာ မဟူရာက ရှေ့မှဦးဆောင်သွားရာ ဒေါက်တာမင်းထင်ကျော်တို့လည်း နောက်မှလိုက်သွားကြသည်။ ထိုအခိုက်မှာပင် အပြင်တံခါးဝရောက်လာသော မိစ္ဆာဝါဒီဂိုဏ်းသားများက ကျောက်တံခါးကိုဖွင့်ရန် ကြိုးစားနေကြလေသည်။

အတွင်းဘက်တစ်နေရာရောက်သောအခါ ရှေ့သို့ဆက်သွားစရာမရှိတော့ဘဲ ကျောက်နံရံကြီးဆီးခံနေလေပြီ။ ထိုနေရာရောက်တော့ အမှောင်ထုက ပိုများနေသဖြင့် ဘာမှမမြင်ရသလောက်ရှိနေလေသည်။

"ရှေ့ဆက်သွားလို့ မရတော့ဘူး၊ ဘယ်လိုလုပ်မလဲ"

"ဒီနံရံမှာ တံခါးပေါက်တစ်ခုရှိတယ်၊ ဒါပေမယ့်မှောင်



www.burmeseclassic.com

www.burmeseclassic.com



နေတော့ ဘာမှမမြင်ရဘူး"

"အမှတ်အသားဘာရှိသလဲ"

"တံခါးချပ်ကို ဆွဲဖွင့်ဖို့ လက်ကိုင်ကွင်းတစ်ခုရှိတယ်"

"ဒီလိုဆိုရင် နံရံမှာလက်နဲ့စမ်းကြည့်ကြမယ်"

ဟုပြောပြီး ကျောက်နံရံကြီးကို လက်ဖြင့်လိုက်စမ်းကြည့်သည်။ သို့သော် . ပြောင်ချောနေသည့် ကျောက်နံရံကို စမ်းမိပြီး အခြားတော့ ထူးထူးခြားခြား မတွေ့ကြရပေ။

ထိုအချိန်မှာပင် အပြင်မှလိုက်လာသူများက ဂူထဲသို့ ရောက်လာကြဟန်ဖြင့် ဆူဆူညံညံအသံများ ကြားလာရသည်။

ထိုအချိန်မှာ မာလုက တစ်စုံတစ်ခုကို စမ်းမိသွားသဖြင့် အော်ပြောရာ ထိုနေရာသို့ သွားကြည့်တော့ နံရံအပြင်ဘက်သို့ ထွက်နေသော အမှတ်အသားတစ်ခုတွေ့ရသည်၊ လက်ဖြင့်စမ်းကြည့်ရာ နဂါးရုပ်တုမျိုးဖြစ်သည်။

သို့ကြောင့် ဒေါက်တာမင်းထင်ကျော်က ထိုရုပ်တုပေါ်သို့ လက်ဖြင့်ဖိချလိုက်ရာ နံရံမှာရှိသော ကျောက်တံခါးတစ်ချပ် ပွင့်သွားပြီး အလင်းရောင်အချို့ ပေါ်လာသည်။

ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ အားလုံးထို ဂူပေါက်ထဲသို့ဝင်ကာ ကျောက်တံခါးကို ပြန်ပိတ်လိုက်ကြသည်။

ထိုအခိုက်မှာပင် အပြင်ဘက်မှဆူဆူညံညံအသံများ ကြားလာရသည်။ အချိန်မရတော့ပေ။

ထို့ကြောင့် ထိုနေရာမှတွေ့သော ကျောက်တုံးတစ်တုံး ကျောက်တံခါးကို ဖိကပ်ထားလိုက်သည်။

ထိုအထဲတွင် အပေါ်သို့တက်သော ကျောက်လှေခါး





များရှိနေသောကြောင့် ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ အပေါ်သို့ခပ်သုတ်သုတ်တက်ခဲ့ကြသည်။

သူတို့အပေါ်ရောက်သောအခါ . လမ်းမှတွေ့သော ကျောက်တုံးများကို အောက်သို့တွန်းချထားခဲ့ကြသည်။

တဒုန်းဒုန်းဖြင့် အောက်သို့လိမ့်ဆင်းသွားသော အသံများကို အတိုင်းသားကြားနေရသည်။

တစ်နေရာရောက်တော့ ရပ်တံ့သွားသည်။

အပေါ်သို့တက်သောလမ်းမှာ မကျယ်လှပေ။

လူတစ်ယောက်နှစ်ယောက် တိမ်းရှောင်သာရုံလောက်သာရှိသည်။

ထိုအထဲသို့ ကျောက်တုံးများ တစ်တုံးပြီးတစ်တုံးတွန်းချထားသောအခါ တစ်နေရာမှာ ပိတ်ဆို့နေမည်မှာ အမှန်ပင်ဖြစ်သည်။

ဒါကပင် သူတို့အတွက် အသာစီးရနေခြင်းဖြစ်သည်၊ လှေခါးထစ်ပေါင်း တစ်ရာကျော်ခန့် တက်သွားသောအခါ ရှေ့ဆက်သွား၍ မရပြန်တော့ပေ။

ထွက်ပေါက်မှာ ရေခဲပြင်ကြီးက ထုထယ်ကြီးစွာဖြင့် ပိတ်ဆို့နေလေပြီ။

"ထွက်ပေါက်ဝကို ရေခဲပြင်ပိတ်နေပြီ"

ရေခဲပြင်ကို ခွဲထွက်ရန် လက်နက်ကြီးကြီးမားမားက လည်း မပါပေ။

"ဒီအတိုင်းတော့ ရပ်နေလို့မရဘူး၊ ကျောက်တုံးတွေ ရသမျှစုပုံပြီး ရေခဲတွေကို တစ်ယောက်တစ်လှည့်စီ ရိုက်ကြမယ်"

www.burmeseclassic.com



ဟုပြောပြီး ဒေါက်တာမင်းထင်ကျော်က ကျောက်တုံးတစ်တုံးရှာယူကာ ရေခဲများကို ထုခွဲရန်ပြင်လေသည်။

"နေဦး မောင်ထင်ကျော်၊ နောက်တစ်နည်းနဲ့ အရင်စမ်းကြည့်ဦးမယ်၊ မရတော့မှ အဲဒီနည်းသုံးကြတာပေါ့"

ဟုပြောပြီး ၎င်းအိတ်ထဲမှ ရွှေဦးခေါင်းထုပ်ထားသောအထုပ်ကို ထုတ်ယူလိုက်သည်။

ပြီးလျှင် အဝတ်စကိုဖြေပြီး ရွှေဦးခေါင်းကိုယူ၍ တစ်နေရာမှာ တင်လိုက်သည်။

ရွှေဦးခေါင်းမှ အလင်းရောင်များထွက်နေသည်။ ဒေါက်တာမင်းထင်ကျော်ပင် ဦးဇန်ကောင်းပြုလုပ်မည့် အစီအစဉ်ကို မသိပေ။

"ပျံလွန်တော်မူသွားကြတဲ့ ဒလိုင်းလာမာကြီး (၁၃)ပါးရဲ့ စွမ်းအားကို ဒီနေရာမှာ အသုံးချကြည့်ရမယ်"

ဟုပြောပြီး ဂါထာမန္တာန်များ စတင်ရွတ်ဆိုလေသည်၊ သူရွတ်ဆိုသော ဂါထာမန္တာန်များမှာ အခြားတော့မဟုတ်ပါချေ။ ဒလိုင်းလာမာကြီးများကို တိုင်တည်သော ဆုတောင်းစာများပင် ဖြစ်ပေတော့သည်။

ထိုသို့ရွတ်ဆိုနေစဉ် ခဏကြာတော့ ရွှေဦးခေါင်းမှ အလင်းရောင်များ ပိုများလာသည်။

ထိုအလင်းရောင်များက အပေါ်မှ ပိတ်နေသောရေခဲများဆီသို့ တဖျပ်ဖျပ်နှင့် ရောက်သွားကြလေသည်။

ထိုအရောင်များက စိန်ရောင်ခြည်ကဲ့သို့ အလင်းရောင်ပိုလက်လာကြလေသည်။

☺ အောင်မြင်စာပေ ☺



အလင်းရောင်က တဖြည်းဖြည်းဖြင့် ပိုများလာသောအခါ ရေခဲမျက်နှာပြင်မှာ တဖျပ်ဖျပ်နှင့် ကွဲအက်သံအချို့ ပေါ်လာလေသည်။

ကြည့်နေရင်းမှာပင် အက်ကြောင်းများ ထလာလေသည်။

နောက်ဆုံးမှာတော့ ရေခဲထုမှာ မှန်တစ်ချပ်ကဲ့သို့ ကွဲအက်ကာ အောက်သို့ပြုတ်ကျလာလေတော့သည်။

"ဝုန်း. . ဝုန်း. . ဝုန်း. . "

ထိုသို့ပြုတ်ကျကာနီးတွင် ရွှေဦးခေါင်းကိုပြန်ယူပြီး နံရံဘေးသို့ ကပ်နေသောကြောင့်သာ တော်ရော့သည်။ မဟုတ်ပါက ပြိုကျလာသော ရေခဲတုံးများနှင့် ရောနှောကာ အောက်သို့ပါသွားမည်မှာ မလွဲပေ။

ယခုတော့ အပေါ်မှပြိုကျလာသော ရေခဲတုံးကြီးများက ကျောက်လှေခါးများအတိုင်း လိမ့်ဆင်းသွားကြပြီးနောက် တစ်နေရာတွင် ပိတ်ဆို့သွားကြလေသည်။

နောက်မှလိုက်လာကြသော မိစ္ဆာဝါဒီဂိုဏ်းသားများ အပေါ်သို့ တက်လာနိုင်ကြတော့မည် မဟုတ်တော့ပေ။

ရေခဲတုံးများပြိုကျခြင်း ရပ်တန့်သောအခါမှ အပေါက်မှ အပေါ်သို့ တက်ကြလေသည်။

ထိုသို့ရောက်သွားသောနေရာမှာ အခြားမဟုတ်ပေ။ ချန်တန်တောင်ကြားတစ်နေရာတွင် ဖြစ်ပေါ်နေသော ရေခဲပြင်ကြီးပင်ဖြစ်သည်။

အပြင်ဘက်မှ အလင်းရောင်အချို့ ရှိနေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com



ညည့်နက်ပိုင်းအချိန်ပင် ရှိနေသေးသောကြောင့် နှင်းများက ထူထပ်စွာ ကျနေကြလေသည်။

မှုံဝါးဝါးအလင်းရောင်နှင့် ပင်ရေခဲပြင်အောက်မှ တစ္စန်းတစထွက်နေသော မြို့ဟောင်းကြီးမှ အံ့ဆောက်အဦးအချို့ကို ဝိုးတဝါး တွေ့ကြရလေသည်။

ယခုတော့ ဘေးအန္တရာယ်မှ လွတ်မြောက်ခဲ့ကြလေပြီ။ ထို့နောက်မှာတော့ ရှေ့မှာမာလုက လမ်းပြခေါ်ဆောင်ရာသို့ လိုက်သွားကြလေတော့သည်။

မကြာခင်မှာ စောစောက သူတို့ထွက်ခဲ့သော အပေါက်ကြီးကို နှင်းသားထုများက ပြန်ပိတ်လိုက်လေရာ ရေခဲပြင်တစ်ခု အဖြစ် ရောက်သွားလေတော့သည်။





# အခန်း(၁၉)

# ဘဝအတွက် တွဲလက်မြဲခိုင်စွာ

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ခဲ့ပြီးနောက်ပိုင်းကတော့ သိပ်များများစားစား ရေးသားရန်မကျန်တော့ပါချေ။ မာလု၏ လမ်းပြပေးမှုကြောင့် မရဏတောင်သို့ ချောချောမောမော ပြန်ရောက်ခဲ့ကြပြီး လာမာဖယ်ရာလက်သို့ (၁၃)ခုမြောက် ရွှေဦးခေါင်းကို ပြန်လည်အပ်နှံပေးလိုက်လေသည်။

လာမာဖယ်ရာမှတစ်ဆင့် ကျောင်းထိုင်ဆရာတော်ကြီးလက်သို့အပ်လိုက်ရာ ရွှေဦးခေါင်းခွံမှာ မူလနေရာသို့ပြန်လည်



www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိသွားလေတော့သည်။

ရွှေဦးခေါင်း (၁၃)ခုစုံလျှင် ၎င်းတို့ပြုလုပ်ရန် ရည်စူးထားသော အစီအရင်များကို ဆက်လက်ပြုလုပ်နိုင်ကြတော့မည် ဖြစ်ပေသည်။

လှျှန်ထ၊ တန်ပတို့သုံးယောက်က ဘုန်းကြီးဝတ်ကြပြီး အသက်(၁၅)နှစ်သာရှိသေးသော မာလုကတော့ ကိုရင်ဘဝသို့ ပြောင်းကာ မရဏတောင်ကျောင်းတိုက်ကြီးမှာ နေကြလေတော့သည်။

ဒေါက်တာမင်းထင်ကျော်နှင့် ဦးဗန်ကောင်းတို့နှစ်ယောက်ကိုတော့ ရွှေသားဖြင့်ပြုလုပ်ထားသော ဗုဒ္ဓရုပ်ပွားဓာတ်တစ်ဆူစီနှင့် ရွှေတုံးများ၊ စီရင်ထားသော ဓာတ်လုံးများ၊ ရှားပါးသော ဆေးပင်များပေးကာ လာဆာမြို့နှင့် အနီးဆုံးရောက်အောင် လိုက်ပို့ပေးလေသည်။

ထိုခရီးလမ်းမှာတော့ အခြားသူမပါတော့ဘဲ ဒေါက်တာမင်းထင်ကျော်၊ ဦးဗန်ကောင်းနှင့် မဟူရာတို့သုံးယောက်သာ ကျန်တော့သည်။

ထိုအခါ ဦးဗန်ကောင်းမရှိခိုက်တွင် ဒေါက်တာမင်းထင်ကျော်က သူမကို ပွင့်ပွင့်လင်းလင်းပင် မေးရလေတောသည်။

"ကျွန်တော်တို့ ဆောင်ရွက်ပေးရမယ့် ကိစ္စတွေအားလုံးတော့ ပြီးပါပြီ၊ ဒါကလည်း မဟူရာအကူအညီပေးခဲ့လို့ အောင်မြင်ခဲ့တာပါပဲ၊ အခု မဟူရာဘယ်လိုဆုံးဖြတ်ထားသလဲ"

သူမက မျက်လုံးလေးအဝိုင်းသားဖြင့် ကြည့်နေလေသည်။





"ကျွန်တော့သဘောပြောရရင်တော့ မဟူရာ တိဗက်မှာ မနေသင့်တော့ဘူး"

"ဘာကြောင့်လဲဟင်"

"မိစ္ဆာဝါဒီဂိုဏ်းသားတွေက အခဲကြေကြမှာမဟုတ်ဘူး၊ ဒါကြောင့် မတွေ့တွေ့အောင် လိုက်ရှာကြမှာပဲ၊ တိဗက်ကကျဉ်းကျဉ်းလေးဆိုတော့ တစ်နေ့မှာ သူတို့လက်ထဲ ပြန်ရောက်သွားခဲ့ရင် မလွယ်ဘူး"

"ဒီတော့ ဘယ်လိုလုပ်ရမလဲဟင်"

"ကျွန်တော် ကတိပေးတဲ့အတိုင်း မြန်မာပြည်ကို ခေါ်သွားပါ့မယ်၊ မဟူရာသဘောကို ပြောပါ"

"ကျွန်မလည်း ဒီမှာမနေချင်တော့ဘူး၊ မနေဝံ့တော့ပါဘူး၊ ဒါကြောင့် ရှင်နဲ့လိုက်ခဲ့ချင်ပါတယ်. . ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်သလဲဟင်"

"သူများတွေက တစ်မျိုးထင်ကြမှာ စိုးပါတယ်"

"ဒီအတွက်တော့ စိတ်မပူပါနဲ့၊ ကျွန်တော့်နောက်မှာ အနှောင့်အယှက်ပေးမယ့်သူ မရှိပါဘူး၊ မဟူရာပျော်ရင် တစ်သက်လုံးနေသွားနိုင်ပါတယ်"

"ရှင်. . တစ်သက်လုံး ဟုတ်လား"

"ဟုတ်ပါတယ်၊ ကျွန်တော်က မဟူရာသဘောတူခဲ့ရင် တစ်သက်လုံး အတူတူနေသွားဖို့ ရည်ရွယ်ထားတာပါ"

ထိုစကားကြောင့် မဟူရာမျက်နှာပေါ်မှာ ရှက်သွေးဖြင့် ပန်းနုရောင်သမ်းသွားလေသည်။

"ဒီ. . ဒီစကားရဲ့ အဓိပ္ပါယ်က ဘယ်လိုလဲဟင်"

"ပွင့်ပွင့်လင်းလင်းပြောရရင်တော့ မဟူရာအပေါ်မှာ ချစ်သူဘဝနဲ့ တစ်သက်လုံးစောင့်ရှောက်ပေးသွားမယ်လို့ ပြောတာပါ. . ဘယ်လိုလဲ"

"ကျွန်မဘဝမှာ တစ်ခါမှ ဒီလိုစကားမျိုး အပြောမခံရဖူးသေးတော့ ကိုယ့်ကို ချစ်စကားပြောနေမှန်းတောင် မသိတော့ပါဘူး"

"အခုတော့ သိသွားပြီလား"

အပြုံးတစ်ဝက်ဖြင့် ခေါင်းညိတ်ပြသည်။

သို့ကြောင့် ဒေါက်တာမင်းထင်ကျော်က သူမလက်ကလေးနှစ်ဘက်ကို ဆုပ်ကိုင်ထားလိုက်လေသည်။

"မဟူရာဆီက ဒီလိုအဖြေမျိုးသိရတာ ကိုယ်ဝမ်းသာပါတယ်၊ တစ်သက်လုံး သစ္စာရှိရှိနဲ့ လက်တွဲစောင့်ရှောက်သွားပါ့မယ်လို့လည်း ကတိပေးပါတယ်"

"မောင့်မျက်နှာ တစ်ချာထင်ပြီး လိုက်ခဲ့ရမယ့်သူအတွက်ကတော့ မောင်စကားတွေကြားရတာ အားရှိစရာပါပဲ၊ ကျွန်မအတွက်တော့ မောင်ဟာတစ်ယောက်တည်းသော အားကိုးရမယ့်ချစ်သူပါပဲ. . ."

ဟုပြောကာ ဒေါက်တာမင်းထင်ကျော်လက်ကို ခတ်တင်းတင်း ပြန်လည်ဆုပ်ကိုင်ထားလေသည်။

ပြီးနောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ ပြုံးလိုက်ကြလေသည်။

သူတို့အတွက်ကတော့ ချစ်ခြင်းမေတ္တာဖြင့် တည်ဆောက်ကြမည့် ဘဝတစ်ခုအတွက် ချစ်ခရီးလမ်းကို စတင်လျှောက်လှမ်း





ကြရန် လက်ချင်းတွဲခဲ့ကြပေပြီတည်း။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော "ရွှေဦးခေါင်းနှင့် နဂါးနက်ရုပ်တု" အမည်ရှိ ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်သည်လည်း နိဂုံးကမှတ် အဆုံးသတ်ပြီဖြစ်ပေတော့သတည်း။ ။

အနီယာဟောတု သုခိအတ္တာနံ ပရိဟရန္တု

စာပြီးချိန်။ ။၂၀၁၃ ခုနှစ်၊ ဇွန်လ (၁၀)ရက်၊ တနင်္ဂနွေနေ့၊ နံနက်(၉)နာရီ။